


ငမြေလှုပ်စိတ္တ
ရွှေမြသော
ခက်သိမ်းမိုင်း



# စင်္သခါ

မြေလျှောက်စိုက်ရှာရွှေမြေသော

တက်သိမ်းပိုင်

# ဖင်းသိခ်

## မြေလျှောက်ဝိဇ္ဇာ ရွှေမြသာ

[ မဟာဂန္ဓာရီ ဝဇ္ဇာကြီး ]

တ တိ ယ ပိုင်း

# မာတိကာ


| | | |
|---|---|---|
| ပိတ်ပြူးစင်ကြယ်နှင့် ဗုဏ္ဍိုလ် | ■ | ၁၁ - |
| နိုက်လိုက် မတ်တပ် | ■ | ၂၅ - |
| ဓါးတုန်း ရောက်လာခြင်း | ■ | ၃၉ - |
| ဓါးတုန်းကို လိမ်လို့မရဘူး | ■ | ၆၁ |
| စိတ်နဲ့ဆာမှု | ■ | ၇၁ - |
| မီးတောက်ပြီ | ■ | ၈၇ - |
| မျက်ရည်တစ်ပေါက် | ■ | ၁၀၇ - |
| သူတို့ရောက်လာကြပြီ | ■ | ၁၃၃ - |
| ထောင်ဝင်စာ | ■ | ၁၄၁ - |
| ဆရာလေးစရားနှင့်တွေ့ပြီ | ■ | ၁၅၅ - |
| ဆရာလေးစရား စာသင်ပုံ | ■ | ၁၆၉ - |
| နီနီမြသာ စာရေးပြီ | ■ | ၁၉၁ - |
| မောင်တာချော ရောက်လာခြင်း | ■ | ၂၄၃ - |
| မောင်တာချောပြောသော စကားများ | ■ | ၂၅၅ - |
| အမေမှာအတွက်လည်း ရုတက်မခအေးရပါလား | ■ | ၂၇၅ - |
| နီနီမြသာ ပိတ်မိသွားပြီ | ■ | ၂၈၅ - |
| နီနီမြသာ၏ ကျင့်စဉ် | ■ | ၃၁၁ - |
| နီနီမြသာ ဂမ္ဘာရိလှည့်ပြီ | ■ | ၃၂၃ - |
| နီနီမြသာနှင့် ပြန်တွေ့ခြင်း | ■ | ၃၃၃ - |
| လွှတ်ကျသွားသော စာအုပ်လေးကို | | |
| ကောက်ပေးပြန်ခြင်း | ■ | ၃၃၇ - |






# ပိတ်မြူစင်ကြယ်နှင့် ပုဂ္ဂိုလ်

ကျွန်ုပ်သည် နံနက်စာ စားသောက်ပြီးသည်နှင့် ကျွန်ုပ်၏ ကိမ်ဖျာလေးပေါ်တွင် ပက်လက်လှန်ချကာ အိပ်စက်လိုက်လေတော့၏။ ကျွန်ုပ်၏ စိတ်ဓာတ်သည် ကျဆင်းနေပြီဖြစ်၏။ ကျွန်ုပ်သည် စိတ်ပျက်လက်ပျက်ဖြင့် မျက်စိကိုမှိတ်လိုက်လေ၏။ ဖာလ် မြစ်ကြီးကိုဖြတ်၍ တမာတောကြီးမှ တမာနံ့များကို သယ်ဆောင်လာသော လေနုအေးသည် မိခင်ကသားငယ်ကို ချော့၍သိပ်နေသကဲ့သို့ ကျွန်ုပ်အား ချော့၍သိပ်နေလေ၏။ ကျွန်ုပ်သည် မကြာအချိန်အတွင်း၌ အိပ်ပျော်သွားလေတော့၏။ ထိုသို့ အိပ်ပျော်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ရှိရာသို့ အရပ်ထောင်ထောင် ခေါင်းမောင်းနှင့် လူကြီးတစ်ယောက်ဝင်လာလေ၏။ ကျွန်ုပ်သည်

ထိုလူကြီးအား ရန်သူထင်မှတ်၍ ခုခံရန်အတွက် ဇိမ်နေရာမှ ဆတ်ကနဲ ထထိုင်လိုက်လေ၏။ လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ ကျွန်ုပ်၏ဘယ်ခြေကို ရှေ့သို့ထုတ်၍ တိုက်ခိုက်ရန် အဆင်သင့်အနေအထား ပြင်လိုက်၏။ ကျွန်ုပ်စိတ်၌လည်း

"လာခဲ့. . . ဒီကတော့ သေမထူး နေမထူးပဲ၊ စိတ်က ညစ်နေတာ၊ ညစ်တွေးတွေး ပစ်လိုက်မယ်"

ဟု ကြုံးဝါးလိုက်လေ၏။ ထို့နောက် ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ ထိုသူသည် အသက် (၅၀)ကျော် အရွယ်ခန့်ရှိပြီ ဖြစ်၏။ အရပ်အမောင်းကောင်း၏။ ခေါင်းကို ခေါင်းပေါင်းတည့်တည့်တွင် ထုံးထား၏။ သို့ရာတွင် သူ၏ခေါင်းထုံးကို ကျွန်ုပ်မြင်ရသည် မဟုတ်။ အပေါ်မှ ပိတ်ဖြူဖြင့်ပတ်ကာ ခေါင်းပေါင်းပေါင်းထား၏။ အင်္ကျီမှာလည်း ရှေးလူကြီးများ ဝတ်လေ့ရှိသော ခါးတိုအင်္ကျီ လက်ရှည်ဖြစ်၏။ ထိုအင်္ကျီမျိုးကို ရှေး လူကြီးများက မော်လမြိုင်ခါးတို ဟု ခေါ်ကြ၏။ လုံချည်မှာလည်း ပိတ်ဖြူပြောင်ဖြစ်၏။ အလွန်ရှည်သော ပိတ်ဖြူကြီးကို လက်ကန်တော့ ထိုးထား၏။ ဘယ်လက်တွင် ၎င်း၏ (၁၀၈) လုံးပါသော ပုတီးကို ပတ်ထား၏။ ညာလက်တွင် ငွေရောင်ပြောင်လက်ဖြင့်သော တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသေး၏။ တောင်ဝှေး၏ အသားမှာ နက်မှောင်၍ ကျစ်လစ်ပုံရ၏။ ကျွန်ုပ်ခန့်မှန်းရသည်မှာ ယင်းတိုက်သားကို ပြုလုပ်ထားခြင်း ဖြစ်ဟန်တူ၏။ ကျွန်ုပ်သည် တိုက်ခိုက်ရန် အသင့်ပြင်ထားသော အနေ





အထားကို မပြုတ်သေးပဲ မှုန်ရဲသောမျက်လုံးဖြင့် ထိုအဘိုးကြီးအား ကြည့်လိုက်လေ၏။ ထိုအဘိုးကြီးသည် ကျွန်ုပ်၏ အပြုအမူကိုကြည့်၍ ပြုံးလိုက်လေ၏။

"အဘက ဒါမျိုးမှကြိုက်တာ. . . ခိုက်စရာရှိတော့လည်း ခိုက်လိုက်ရမယ်၊ တိုက်စရာရှိတော့လည်း တိုက်လိုက်ရမယ်၊ ဒါပေမယ့် အခုအဘလာတဲ့ကိစ္စက ခိုက်ဖို့ တိုက်ဖို့ကိစ္စ မဟုတ်ဘူး၊ လိုက်ဖို့ကိစ္စ ဘယ်ကိုလိုက်ရမလဲဆိုတော့ အရှင်လိုရှင် လမ်းကိုလိုက်ရမယ်တဲ့ အဲဒါဟာ ရှေ့စကား၊ ရှေ့စကားကို လေးစားရမယ်၊ ရှေ့ထုံးလည်း မပယ်ရဘူး ရှေ့ထုံးပယ်ရင် လွဲတတ်တယ်၊ ရှေးသုံးလည်း မလွှယ်ရဘူးကွ၊ ရှေးသုံးလွှယ်ရင် ခွဲတတ်တယ်တဲ့ ရှေ့စကားကိုလည်း မပယ်ရဘူး၊ ရှေ့စကားပယ်ရင် နွား ဖြစ်တတ်တယ်၊ အခုကြည့်စမ်း. . . မင်းဟာ နွားဖြစ်နေပြီ နွားမှ နွားပိန်၊ နွားညှောင်၊ အလကားနွား ဒါပေမယ့် မင်းမှာ လုပ်ခဲ့ကိုင်ခဲ့ ခုခံတိုက်ခိုက်ခဲ့တဲ့ ယောကျ်ားကောင်းတွေရဲ့ အရည်အချင်းတော့ ရှိသေးတယ်၊ အခု ငါကတော့ မင်းအတွက် အချိန်တန်လို့ ရောက်လာတာ၊ ဒါ့ပြင်တော့ ရှေ့စကားမှာ အချိန်တန်ရင် နွားပိန်ကန် တတ်တယ်တဲ့ ဒါ့ပြင်တော့ မင်းကို နွားပိန်လာပြီး ကန်ရအောင် ငါရောက်လာရတာ၊ နားလည်လား ရှေ့မြဲသော"

လေးနက်အောင်မြင်သော အသံဖြင့် ကျွန်ုပ်အားတစ်လုံးချင်းသေးလေးနက်နက် ပြောလိုက်လေ၏။

"မင်းအခုလိုက်နေတဲ့လမ်းဟာ 'ရှုဥလမ်း'ကွ၊ မလိုက်တတ်ရင် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားမယ်၊ မင်းရဲ့ဆရာကလည်း တို့လူမျိုး တို့ ဘာသာလည်း မဟုတ်တော့ သူ့နည်းနဲ့သူ ခန့်ပေါက်လိမ့်မပေါ့၊ အခုမင်းမှာတော့ ကျီးလည်းမဟုတ်၊ ကြက်လည်းမမည်၊ အောက် ကလိအား၊ အာကလိအောက်၊ အမြီးအမောက်မတည့်တဲ့ကောင် ဖြစ်နေပြီ"

ဟု ထိုအဘိုးကြီးက ဆက်၍ ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က

"ဘာတွေ လာပြောနေတာလဲ၊ ကျုပ်ကို အပြစ်တင်နေတာလား၊ ကျုပ်ရဲ့လုပ်ရပ်တွေကို အပြစ်တင်နေတာလား၊ ခင်ဗျား ဘယ် သူလဲ"

ဟု မေးလိုက်ရာ ထိုဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးက

"ငှက်မသိတော့ ဇရက်ချိုးထင်တယ်တဲ့၊ အချက်မသိတော့ သ မက်သူ့ခိုးထင်တယ်ဆိုတာ မင်းလိုကောင်မျိုးကို ပြောတာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က

"ဒီမှာအဘိုးကြီး. . . . တွေ့လိုက်၊ ခြောက်လိုက်တွေ ပြောမ နေနဲ့၊ ကျုပ်ဘာငှက်မှလည်း မသိဘူး၊ ကျုပ်မှာ သားမက်လည်း မရှိဘူး၊ စကားပြောရင် ပြတ်ပြတ်သားသား ပြောစမ်းပါ၊ စကားပုံလိုလို၊ တဘောင်လိုလို လုပ်ပြောမနေစမ်းပါနဲ့၊ အခု ကျုပ်ပြတ်ပြတ်သားသား မေးမယ်၊ ခင်ဗျားက ကျုပ်ရန်သူလား ...က်ဆွေလား"





ဟု မေးလိုက်ရာ ထိုအဘိုးကြီးက ပြုံးလေ၏။

"ဒီလိုရဲရင့်တာကိုတော့ ကြိုက်သကွယ့် ရွှေပြည်သာရဲ့၊ ကိုယ့်စိတ် ထဲမှာ မရှင်းရင် ရဲရဲမေးဝံ့ရမယ်၊ ကိုယ့်စိတ်ထဲမှာ မရှင်းရင် ရဲရဲတွေးဝံ့ရတယ်၊ ပြောစရာရှိရင် ရဲရဲပြောဝံ့ရမယ်၊ အဲဒီတော့ မင်းကို ငါပြောမယ်၊ ငါဟာဘယ်သူလည်း ဆိုတော့. . . ငါဟာ 'ပထမံ' ဖြစ်တယ်၊ လူနာမည်ကို မေးရင်တော့ 'ဦးဇောင်'၊ မိတ်ကိုမေးရင်တော့ 'ဇာတော'၊ စမေးရင်တော့'ဝ'၊ ခေတ်ကို မေးရင်တော့'ကုန်းဘောင်'၊ တာဝန်ကိုမေးရင်တော့ 'အတွင်း တာဝန်'၊ လုပ်ငန်းစဉ်ကိုမေးရင်တော့ 'ကောင်းသူကယ်ပြီး မကောင်းသူပယ်တယ်'၊ သိဒ္ဓိကို မေးရင်တော့ 'မဟာသိဒ္ဓိ' စောင့်တာကို မေးရင်တော့ 'အနိမ္မေဓေဝ္ဗယျ'၊ ဘာကိစ္စလာ သလဲလို့မေးရင် 'ရွှေပြည်သာဆိုတဲ့ လူမိုက်တစ်ယောက်နဲ့ ပတ်သက်လို့' နားလည်ပြီလား"

ဟု ထိုအဘိုးကြီးက ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က

"နေစမ်းပါဦးဗျာ. . . အခုလာတာက ကျုပ်ကိုကယ်မလို့လား"

ဟု မေးလိုက်ရာ ထိုအဘိုးကြီးက ပြုံးလိုက်ပြန်လေ၏။ ထိုသို့ ပြုံး ပြီးနောက်

"အဲ...ကမင်းကို ကယ်မယ်၊ မှားနေတဲ့လမ်းစဉ်က ဆယ်မယ်၊ ဒါမှ ကယ်တာနဲ့ ဆယ်တာပါမှာ၊ ကယ်ရုံကယ်လို့ကတော့ ကိစ္စ

ကဲ မပြီးဘူး ဆယ်လည်းဆယ်ဦးမှ မင်းက လမ်းမှာအမှာ န
နေတဲ့တောင်၊ မဆယ်များ မဆယ်လို့ကတော့ နစ်ရက်
အောက် ဖက်က မျှော့ပေရော့မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က လက်သီးများကို ဖြေချလိုက်၏။ ကြ
မြင်ပေါ်တွင် ဒူးထောက်ချလိုက်ပြီးလျှင် လက်အုပ်ချီလိုက်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါအဘရယ်... ကျွန်တော်ဘာ
မသိပါဘူး"

ဟု ပြော၍ဦးချလိုက်ရာ ထိုပိတ်မြူစင်ကြယ်နှင့် အဖိုးကြီးက ဝေ
နက်စွာ သာဓုခေါ်လေ၏။ ပြီးလျှင်

"ဒီမှာကြည့်"

ဟုဆိုကာ ကျောက်ဂူနံရံတွင် ဒူးဝဏ်နှင့်၊ ကြေးဝဏ်နှင့်ရေးနည်း
လက်ညှိုးဖြင့် ရေးပြလေ၏။ လက်ညှိုးဖြင့်ရေးသော်လည်း အ
ရောင် စာလုံးများသည် ထင်းကနဲ၊ ထင်းကနဲ ပေါ်လာကာ

"ဒူးဝဏ်းက ဈည်းကို ဝဏ်းလုပ်ပြီး နှစ်ဆင့် ရေးရတာ
ကြေးဝဏ်းက ဈည်းကို ဝဏ်းလုပ်ပြီး သုံးဆင့် ရေးရတာ
ဒူးနဲ့ကြေးမတတ်သူတွေ ခုနှဲဒေး ဓဲ့ဒီထဲမှာ မင်းမပါစေနဲ့

ဟု ဆိုကာ ကျွန်ုပ်အား ဒူးဝဏ်း၊ ကြေးဝဏ်းရေးနည်းကို တ
မြောက်သည်အထိ သင်ပေးလေတော့၏။ ထိုရေးနည်းကို ကျွ
တတ်သောအခါ၌ ကျွန်ုပ်၏ရှေ့မှောက်၌ပင် ထိုပိတ်မြူစင်ကြယ်



အဖိုးကြီးသည် ပျောက်ကွယ်သွားလေတော့၏။ ထိုသို့ မပျောက်
ကွယ်မီ၌ ကျွန်ုပ်ထက်သို့လှည့်ကာ ကျွန်ုပ်၏ ဦးခေါင်းကို တောင်
ဝှေးဖြင့် နာနာတစ်ချက်ရိုက်၍

"သူများသတ်လို့လည်း မသေတော့ဘူး၊ အကျင့်မှားလို့လည်း
မကြေတော့ဘူး သေကြေခြင်းမဖြစ်ဖို့ အသက်ကယ်မယ်၊ နာနာ
မှတ်ထားပေတော့"

ဟု ပြော၍သွားလေ၏။ ကျွန်ုပ်သည် ခေါင်းကိုလက်ဖြင့် ပွတ်နေ၏၊
ထိုသို့ပွတ်ရင်းနှင့်ပင် အိပ်ယာမှ လန့်နိုးလာလေ၏။ အိပ်ယာမှ
နိုး လျှင် ကျွန်ုပ်၏အနီး၌ထိုင်နေသော လက္ခနောင်ကို တွေ့ရလေ၏၊
ကျွန်ုပ်သည် လက္ခနောင်အား

"ဟေ့ လက္ခနောင် ငါမသေတော့ဘူး"

ဟု ပြောလိုက်ရာ လက္ခနောင်က

"ယောဂီကြီးကို သေမယ်လို့ ဘယ်သူက ပြောလို့တုန်း"

ဟု ပြန်၍မေးလေ၏။

"အေး... ပြောရဦးမယ်ကွ၊ ပြောလည်း မပြောချင်တော့
ဘူးကွ"

ဟု ပြောလိုက်လျှင် လက္ခနောင်က

"ယောဂီကြီးကိုပြောပါလို့ ဘယ်သူက ပြောလို့တုန်း"

ဟု ပြန်၍မေးလေ၏၊

"ဘာပဲဖြစ်ဖြစ် ငါ့အခြေအနေ ကောင်းပြီကွ"

ဟု ကျွန်ုပ်အား အားတက်သရောပြောလိုက်ရာ လကျာနောင်က

"အဲ့ဒါပြောတာပေါ့. . . ဘာမှမလုပ်တတ်ရင် အိပ်နေတ
အကောင်းဆုံးပဲဆိုတာ၊ အခုအိပ်ယာကနိုးတော့ တစ်မျိုးဖြ
သွားပြီ၊ ကျွန်တော်ပြောတာ ဘယ်လောက်မှန်သလ
တစ်ခုတော့ ပြောရဦးမယ်၊ ထူးဆန်းတာတစ်ခုက ယောဂီကြ
အိပ်ပျော်ပြီး မကြာခင်မှာပဲ၊ ဒီနေရာမှာ အတော်ကိုမွှေး
အနံ့တစ်ခုရတယ်၊ ဘယ်လိုမွှေးတာမျိုးနဲ့မှ မတူဘူး၊ ယောဂီကြ
အိပ်ယာက နိုးခါနီးမှာ အဲဒီအမွှေးနံ့က ပျောက်သွားတယ်၊ အဲ
အမွှေးနံ့ဟာ ရိုးရိုး အမွှေးနံ့မဟုတ်ဘူး၊ နတ်ဒေဝတာတွေဆီ
အမွှေးနံ့မျိုးနဲ့ တူတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် လွန်စွာ ဝမ်းမြောက်သွားလေ၏
အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်မြင်မက်သောအိမ်မက်သည် အိ
မက်မဟုတ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ဦးဦး အမှန်တကယ် ရော
လာချိန်ဖြစ်မှာ သေချာလေ၏၊ ထို့ကြောင့် ကျွန်ုပ်က

"ဟေ့. . . လကျာနောင် မင်းဟောဟိုဂူနံရံမှာသွားပြီး နမ်
ကြည့်စမ်း အဲ့ဒီမှာလည်း မွှေးနေလိမ့်မယ်"

ဟု ပြောလိုက်လျှင် လကျာနောင်သည် ထ၍ ကျောက်နံရံကို နမ်



ကြည့်လေ၏၊ ထိုသို့ နမ်းကြည့်ပြီးနောက်

"အမှန်တကယ်ပါပဲ ယောဂီကြီးရယ်. . . ဒီမှာလည်း မွှေးနေ
တယ်၊ အားလုံးထူးထူးဆန်းဆန်းတွေ ဖြစ်ကုန်ပြီ၊ ဘာပဲဖြစ်ဖြစ်
ဆီဒါနဲ့ကျွပ်နဲ့ လက်ထပ်ဖို့ကတော့ နီးသွားပြီပေါ့"

ဟု လကျာနောင်က ပြောလိုက်လေ၏၊

"မင်းလောက်နိုက်တဲ့ကောင် ရှိဦးမလား၊ သူများက အရေးကြီး
တဲ့ စကားပြောနေတယ်၊ မင်းက မိန်းမယူဖို့ ပြောနေတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ လကျာနောင်က

"ဒီမှာ ယောဂီကြီး. . . မိန်းမယူဖို့ကိစ္စက အရေးကြီးတဲ့ ကိစ္စပဲ
လေဗျာ၊ သစ်ပင်ပဲဖြစ်ဖြစ်၊ တိရိစ္ဆာန်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်
မွေးကထဲက ပါလာတဲ့တာဝန်နှစ်ခု ရှိတယ်၊ အဲဒီ တာဝန်နှစ်ခု
က ရှင်သန်နေဖို့ ကြိုးစားရမယ်၊ ပြီးတော့ မျိုးဆက်ပြန့်ပွားရ
မယ်၊ အဲ့ဒါကသဘာဝတာဝန်တွေပဲ၊ သစ်ပင်ကလည်း ရှင်သန်
ဖို့ သူ့နည်းနဲ့သူ ကြိုးစားတယ်၊ ပြီးတော့ မျိုးဆက်ပြန့်ပွားဖို့
သူ့နည်းနဲ့သူ လုပ်တယ်၊ တိရိစ္ဆာန်ကလည်း ဒီလိုပါပဲ၊
လူဟာလည်း ဒီလိုပဲ၊ အဲ့ဒီတော့အရေးကြီးတဲ့ တာဝန် နှစ်ခု
ရှိတယ်၊ တစ်ခုဟာ မျိုးဆက်ပြန့်ပွားရေး မဟုတ်လား၊ အဲ့ဒီတော့
မိန်းမယူတဲ့ကိစ္စက အရေးကြီးတဲ့ ကိစ္စပေါ့ဗျာ၊ ခင်ဗျားလို ဟိုဂူ
မှာ နေလိုက်၊ ဟိုတောမှာ နေလိုက် လုပ်မယ့်လူဆိုတာက အရေ

အတွက် နည်းနည်းလေးပဲ နှိုင်းနိုင်မယ်၊ ဒီလူတွေကို လူစာရင်းမှ
သွင်းထားလို့ မရဘူး၊ အပြင်ဘက်ကို ထုတ်ပြီး စဉ်းစားရလိ
မယ်၊ ပုံမှန်အနေအထားနဲ့ လူကတော့ မိန်းမယူရမှာပဲ၊ ဒါဟ
အရေးကြီးတဲ့ အလုပ်ပဲ၊ ဒီလောက် အရေးကြီးတဲ့အလုပ်က
အရေးမကြီးဘူးလို့ ပြောချင်ရင်တော့ ယောဒီဓာတူပြစ်ထဲက
ရေတွေကို ခင်ဗျား အကုန်သောက်ပြီးပြောရင်တော့ နည်းနည်
ယုံမယ်"

ဟု ပြောသဖြင့် ကျွန်ုပ်က

"အရေးကြီးတယ်လို့ထင်ရင်လည်း အရေးကြီးတယ်ပေါ့ကွ
ဒါကိုငါ မငြင်းဘူး၊ ဒါပေမယ့် ငါ့ကိစ္စက ပိုပြီး အရေးကြီး
တယ်၊ ငါမသေတော့ဘူး၊ ငါမကြေတော့ဘူး"

ဟု ပြောလိုက်လျှင် လကျွန်နောင်က

"ဘာတွေပြောနေတာလဲ ယောဂီကြီး... သေတယ်ဆိုတ
ခင်ဗျားက လွယ်တဲ့ကိစ္စများ အောင့်မေ့နေလို့လား၊ သေချ
တိုင်း မသေရဘူး၊ ဒါပေမယ့် သေမဲ့အချိန်ရောက်ရင်လည်
နေလို့ မရဘူး၊ အဲဒီတော့ နေချင်တိုင်းလည်း နေလို့မရဘူ
အားလုံးဟာ ဒီသဘောအတိုင်းပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"တော့ လကျွန်နောင်... ဒီလိုဆိုရင် ငါကလည်းပြောမယ်၊ မိန်း





ဆိုတာ ယူချင်တိုင်းလည်း မရဘူး၊ ရမယ့်အချိန် ရောက်ရင်
လည်း မယူချင်ပါဘူးလို့ မရဘူး၊ ယူရမှာပဲ"

ဟု ပြောလိုက်လျှင် လကျွန်နောင်က လက်ခုပ်လက်ဝါးတီး၍ ရယ်ကာ

"ယောဂီကြီး အိုင်ယာကန်းလာပြီ၊ ကျွန်ုပ်ဟာ ခင်ဗျားနဲ့ လပေါင်း
များစွာ နေခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားဟာ အိုင်ပျော်နေတဲ့
လူလိုပဲ၊ ဒီနေ့မှ ခင်ဗျား အိုင်ယာကန်းလာတယ်၊ အခုတော့
ကျွန်ုပ်ဟာ နိုးလာတဲ့သူနဲ့ စကားပြောခွင့်ရပြီ၊ ဒီမှာယောဂီကြီး
မြဲမြဲမှတ်ထားပါ၊ ခင်ဗျား မသေပါဘူး၊ ကြေလည်း မကြေပါဘူး၊
အလွန်အနန္တမွေးတဲ့ ဓေဝတာတစ်ဦးက ခင်ဗျားကိုကယ်ဆယ်
သွားမှာပါ၊ အဲဒါကို ကျွန်ုပ်ယုံကြည်တယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ငါတွေ့ဖူးတဲ့ကုလားထဲမှာ မင်းဟာအတတ်ဆုံးပဲ၊ ဒီနေ့ငါ
အိုင်ပြီးပျော်တယ်၊ ပျော်တဲ့အထိမ်းအမှတ်ကို အသိအမှတ်
ပြုတဲ့အနေနဲ့ မင်းငါ့ကို သီချင်းတစ်ပုဒ်ဆိုပြကွာ"

ဟု ပြောလိုက်ရာ လကျွန်နောင်က

"ကျွန်ုပ်ခင်မင်တဲ့ မိတ်ဆွေအတွက်၊ ကျွန်ုပ်လေးစားတဲ့ ယောဂီ
အတွက်၊ ကျွန်ုပ်တို့ ချစ်သူနှစ်ဦးကို မင်္ဂလာဆောင်ပေးမယ့်
သူအတွက် ကျွန်ုပ်ကဘာပြစ်လို့ သီချင်းတစ်ပုဒ် မဆိုပြနိုင်ရမှာ
လဲ နားထောင်"

ဟု ဆိုကာ သီချင်းဆိုပြလေ၏၊ သူ၏သီချင်းသည် မည်သည
အကြောင်းကို မည်သည့်အဓိပ္ပါယ်နှင့် စပ်ဆိုထားသည်မသိ စာသာ
များမှာ 'ငြိမ်သက်ခြင်းသည် တန်ခိုး' ဟု ဖေါ်ပြနေ၏၊ ထို့အ
'နှေးလျှားခြင်းသည် သဘာဝ' ဟု ဖေါ်ပြနေ၏၊ ထို့ကြောင့် ကျွန်
က သီချင်းပြီးဆုံးသွားသောအခါ၌ လက်ခုပ်တီး၍ အားပေးပြီ
နောက်

"ဒီမှာ လကျာနောင်. . . မင်းသီချင်းကို ငါသိပ်ပြီး နားမလည်
ဘူး၊ ငြိမ်သက်ခြင်းဆိုတာ တန်ခိုးဆိုတာတော့ စဉ်းစားလို့ နည်
နည်းရတယ်၊ နှေးလျှားခြင်းသည် သဘာဝဆိုတာ ငါမသိဘူး
အဲဒါငြဲကို ရှင်းပြစမ်းပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ

"ဒါကတော့ဒီလိုပါ ယောဂီကြီး၊ သစ်ပင်တစ်ပင် စိုက်ကြည့်
လား ၊ စိုက်တဲ့သူက ကိုယ်စိုက်တဲ့နေ့မှာပဲ ပန်းပွင့်ကို မြင်ချ
လို့ပြီ၊ ဒါပေမယ့် သစ်ပင်ကတော့ သူ့အပွင့်ကို ပွင့်မပြသေးဘူ
ပြေးပြေးမှန်မှန် နေနေတာပဲ၊ ဘာမှမလုပ်သလိုပဲ ဒါပေမယ
သူ့အလုပ်လုပ်နေတာကို ယောဂီကြီး မမြင်ရဘူးလေ၊ သူ
မလုပ်သလိုနဲ့ လုပ်နေတာကိုး၊ သူ့အလုပ်လုပ်နေတာ သိပ်ပြ
နှေးတယ်၊ ပန်းပင်စိုက်တဲ့လူက စိတ်မရှည်ဘူး၊ သူက မြန်ချ
တယ်၊ မြန်ချင်မှာပေါ့၊ သူကသဘာဝမှ မဟုတ်ပဲ၊ ပန်းပင်က





သဘာဝကိုး၊ ဒါပေမယ့် ပန်းပင်က ဖူးရမယ့်အချိန်ကျတော့
ဖူးလာတယ်၊ ပွင့်ရမယ့်အချိန်ကျတော့မှ ပွင့်လာတယ်၊ အဲ့ဒီလို
ဖူးအောင် အဲ့ဒီလိုပွင့်အောင် သူဟာ နှေးနှေးကလေးနဲ့ သူ့
အလုပ်တွေကိုသူ မှန်မှန်ကြီးလုပ်သွားတာ၊ သဘာဝတရားဟာ
ဘယ်တော့မှ အလောသုံးဆယ် မလုပ်ဘူး၊ လူကသာ အလော
သုံးဆယ်လုပ်တာ၊ အလောသုံးဆယ်ဆိုတဲ့စကားရဲ့ နောက်မှာ
လောဘကြီးတာ ပါနေတယ်၊ မြန်မြန်ရချင် မြန်မြန် ဖြစ်ချင်
တာပေါ့၊ သဘာဝတရားမှာတော့ လောဘမရှိဘူး၊ အဲဒီတော့
မြန်မြန်ဆိုတာ မပါဘူး၊ တန်ခိုးလိုချင်ရင်လည်း လူဟာ လုပ်လို့
ရပါတယ်၊ သဘာဝတရားကို နည်းယူပြီး နှေးနှေးမှန်မှန် လုပ်
ရတယ်၊ မလုပ်သလို လုပ်သလိုနဲ့ တဖြေးဖြေးသွားရတယ်၊ မြန်
မြန်ဖြစ်ချင်လို့ လောလော,လောလော လုပ်တဲ့သူတွေဟာ
နှေးတာနဲ့မြန်တာ ပဋိပက္ခ ဖြစ်ပြီး နောက်ဆုံးမှာ ရှုံးသွပ်သွား
တတ်တယ် ယောဂီကြီး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်မှာ ကြက်သီးမွေးညင်းများ ထသွား၏၊

"ဟေ့ လကျာနောင် မင်းဟာ လူမှဟုတ်ရဲ့လားကွာ၊ မင်းဟာ
ငါ့ကို နည်းပေးလမ်းပြလုပ်ဖို့ နတ်ဒေဝတာတစ်ဦးဦးက လူ
ယောင်ဆောင် လာတာလားကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ လကျာနောင်က ရယ်လေ၏၊ ထို့နောက်

"ယောဂီကြီးထင်သလိုကျွပ်ဟာ နတ်ဒေဝတာဆိုရင်လည်း မိန်း မလိုချင်တဲ့ နတ်ဒေဝတာပေါ့ဗျာ"

ဟု ပြောလိုက်ကာ ရယ်လေတော့၏၊ ထို့နောက် ငှင်းကပင်

"ဒီလိုပါယောဂီကြီး. . . ကျွပ်က ဒါတွေကို မတတ်ပါဘူး၊ ဆီဒါ သင်ပေးလို့ ကျွပ်က နည်းနည်းတတ်တာပါ၊ ဆီဒါဟာ ကျွပ်ရဲ့ ချစ်သူ ဖြစ်သလို၊ ကျွပ်ရဲ့ဆရာလည်း ဖြစ်တယ်၊ ကျွပ် ကို သီချင်းဆိုဖို့လည်း သူသင်ပေးတာ၊ တတ်အောင်လည်း သူသင်ပေးတာပါပဲ၊ ကျွပ်တို့နှစ်ယောက်ဟာ တစ်ခါတစ်လေ သီချင်း ဆိုကြတယ်၊ တစ်ယောက်ချင်းလည်း ကကြတယ်၊ နှစ်ယောက်တွဲပြီးလည်း ကကြတယ်၊ အဲဒီလို ဆိုရင်းကရင်းနဲ့ပဲ အသိဉာဏ်တွေ ရလာကြတယ်၊ မောတဲ့အခါမှာတော့ ပေါဒီ သစ်ပင်အောက်မှာ နှစ်ယောက်အတူ အိပ်ကြတယ်၊ ဆီဒါက နွားတွေ မွေးထားတယ်၊ နွားတွေကရလာတဲ့နို့ဟာ ဆီဒါနဲ့ကျွပ် အတွက် လုံလုံလောက်လောက် အတူစားသုံးနိုင်တယ်၊ အဝတ် အစားလည်း ဝယ်နိုင်ပါတယ်. မပူရပါဘူး၊ ဘာပဲဖြစ်ဖြစ် ယောဂီကြီးလဲ ဆီဒါဆီမှာ သီချင်းဆိုဖို့ရယ်၊ ကတတ်ဖို့ရယ်၊ နည်းနည်း သင်သွားပါလား၊ မအိပ်ချင်တဲ့အခါမှာ တစ်ယောက် တည်း သီချင်းဆိုပြီး ကနေတာဟာ ကောင်းတယ်၊ အယဉ်ကျေး ဆုံးလူဟာ အကအကောင်းဆုံးလူပဲ"





ဟု လကျာနောင်က ပြောလေ၏၊ ကျွန်ုပ်သည် ၎င်းပြောသော စကား ...ကို နားမလည်ပါ၊ သို့သော် ထင်၍ မပေးဖြစ်ပါ၊ သို့ရာတွင် ...င်းကို ကျွန်ုပ်က

"ဆီဒါဆီမှာ မသင်တော့ပါဘူးကွာ၊ မင်းပဲ ငါ့ကို အခြေခံကကွက် လောက် ကပြပါ၊ ငါကြည့်မယ်"

ဟု ပြောလိုက်ရာ လကျာနောင်သည် သူ၏ဒိုတီကို ခါးတောင်းကျိုက် ...ပြီးလျှင် အင်္ကျီကိုချွတ်ခါ အခြေခံအကရှစ်မျိုးဟု ပြောပြီးလျှင် ...စ်ကွက်ချင်း ကပြလိုက်လေ၏၊ ကကွက် တစ်နှင့်နှစ်ကိုပေါင်းလျှက် ကပြ၏၊ ကကွက်နှစ်နှင့် သုံးကိုပေါင်း၍ ကပြ၏၊ ကကွက် တစ်နှင့် ...ကိုလည်းပေါင်း၍ ကပြလိုက်လေ၏၊ ဤသို့လျှင် အခြေခံကကွက် ...မျိုးကို ရှစ်သီးပွား၍ ကပြလိုက်ရာ ကကွက်ပေါင်း (၆၄) ကွက် ...ဖစ်ပေါ်၍ သွားလေတော့၏၊ ထို့ကြောင့် ကျွန်ုပ်က

"ငါသဘောပေါက်သွားပြီကွ၊ ကတတ်ဖို့ကတော့ လေ့ကျင့်ရ ဦးမယ်၊ အခြေခံကကွက်တွေကိုတော့ ငါကောင်းကောင်း သိ သွားပြီ၊ ဘယ်ခြေလှုပ်ရှားတဲ့အခါမှာ ညာလက်ပါ လှုပ်ရှား တယ်ကွ၊ ညာခြေလှုပ်ရှားတဲ့အခါမှာ ဘယ်လက်ပါ လှုပ်ရှား တယ်ကွ၊ ခါးနဲ့ခေါင်းကတော့ ဟန်ချက်ညီအောင် လိုက်ပြီး ထိန်းပေးတာ"

ဟု ပြောလိုက်လျှင် လကျာနောင်က

"ယောဂီကြီး သိပ်ပြီးဉာဏ်ကောင်းတာပဲ၊ ကျုပ်ဟာ အဲ့ဒီ လောက်သိဖို့အတွက် ဆီဒါဆီမှ တစ်နှစ်လောက် သင်ရတာ၊ ယောဂီကြီးက တစ်ခါလောက်ကြည့်ပြီးတာနဲ့ အားလုံးသဘော ပေါက်သွားတယ်၊ ဆီဒါကကျုပ်ကို အကသင်တုန်းက မြေ ယောက်မှာမြူတွေဆွဲပြီး ကနိုင်းတာ၊ အဲ့ဒါမှ ကျုပ်ရဲ့ခြေလှမ်း ရွားသွားတဲ့ လှုပ်ရှားမှုကို ကျုပ်ကမြူသဲကတစ်ဆင့် သိရမှာတဲ့"

ဟု ပြောလေ၏။ နေ့လယ်ပိုင်းသို့ ရောက်သောအခါ၌ ဆီဒါသည် ကျွန်ုပ်တို့ထံသို့ ရောက်လာပြီးလျှင် ပုရိမ်များကြော်၍ ကျွေးလေ၏။ ပုရိမ်ကို ဟာလဝါကဲ့သို့သော မုန့်အချိုပျော့နှင့် စားခိုင်း၏။ ပြီးလျှင် ကျွန်ုပ်အား ကော်ဖီခါးတစ်ခွက်ဖျော်တိုက်၏။ ထို့နောက် ၎င်းတို့ နှစ်ဦးအား ကျွန်ုပ်က ကပြရန် တောင်းဆိုသောကြောင့် ၎င်းတို့ နှစ်ဦးသည် သီချင်းတစ်လှည့်စီဆို၍ ကပြကြလေ၏။ ကျွန်ုပ်လည်း ၎င်းတို့နှင့်အတူ ပျော်ရွှင်ရလေ၏။

ညပိုင်းသို့ရောက်သောအခါ၌ ကျွန်ုပ်သည် ဆီဒါနှင့်လကျွနောင် အား ရွာတွင်းသို့ ပြန်ခွင့်ပေးပြီးလျှင် ကျွန်ုပ်တစ်ယောက်တည်း ဂူတွင်း၌ အိပ်စက်ခဲ့လေ၏။ အိပ်ပျော်သည်နှင့် ကျွန်ုပ်သည် အိပ် မက်မြင်မက်လေ၏။ အိပ်မက်ထဲတွင် ဗိတ်ဖြူစင်ကြယ်နှင့် ပုဏ္ဏားလ် ကြီး ရောက်လာ၏။ ထို့နောက်သူသည် ကျွန်ုပ်အား စာရွက်တစ်ရွက် ပေးလေ၏။ ထိုစာရွက်ပေါ်တွင် ရေးထားသောစာများမှာ ဒူး ဂဏန်းဖြင့် ရေးထားသော စာများဖြစ်၏။ ကျွန်ုပ်သည် ထိုစာများကို



က်ကြည့်ရာ ဂါထာတစ်ပုဒ် ဖြစ်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ဂါထာကို အကြိမ်ကြိမ်ရွတ်ဆိုနေရ၏။ ကျွန်ုပ်သည် ထိုသို့ ရွတ် နေရင်းနှင့်ပင် အိပ်မက်မှလန့်နိုးလာ၏။ နိုးလာလျှင် ထိုဂါထာကို ့သွားမည်စိုးသောကြောင့် မှတ်စုစာအုပ်တွင် ရေးမှတ်ထားလိုက် လတော့၏။ ထို့နောက် ထိုဂါထာကို အလွတ်ရသည်အထိ ကျက် လေ၏။ နံနက်မိုးမလင်းမှီ၌ပင် ကောင်းစွာအလွတ်ရသွားလေ တော့၏။

တ်ချက်။ ။ ထိုဂါထာကို ရေးပြရန် မသင့်လျော်သောကြောင့် ချန်လှပ်ထားခဲ့ပါသည်။ သိလိုသူများ ကျွန်ုပ် ထံတွင် လာရောက်မေးမြန်းနိုင်ပါသည်။ ထို ဂါထာမှာ ထူးဆန်းသော ဂါထာမဟုတ်ပါ။ လူ ဆယ်ယောက်လျှင် ကိုးယောက်ခန့်ရသော ဂါထာ ဖြစ်ပါသည်။ သို့သော် စာအုပ်၌ ဖော်ပြ ရန်မသင့်၍ ချန်လှပ်ထားခဲ့ပါသည်။

(စာရေးသူ)

နံနက်မိုးလင်းသောအခါ၌ လကျွနောင် ရောက်လာလေ၏။ ါလည်း ပါလာလေ၏။ ဆီဒါက ကျွန်ုပ်အား

"မနေ့ညနေက ပုလိပ်တွေရွာထဲကို ရောက်လာတယ်၊ ပုလိပ် တွေတင် မဟုတ်ဘူး မျက်နှာဖြူလူ သုံးလေးယောက်လည်း

ရွာထဲကို ရောက်လာတာတွေ့ရတယ်၊ ဘာပဲဖြစ်ဖြစ် ယောဂီ
ကြီးရဲ့ ရန်သူတွေဟာ နီးကပ်နေပြီလို့ပြောချင်တာပါပဲ"

ပြောလိုက်လျှင် ကျွန်ုပ်က

"ဒီလိုရှိတယ်ဆီဝါ. . . ရန်သူတွေ နီးကပ်လာပြီဆိုရင်တော့
မင်းအနေနဲ့ ဟင်းကောင်းကောင်းချက်ဖို့လိုတယ်၊ ဒါမှ ကောင်း
ကောင်းစားပြီး ကောင်းကောင်းသေရမှာ"

ပြောလိုက်ရာ ဆီဝါက

"ယောဂီအတွေအတွက် အကောင်းဆုံးဟင်းဟာ ရွှေဖရုံသီးပေါ့
ရွှေဖရုံသီးဟင်း ချက်တဲ့အခါမှာ ရွှေဖရုံစေ့တွေပါ ထည့်ပြီးချက်
ရမယ်၊ အဲဒီအစေ့တွေကို ဖယ်မပစ်နဲ့ ပါသမျှ ဝါးစားပစ်၊ ကျွန်မ
အဖေဟာ တစ်နေ့ကို ရွှေဖရုံစေ့ (၇) စေ့စားတယ်၊ မိန်းမ
(၇)ယောက် ယူထားတယ်၊ ယောဂီကြီးကို ရွှေဖရုံစေ့တွေ စား
နိုင်းပြီး မိန်းမယူဖို့ ပြောတာမဟုတ်ပါဘူး၊ ဒီလို ကျင့်ကြံအား
ထုတ်တယ်ဆိုတာ ကျန်းမာရေးကောင်းဖို့ လိုတယ်မဟုတ်လား
ကျန်းမာတယ်ဆိုတာ ခေါင်းလဲကျန်းမာဖို့လိုတယ်၊ လက်လဲ
ကျန်းမာဖို့လိုတယ်၊ ခြေထောက်လဲ ကျန်းမာဖို့လိုတယ်၊ အစိတ်
အပိုင်းအားလုံး ကျန်းမာဖို့လိုတယ် မဟုတ်လား၊ ရွှေဖရုံစေ့ဟာ
ဆီဝါလို မိန်းခလေးတစ်ဦး မပြောတပ်တဲ့နေရာကို ကျန်းမာဖို့
အထူးအားပေးတယ်"





ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း စပ်စုသည့်အနေဖြင့်

"ဒီမှာဆီဝါ ရွှေဖရုံသီးစားရင် ယောဂီအကျန်းမာရေး ကောင်း
တယ်ဆိုတဲ့ဟာ ချက်ပြီးစားမှလား၊ တစ်ခြားဘယ်လို စားလို့
ရသေးလဲ"

ဟု မေးလိုက်ရာ ဆီဝါက

"ရွှေဖရုံသီးကိုပြောတာ မဟုတ်ဘူး၊ ရွှေဖရုံစေ့ကို ပြောနေတာ၊
ရွှေဖရုံစေ့ကို ချက်ပြီးစားစား၊ ပြုတ်ပြီးစားစား၊ လှော်ပြီးစားစား၊
နေလှမ်းပြီးစားစား အားလုံးကောင်းတယ်"

ဟု ပြောလေ၏။

မှတ်ချက်။ ။ဆေးကျမ်းများတွင် ရွှေဖရုံစေ့နှင့် ပတ်သက်၍ မတွေ့ဖူးသော်လည်း အမှန်တကယ်အားဖြင့် ရွှေဖရုံစေ့သည် အလွန်အစွမ်းထက်သော ယောကျ်ားအားဆေးတစ်မျိုးဖြစ်ကြောင်း လေ့လာသိရှိ ရဖူးပါသည်။

ကျွန်ုပ်သည် ဆီဝါအားကြည့်၍ ပြုံးလိုက်၏။

"ဒီလိုပါ ဆီဝါရယ်၊ မင်းပြောတဲ့ ရွှေဖရုံသီးဟင်းကို ချက်ပါ၊
အစေ့တွေကိုတော့ ကျွပ်ကိုမကျော်လိုက်ပါနဲ့၊ လကျွနေခင်ကို

ကျေးပါ၊ ကျုပ်ရဲ့ကျင့်စဉ်နဲ့ ရွှေဖရုံစေ့က သိပ်ပြီးတည့်မယ် မထင်ဘူး"

ဟု ပြောလိုက်ရာ ဆီဒါက ရယ်လေ၏။

ထို့နောက်သူသည် ကျွန်ုပ်အား အဆာပြေအဖြစ် ကော်ဖီတစ်ခွက် ဖျော်ပေး၏။ လကွနောင်ကမူ ရွှေဖရုံသီးများကို လှီးနေ၏။ ကျွန်ုပ်သည် လကွနောင်အား

"အစေ့တွေ လွှင့်မပစ်နဲ့နော် လကွနောင်"

ဟု ပြောလိုက်ရာ လကွနောင်က

"ယောဂီကြီးကို ကျုပ်ပြောခဲ့တယ် မဟုတ်လား၊ ဆီဒါဟာ ကျုပ်ရဲ့ ဆရာဆိုတာ၊ သူက ဘာမဆိုသိတယ်"

ဟု ပြော၍ ရယ်လေ၏။ နံနက် (၁၀) နာရီလောက်တွင် ကျွန်ုပ်တို့ သုံးဦးသည် ပူတီနှင့် ရွှေဖရုံသီးဟင်းများကို စားကြ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ ဟင်းခွက်တွင်ပါလာသော ရွှေဖရုံစေ့များကို လကွနောင်၏ ဟင်းခွက်အတွင်းသို့ ထည့်ပေးလေ၏။ နံနက်စာ စားပြီးနောက် ကျွန်ုပ်သည် တစ်ရေးတစ်မော အိပ်လေ၏။

အိပ်ပျော်နေစဉ်အတွင်း ကျွန်ုပ်သည် အိပ်မက်မြင်မက်လေ၏။ အိပ်မက်ထဲတွင် ဝိတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီး ကျွန်ုပ်ထံ ရောက်လာ၏။ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်အားကြည့်၍



"ငရွှေမြသာ ဒီမှာမနေနဲ့ သေလိမ့်မယ်၊ မြန်မာပြည်ကို မြန်မြန် ဥဿာပဲခူးမှာ ဒိုကင်နေ၊ အဲဒီကနေ အပြီးပြန်ပေတော့"

ဟု ပြောဆိုကာ ပျောက်သွားလေတော့၏။ ကျွန်ုပ်သည် အိပ်ရာမှ လန့်၍ နိုးသွား၏။ ထိုသို့နိုးသွားသည်နှင့် တပြိုင်နက် လကွနောင်နှင့် ဆီဒါကိုခေါ်၍

"ငါဒီနေရာကနေ အပြီးအပိုင်နေရာ ရွှေ့မယ်၊ အဲဒီမှာ မင်းတို့ နှစ်ယောက် လက်ထပ်ဖို့"

ဟု ဆိုကာ ကျွန်ုပ်သည်၎င်းတို့အား ငွေသုံးထောင်ပေးလိုက်လေ၏။ ဆီဒါသည် လွန်စွာဝမ်းသာသွား၏။ ထို့နောက်တွင်ကား ကျွန်ုပ်သည် ထိုနေရာမှ ထွက်ခဲ့လေတော့၏။ ထိုသို့ထွက်ခဲ့ပြီးလျှင် တရွေ့ရွေ့နှင့် မြောက်ဘက်သို့ ခရီးဆက်ခဲ့လေ၏။ လကွနောင်သည် ကျွန်ုပ်အား နယ်စပ်အထိ လိုက်၍ပို့၏။

ဆီဒါသည် လကွနောင်အား ၎င်းနှင့်ဆက်သွယ်ရန် နည်းလမ်းများအား ပြောပြထား၏။ ထို့ကြောင့် လကွနောင်သည်ရောက်သည့် နေရာမှနေ၍ ဆီဒါထံ ဆက်သွယ်၍နေ၏။ ဆီဒါထံမှ အဆက်အသွယ်များလည်း ကျွန်ုပ်တို့ရောက်မည့်နေရာသို့ ကြို၍ရောက်နေတတ်၏။ တစ်နေရာသို့ အရောက်တွင် လကွနောင်က ကျွန်ုပ်အား

"ဒီမှာယောဂီကြီး ဆီဒါဆီက သတင်းလာတယ်၊ အဲဒီသတင်းမှာ ယောဂီကြီးနေခဲ့တဲ့ ဂူထဲကို ယောဂီကြီးရဲ့ ရန်သူတွေရော၊

ပုလိပ်တွေရောဝင်ပြီး ရှာတယ်တဲ့ သူတို့တွေဟာ ယောဂီကြီးနဲ့
ကျွန်နဲ့သွားလမ်းအတိုင်း နောက်ကလိုက်လာကြလိမ့်မယ် ထင်
တယ်တဲ့"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ဒီမှာလကျွနောင်၊ နယ်စပ်ကိုရောက်ဖို့ အဝေးကြီးတယ်၊ နယ်
စပ်ကို ရောက်တာနဲ့ မင်းမြန်လှည့်သွားပေတော့၊ ငါ ဟိုဘက်
ထဲ ဝင်သွားမယ်"

ဟု ပြောလိုက်ရာ

"ယောဂီကြီးပြောတာ ဟုတ်ပါတယ်လေ၊ ကျွန်သိတာ တစ်ခု
ပြောမယ်နော်၊ အဲဒါဘာလဲဆိုတော့ ယောဂီကြီးဘာမှ မစိုး
ရိမ်ပါနဲ့၊ ယောဂီကြီးဟာ သူများသတ်လို့ မသေပါဘူး၊ ဘာလို့
လဲဆိုတော့ ယောဂီကြီးရဲ့ လက်ဝါးမှာ အသက်ရှည်တဲ့ လမ်း
ကြောင်းနှစ်ခု ပါတယ်၊ ဆီဒါ သင်ပေးထားလို့ လက်ဝါးပေါ်က
အမှတ်အသားတွေ နည်းနည်းပါးပါး ကြည့်တတ်ပါတယ်"

ဟု လကျွနောင်က ပြောလိုက်လျှင် ကျွန်ုပ်က

"မင်းကတော့ ဘာမဆို ဆီဒါချည်းပဲ"

ဟု ပြောလိုက်ရာ လကျွနောင်က ရယ်လေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်
တို့နှစ်ဦးတို့သည် မြန်မာပြည်မြောက်ပိုင်း နယ်စပ်သို့ ရောက် ရှိ

လေ၏။ ထိုနေရာသို့ အရောက်တွင် ကျွန်ုပ်သည် လကျွနောင်အား
ပြန်လွှတ်လိုက်ပြီးလျှင် မြန်မာပြည်ထဲသို့ တော်လမ်းအတိုင်း ဝင်
လေ၏။ ထိုနောက်ရှပ်ဖျက်ကာ ပဲခူးမြို့ဆီသို့ ဆင်းခဲ့လေတော့
သတည်း။






# စိုက်လိုက် မတ်တတ်

ကျွန်ုပ်သည် ပဲခူးမြို့သို့မှပ်ဖျက်၍ ဆင်းလာခဲ့လေ၏၊ ပဲခူးသို့ ရောက်လျှင် နရဏီသိမ်ဘက်သို့ ဝင်လေ၏၊ နရဏီသိမ်သို့ သွားသောလမ်းသည် တောအတိဖြစ်၏၊ တောတိရိစ္ဆာန်များ၊ ကျေးငှက် သာရကာများ၊ တောပန်းများဖြင့် ဝေဆာလျှက်ရှိသော တောအုပ် ကြီးသာလျှင်ဖြစ်၏၊ သိမ်ကြီးဆီသို့ သွားသောလမ်းမှာ မြေနီလမ်း ကလေးသာရှိ၏၊ ထိုမြေနီလမ်းကလေး၏ တစ်ဘက်တစ်ချက်တွင် တောအုပ်ကြီးအတိ ရှိနေ၏၊ ရေကန်ငယ်များ၊ စမ်းချောင်းများနှင့် အလွန်သာယာလှ၏၊ ကျွန်ုပ်သည် နရဏီသိမ်သို့သွားသော လမ်း၏ ညာဘက်တွင်ရှိသော တောအုပ်အတွင်းသို့ ဝင်လိုက်လေ၏၊ တောအုပ်မှာ အောက်ခြေရှင်းသော တောအုပ်မျိုးဖြစ်၏၊ မြောက်

ခြောက်သွေ့သွေ့လည်း ရှိ၏။ အထူးကောင်းသည်မှာ လူကို အန္တရာယ်ပြုသော မြွေဆိုးမြွေဟောက်များ မရှိခြင်းပင်ဖြစ်၏။

ကျွန်ုပ်သည် ရသေ့အသွင်သို့ ဆောင်ယူလိုက်လေ၏။ ကျွန်ုပ်၏ ပစ္စည်းများကို တောင်းနှစ်လုံးအတွင်းသို့ထည့်ကာ တံပိုးဆိုင်းထမ်းများဖြင့် ထမ်းလိုက်လေ၏။ ချက်ပြုတ်စားသောက်မည့် အိုးခွက်များကိုလည်း ဝယ်ရလေ၏။ ထို့နောက် အနီးအပါး၌ ရွာတစ်ရွာသို့ဝင်ကာ ဘုကြောင်ကြောင် ရွာသားတစ်ဦးအား ရှာဖွေရလေ၏။ ကိုတုတ်ပေါ်ဆိုသော ရွာသားတစ်ဦးကို ရရှိခဲ့လေ၏။ ကျွန်ုပ်သည် ၎င်းနှင့်မိတ်ဖွဲ့ကာ ၎င်းအား စည်းရုံးသိမ်းသွင်းခဲ့ရလေ၏။ ကျွန်ုပ်အလိုရှိသော ပစ္စည်းများကို ကိုတုတ်ပေါ်အား ဝယ်ခိုင်းပြီးလျှင် ကျွန်ုပ်ကတောထဲတွင် နေရလေ၏။ ကျွန်ုပ်သည် ကိုတုတ်ပေါ်ကို အစပထမ၌ ငွေအနည်းငယ်သာပေး၍ ဈေးဝယ်ခိုင်း၏။ ထို့နောက်မှ ငွေများများပေးကာ ဈေးဝယ်ခိုင်း၏။ ကိုတုတ်ပေါ်သည် လွန်စွာ ရိုးသားသူဖြစ်၏။ ကျွန်ုပ်ဝယ်ခိုင်းသော ပစ္စည်းများကို ဝယ်ယူပေးသည့်အပြင် ပိုသောငွေကိုလည်း တစ်ပြားမကျန် ပြန်၍ပေးလေ၏။ ထို့နောက် ကိုတုတ်ပေါ်နှင့်ကျွန်ုပ်သည် တောတွင်းသို့ ဝင်ကြလေ၏။ ကျွန်ုပ်ကြိုက်နှစ်သက်သော နေရာသို့ရောက်သောအခါ၌

"ဒီမှာကိုတုတ်ပေါ် . . ကျုပ်ဒီနေရာမှာ နေမယ်၊ ဒီအတိုင်းတော့ နေလို့မဖြစ်ဘူးဗျ တဲလေးတစ်လုံးလောက်တော့ထိုးမှ ဖြစ်မယ်၊ အဲဒီတော့ ခင်ဗျားတဲထိုးတတ်တယ် မဟုတ်လား"





ဟု မေးလိုက်ရာ ကိုတုတ်ပေါ်က

"ရသေ့လေးကို ပြောရဦးမယ်၊ ကျုပ်အဖေက ကျောင်းကြီးတွေ ဇရပ်ကြီးတွေ ဆောက်တဲ့လက်သမား ဆရာကြီး၊ ကျုပ်ဘကြီးကလည်း ဒီအတိုင်းပဲ အဆောက်အဦကြီးတွေကို လက်ခံဆောက်တဲ့ ဗိသုကာဆရာကြီး"

ဟု ပြောလေ၏။

"ဒီလိုဆိုတော့ နေရာကျတာပေါ့ဗျာ၊ လက်သမားဆရာ၊ ဗိသုကာဆရာ အကျော်အမော်ရဲ့ မျိုးဆက်ဆိုတော့ ကျုပ်သိတင်းသုံးဖို့ တဲကလေးတစ်လုံးတော့ ကောင်းကောင်းဖြစ်ပေမပေါ့"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ကိုတုတ်ပေါ်က

"ရသေ့လေးကို အဲဒါပြောမလို့ပဲ အဖေနဲ့ဘကြီးက ဖွဲ့သလောက်တတ်ပေမယ့် ကျုပ်ကဘာမှမတတ်ဘူး၊ အကြော်တဲတောင် ဖြစ်အောင်မထိုးတတ်ဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် လွန်စွာစိတ်ပျက်သွားလေ၏။

"ခင်ဗျားနယ်ဗျာ၊ မိဘမျိုးဘွား အမွေအနှစ်ပညာကို ဘာဖြစ်လို့ မယူထားလိုက်တာလဲ"

ဟု ကျွန်ုပ်က အပြစ်တင်လိုက်ရာ ကိုတုတ်ပေါ်က

"ရသေ့လေး . . . စကားဆုံးအောင် နားထောင်ပါဦး၊ အဖေနဲ့

ဘကြီးက အဲ့ဒီလို ကျော်ကြားတဲ့ လက်သမားဆရာကြီး ဝိသုကာကြီးတွေဆိုပေမယ့် ကျွန်တော်က တဲတောင် မထိုးတတ်ဘူး ဆိုတာ အမှန်ပါပဲ၊ ဒါပေမယ့် တစ်နေ့မှာ သူကြီးကကျုပ်ကို စပါးကျီဆောက်နိုင်းတာ မဆောက်တတ်လို့ သူကကြိမ်နဲ့ရိုက်တာရော အဲ့ဒါနဲ့ကျုပ်လည်း မခံချင်လို့ မဖြစ်ဖြစ်အောင် သင်မယ်ဆိုပြီး သင်လိုက်တာ တဲလောက်မပြောပါနဲ့ဗျာ၊ တကယ် အိမ်ကြီး အိမ်ကောင်းတွေ ဆောက်တတ်တော့တာပါပဲ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"အဲဒီလို လုပ်စမ်းပါ၊ ကိုတုတ်ပေါ်ရာ"

ဟု ပြောလိုက်ရာ ကိုတုတ်ပေါ်က

"စကားမဆုံးသေးဘူး ရသေ့လေးရဲ့၊ အစက ကျုပ်ဟာ လက်သမား သက်သက်ပဲ၊ အဲ့ဒီလို အိမ်ဆောက်တတ်တဲ့အထိလည်း တတ်ရော အလုပ်လက်ခံပြီး အိမ်တွေလျှောက်ဆောက်တော့တာပေါ့ဗျာ၊ အမြို့မြို့ အနယ်နယ်လည်းရောက်ရော မိန်းမတွေနဲ့ ပတ်သက်တော့တာပါပဲ၊ လက်သမား ခေါင်းဆောင်ဆိုတော့ ငွေလည်း ရွှင်သကိုးဗျာ၊ အဲဒီမှာ ကျုပ်မိန်းမကြီးနဲ့ကျုပ် အကြီးအကျယ် ရန်ဖြစ်ကြတော့တာပါပဲ၊ နောက်ဆုံးမိန်းမက လက်သမားအလုပ် မလုပ်ရဘူး၊ အိမ်မဆောက်ရဘူးဆိုပြီး သစ္စာရေတိုက်လိုက်တယ်၊ အဲ့ဒီထဲကစပြီး ကျုပ်ဘာမှ မဆောက်ဝံ့တော့ဘူး"





ဟု ပြောလိုက်ရာ ကျွန်ုပ်သည် စိတ်ပျက် သွားပြန်လေ၏။

"ခင်ဗျားဟာကလည်းဗျာ၊ ပျော်ရမလိုလို၊ စိတ်ညစ်ရမလိုလိုနဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါကို တုတ်ပေါ်က

"စကားမဆုံးသေးဘူးလေ ရသေ့လေးရဲ့၊ အဲ့ဒီလို သစ္စာရေသောက်ပြီး သစ္စာဖူးမှာစိုးလို့ အိမ်မဆောက်ပဲ နေခဲ့တာ၊ တစ်နှစ်က နွားနှစ်ကောင်သေလို့ ဘာမှလုပ်စရာမရှိတာနဲ့၊ မိညွက်ဆီမှာ သူတိုက်ထားတဲ့သစ္စာရေကို ပြန်ပြေပြီး အိမ်ဆောက်ခွင့် တောင်းရတယ်ဗျို့၊ အဲဒီမှာ မိညွက်ပြန်ပြီးခွင့်ပြုလို့ ကျုပ်မှာ အိမ်လေးတစ်လုံး၊ နှစ်လုံး ဆောက်ရသေးတယ်"

ဟု ပြောလေ၏။

"ဒီလိုဆိုရင် ခင်ဗျားကျုပ်ရဲ့ တဲကလေးကို ဆောက်ပေးနိုင်ပြီပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုတုတ်ပေါ်က

"စိတ်ချပါ ရသေ့လေးရယ်. . . ကျုပ်ကောင်းကောင်းလေး ဆောက်ပေးပါ့မယ်"

ဟု ပြောလေ၏။ ထို့နောက် ၎င်းသည် ကျွန်ုပ်ထံမှ ငွေကိုတောင်းကာ ဝါး၊ ဝါး၊ ဓနိများ၊ အုံးဆံကြိုးများ၊ နီးများဝယ်ရန်အတွက် ထွက်သွားလေတော့၏။ နေ့လည်ပိုင်းလောက်တွင် ပစ္စည်းပစ္စယများကို နွားလှည်းဖြင့်တင်ကာ ရောက်လာလေတော့၏။ နွားလှည်းကို တော

စပ်တွင်ရပ်ပြီးလျှင် ပစ္စည်းများကို ကျွန်ုပ်ရှိရာတောတွင်းသို့ ထမ်းပိုး၍ သယ်လာလေ၏။ ထို့နောက် ကျွန်ုပ်အား ၎င်းဝယ်ယူလာသော ထမင်းထုပ်ကို ဆက်ကပ်လှူဒါန်းပြီးလျှင် တစ်ဦးတည်း တွင်းများတူး၏၊ ဝါးများခုတ်၏၊ တိုင်များထူ၏၊ ကိုတုတ်ပေါသည် တကုပ်ကုပ်ဖြင့် တဲကောင်းတစ်လုံးဖြစ်အောင် ထိုး၏။ သို့ရာတွ နေဝင်သွားသော်လည်း တဲမှာမပြီးပဲရှိနေသဖြင့် နှစ်ယောက်သာ မြေကြီးပေါ်တွင်ပင် အိပ်စက်ကြရလေ၏။ နောက်တစ်နေ့ နံန စောစောတွင် ကိုတုတ်ပေါသည် အိပ်ယာမှ အစောကြီးထပြီးလျှ ရေနွေးအိုးတည်လေ၏။ ရေနွေးအိုးဆူလျှင် လက်ဖက်ခြောက် ကာ ကျွန်ုပ်အားလာ၍ ချပေးပြီးလျှင် ၎င်းကတဲကို ဆက်လ ဆောက်လေ၏။ နေ့လည်စာ စားပြီးချိန်လောက်တွင် တဲကလေ သည် ပြီးသွားလေတော့၏။

"ကိုတုတ်ပေါရေ ခင်ဗျားဆောက်တဲ့ တဲကလေးဟာ သိပ်ပြ လှတာကိုးဗျ အမိုးလေးကလည်း စောက်လိုက်တာလည်း မပြေ ပါနဲ့တော့၊ အဲဒီတော့မိုးခေါ်ကို ကောင်းကောင်းခံနိုင်ပါလိ မယ် ချက်ပြုတ်စားသောက်ဖို့ မီးဖိုကလေးရယ်။ ဝါး တရောက်ကလေးနဲ့ဆိုတော့ သောက်ရေအတွက်လည်း ဒီတစ် အတွက် မပူရတော့ဘူးဗျို့၊ တစ်ခုပဲကျန်တယ် ကိုတုတ်ပေ ရေ့" ကျွပ်ကဒီမှာ တေးတေးဆေးဆေး အားထုတ်ချင်တ ဆိုတော့ ကျွပ်ဒီမှာရှိတဲ့အကြောင်း ဘယ်သူ့မှ မပြောနဲ့



ကုန်ကုန်ပြောမယ် ခင်ဗျားမိန်းမကိုတောင် မပြောနဲ့ လာစရာရှိရင် အမှတ်တမဲ့ ထွက်လာခဲ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ

"ဝိတ်ချပါရသေ့လေးရယ် . . . ကျွပ်ကဗူးဆိုရင် ဖရုံသီးတဲ့ လူမျိုးမဟုတ်ပါဘူး၊ စိတ်ချမ်းသာ လက်ချမ်းသာနေပြီးအားထုတ်ပေတော့၊ လိုအပ်တာ ကျွပ်လုပ်ပေးမယ်၊ ကျွပ်ကိုသာနိုး"

ဟု ကိုတုတ်ပေါက ပြောလေ၏။ ကျွန်ုပ်သည် ကိုတုတ်ပေါအား လိုအပ်သည်များကို ပယ်နိုင်း၏၊ ထို့နောက် ဝိတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်သင်ပေးသွားသော ဂါထာကို အချိန်ရှိသလောက်ရွတ်ဆို၍ ကျွန်ုပ်၏တဲကလေးအတွင်း၌ ကုပ်ကုပ်ရုံ့ရုံ့ နေခဲ့လေ၏။ ကျွန်ုပ်သည် သင်ပုန်းတစ်ချပ်ကိုလည်း တဲကလေးအတွင်း၌ ချိတ်ဆွဲထား၏၊ အဘယ့်ကြောင့်ဆိုသော် ဝိတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ရောက်လာလျှင် သို့မဟုတ် အိမ်မက်ပေးလျှင် အလွယ်တကူ မှတ်သားနိုင်ရန်အတွက်ဖြစ်၏၊ အစစအရာရာတွင် ထိုတောအုပ်အတွင်း၌ ကိုတုတ်ပေါကို အားကိုး၍ နေရသည်မှာ နေသားမကျ ဖြစ်နေလေ၏၊ တစ်လခွဲခန့်ကြာသောအခါ၌ နေသားကျသွားပြီဖြစ်၏၊ ကိုတုတ်ပေါသည် ကျွန်ုပ်ထံသို့ နေ့စဉ်နေ့တိုင်းလာ၏၊ ကျွန်ုပ်ကလည်း ၎င်းအား ခိုင်းစရာရှိသည်များကို ခိုင်း၏၊ ထို့နောက် စွေးသုံးရန် မုန့်ဖိုးပဲဖိုးများကို ပေး၏၊ ကျွန်ုပ်ပေးသော မုန့်ဖိုးပဲဖိုးမှာ ကိုတုတ်ပေါ၏မိသားစု စားသောက်လေ၏၊ ထို့ကြောင့် ကိုတုတ်ပေါသည် အခြားအလုပ်ကို

မယ်မယ်ရရ မလုပ်တော့ပဲ ကျွန်ုပ်၏ဝေယျာဝစ္စကိုသာ လာရောက်၍ လုပ်ပေးနေလေ၏။ တစ်ညသ၌ ကျွန်ုပ်သည် အိပ်မက်တစ်ခု မြင်မက်လေ၏။

အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်တစ်ဦး ရောက်လာ၏။ ထိုပုဂ္ဂိုလ်၏မျက်နှာကို ကျွန်ုပ်သည် သေချာစွာ ကြည့်ရှုလိုက်လေ၏။ ဖာလ်ဂွန်မြစ်ဘေး ကျောက်ဂူကြီးအတွင်း၌ အိပ်မက်မက်ခဲ့သော ပုဂ္ဂိုလ်နှင့်လုံးဝ မတူပေ။ သို့သော် ၎င်း၏ဝတ်စားဆင်ယင်ပုံမှာ ထိုပုဂ္ဂိုလ်နှင့် တထေရာတည်းတူ၏။ ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်အား

"အဘက ပထမဦးအောင်လား"

ဟု မေးလိုက်ရာ ထိုပုဂ္ဂိုလ်က ပြုံးရယ်၍

"အပေါ်မြှု အောက်အဖြူဝတ်ပြီး ခေါင်းပေါင်းဖြူပေါင်းထားရင် အားလုံးက ဘိုးဘိုးအောင်လို့ ထင်နေကြတာကိုး၊ ဘိုးဘိုးအောင်လို ပုဂ္ဂိုလ်တွေ အများကြီးပဲကွယ့်၊ ဦးအောင်ဆိုတဲ့ နာမည်နဲ့ချည်းပဲ အဓိကရပုဂ္ဂိုလ် လေးယောက်ရှိတယ်၊ ဦးခေါင်ဆိုတဲ့ နာမည်နဲ့ချည်းပဲ အဓိကရပုဂ္ဂိုလ် လေးယောက်ရှိတယ်၊ ဦးမောင်ဆိုတဲ့ နာမည်နဲ့ချည်းပဲ အဓိကရပုဂ္ဂိုလ် လေးယောက်ရှိတယ်၊ ဒါကြောင့် အောင်လေးအောင်၊ ခေါင်လေးခေါင်၊ မောင်လေးမောင်ဆိုတာ မကြားဖူးဘူးလား၊ အဲဒီလိုပဲ အဓိကရ ပုဂ္ဂိုလ်တွေမဟုတ်ပဲ သူ့ဟာနဲ့သူ ဖြစ်ထွန်းတဲ့ပုဂ္ဂိုလ်တွေလည်း နာမည်တွေ အများကြီးပဲကွယ့်၊ အဲဒီတော့ ငါလည်းပဲ ဦးအောင်



ပါကွယ်၊ ဒါပေမယ့် မင်းပြောတဲ့ ဘိုးဘိုးအောင်တော့ မဟုတ်ဘူးပေါ့၊ ငါက ရသေ့အောင်ကွယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ကောင်းပါပြီ အဘရယ်၊ အဘကရော ကျွန်တော့ကို ကူညီဖို့လာတာလား"

ဟု မေးလိုက်ရာ ရသေ့အောင်ဆိုသော ပုဂ္ဂိုလ်ကြီးက

"ဒီလိုပြောရအောင်ကွယ့်၊ ကူညီဆိုတဲ့စကားကို ပြောင်းပြန်ပြောရအောင်၊ ညီကူလို့ ပြောမယ်ကွာ၊ မင်းရဲ့အကျင့်ဟာ ငါ့ရဲ့အကျင့်နဲ့ညီရင် မင်းကိုကူမယ်၊ အဲ့ဒီတော့ ညီမှကူမှာနော်၊ အဲ့ဒီလိုဆိုရင်တော့ ကူညီမလားလို့ မမေးနဲ့ မင်းက အကျင့်ချင်းညီအောင် လုပ်မလား၊ ငါကကူညီမယ်၊ အလကား အခြောက်တိုက်တော့ မကူညီဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"အဘပြောတဲ့စကားက သဘာဝကျပါတယ်၊ ကောင်းလည်း ကောင်းပါတယ်"

ဟု ထောက်ခံလိုက်လေ၏။ ထိုအခါ ထိုအဘက

"မဟာဗောဓိရွှေတည့်တည့်ကိုသွားရင် နရုဏီသိမ်ကြီး ရှိတယ်ကွဲ့၊ အဓိကရ သိမ်ကြီးပါပဲကွယ်၊ နရုဏီဆိုတာ ရွှေကိုပြောတာကွဲ့၊ ရွှေသိမ်ကြီးပေါ့ကွယ်၊ မင်းကို အခုပြောမယ့် ကျင့်စဉ်ဟာလည်း

ရွှေကျင့်စဉ်ပေါ့ကွာ၊ နာဆိုတဲ့ စာလုံးဟာ အပ္ပိရုတ်စကာ
ခဲကို ပြောတာကွ၊ နရက်ဆိုတာ တန်ဖိုးနည်းတဲ့ ခဲကနေ
ဖြစ်အောင် လုပ်ထားတဲ့သဘောပဲ၊ နာက ဖြစ်တဲ့ရွှေပေါ့
အလွန်အဖိုး တန်တယ်ကွ၊ အဲဒီတော့ မင်းဟာ အခုအချိ
တော့ ဘာမှ တန်ဖိုးမရှိတဲ့ခဲပဲ၊ အဲဒါကို ရွှေဖြစ်အောင်လုပ်
အဲဒီတော့ ခိုင်းတာကို လုပ်ရမယ်၊ လုပ်သလောက် မင်းရမ

ဟု မိန့်လေ၏။ ထိုအခါ ကျွန်ုပ်က

"အမှန်တကယ်ပြောရရင် ပထမဦးဆုံး ကျွန်တော်လိုချင်
ကတော့ ကျွန်တော့်ကို ရန်သူတွေ မသတ်နိုင်အောင်ရယ်၊ ဒု
ကတော့ ကျွန်တော်ဟာ ထွက်ပြေးလာတဲ့လူ၊ အဲဒီတော့
ပြောက်ချင်တယ်၊ အမှန်ပြောရရင်တော့ ကျွန်တော်ဟာ ကျွ
တစ်ခုကို ကျင့်ပြီးပျောက်ဆုံးသွားတယ်၊ အဲဒီတော့ အင်္ဂလိ
ပြောရရင် ပါဝါ၊ မြန်မာလိုပြောရရင် သိဒ္ဓိ၊ အဲဒါကို ကျွန်
လိုချင်တယ်၊ အဘတို့က ပေးနိုင်မလား"

ဟု ကျွန်ုပ်သည် တည့်တိုးပင် မေးလိုက်လေ၏။ ထိုအခါ အဘ

"အဘတို့က ဘာမှမပေးနိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ မင်းလို
တာကို ရဖို့လမ်းကိုတော့ အဘတို့ ပြနိုင်တယ်၊ ဒါပေမယ့်
ဟာမင်း လုပ်ယူရမှာ၊ မင်းသဘောပေါက်ထားဖို့က
သူများ အပင်က အသီးကိုစားဖို့က သူများပေးမှ စားရမှ





ကိုယ်ကိုတိုင်စိုက်တဲ့ ကိုယ့်အပင်ရဲ့ အသီးကတော့ ကိုယ်စား
ချင်တဲ့အချိန် စားလို့ရတာပေါ့၊ အဲဒီတော့ တောင်းစားမှာလား၊
စိုက်စားမှာလား၊ မင်းဟာမင်း ရွေးချယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

" စိုက်ပြီးစားမယ် အဘ"

ဟု ပြန်၍ပြောလိုက်လျှင် ထိုအဘက ဝမ်းသာအားရ အောက်ပါ
အတိုင်း အော်ဟစ် လိုက်လေ၏။

'နိုက်လိုက် မတ်တပ်'

ကျွန်ုပ်သည် ထိုအဘပြောသည့် စကားကိုနားမလည်ပါ။ ထို့
ကြောင့် ကျွန်ုပ်က

"စိုက်လိုက် မတ်တပ်ဆိုတာ ကျွန်တော် နားမလည်ဘူးအဘ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"အဓိပ္ပါယ်ကတော့ကွာ၊ စိုက်မယ်ဆိုရင် မတ်တပ်စိုက် မနားနဲ့
လို့ ပြောတာ၊ နားတယ်ဆိုတဲ့ စကားလုံးကို ဒီကနေ့ကစပြီး မသုံး
နဲ့တော့၊ လုပ်ပြီးရင်း လုပ်၊ စိုက်ပြီး ရင်းစိုက်ပေါ့ကွာ"

ဟုဆို၍ ထိုအဘက အောက်ပါအတိုင်း ထပ်ပံ၍မိန့်ပြန်လေ၏။

"ဒီလိုရှိတယ် ငါ့သားကြီး. . .

ပထမဦးဆုံးအချက်က... မင်း ဘာဖြစ်ချင်တာလည်းဆိုတ
သေသေချာချာ ဆုံးဖြတ်ပါ၊

ဒုတိယအချက်က... ဘယ်တော့ဖြစ်ချင်တာလည်းလို့
ဖြတ်ပါ၊

တတိယအချက်က... အဲဒီလိုဖြစ်ချင်တဲ့အတွက် ဖြစ်အော
မင်းက ဘယ်လောက်ခွဲနိုင်မှာလဲ၊ ဘယ်လောက် လုပ်နိုင်မှာ
ဆိုတာ ဆုံးဖြတ်ပါ၊

စတုတ္ထအချက်က... အပေါ်ကသုံးချက် စဉ်းစားပြီးတာ
အခုပဲ စလိုက်ပါသား၊

တို့ရဲ့လမ်းစဉ်ဆိုတာ နေ့ရွှေညရွှေလမ်းစဉ် မဟုတ်ဘူး
လှည့်ခေါင်းလှည့် လမ်းစဉ်မဟုတ်ဘူး၊ စိုက်လိုက်မတ်တ
လမ်းစဉ်ဖြစ်တယ်၊ ကဲ.... ငါ့သားကြီး ရွှေမြသာ စဉ်းစာ
ဆုံးဖြတ်ပေတော့ အဘသွားမယ်"

ဟုဆိုကာ ထိုအဘသည် ကျွန်ုပ်၏မြင်ကွင်းမှဖိုန်၍ ပျောက်သ
လေ၏၊ ကျွန်ုပ်လည်း အိပ်ယာမှဖြတ်ကနဲ လန့်နိုးလေ၏၊ နိုးလ
နိုးခြင်း ရေနံဆီမီးခွက်ကို ထွန်းပြီးလျှင် သင်ပုန်းပေါ်၌ အောက်
စကားလုံးကို ရေးလိုက်လေတော့၏၊



## စိုက်လိုက် မတ်တတ်

ကျွန်ုပ်သည် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိကာ ဖွာရင်း စာလုံးကြီး
ကို ကြည့်နေလေ၏၊ ထို့နောက် သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း
ရေးလိုက်ပြန်လေ၏၊

## သိန်းရှင် ရွှေမြသာ ဖြစ်ချင်တယ်

ကျွန်ုပ်သည် ထိုအတိုင်းရေးပြီးနောက် မိမိကိုယ်ကို မိမိပြန်၍
မေးကြည့်၏၊

"ဘယ်တော့ဖြစ်ချင်တာလဲဆိုတာ စဉ်းစားရခက်တဲ့ ပြဿနာပဲ၊
ဖြစ်ချင်တာကတော့ အခုချက်ချင်း ဖြစ်ချင်တာပေါ့၊ ဘယ်
တော့လဲလို့ ဘယ်လိုလုပ် ပြောတတ်မှာတုန်း၊ ဘာပဲဖြစ်ဖြစ်
ဒီတစ်ခါ အိပ်မက်မက်ရင် အဲဒါလေးကိုတော့မေးမိပါစေလို့
ဆုတောင်းရမှာပဲ"

ဟု တွေးရင်းနှင့်ပင် မိုးစင်စင်လင်း၍ သွားလေတော့သတည်း၊






## ခါးကုန်း ရောက်လာခြင်း

ကျွန်ုပ်သည် နံနက်မိုးလင်းသောအခါ၌ ရေနွေးအိုးတစ်အိုး
ည်၍ သောက်လေ၏။ ရေနွေးကျက်သည့် အချိန်၌ပင် ကိုတုတ်
ပါသည် ပဲပြုတ်တစ်ထုတ်နှင့် ရောက်လာ၏။ ထို့နောက် ကျွန်ုပ်အား
င်းကြမ်းနှင့် ပဲပြုတ်ကို နယ်ပေးလေ၏။ ကျွန်ုပ်သည် ထမင်းကြမ်း
ပြုတ်နှင့် ရေနွေးကြမ်းကို မြိန်ယှက်စွာ စားသောက်လေ၏။ ကို
က်ပေါ်သည် ကျွန်ုပ်၏တဲကလေးအတွင်း၌ ရှင်းလင်းစရာရှိသည်
ကို ရှင်းလင်းရင်း သင်ပုန်းပေါ်မှ စာကိုဖတ်၍

"တယ်ကောင်းတဲ့ စာပါလား၊ 'စိုက်လိုက်မတ်တတ်' ဆိုတာ တော်
တော်ကောင်းတာပဲ၊ မတ်တတ်ဆိုတာ မလဲဘူးပေါ့၊ အောက်က

တာကလည်း အတော့်ကို အဓိပ္ပါယ်ရှိတာပဲ၊ 'သိဒ္ဓိရှင် ရှေ့ပြေးသား ဖြစ်ချင်တယ်'တဲ့၊ လုပ်ပေါ့ဗျာ... လုပ်ပေါ့၊ ရသေ့ကလေး ကတော့ ဖြစ်မှာပါ"

ဟု အလုပ်လုပ်ရင်း တတွတ်တွတ် ပြောနေလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဒီလိုရှိတယ် ကိုတုတ်ပေါ်ရဲ့... သိဒ္ဓိရှင် ဖြစ်ချင်တာကတော့ ဟုတ်ပါပြီ၊ ဘယ်တော့ဖြစ်ချင်တာလဲလို့ စဉ်းစားလိုက်တော့ အခုကို ဖြစ်ချင်တာဗျ၊ ဒါပေမယ့် အခုချက်ချင်းလည်း မဖြစ်နိုင်ဘူးလေ၊ အဲဒီတော့ ဘယ်တော့ဖြစ်မှန်းမသိတာကို ဘယ်လိုလုပ်ပြီး စဉ်းစားရမလဲ မဆိုနိုင်ဘူးဗျာ"

ဟု ပြောလိုက်ရာ ကိုတုတ်ပေါ်က

"ကျုပ်ကတော့ အဲဒါတွေ နားမလည်ပါဘူးဗျာ၊ ဒါပေမယ့် တစ်ခုတော့ စဉ်းစားကြည့်တယ်၊ ဟောဟိုမှာရှိတဲ့ ထင်းတုံးကြီးကို ကျုပ်ကဒီတစ်မိုးအတွက် သုံးဖို့ခွဲရမှာဗျ၊ အဲဒါကြီးခွဲဖို့ ဘယ်လောက်ကြာမလဲ မေးရင်တော့ အဖြေပေးလို့ မရဘူးဗျ၊ ပျင်းတိပျင်းတွဲနဲ့ခွဲရင် (၉) ရက် (၁၀) ရက်လောက် ကြာမယ်၊ မနားဘဲ ဇွဲကောင်းကောင်းနဲ့ခွဲရင် (၃)ရက်လောက် ကြာမယ်၊ အဲဒီတော့ (၁၀)ရက်လား (၃) ရက်လားဆိုတာက ထင်းတုံးပေါ်မှာ မရှိဘူးဗျ၊ ကျုပ်အပေါ်မှာ ရှိနေတာ၊ အဲဒီတော့ ခင်ဗျားရဲ့အလုပ်က



ဒီလိုပဲရှိမှာပေါ့ဗျား၊ ဇွဲနဲ့ ဝီရိယနဲ့လုပ်ရင်တော့ မြန်မြန်ဖြစ်မှာပေါ့၊ ပျင်းတိပျင်းတွဲနဲ့လုပ်ရင်တော့ နောက်ကျမှ ဖြစ်မှာပေါ့၊ ဒီထက် ပျင်းတိပျင်းတွဲနဲ့ လုပ်ရင်တော့ မဖြစ်တော့ ဘူးပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် ဖြတ်ကနဲ ဉာဏ်ပွင့်သွားလေတော့၏။


"မှန်တယ် ကိုတုတ်ပေါ်... မှန်တယ်၊ ခင်ဗျားပြောတဲ့ စကားဟာ သိပ်ပြီးမှန်တာပဲ၊ ဘာပဲဖြစ်ဖြစ် ပြီးခဲ့တဲ့ ကျုပ်ရဲ့ကျင့်စဉ်တွေကိုထားဦး၊ အခုကျုပ်စပြီးလုပ်ရမယ့် ကျင့်စဉ်ဟာ ဘယ်လောက်ကောင်းတဲ့ ကျင့်စဉ်ပဲဖြစ်ဖြစ် ချက်ချင်းတော့ မဖြစ်နိုင်ဘူးဗျ၊ အချိန် ပေးရလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုတုတ်ပေါ်က

"နေပါဦး ရသေ့လေးရဲ့... ခင်ဗျားက ဒီတဲကလေးထဲမှာ တောက်လျှောက်နေပြီး လုပ်မှာလား၊ နေရာ ရွှေ့ဦးမှာလား"

ဟု မေးလိုက်ရာ ကျွန်ုပ်က

"ခင်ဗျားကို လူရင်းလို့သဘောထားပြီး အမှန်အတိုင်းပြောမယ်၊ ကျုပ်က တစ်နေရာထဲမှာ စွဲစွဲမြဲမြဲနေလို့ မဖြစ်သေးဘူးဗျ၊ ကျုပ်မှာက ရန်သူတွေ ရှိနေသေးတယ်၊ နေရာတွေရွှေ့ပြီး လုပ်ရဦးမယ်၊ ရွှေ့ပြောင်းတယ်ဆိုပေမယ့် ဝေးဝေးပြောင်းမှာ မဟုတ်



ပါဘူး၊ ပေဘာဒီပဲခူးမြို့ တစ်နေရာထဲမှာပဲ နေရာရွှေ့ပြောင်းပြီး လုပ်မယ်"

ဟု ပြောလိုက်ရာ ကိုတုတ်ပေါက ရယ်လေ၏။ ထို့နောက်

"စိတ်မဆိုးနဲ့နော်. . . ကျွန်ုပ်ထင်တာကို ပြောမယ်၊ ခင်ဗျားကို ကြည့်ရတာ ဝရမ်းပြေးတစ်ယောက်နဲ့ သိပ်တူတာပဲ"

ဟု ကိုတုတ်ပေါက ပြောလိုက်ရာ ကျွန်ုပ်က ပြုံးလိုက်လေ၏။

"ဘယ်လို ဝရမ်းပြေးမျိုးလဲဗျား ကိုတုတ်ပေါကလည်း မဦးမချွတ် ပြောရှာမယ်"

ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်ရာ ကိုတုတ်ပေါက

"ခင်ဗျားဟာ ဥပဒေရှုပ်သန့်တယ်ဗျ ခင်ဗျားရဲ့ မျက်လုံးမှာ ကောက်ကျစ်စဉ်းလဲတာလည်း မတွေ့ရဘူး၊ အဲဒီတော့ ခင်ဗျားဟာ ရာဇဝတ်မှုတစ်ခု ကျူးလွန်ထားတယ်လို့တော့ ကျွန်ုပ်မထင်ရက်ပါဘူးဗျာ၊ ဒါပေမယ့် သူတစ်ပါး ကျူးလွန်တဲ့အမှုမှာ ခင်ဗျားဟာ တန်ဆာခံဖြစ်ရတဲ့ လက္ခဏာမျိုးရှိတယ်၊ တန်ဆာခံ ဖြစ်မယ် ဖြစ်ဆိုရင်လည်း ဖြစ်နိုင်လေရဲ့ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျားမှာ သနားတတ်တဲ့စိတ် ရှိတာကိုးဗျ၊ အဲဒီတော့ သူများ ကျူးလွန်တဲ့အမှုကို ခင်ဗျားဟာ ကြားထဲကနေ ဝင်ပြီးခံမယ်၊ အဲဒီလိုခံနေရာကနေပြီး ခင်ဗျားဟာ လွတ်မြောက်ထွက်ပြေးလာတဲ့လူလို့တော့ စဉ်းစားလို့ရတယ်၊ ဒါပေမယ့် ခင်ဗျားကြည့်



ရတာ သိပ်ပြီးတည်ငြိမ်တယ်၊ ဒါကြောင့် ထွက်ပြေးလာရင်လည်း ထွက်ပြေးလာစလူ မဟုတ်ဘူး၊ ပြေးလာတာ ကြာနေပြီ အဲဒီနှစ်တွေအတွင်းမှာလည်း ခင်ဗျားဟာ သမာဓိကောင်းတောင် အတော့်ကို လေ့ကျင့်ထားဟန်ရှိလိမ့်မယ်၊ ဘာကြောင့်လည်းဆိုတော့ ခင်ဗျားဟာ အတော်တည်ငြိမ်တဲ့လူပဲ၊ ပြီးတော့ ခင်ဗျားဟာ ရသေ့မဟုတ်ပါဘူး၊ ကျွန်ုပ်နဲ့ မတွေ့ခင်ကမှ ရသေ့ဟန်ဆောင်ထားတဲ့ လူပဲ"

ပြောလိုက်လျှင် ကျွန်ုပ်က

"ခင်ဗျားကို အတော်အတဲ့လူဆိုပြီး ကျွန်ုပ်က ရွေးချယ်ထားတာ ကိုတုတ်ပေါရေ့၊ ခင်ဗျားဟာ အတော့်ကိုလည်တဲ့လူ ဖြစ်နေပါလား"

တဲ့ပြုံးသင့်မှာ ပြောလိုက်ရာ ကိုတုတ်ပေါက

"အဲဒီလိုတော့ မပြောပါနဲ့ ရသေ့လေးရယ်၊ ကျွန်ုပ်တို့အမျိုးထဲမှာ ကျွန်ုပ်ဟာ အ,အဆုံးဗျ ပြီးတော့ ကျွန်ုပ်တို့ရွာမှာလည်း ကျွန်ုပ်ဟာ အ,အဆုံးဗျ"

ပြောလိုက်ရာ ကျွန်ုပ်သည် တဲ့ပြုံး၍ သွားလေတော့၏။

"အ,အ ဆုံးလူတောင် တော်တော် စဉ်းစားတတ်တာပဲ၊ အခု ကိုတုတ်ပေါ် စဉ်းစားတာ ကျွန်ုပ်ရဲ့ဖြစ်ရပ်နဲ့ ကွက်တိပဲ၊ အဲ့ဒီတော့ မေတ္တာရပ်ခံချင်တာက ဘာမှမစဉ်းစားပါနဲ့တော့။

ဟု ကျွန်ုပ်က ပြောလိုက်ရာ

"ဒီလိုရှိတယ် ရသေ့လေး၊ ခင်ဗျားဟာ သိဒ္ဓိရှင်ဖြစ်အောင် ကျင့်မယ်ဆိုတာတော့ သိရပါပြီ၊ ဘာတွေကျင့်မယ်၊ ဘယ်လို ကျင့်မယ်ဆိုတာ ကျုပ်ကိုပြောပြနိုင်ရင် ပြောပြပါရသေ့လေး"

ဟု ကိုတုတ်ပေါက ပြောလိုက်လျှင် ကျွန်ုပ်က

"တိုတိုနဲ့လိုရင်းကို ပြောပြမယ်၊ ကျင့်စဉ်ကို ကျုပ်မသိပါဘူး ကျုပ်ကို စိတ်ဖြူစင်ကြည်နဲ့ပုဂ္ဂိုလ်က ဂါထာတစ်ပုဒ်ကိုတော့ ရွတ်လို့ ပေးထားတယ်၊ အဲဒါကို ရွတ်နေတာပါပဲ၊ နောက်ထပ် ပုဂ္ဂိုလ်တစ်ဦးကလည်း ကျင့်ဖို့ပေးမယ်တဲ့၊ တကယ်လို့များ ကျင့်စဉ်ကို ရရင်တော့ ကိုတုတ်ပေါကို ပြောပြနိုင်ပါတယ်"

ဟု ပြောလိုက်လျှင် ကိုတုတ်ပေါ

"နေစမ်းပါဦး ရသေ့လေးရဲ့၊ ခင်ဗျားကို ပုဂ္ဂိုလ်တွေက ဘယ်လို လာပြောတာလဲ"

ဟု ပြန်၍မေးလေ၏။

"အိပ်မက်ထဲမှာ ပြောတာဗျ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုတုတ်ပေါက

"အိပ်မက်ဆိုတာ လေဓာတ်ဖောက်ရင် မက်တတ်တယ်၊ သည်းခြေ ဖောက်ရင် မက်တတ်တယ်၊ သလိပ်ဖောက်ရင် မက်တတ်တယ်၊ နတ် တွေလှည့်စားရင် မက်တတ်တယ်၊ လေ့ကျက်ဖူးရင် မက်တတ်



တယ်၊ အတိတ်နမိတ်သဘောနဲ့လည်း မက်တတ်တယ်၊ အိပ်မက်မက်တဲ့ အကြောင်းအရင်း (၆) မျိုးရှိတယ်ဗျ၊ အဲဒီ အထဲမှာ နမိတ်ပြတဲ့အိပ်မက်က တစ်မျိုးပဲပါတယ်၊ ကျန်တဲ့ဟာက ငါးမျိုး တောင်ဆိုတော့ ခင်ဗျားဟာက ဟုတ်ရဲ့လား ရသေ့လေးရယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"တစ်ခုတော့ရှိတယ် ကိုတုတ်ပေါရေ၊ ကျုပ်မက်တဲ့ အိပ်မက်ကတော့ အတော်ကို သေချာတယ်ဗျ"

ဟု ပြောလိုက်ရာ

"အဆန်းပဲ"

ဟု ကိုတုတ်ပေါက တစ်လုံးချင်း ရေရွတ်၍ တဲအောက်သို့ ဆင်းသွားလေတော့၏။ ကျွန်ုပ်သည် ရှေ့ဆက်ပြီး ကျင့်ရမည့် ကျင့်စဉ်နှင့် ပတ်သက်၍ ထစ်ငေါ့နေ၏။ ကိုတုတ်ပေါလည်း ပြန်သွားသည့် အချိန်မှစ၍ ပေါ်မလာတော့ပေ။ သုံးလေးရက် ကြာသည်အထိ ပေါ်မလာသည့်အတွက် ကျွန်ုပ်မှာ ကိုတုတ်ပေါ၏ အခြေအနေကို သိရန်အတွက် ၎င်း၏ရွာနားသို့ ချဉ်းကပ်ရလေ၏။ ရွာပြင်ရှိ ချောင်းပေါ်အောက်တွင်ထိုင်ကာ လူကြုံနှင့် ကိုတုတ်ပေါ၏ မိန်းမကို မှာရလေ၏။ ကိုတုတ်ပေါ၏ မိန်းမသည် ကျွန်ုပ်ထံသို့ ရောက်လာ၍ ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ

"ဒါက ဘာတုန်း၊ ရသေ့လား၊ ယောဂီလား၊ ဘာလဲ၊ ဘာကိ
တော်က ကျုပ်ကို တွေ့ချင်ရတာလဲ၊ ဒီမှာဖြင့် ဒုက္ခတွေ ပွ
ပေါက်နေပြီ"

ဟု ရှန်တွေ့လေ၏။

"ကိုတုတ်ပေါ်မိန်းမ မညွှက်မဟုတ်လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ

"တုတ်ပေါ်မှာ မယားဘယ်နှစ်ယောက် ရှိလို့လဲ၊ မိညွှက် တ
ယောက်ပဲရှိတာ၊ ဆိုစမ်းပါဦး၊ ဒါမှိုးတွေ တွေ့မှုပေါင်းများလှ
တောစာရွတ်၊ တောင်စာရွတ် ကြေးစည်တနောင်နောင်နဲ့
တော့လည်း ဘာမှဟုတ်တာ မဟုတ်ဘူး"

ဟု ရှင်းက ရန်တွေ့ပြန်လေ၏။

"ဘယ်လိုဖြစ်တာလဲ ရွှေမိညွှက်ရယ်၊ ကျုပ် ဘာစာမှလည်း
ရွတ်ရသေးပါလား၊ ကြေးစည်လည်းမပါလို့ မတီးရသေးပါ
ကျုပ်ကိုယ်ကျုပ်လည်း ဘာလို့မပြောရသေးပါဘူး၊ တစ်ခုတေ
ရှိတယ်၊ ကျုပ်ဟာ ရွှေမိညွှက်ရဲ့ယောက်ျား ကိုတုတ်ပေ
မိတ်ဆွေပါ၊ ကိုတုတ်ပေါ်ကို မတွေ့ရတာ သုံးရက်လောက်
လို့ လာစုံစမ်းတာပါ၊ ဒုက္ခပေးမယ့်လူ မဟုတ်ပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ





"တွေ့ချင်ရင် ပဲခူးအချုပ်ကိုလိုက်သွား၊ ဘုရားသုံးဆူမှာတိုက်
တဲ့ ဓားပြမှုမှာပါတယ်ဆိုပြီး တုတ်ပေါ်ကို ဖမ်းသွားကြလေရဲ့၊
ရှင်ပါ အမှုထဲပါချင်ရင် လိုက်သွားပေါ့"

ဟု ရှင်းက ရန်စကား ပြောပြန်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ရာ
တန်တစ်ရွက်ကို ထုတ်ပြီးလျှင်

"ကိုတုတ်ပေါ် ဒုက္ခရောက်နေတုန်း ကျုပ်က ရွှေမိညွှက်ကို ကူ
ညီရမှာပေါ့၊ ရော... ရော... ခုတော့ တစ်ရာယူထားဦး၊
စားရေး သောက်ရေး နေရေး ထိုင်ရေး ဘာမှမပူနဲ့၊ ကျုပ်က
ကို တုတ်ပေါ်ရဲ့ မိတ်ဆွေကောင်းပါ၊ ဒါပေမယ့် ကျွန်ုပ်က
အမှုတွေဘာတွေကို နားမလည်ပါဘူး၊ ဂါတ်တွေ ဘာတွေကို
လည်း မလိုက်တတ်ပါဘူး၊ သူ့အမှုကလည်း ကြောက်စရာကြီး
ဓားပြမှုဆိုပါလား၊ ကိုတုတ်ပေါ်ဟာ လူကောင်းပါ၊ ဓားပြတော့
မဖြစ်နိုင်ပါဘူး"

ဟု ပြောလိုက်လျှင် ကိုတုတ်ပေါ်၏ မိန်းမ မိညွှက်သည် ရာတန်၏
တန်ခိုးကြောင့် မျက်နှာအချိုး ပြောင်းသွားလေတော့သည်။

"ဒီလိုပါ ရသေ့ကြီးရယ်... တပည့်တော်တို့မှာက ဒီအချိန်ဟာ
ငယ်ထိပ်မှာ မြွေပေါက်ခံရတဲ့အချိန်ဆိုတော့ ပြောမိပြောရာ
ဆိုမိဆိုရာ ပြောမိဆိုမိပါတယ်၊ စွဲမယူပါနဲ့နော်၊ ကာယကံ
ဝစီကံ မနောကံနဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ"

ဟု ဆိုကာ ကျွန်ုပ်ကို ဦးချလိုက်တော့၏။

"ကိုတုတ်ပေါ် ပျောက်ပျောက်နေတာ လက်စသတ်တေ
ရသေ့ကြီးဆီ ရောက်နေတာကိုး။ ခိုင်းစရာရှိရင် တပည့်တော်
ကိုခိုင်းပါ၊ ကိုတုတ်ပေါ် မရှိပေမယ့် လုပ်စရာရှိတာကို လု
ပေးပါမယ်"

ဟု မိညွက်ကပြောလိုက်ရာ ကျွန်ုပ်သည် သာဓုခေါ်ရမည်
သော်လည်း မိညွက်သည် ကျွန်ုပ်၏ ငွေတစ်ရာတန်ကြောင့် ဤ
ပြောခြင်းကြောင့် ကျွန်ုပ်၏ သာဓုသည် နှိုနှိုသာဓုမဟုတ် ငွေသ
ငွေသာဓုဟု ခေါ်ရန်သာ ရှိတော့၏။ ထို့ကြောင့် ကျွန်ုပ်က သ
မခေါ်တော့ပဲ

"ကောင်းပြီလေ. . . ဘာမှ အားမငယ်ပါနဲ့၊ ရွှေနေရွှေ
ငှားရန်ကိစ္စကိုလည်း ကျုပ်ကပဲ ငွေကုန်ခံပါ့မယ်၊ ရွှေမိညွက်
စားဖို့ သောက်ဖို့ကိုလည်း ကျုပ်ပဲပေးပါမယ်"

ဟု ပြောလိုက်ရာ မိညွက်က

"ခိုးပေါ်က သကြားမင်းများ လူယောင်ဆောင်ပြီး လာတော့
လား မဆိုနိုင်ဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ကဲပါလေ၊ သကြားမင်းလို့ပဲ မှတ်ထားလိုက်ပါ၊ ကျုပ်သွားမ

ဟုဆိုကာ စိတ်ပျက်လက်ပျက်ဖြင့် ထွက်လာခဲ့လေတော့၏။ 



လမ်းခရီးသွားများအတွက် ဆောက်လုပ်ထားသော တောဇရပ်
ကလေးတစ်လုံးသို့ ရောက်သောအခါ၌ ဇရပ်အတွင်းသို့ဝင်၍ အ
မောပြေ အပန်းဖြေရင်း ထိုင်နေမိတော့၏။ ထို့နောက် ကျွန်ုပ်၏
ပါလာသော ရေဘူးကိုထုတ်၍ ရေတစ်ငုံမျှ သောက်ချလိုက်လေ၏။
ထိုအချိန်တွင် ပန်းပင်အမျိုးမျိုးရောင်းသော လူတစ်ယောက်သည်
ဇရပ်အတွင်းသို့ ဝင်လာ၏။ ထို့နောက် သူ့၏ပန်းပင်များကို ချလိုက်
လေ၏။ ပြီးလျှင် ကျွန်ုပ်၏ရှေ့တွင် လာ၍ဦးချလိုက်လေ၏။ ထို့
ကြောင့် ကျွန်ုပ်သည် ထိုသူအား ကြည့်လိုက်လေ၏။ ထိုသူသည်
မိကျန်းတစ်ယောက် ဖြစ်လေ၏။ သူ့၏ ကျောတက်တွင် နွားလတ်
လက်ကြီးသော ဘုကြီးတစ်ခုရှိလေ၏။ ကျွန်ုပ်သည် သူ့၏ကျော
ပေါ်မှ ဘုကြီးကို ကြည့်နေကြောင်း ထိုသူကသိမိလေ၏။ ထို့ကြောင့်
ထိုသူက

"ကျောကဘုကို အောက်မြေကနေတိုင်းမယ်ဆိုရင် ယောက်ျား
ကြီး သုံးတွာရှိတယ်၊ အမြင့်က တစ်မိုက်နဲ့ လက်လေးလုံးရှိတယ်၊
မိကျန်းလို့ ဘုပေါက်တဲ့အထဲမှာတော့ ကျွန်တော့ရဲ့ဘုဟာ
အကြီးဆုံးပါပဲ၊ ကျောပေါ်မှ ဘုကြီးကြီးပါလို့ မိန်းမချောချော
ရမယ်ဆိုရင် ကျွန်တော့်ရဲ့ မိန်းမဟာ ဥမ္မာဒန္တီထက် မလျော့
ပါဘူး ပြီးတော့ နာမည်ရောသိချင်သေးလား၊ ကျွန်တော့်နာမည်
မောင်ဥာဏ်တဲ့ ကျွန်တော်တို့ရွာမှာ မောင်ဥာဏ် သုံးယောက်
ရှိတယ်၊ ဖားတိုးမှုနဲ့ ထောင်ကျသွားတဲ့ မောင်ဥာဏ်ကို 'ဖား
မောင်ဥာဏ်' လို့ခေါ်တယ်၊ ဆား အရောင်းအဝယ်လုပ်တဲ့

မောင်ဥာဏ်ကို 'ဆားမောင်ဥာဏ်' လို့ခေါ်တယ်၊ ကျွန်တော်
ခါးကုန်းတဲ့မောင်ဥာဏ်မို့လို့ 'ခါးမောင်ဥာဏ်' လို့ခေါ်တယ

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မရယ်မိစေရန် အောက်နှုတ်ခမ်း
သွားဖြင့် ခပ်နာနာ ကိုက်ထားရလေ၏။ ထို့နောက်သူက

"နွားမှာ ဒီလိုဘုကြီးပါတာကို နွားလားဥသဘ လို့ ခေါ်တ
ဆိုရင် ကျွန်တော်ကိုတော့ လူသားဥသဘစာရင်း သွင်းသ
တာပေါ့"

ဟု ပြောလိုက်ပြန်ရာ ကျွန်ုပ်သည် ရယ်ချင်စိတ်ကို ထိန်းသိ
ထားရလေ၏၊ ကျွန်ုပ်သည် တသိမ့်သိမ့်လှုပ်နေလေ၏။ ကျွန်ုပ်သ
တစ်စုံတစ်ခုကို မေးရန်အတွက် ပါးစပ်ကိုဖြင့်လိုက်ရာ ခါးကု
မောင်ဥာဏ်က

"အိမ်ထောင်ရှိလားလို့ မေးမှာလား၊ မမေးနဲ့ ဒီဘုကြီး
ကြိုက်တဲ့ မိန်းမတွေကတော့ မနည်းဘူး၊ ကျွပ်အမေ မှဆို
ကြီးဟာ ဒီဘုကိုလာကြည့်တဲ့ မိန်းမတွေများလွန်းလို့ အိမ်
မှာ ပြောင်းပေါက်နေတော့ ကျွပ်အမေက ပေါက်တူးဝ
လက်နဲ့ ပြောင်းဖို့နေရတယ်၊ ခါးကုန်းဆိုပြီးတော့ ဘာမှအ
မကျဘူးလို့ မထင်နဲ့၊ ခါးကုန်းတဲ့ လူတွေလုပ်တဲ့ အလ
အားလုံး လုပ်နိုင်တယ်၊ ကျွပ်မလုပ်နိုင်တာ ဆိုတော့ လောက
တစ်ခုပဲရှိတယ်၊ အဲဒါဘာလည်းဆိုတော့ ပက်လက်လှန်





မအိပ်နိုင်ဘူး၊ ခါးကဘုကြီး ခံနေလို့၊ အဲဒါကလွဲရင် အားလုံး
လုပ်နိုင်တယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ၎င်းပြောမှပဲ ခါးကုန်းသောသူများ
ပက်လက်လှန်၍ မအိပ်နိုင်ကြောင်းကို စဉ်းစားမိလေ၏။ ထို့
ကြောင့် ကျွန်ုပ်က

"အကြံတစ်ခုပေးချင်တယ်"

ဟု ပြောလိုက်ရာ ခါးကုန်းမောင်ဥာဏ်က

"ကုတင်နဲ့အိပ်၊ ဘုကြီးထားဖို့အတွက် ကုတင်ကိုဖောက်ထား၊
ဘုကြီးကို ကုတင်အောက်ကိုချပြီး အိပ်လို့ ပြောမှာလား၊ အဲဒါ
မကောင်းဘူး၊ ဘုကြီးကို ခြင်ကိုက်လိမ့်မယ်၊ ဒီကောင်က သိပ်ပြီး
မုန်းစရာ ချဉ်စရာကောင်းလို့ 'ခြင်' လို့ခေါ်တာ၊ ချမ်းသာတဲ့
လူကို ခုကွမပေးဘူး၊ ခြင်ထောင်နဲ့ မအိပ်နိုင်တဲ့လူကိုပဲ ခုကွ
ပေးတာ၊ ပြီးတော့ လူတွေအားလုံးက ခြင်ကိုက်တယ်လို့ ပြောနေ
ကြတယ်၊ ခြင်မှာကိုက်စရာ ပါးစပ်မပါပါဘူး၊ အစွယ်ပဲ ပါတာ၊
အစွယ်နဲ့ ထိုးတာဆိုတော့ ခြင်ထိုးတယ်လို့ ပြောရမယ်၊ ထိုးဖို့
အတွက်လည်း အစွယ်ပါတယ်၊ ပြန်ဖို့အတွက်လည်း အတောင်
ပါတယ်၊ ဒီလို သတ္တဝါကို စိတ်ကူးနဲ့ ပုံကြီးချဲ့ကြည့်ရင် တော်
တော်ကြောက်ဖို့ကောင်းတာ၊ များများမဟုတ်ဘူး နွေးလောက်
အစွယ် စိတ်ကူးကြည့်ရင် လောကကြီး ဆိပ်သုဉ်းသွားဖို့ရှိတယ်၊

ဒီသတ္တဝါကို အစွယ်လည်း ပေးထားတယ်၊ အတောင်လည်
ပေးထားတယ်ဆိုတော့ သဘာဝတရားက ခြင်ဘက်ကို န
နည်း မျက်နှာလိုက်ထားတယ်၊ တစ်ခုတော့ ရှိတယ်၊ သူ့
အသက်ရှည်ရှည် မထားဘူး၊ (၇၂) နာရီပဲ အသက်ရှင်
ပေးထားတယ်၊ (၇၂) နာရီပြည့်ရင်တော့ ခြင်ဟာ သေရ
တာပဲ၊ ပျံသန်းခွင့်ကိုလည်း (၃) မိုင်ပဲ ပေးထားတယ်၊
မိုင်ပြည့်အောင် ပျံပြီးရင် ခြင်ဟာသေတော့တာပဲ၊ ဒါတော
တစ်ချို့သိပ္ပံပညာရှင်တွေက ခြင်ထီးရဲ့ သက်တမ်း (၆) ရ
ခြင်မရဲ့ သက်တမ်းကို ရက် (၁၀) လို့ ယူဆကြတယ်၊ ဒါပေမ
ကျွန်ုပ်ရဲ့ လေ့လာတွေ့ရှိချက်ဟာ အမှန်ဖြစ်ပါတယ်၊ သိပ္ပံ ပ
ရှင်တာ ခါးကုန်းမောင်ဉာဏ်လောက် မတတ်ပါဘူး၊ နော
တစ်ခု ပြောရဦးမယ်၊ ခြင်ဟာ နွေရာသီနဲ့ စွတ်စိုထိုင်းမှိုင်း
ရာသီမှာ လူကိုကိုက်တယ်၊ အဲဒါကိုရော ရသေ့အနေနဲ့ သ
ထားမိရဲ့လား"

ဟု ခါးကုန်းမောင်ဉာဏ်က မေးလေ၏။

"သတိတော့ ထားမိပါတယ် ကိုခါးရယ်၊ ဒီလို ဘာကြောင့်
တယ်ဆိုတာ ကျွန်ုပ်မလျှောက်တတ်ဘူး"

ဟု ကျွန်ုပ်ကပြန်၍ ပြောလိုက်ရာ ခါးကုန်းက

"ဒါကဒီလို ရသေ့ရဲ့၊ ပူအိုက်တဲ့အခါရယ်၊ လေထုစွတ်စိုထိုင်း
တဲ့အခါရယ်မှာ လူခန္ဓာကိုယ်ထဲမှာ ဓာတ်ဆားနှစ်မျိုး ပိုပြီးထွ



တယ်၊ တစ်မျိုးက အမိုးနီးယား အက်ဆစ်ဓာတ်ဆား၊ တစ်မျိုး
လက်တစ်ဓာတ်ဆားလို့ ခေါ်တယ်၊ အဲဒီဓာတ်ဆားတွေဟာ ညှီ
စို့စို့ အနံ့ကို ဖြစ်စေတယ်ဗျ၊ လူမှာ ကိုယ်နံ့ နံတယ်ဆိုတာ
အမှန်က ဓာတ်ဆားနံ့နံတာပါ၊ အဲဒီအနံ့ကို ခြင်က သိပ်ပြီး
သဘောကျတာ၊ အဲဒီအနံ့ဟာ ကျွန်ုပ်တို့လူတွေ မဆာလာ နိုင်
နိုင်ချက်ထားတဲ့ ကြက်သားဟင်းအနံ့ကို ရတဲ့အခါမှာ ဆာ
လာသလိုပဲ၊ ခြင်တွေဟာလည်း စားချင်သောက်ချင်စိတ်တွေ
ဖြစ်လာတော့တာပဲ၊ အဲဒီမှာ လူကို ကိုက်တော့တာပဲ၊ ပြီးတော့
လူကို ကိုက်တဲ့အခါမှာ ခြင်အထီးဟာ ဘယ်တော့မှ မကိုက်
ဘူးဗျ၊ သူကလည်း ဓာတ်ဆားနံ့ရတဲ့ အခါမှာ စားချင် သောက်
ချင်စိတ်တော့ ဖြစ်တယ်၊ ဒါပေမယ့် သူ့မှာ လူကိုထိုးကိုက်ဖို့
အစွယ်တိုနေတယ်၊ ခြင်တစ်ကောင် တစ်ကောင်မှာ အစွယ်
ခြောက်ချောင်းစီ ပါတယ်၊ အပေါ်နှုတ်ခမ်းမှာ သုံးချောင်း၊
အောက်နှုတ်ခမ်းမှာ သုံးချောင်း၊ ခြင်မရဲ့ အောက်နှုတ်ခမ်းက
အစွယ်ဟာ လူရဲ့ ချွေးပေါက်ကိုထိုးဖို့ ရှည်မျောမျောလေး ပါ
တယ်၊ ခြင်ထီးရဲ့ အစွယ်ဟာ တိုတယ်ဗျ၊ ဒါကြောင့် ခြင်ထီးဟာ
သွေးစုတ်လို့ မရဘူး၊ ဒါကြောင့် ကိုယ့်ကိုယ်ပေါ်ကို ကိုက်တဲ့
ခြင်ကို လက်နဲ့ရိုက်ပြီးဖမ်းကြည့်ရင် ခြင်မချည်းပဲ ဖြစ်နေတတ်
တယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ကိုယ့်လူကတော့ ခြင်အကြောင်းကို တော်တော်သိတဲ့လူပဲ"

ဟု အိုးမှုန်းလိုက်ရာ ခါးကုန်းကခေါင်းကို ခြည်းညွှင်းစွာရမ်း၍

"ခြင်အကြောင်းတင်သိတာ မဟုတ်ဘူး၊ ပုရွက်ဆိတ်အကြောင်း လည်းသိတယ်၊ ပျားအကြောင်းလည်း သိတယ်၊ လိပ်ပြာ အကြောင်းလည်း သိတယ်၊ ပစဉ်းအကြောင်းလည်း သိတယ်၊ ပင့်ကူအကြောင်း သိတယ်၊ တီကောင်အကြောင်းလည်း သိ တယ်၊ ခြအကြောင်းလည်း သိတယ်၊ မြွေအကြောင်းလည်း သိ တယ်၊ မျှော့အကြောင်းလည်း သိတယ်၊ ရသေ့ ဘာသိချင်သေး အကုန်မေး၊ အကုန်သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခါးကုန်း လို့သိတာ၊ ခါးကဘုကြီးဟာ ဉာဏ်တွေကို စုထားတာ၊ ဦးခေါင်း နှစ်လုံးနဲ့ လူလိုပေါ့"

ဟု ခါးကုန်းက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ၎င်းအားပြုံးပြ လိုက်လေ၏။ ထို့နောက် ကျွန်ုပ်နှင့် ခါးကုန်း မောက်ဉာဏ်တို့သည် စကားလက်ဆုံ ကြနေလေ၏။ ကျွန်ုပ်သည် ဤတောအတွင်း၌ တဲ ကလေးတစ်လုံးနှင့် နေထိုင်ပုံကို ၎င်းအား ပြောပြလိုက်လေ၏။ ထိုအခါ ခါးကုန်းက

"ဘာပဲ ဖြစ်ဖြစ်လေ၊ တောထဲမှာ တစ်ယောက်ထဲနေရတဲ့ ရသေ့ကိုတော့ ကူညီရမှာပေါ့၊ ကျွပ်လိုက်ခဲ့ပါ့မယ်၊ ကျွပ်ဟာ ဒုက္ခပေးမယ့်လူ မဟုတ်ပါဘူး၊ ယုံကြည်ပါ၊ ဒါပေမယ့် အခုတော့





မကူညီသေးဘူး၊ ပေါဒီမှာ ပန်းပင်တွေကို ပဲခူးမြို့က သူဌေး ကတော်တစ်ယောက်ဆီ ပို့ပေးရဦးမယ်၊ သူက ရှာခိုင်းထားတာ"

ဟု ပြောဆိုကာ ကျွန်ုပ်၏နေရာသို့ မေးမြန်းပြီးလျှင် ကျွန်ုပ်နှင့် လမ်းခွဲသွားလေ၏။ နေ့လည်ပိုင်းလောက်တွင် ကျွန်ုပ်သည် ကျွန်ုပ် ၏ တဲကလေးအတွင်း၌ထိုင်၍ ကျွန်ုပ်၏ဘဝဖြစ်စဉ်ကို စဉ်းစား နေမိလေ၏။ ထိုအချိန်၌ ခါးကုန်းမောင်ဉာဏ် ရောက်ရှိလာလေ၏။ ၎င်း၏လက်ထဲတွင် အထုတ်နှစ်ထုတ်လည်း ပါလာလေ၏။

"ဘယ်လိုလည်း ကိုခါးရဲ့ ဘာတွေများ ဝယ်လာသလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ခါးကုန်းက

"ခေါက်ဆွဲဖတ်တွေ ဝယ်လာတာ၊ မနက်ဖြန် အာရုံတက်ရ မှာ ရသေ့ကို ခေါက်ဆွဲကြော်ကျွေးမယ်"

ဟု ပြောလေ၏။ ထို့နောက် ခါးကုန်းသည် ရေနွေးအိုးတည်လေ၏။ ရေနွေးအိုးဆူလျှင် ၎င်း၌ပါလာသော ကော်ဖီမှုန့်များနှင့် သကြား များကိုစပ်၍ ကျွန်ုပ်အားကော်ဖီကြမ်း တိုက်လေ၏။ ၎င်းဖျော်သော ကော်ဖီကြမ်းမှာ လွန်စွာအရသာရှိလေ၏၊ ကော်ဖီနံ့မှာ သင်း၍ မွှေးနေ၏။ ကော်ဖီကြမ်းသောက်ပြီးသောအချိန်၌ သူ့၏ခါးကြားမှ စီးကရက်နှစ်လိပ်ကိုထုတ်၍ တစ်လိပ်ကို ကျွန်ုပ်အားပေး၍ ကျန် တစ်လိပ်ကို သူကသောက်နေလေ၏။ ထို့နောက် ခါးကုန်းသည် စီးကရက်မီးခိုးများကို မှုတ်ထုတ်ရင်း

"ရသေ့ဟာထွက်ရပ်ပေါက်တဲ့ လမ်းစဉ်ကို လိုက်နေတယ်ဆို တော့ နည်းနည်းတော့ ဆွေးနွေးရဦးမယ်"

ဟု စကားစလိုက်လျှင် ကျွန်ုပ်က

"နေစမ်းပါဦး ကိုခါးရဲ့၊ ကိုယ့်လူက အဲဒီလမ်းစဉ်ကို သိလို့လား"

ဟု မေးလိုက်ရာ ခါးကုန်းမောင်ဉာဏ်က

"တကယ်ထွက်ရပ်ပေါက်သွားတဲ့ လူတွေကိုထားတော့၊ ထွက်ရပ် မပေါက်ပဲ လမ်းစဉ်ကိုသိတဲ့လူတွေကို ပြပါဆိုရင်၊ ကျွန်ုပ်ကို ချန်ထားလို့မရဘူး၊ ကျွန်ုပ်က အဲဒီလမ်းစဉ်ကို အတော်ကလေး သိတယ်၊ တစ်ခုတော့ရှိတယ် အဲဒီလမ်းစဉ်ကို သိတယ်ဆိုတာ တစ်မျိုးတော့ မထင်နဲ့နော်၊ ဖြစ်တဲ့လမ်းစဉ်ကို သိတာမဟုတ် ဘူး၊ မဖြစ်တဲ့ လမ်းစဉ်ကိုသိတာ"

ဟု ပြောလိုက်သောအခါ ကျွန်ုပ်က စိတ်ပျက်သော လေသံဖြင့်

"မဖြစ်တဲ့လမ်းစဉ်က ဘာလုပ်ဖို့လဲ"

ဟု မေးလိုက်ရာ ခါးကုန်းက

"မဖြစ်တဲ့လမ်းစဉ်ကို သိဖို့ကလည်း အရေးကြီးတယ်ရသေ့ရဲ့၊ အဲဒါကို မသိရင် အဲဒါဖြစ်မယ်အောက်မေ့ပြီး လျှောက်လုပ် မှာပေါ့၊ အဲဒီလိုဆိုရင် လူ့သက်တမ်းက တိုတိုလေးရယ်၊ မဖြစ် တဲ့ လမ်းစဉ်ကိုလုပ်ရင်းနဲ့ အချိန်ကုန်သွားလိမ့်မယ်၊ အဲဒီတော့ လမ်းစဉ်တစ်ခုကိုသိရင် ကျွန်ုပ်ကိုပြောပြ၊ ကျွန်ုပ်က မဖြစ်ဘူး



လို့ပြောရင် မလုပ်နဲ့တော့၊ အချိန်ကုန်ရုံပဲ ရှိတယ်၊ ဘာဖြစ် လို့လဲဆိုတော့ ကျွန်ုပ်က ဝိဇ္ဇာလမ်းလိုက်တဲ့လူတွေ အများကြီးနဲ့ တွေ့ဖူးတယ်၊ သူတို့ဟာ ဘာမှမဖြစ်ကြဘူး၊ သူတို့ဆီက အဲဒီ မဖြစ်တဲ့ လမ်းစဉ်တွေကို ကျွန်ုပ်ကမေးထားတာ၊ ကျွန်ုပ်တို့ရွာမှာ (၅) ယောက်ရှိတယ်၊ အဲဒီလမ်းစဉ်ကို လိုက်ပြီးဘာမှမဖြစ်ပဲ ဖူးကြောင်ကြောင်နဲ့ ဖြစ်နေတာ၊ အဲဒီလမ်းစဉ်ကို ကျွန်ုပ်က မေး ထားတာ၊ ရသေ့ကို ရှင်းရှင်းပြောရရင် ကျွန်ုပ်မှာ သူဌေးဖြစ်တဲ့ လမ်းစဉ်မရှိဘူး၊ ငွေ့ဖြစ်တဲ့ လမ်းစဉ်ပဲရှိတယ်၊ အဲဒီတော့ သူဌေး ဖြစ်ချင်တဲ့သူဟာ ကျွန်ုပ်ဆီက ငွေ့ဖြစ်တဲ့ လမ်းစဉ်ကို ယူသွားရုံပဲ၊ အဲဒီအတိုင်း မလုပ်ရင်တော့ သူဌေးဖြစ်ပြီပေါ့"

ဟု ပြောလိုက်ပြီးလျှင် စီးကရက် မီးခိုးများကို ဟန်ပါပါ မှုတ်ထုတ် လိုက်လေ၏။

"အတော့်ကို ကပ်သီးကပ်သပ် ပြောတဲ့လူပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ခါးကုန်းမောင်ဉာဏ်က ပြုံးလေ၏။ ထိုသို့ ပြုံးပြီးနောက်

"ရသေ့ကို ကျွန်ုပ်ပြောရဦးမယ်၊ ကျွန်ုပ်က အနိပ်အနင်း တော်တော် ကောင်းတတ်တယ်၊ ရသေ့က ထိုင်ရလွန်းလို့ ညောင်းနေမှာ၊ အဲဒီတော့ နေ့စဉ်မှန်မှန် ကျွန်ုပ်ကနိပ်ပေးမယ်"

ဟု ပြောလိုက်လေ၏။

"ညောင်းတယ်ဆိုတာတော့ မှန်ပါတယ်၊ ကျွန်ုပ်က အနှိပ်အနယ်
မခံတတ်ဘူးဗျ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ခါးကုန်းမောင်ဥာဏ်က

"မဟုတ်ပါဘူး ရသေ့ရယ်၊ ကျုပ်နှိပ်တာကို ခံကြည့်စမ်းပါဦး
အညောင်းတကယ် ပြေသွားမှာပါ၊ နောက်ပြီး တစ်ခုပြောရမယ်
သမာဓိအလုပ်ဆိုတာ အကြောတွေလျှော့မှ လုပ်လို့ရတယ်နော်
အကြောကလေး တစ်ချောင်းတင်းနေရင်တောင် သမာဓိမ
ဘူး၊ ရသေ့ကြည့်ရ တာ အကြောတွေ တင်းနေပုံရတယ်
မှောက်လိုက် . . . မှောက်လိုက်၊ ကျုပ်နှိပ်ပေးမယ်"

ဟု ဆိုကာ ပြောပြောဆိုဆိုပင် ကျွန်ုပ်အား မှောက်နိုင်းပြီးလျှ
ကျွန်ုပ်၏ ခြေချောင်းများကို တစ်ချောင်းချင်းဆွဲကာ သတ်သ
နှိပ်လေ၏။ ကျွန်ုပ်သည် ချွေးများကျလာ၏။ ပြီးလျှင် ခြေမျိုး
ခြေမျက်စိများကို နှိပ်ပြန်လေ၏၊ မလှုပ်မရှားနိုင်ပင် ဖြစ်လေ
ချွေးများ တဒီးဒီးကျလာ၏၊ ထိုအပြင် ခြေသလုံး၊ ပေါင်၊ ကျောကု
ဝတ်ပိုးစသည်တို့ကို အကွက်ကျကျ နှိပ်ပေးလေ၏၊ ထို့နော
မန်ကျည်းသီးနှင့် ထန်းလျက်ကိုဖျော်ကာ ဖျော်ရည်တစ်ခွက်ကိုလ
ကျွန်ုပ်အား တိုက်လေ၏။ ကျွန်ုပ်သည် ၄င်းက နှိပ်ပေးသောကြော
အကြောများ ပြေသွား၏၊ ညနေပိုင်းသို့ရောက်လျှင် ကျွန်ုပ်သ
ပျော့ဖတ်နွမ်းခွေနေပြီဖြစ်၏၊ နောက်တစ်နေ့တွင် ၄င်းသည် 
ကြီးတစ်လုံးယက်၍ ကျွန်ုပ်အားပုတ်ဖြင့် အုပ်ပြီးလျှင် နေ





ကျွက်ကျွက်ဆူဖြင့် ကျွန်ုပ်အား ချွေးထုတ်ပေးပြန်၏၊ ကျွန်ုပ်သည်
ချွေးများ ပြိုက်ပြိုက်ကျလာ၏၊ ချွေးထုတ်ပြီးသောအခါ၌ ချွေးများ
ကို သုတ်ပေးပြီးလျှင် ထပ်မံ၍နှိပ်ပေးပြန်၏၊ ပြီးလျှင် ကျွန်ုပ်အား
အိပ်စက်ခွင့် ပေးလေ၏၊ ခါးကုန်းသည် ကျွန်ုပ်အား သုံးရက်ဆက်
တိုက် နှိပ်ပေးလေ၏၊ နောက်နှစ်ရက်တွင် ပဲခူးမြို့မှ ဝမ်းနုတ်ဆေး
နှစ်ထုတ်ဝယ်၍ ဆက်တိုက် ဝမ်းနုတ်ပေးပြန်၏၊ သုံးရက်လုံးလုံး
ချွေးထောင်းပေး၏၊ ထို့ကြောင့် ကျွန်ုပ်သည် နွမ်းခွေ၍အိပ်ယာထဲ
တွင် လဲနေရလေ၏၊ ခါးကုန်းမောင်ဥာဏ်သည် ကျွန်ုပ်ကို ကြည့်
ပြီးလျှင်

"သုံးရက်စလုံး ဝမ်းနုတ်တယ်၊ သုံးရက်စလုံး ချွေးထုတ်တယ်
သုံးရက်စလုံး နှိပ်ပြီး အကြောလျှော့အောင် လုပ်ပေးတယ်၊ အဲဒီ
တော့ ရသေ့ရဲ့ကိုယ်မှာ တင်းနေတဲ့ အကြောလေး တစ်ကြော
တောင် မရှိတော့ဘူး၊ အစာအိမ်ကလည်း သန့်ရှင်းနေပြီ၊ အဲဒီ
တော့ နောက်ထပ်သုံးရက် သစ်သီးသစ်ရွက် အရည်ပဲသောက်၊
အဖတ် မစားရဘူး၊ အဲဒါပြီးတော့မှ ထွက်ရပ်ပေါက်ကျင့်စဉ်
အကြောင်း ဆွေးနွေးကြတာပေါ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"အခုလည်း အစာအိမ်ထဲမှာ ဘာမှမရှိဘူး နောက်ထပ် သုံးရက်
လဲ အရည်ပဲသောက်ရမယ်ဆိုတော့ ခါးကုန်းရေ သေသွားနိုင်
တယ်နော်"

ဟု ပြောလိုက်လေ၏။ ခါးကုန်းက

"ဘာမှမပူနဲ့ရသေး။ သေရင် အသေထွက်ထဲ-ထည့်လိုက်မယ်၊
ခင်ဗျားဟာ ခင်ဗျာ ထွက်ရပ်ပေါက်ချင်ပေါက် မပေါက်ချင်နေ
သေပြီဆိုရင်တော့ ကျွန်ုပ်က အသေထွက် ထွက်တယ်ဆိုပြီး
လူတွေကို လျှောက်ပြောမယ်"

ဟု ပြောလိုက်လေတော့သတည်း။



# ခါးကုန်းကို လိမ်လို့မရဘူး

ကျွန်ုပ်သည် အိပ်ယာထဲတွင် တစ်ပတ်ခန့် လဲနေပြီဖြစ်၏။ ခါးကုန်းသည် ကျွန်ုပ်အား သစ်သီးဖျော်ရည်များဖျော်၍ တိုက်ခဲ့၏။ ကျွန်ုပ်၏ အဝတ်အစားများကို လျှော်ဖွတ်ပေး၏။ ကျွန်ုပ်ချိုးရန် အတွက် ရေကိုခပ်ပေး၏။ ကျွန်ုပ်သည် ရုတ်တရက် လူမမာကဲ့သို့ ဖြစ်သွား၏။ ခုနစ်ရက်ပြည့်သောအခါ၌ ကျွန်ုပ်အား ပျော့သောအစာ များကိုသာစားရန် ခါးကုန်းက ပြောလေ၏။ သူသည် ကျွန်ုပ်အတွက် [illegible]ကူများ ကြိုပေး၏။ နို့ထမင်းများ ချက်ပေး၏။ ထိုအစာပျော့များ ကို တစ်ပတ်ခန့် စားနေရ၏။ ကျွန်ုပ်သည် အင်အားမရှိ ဖြစ်လာ၏။ [illegible]များမိသူကဲ့သို့ ပျောင်နာနာဖြစ်လာ၏။ ဆံပင်များလည်း ကျွတ် [illegible]၏။ ထို့ကြောင့် ကျွန်ုပ်က ခါးကုန်းအား

"ကြည့်လည်းလုပ်ပါဦး ကိုခါးရယ်၊ ဆံပင်တွေလည်း အတော်ကျ
ကျွတ်နေပြီ၊ လူလည်း ၄က်ဖျားရောဂါသည်လို ဖြစ်နေပြီ"

ဟု ပြောလိုက်ရာ ခါးကုန်းက

"သေရင် မြေကြီးထဲသွားမပေါ့၊ ရှင်ရင် ရွှေထီးဆောင်းလိုက်မပေ
မြေကြီးလား. . . ရွှေထီးလားဆိုတာကတော့ ခင်ဗျားရဲ့ ခံနိုင်
ရည်အပေါ်မှာ မူတည်တယ်နော်၊ ခင်ဗျားရဲ့ ခန္ဓာကိုယ်ပေါ်မှ
မလိုအပ်ပဲ ပိုနေတဲ့ အသားတွေအများကြီးပဲ၊ အဲဒီ အသားတွေ
ဟာ ခင်ဗျားကို လေးလံစေတယ် ငိုက်မြည်းစေတယ်၊ ဒါကြော
အသားပိုတွေကို လျော့ပြစ်လိုက်တာ၊ ပြီးတော့ ရသေ့ဟာ တ
နေ့ကို ထမင်းနှစ်နပ်စားနေတာကို တွေ့ရတယ်၊ အဲ့ဒီလို မလု
ရဘူး၊ ကြိုက်တဲ့အချိန်မှာစား၊ တစ်နပ်ပဲ စားရမယ်၊ စားတဲ့အ
မှာလည်း ဝအောင်မစားရဘူး၊ ထမင်းမဝဖို့ ဆယ်လုပ်လော
အလိုမှာ ရပ်ဖစ်လိုက်ရမယ်၊ အသားကို မစားရဘူးတေ
မဟုတ်ဘူး၊ ပရိတ်နီးမိတ်အတွက် နည်းနည်းပါးပါးတော့ စ
ရမယ်၊ အများစုကတော့ အသီးအရွက်ကို စားရမယ်၊ အဲ့ဒီတေ
အစာစားထဲအခါမှာ ရှင်တဲ့အစားအသောက်နဲ့ သေတဲ့အစ
အသောက် နှစ်မျိုးရှိတယ်၊ အဲဒါဘယ်လိုလဲလို့ မမေးနဲ့၊ ကိုယ်
စားမယ့်အစာကို မြေကြီးပေါ်ပြစ်ချလိုက်၊ မြေပေါ်မှာ ပေါက်
ပြန်ရှင်နိုင်မဲ့ အစားအသောက်ဟာ ရှင်နိုင်တဲ့အစားအသော
ပဲ၊ မြေပေါ်မှာ မရှင်နိုင်တဲ့ အစားအသောက်ဟာ သေတဲ့အစ



အသောက်ပဲ၊ ချဉ်ပေါင်တို့ ပဲပင်ပေါက်တို့ ကန်စွန်းရွက်တို့ဟာ
ကြိမ်းသေရှင်တဲ့ အစားအသောက်တွေ၊ အသားကတော့ ဘယ်
အသားမှ မရှင်နိုင်တော့ဘူး၊ ဝိဇ္ဇာလုပ်မဲ့သူဟာ ကိုယ့်ရဲ့ ခန္ဓာ
ကိုယ်ထဲကို အသေဓါတ်တွေ သိပ်မသွင်းရဘူး၊ အရှင်ဓါတ်ပဲ
သွင်းရမယ်၊ ဒီလောက်တောင် နားမလည်ပဲ ဒီလမ်းကိုလိုက်တာ
ဘာ့ပါနဲ့"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် ပထမပိုင်းတွင် အစာပျော့ပျော့
များကိုစားရပြီး နောက်တစ်ပတ်လုံးလုံးတွင် မြှတ်ထားသော အရွက်
များကို စားရပြန်လေ၏၊ နေ့စဉ်မှန်မှန်လည်း ကျွန်ုပ်အား အကြော
လျှော့ပေး၏၊ တစ်ရက်ခြားဆိုသလိုလည်း ကျွန်ုပ်အား ချွေးထုတ်
ပေး၏၊ ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံးသည် တင်းမာသော အကြော
ဟူ၍ မရှိတော့ပဲ ပျော့ပြောင်း၍ နေလေ၏၊ ရက်ပေါင်းအတော်
ကြာသောအခါ၌ ကျွန်ုပ်အားထမင်းနှင့် ဆီအနည်းငယ်ကို နယ်၍
ပေး၏၊ ဆားမှာ အနည်းငယ်သာ ဖြူးပေး၏၊ ထို့ကြောင့် ကျွန်ုပ်က

"ဘယ်လိုလည်း ခါးကုန်းရယ်. . . ဆားကလည်း ပေါ့လှ
ချည်လား"

ဟု မေးလိုက်ရာ ခါးကုန်းက

"ဆားဆိုတာ ဘာမှတ်လို့လဲ. . . သေမင်းရဲ့လက်ပါးစေ၊
ဓါတုဗေဒစကားနဲ့ပြောရရင် ဒီကောင်ဟာ ဆိုဒီယမ်ဓါတ်ပဲ၊

ကိုရင့်လိုလူကိုမပြောနဲ့သိတုံး၊ သိခဲပေါ့ ဆားနည်းနည်း ပုံ
ကြည့်ပါလား၊ သူဟာ အဲဒီသံကို စားမြစ်လိုက်လိမ့်မယ်၊ န
နည်းမှ ကောင်းကျိုးပေးတဲ့ကောင် မဟုတ်ဘူး၊ ဒါပေ
နောက်ဆုံးမှာတော့ ထမင်းလေးနဲ့ ဆားလေးနဲ့နယ်ပြီး
တဲ့အချိန်အခါလေးလဲ ရောက်လာဦးမှာပဲ၊ အဲ့ဒီတော့
သည်းခံပေးဦးတော့ ရသေ့ရေ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ထမင်းဆီဆမ်းကို စားရသောကြေ
ပြန်လည်၍ ကျန်းမာလာလေတော့၏။ ထိုအခါ၌ ကျွန်ုပ်အား

"ကိုခါးရယ်. . . ကိုယ့်လူကကျွပ်နဲ့ ဘယ်လောက်ကြာ
နေမှာတုန်း"

ဟု မေးလိုက်ရာ ခါးကုန်းသည် ရယ်လေ၏။

"ကျွပ်မရှိပဲ ခင်ဗျားဘာမှ မဖြစ်ပါဘူး၊ ကျွပ်က ခင်ဗျာ
ကောင်းကောင်း လျှောကျင့်ပေးရမှာ၊ ကောင်းကောင်း လမ်
ရမှာ၊ မသိရင်လည်း မှတ်ထားဦး၊ ဗိုးပေါ်မှာသကြား
လှုမြည်မှာ ခါးတဲ့၊ ကဲ. . . အခုချိန်ကစပြီး ရသေ့နဲ့ ကျ
သွားမယ့်လမ်းစဉ်ကို ဆွေးနွေးရတော့မယ်၊ ဆိုစမ်းပါဦး
ရသေ့ရဲ့ ဖြစ်ကြောင်းကုန်စင်၊ တစ်ခုတော့ ရှိတယ်နော်၊ ဖြစ်
တဲ့အဖြစ်အပျက်ကို အမှန်အတိုင်း ပြည့်ပြည့်စုံစုံ ပြော
လိုတယ်၊ ဟိုချန်ဒီချန် မလုပ်နဲ့၊ ဒါမှကျွပ်က အကြံဉ





ပေးနိုင်မှာ၊ အဲဒီလို ပြောဖြို့ဆိုတာကလည်း လွယ်တဲ့ကိစ္စတော့
မဟုတ်ဘူး၊ အကောင်းဆုံး အကြံပေးချင်တာကတော့ ကျွပ်က
စာရွက်တွေ ယူလာမယ်၊ ခဲတံလည်း ယူလာမယ်၊ ရသေ့ရဲ့ ဘဝ
ဖြစ်စဉ်ကို စာနဲ့ရေးပြော၊ ရေးတဲ့အခါမှာလည်း အခုအသက်
ရောက်တဲ့အထိကို ပြည့်ပြည့်စုံစုံ ရေးရမယ်၊ တစ်နှစ်သားကနေ
ဆယ်နှစ်သား၊ ဆယ်နှစ်သားကနေ အသက်နှစ်ဆယ်၊ အသက်
နှစ်ဆယ်ကနေ အသက်သုံးဆယ်စသည်ဖြင့် ဆယ်နှစ်စီပိုင်းပြီး
ရေးပြ"

ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"အဲဒီလိုမရေးလို့ မရဘူးလား"

ပြန်၍ မေးလိုက်ရာ ခါးကုန်းက

"မရေးပဲနေလို့တော့ ရပါတယ်၊ ကျွပ်ကလည်း ဘာမှ အကြံ
ဉာဏ်မပေးပဲ နေလိုက်မှာပေါ့"

ပြောလေ၏။ ကျွန်ုပ်သည် ရေးမည်ဖြစ်ကြောင်း သဘောတူလိုက်ရ
တော့၏။ ခါးကုန်းသည် အပြင်သို့ထွက်သွား၏။ အတန်
သောအခါ၌ စာရွက်တစ်ထုတ်၊ ခဲတံတစ်ဘူးနှင့် ပြန်၍လာလေ
သူသည် ခဲတံများကို မောင်းချွန်ဓားဖြင့် ချွန်ပေး၏။ ပြီးလျှင်
ကျွန်ုပ်အား ရေးနိုင်းလေတော့၏။ ကျွန်ုပ်လည်း ကျွန်ုပ်၏ ဘဝ
ဖြစ်စဉ်ကို ဆယ်နှစ်စီပိုင်း၍ ရင်းအားရေးပေးလိုက်လေတော့၏။

သုံးနာရီခန့် ရေးရလေ၏။ ပြီးသောအခါ၌ ခါးကုန်း၏ လက်
အပ်လိုက်ရာ ခါးကုန်းက ကျွန်ုပ်ရေးပေးသော စာရွက်များကို
လစ်ဖြင့်တွဲကာ သိမ်းဆည်းထားလိုက်လေ၏။ ငါးရက်ခန့် ပြ
သောအခါ၌ ခါးကုန်းက

"ရသေ့... ခင်ဗျားရဲ့ ဘဝဖြစ်စဉ်ကို ပြန်ရေးဦး"

ဟု ပြောပြန်ရာ ကျွန်ုပ်က

"ဟိုတစ်နေ့ကပဲ ရေးပေးထားတယ်လေ၊ ဘာဖြစ်လို့ထပ်ပြီး
ပေးရမှာလဲ"

ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ခါးကုန်းက ရယ်လေ
ထို့နောက်

"ကျုပ်ပြောတဲ့အတိုင်း ရေးစမ်းပါ၊ မရေးရင် ကျုပ်ဒီမှာမနေ
ပြန်မယ်"

ဟု အကြပ်ကိုင်သဖြင့် ကျွန်ုပ်လည်းထပ်၍ ရေးပြန်လေ၏။ ကျ
သည် ခါးကုန်းကို လွန်စွာ ဒေါ်ပွနေပြီဖြစ်၏။ သုံးနာရီခန့် ရေ
ရလေ၏။ ပြီးသောအခါ ထိုစာရွက်များကို ပေးလိုက်၏။ ခါး
သည် ထိုစာရွက်များကိုချုပ်၍ သိမ်းပြန်၏။ ငါးရက်ခန့် ကြာ
အခါ၌ ခါးကုန်းက

"ရသေ့... ဘဝဖြစ်စဉ်ကို ပြန်ပြီးရေးဦး"



ဟု ပြောရာ ကျွန်ုပ်သည် သည်းမခံနိုင်တော့ပေ။

"ရေးပေးတာ နှစ်ခါရှိပြီလေ၊ ဖတ်လည်း မဖတ်ပဲနဲ့ ဘာဖြစ်လို့
ရေးခိုင်းနေတာလဲ၊ မရေးတော့ဘူး၊ မနေချင်လည်း သွားတော့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ခါးကုန်းက

"ဒီလိုမလုပ်ပါနဲ့ ရသေ့ရယ်... ကျုပ်က အကြောင်းမရှိပဲ
မခိုင်းပါဘူး၊ လိုအပ်လို့ ခိုင်းတာပါ၊ နောက်တစ်ခါ မခိုင်းတော့
ဘူး၊ ဒီတစ်ခါနောက်ဆုံးပဲ၊ အဲဒါလေးတော့ ရေးလိုက်ပါ၊ ရသေ့
ရဲ့ အကျိုးကိုလိုလားတဲ့ ခါးကုန်းလေးကို သနားသောအားဖြင့်
ရေးလိုက်ပါ"

ဟု ပြောလေ၏။ သူသည် အမျိုးမျိုးအဖုံဖုံ ကျွန်ုပ်အားချော့၍
ပြော၏။ ထို့ကြောင့် ကျွန်ုပ်လည်း မရေးချင်ရေးချင်နှင့် ရေးရ
တော့၏။ ရေးပြီးသောအခါ၌ ၎င်းအားပေးလိုက်ရာ ၎င်းသည်
ကျွန်ုပ် ရေးပေးသောစာရွက်များကို တွဲ၍ချုပ်ပြန်၏။ ထို့နောက်
သည် ကျွန်ုပ်၏ဘဝဖြစ်စဉ်စာတွဲကို တစ်ယောက်တည်း ဖတ်ရှု
လေ၏။ ခဲတံဖြင့် လိုင်းတား၏။ မှတ်ချက် ရေးသင့်သည့် နေရာ၌
ရေး၏။ တစ်နေ့ကုန်သည်အထိ အလုပ်လုပ်နေ၏။ နောက်
နေ့ နံနက်မိုးလင်းသောအခါ၌

"ဒီမှာရသေ့... ခင်ဗျားကိုယ်တိုင်ရေးတဲ့ ခင်ဗျားရဲ့ ဘဝ
ဖြစ်စဉ် သုံးစောင်မှာ လွဲနေတဲ့အချက်တွေ တွေ့ရတယ်၊ ဘာဖြစ်

လို့ လွဲနေသလဲဆိုတော့ အမှန်အတိုင်းမရေးပဲ လိမ်ပြီးရေးလို့ လွဲနေတာ၊ တစ်နေရာမှာ မေဆိုတဲ့ မိန်းမတစ်ယောက် အကြောင်းပါတယ်၊ တစ်နေရာမှာတော့ မပါဘူး၊ တစ်နေရာ မှာတော့ မောင်ချောကို ခင်ဗျားသတ်တယ်လို့ ရေးထားတယ် တစ်နေရာမှာ မေ့ကြောင့်လက်လွန်သွားတယ်လို့ ရေးထားတယ် ပြီးတော့ တစ်သက်တစ်ကျွန်းအကြောင်းကလည်း သုံးစော ရေးတာ သုံးမျိုးဖြစ်နေတယ်၊ ကျုပ်လိုချင်တာက အဲဒါမဟုတ်ဘူး အမှန်အတိုင်း လိုချင်တာ၊ ခင်ဗျားဘဝကို အမှန်အတိုင်းမရေး နဲ့ ကျုပ်ကအမှန်ကို မညွှန်ပြနိုင်ဘူး၊ အဲ့ဒီတော့ အမှန်အတိုင်း ပြောမလား၊ တောထဲမှာ တောမရောက် တောင်မရောက် အသေခံမလား၊ အမှန်အတိုင်း မပြောဘူးဆိုရင်တော့ ကျု ရသေ့ကို စွန့်ခွာသွားတော့မယ်၊ ခင်ဗျားရေးတဲ့ ဘဝဖြစ် တစ်စောင်မှာ သာမြရွှေဆိုတဲ့ ခင်ဗျားမိတ်ဆွေ တစ်ယောက် အကြောင်း တစ်နေရာမှာပါတယ်၊ ကျန်တဲ့ နှစ်စောင်မှာကျတော့ မပါပြန်ဘူး၊ ကျုပ်ပြောချင်တာက ရသေ့ဟာ ကျုပ်ကိုလိမ် တယ်၊ ကျုပ်ဟာ ခင်ဗျားလျှောက်တဲ့လမ်းမှာ၊ အရိပ်လို လိုက် ပါမယ့်သူ ဖြစ်တယ်၊ ခင်ဗျားဟာ ကိုယ့်အရိပ်ကို လိမ်နေတယ် အဲ့ဒီတော့ ကျုပ်ဟာ လိမ်တတ်တဲ့လူရဲ့ အရိပ်မဖြစ်ချင်ဘူး ခင်ဗျားကို စွန့်ခွာသွားတော့မယ်၊ အဲ့ဒီတော့ အမှန်အတိုင်း ပြောပါရသေ့၊ လိမ်လည်ခြင်းဟာ သူများကို ဒုက္ခပေးတာထ





ကိုယ့်ကိုကိုယ်ပိုပြီး ဒုက္ခပေးတတ်ပါတယ်၊ စိတ်ထား ဖြောင့်မြတ် တဲ့သူတွေဟာ လိမ်လေ့မရှိပါဘူး"

ဟု ခါးကုန်းက ပြောလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည်

"ကဲပါ ခါးကုန်းရယ်... ကျုပ်ရဲ့အဖြစ်မှန်ကို ကျုပ်ပြောပြ ပါတော့မယ်၊ စာနဲ့လည်း မရေးပြတော့ပါဘူး၊ ခင်ဗျားသိ ချင်တာတွေကို မေးပါ၊ ဒီအချိန်ကစပြီး ခင်ဗျားကိုမလိမ်ပါဘူး လို့ ကတိပေးပါတယ်"

ဟု ပြောကာ ကျွန်ုပ်သည် ကျွန်ုပ်၏ဘဝဖြစ်စဉ်အမှန်ကို ၎င်းအား ရေစုတွင်းကျ ပြောပြလိုက်လေတော့သတည်း။






# စိတ်နဲ့ဆန္ဒ

ခါးကုန်းသည်ကျွန်ုပ်အား ဟင်းချက်ကျော်နှင့် ထမင်းကျွေး၏၊ ကျွန်ုပ်သည် ထမင်းစားရ၍ လွန်စွာငြိမ်၏၊ သို့သော် ခါးကုန်းက ထမင်းမဝမီ ဆယ်လုပ်ခန့်တလို၌ ရပ်ရမည်ဆိုသောကြောင့် ရပ်လိုက်ရလေ၏၊ ထမင်းစားပြီးသောအခါ၌ ကျွန်ုပ်အား ခါးကုန်းက

"ဒီမှာ ကိုရွှေမြသာ ခင်ဗျားဟာ ရသေ့အစစ်လည်း မဟုတ်ဘူး၊ ဖိုးဝီတော့ ကိုရွှေမြသာလို့ပဲ ခေါ်မယ်ဗျာ၊ နောက်ပြီးတော့ ခင်ဗျားအနေနဲ့ကလည်း ပေါ်ပေါ်ထင်ထင် နေလို့လည်းမရဘူး ဆိုတော့ ခင်ဗျားကိုပြန်ပြီး မဖမ်းမိအောင်လည်း ကျုပ်ကစဉ်းစားပေးရမှာ၊ ခင်ဗျားရဲ့ ကျင့်စဉ်တွေကိုလည်း ကျုပ်က ဝိုင်းပြီး အကူအညီပေးရမှာဆိုတော့ ခင်ဗျားအနေနဲ့ကျုပ်ကို ယုံကြည်

ဖို့တော့လိုတယ်၊ ခင်ဗျားဟာ ကျွန်ုပ်ကိုဆရာလို့ သဘောမထား
ရင်တောင်မှ မန်နေဂျာလို့တော့ သဘောထားသင့်တယ်၊ အဲဒီ
ကြောင့် မန်နေဂျာရဲ့ အကြံပေးချက်တွေကို ခင်ဗျားအနေနဲ့
လက်ခံဖို့လိုတယ်၊

ပထမဦးဆုံး အကြံပေးချင်တာကတော့ ခင်ဗျားရဲ့ အခြေအနေ
ဟာ တစ်နေရာထဲမှာ အကြာကြီးနေလို့ မကောင်းဘူး၊ နေရာ
ရွှေ့ရမယ်၊ နေရာရွှေ့ရင်းနဲ့ ခင်ဗျားကျင့်ရမယ့်ကျင့်စဉ်တွေ
အမိန့်ဌာနတွေကို လုပ်သွားရမယ်၊ ပြီးတော့ ရန်ကုန်မြို့ကို ပြန်
ပြီး ဝင်ဖို့ဆိုတာတော့၊ ရန်ကုန်မှာနေဖို့ အိမ်ဝယ်ရမယ်၊ အိမ်
ဝယ်ပြီးရင်လည်း မြေတိုက်လုပ်ရမယ်၊ အဲဒီ မြေတိုက်ထဲမှာ
ခင်ဗျားရဲ့ကျင့်စဉ်တွေကို နောက်ဆုံးစွဲစွဲမြဲမြဲ လုပ်သွားရမယ်
အဲဒီလိုဝယ်ဖို့၊ မြေတိုက်တွေလုပ်ဖို့ဆိုတာ ခင်ဗျားလုပ်လို့
မဖြစ်ဘူးလေ၊ ကျွန်ုပ်လုပ်မှဖြစ်မှာပေါ့၊ အားလုံး အဆင်သင့်
ဖြစ်မှခင်ဗျားကို ခေါ်ရမှာ၊ အဲဒီတော့ ခင်ဗျားမှာရှိတဲ့ရွှေတွေ
ငွေတွေ ဘယ်လောက်ရှိတယ်ဆိုတာလည်း ကျွန်ုပ်ကိုပြောပြဖို့
လိုတယ်၊ အဲဒါတွေကိုလည်း ကျွန်ုပ်ချင့်ချိန်ပြီး သုံးစွဲပေးရမှာလေ
ခင်ဗျား ပေါက်ပေါက်ပြောက်ပြောက်မဖြစ်ခင် ငွေတွေကုန်
သွားရင် နှစ်ယောက်စလုံး တောင်းစားနေရဦးမယ်"

ဟု ပြောလိုက်လေသည်။ ထို့ကြောင့် ကျွန်ုပ်က



"ခါးကုန်းပြောတာ သိပ်ပြီးသဘာဝကျပါတယ်၊ ခါးကုန်းကို
လည်း ကျွန်ုပ်ယုံကြည်တယ်၊ ဟောဟိုမှာရှိတဲ့ကျွန်ုပ်ရဲ့ လက်ဆွဲ
သေတ္တာထဲမှာ ငွေတွေရော၊ ရွှေတွေရော ရှိတယ်၊ လိုရင်လည်းပဲ
ရှာလို့ ဖွေလို့ရမှာပါ၊ အခုရှိတာနဲ့ပဲ အတော်အတန် သုံးစွဲ
လို့ရပါတယ်"

ဟု ပြောလိုက်လျှင် ခါးကုန်းသည် လက်ဆွဲသေတ္တာကိုဖွင့်၍ ကျွန်ုပ်
ပိုင်ပစ္စည်းများကို ထုတ်ယူကာ စာရင်းပြုလုပ်လေတော့၏။ ညနေ
ပိုင်းသို့ ရောက်သောအခါ၌ သူသည်ညနေစာကို မကျွေးတော့ပါ။
သူတစ်ယောက်တည်း ချက်ပြုတ်စားသောက်အိပ်စက်လေ၏။ ထို
ညက လအလွန်သာ၏။ ည (၁၁) နာရီထိုးလောက်တွင် ခါးကုန်းသည်
အိပ်ရာမှထ၏။ ပြီးလျှင် ကျွန်ုပ်အား

"ကိုရွှေမြသာ အိပ်ပြီလား"

ဟုမေးလေ၏။ ကျွန်ုပ်က မအိပ်သေးကြောင်းပြောလျှင် ၎င်းက

"အစာအိမ်မှာအစာမရှိရင် လူဟာအမြဲတမ်း နိုးကြားနေတယ်
ဗျ၊ အစာအိမ်မှာ အစာရှိရင်တော့ အဲဒီအစာကို ချက်လုပ်ဖို့
အကြောတွေက တာဝန်ယူရတာကိုးဗျ၊ အစာအိမ်ရဲ့ အလုပ်ကို
ပိုင်းပြီး ပံ့ပိုးကြတာ၊ အဲဒီတော့ အကြောတွေအားလုံး အလုပ်
မအားကြဘူးပေါ့ဗျာ၊ အဲဒါကို ထိုင်းမှိုင်းတယ်လို့ ခေါ်တာပဲ၊
ပါဠိလိုတော့ ထိနမိဒ္ဓလို့ ဘာသာခေါ်တာပေါ့ဗျာ၊ ကျွန်ုပ်လည်း
ပါဠိကောင်းကောင်း မတတ်ပါဘူးဗျ၊ အဲဒါကို မြန်မာလိုတည့်

တည့် ပြောရင်အိပ်ချင်တယ်ပေါ့ဗျာ၊ အဲ့ဒီတော့ မိမိစိတ်ကို မိမိဆုံးမမယ့်သူဟာ အစာအိပ်မှာအစာများများ မထည့်ရဘူး အဲ့ဒါ 'ဥပဒေသတစ်' ပဲ၊ အစာစားတဲ့အခါမှာလည်း မစားရ မဖြစ်လို့ စားရတဲ့သဘောပဲ၊ စားကောင်းတာတွေ ရွေးချယ်ပြီး စားမနေရဘူး၊ ခန္ဓာကိုယ်ကြီး အလုပ်လုပ်နိုင်ဖို့ကိုပဲ ရည်ရွယ်ပြီး စားရမယ်၊ အစာတွေကို ကိုယ်ကြိုက်တာတွေကိုရှာပြီး တ တစ်ပြိုစားနေလို့ကတော့ ဝိဇ္ဇာမဖြစ်ဘူး၊ ပြိတ္တာပဲ ဖြစ်သွား လိမ့်မယ်"

ဟု ကျွန်ုပ်အား ဆုံးမလေတော့၏။

"ကောင်းပါပြီ ခါးကုန်းလေးရယ် အဲ့ဒီဥပဒေသကို ကျွန်ုပ် လိုက်နာပါ့မယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာငင်းက

"လိုက်နာရမှာပေါ့ မလိုက်နာရင် လူနာသွားမယ်၊ ပြီးတော့ ဝိဇ္ဇာ ဆိုတာ ဘာလဲဆိုတာကိုလည်း ပြောပြရဦးမယ်"

ဟု စကားစလိုက်လေတော့၏။

"ဟုတ်ပါပြီ အဲ့ဒါကို သိချင်တာပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်ခါးကုန်းက

"လူစင်စစ်ကနေ နတ်သိကြားတွေရဲ့ တန်ခိုးမျိုးကိုရနေတဲ့ လူ ဟာ ဝိဇ္ဇာပေါ့၊ အဲ့ဒီတော့ အဲ့ဒီဝိဇ္ဇာဟာ ဖြစ်နိုင်သလား၊ မဖြ



နိုင်ဘူးလား ပထမစဉ်းစားရမယ်၊ လူဟာ လူလောက်ပဲ စွမ်းရည် ရှိရမယ့်နေရာမှာ နတ်လောက်စွမ်းရည်ရှိရမယ်ဆိုပြီး လုပ်တဲ့ အလုပ်တစ်ခုပဲ၊ အရမ်းလုပ်လို့တော့ မဖြစ်ဘူး၊ ရှေ့မှာအဲဒီလို လုပ်လို့ ဖြစ်သွားကြရဲ့လားဆိုတဲ့ သာဓကတွေကို ကြည့်ရဦးမယ်"

ဟု ပြောလေ၏။

"ဒီလိုပါခါးကုန်းရယ် ဝိဇ္ဇာရှိတယ်လို့တော့ ကြားဘူးတာပဲ၊ အ ထောက်အထားနဲ့ သိတာမျိုး ဘာမျိုးတော့ မဟုတ်ပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ခါးကုန်းက

"ကျွန်ုပ်တို့ရွာမှာ ကိုသာတုတ်ဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ ဘာမှ တိတိကျကျ မသိဘူး၊ ရမ်းပြီးလုပ်တာရယ်၊ မှန်းပြီး လုပ်တာရယ်ပဲ ရှိတယ်၊ အဲ့ဒါကြောင့် သူ့ကိုတစ်ရွာလုံးက 'မှန်းလုပ်ရမ်းလုပ် ကိုသာတုတ်' လို့ခေါ်တယ်၊ အခုခင်ဗျားလည်းပဲ ရမ်းလုပ်မှန်း လုပ်ပဲ၊ ဘယ်လိုလုပ် ဖြစ်မှာလဲ "

ဟု ပြောလိုက်လေ၏။

"ခါးကုန်းပြောရင်လည်း ခံရမှာပဲ၊ ကျွန်ုပ်ရဲ့ အခြေအနေဟာလည်း ဒီအတိုင်းပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ခါးကုန်က

"ဒီလိုကိုရွှေမြသာရဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ခေတ်မှာ အဲ့ဒီဘက်ကိုလိုက်စားတဲ့သူ တော်တော်များတယ်၊

'မနောမယ သိဒ္ဓိဝိဇ္ဇာထိုက်လမ်း' ပေါ့ဗျာ၊ ဘုရားဟော 'သုတ် သီလ အဋ္ဌကထာ ကေဝဋ္ဋသုတ်' မှာ ဝိဇ္ဇာအကြောင်း ပါတယ်၊ စိတ်ဆန္ဒ လှံ့လဝီရိယရှေ့ထားပြီး လုပ်ရင်ဖြစ်နိုင်တယ်၊ ပေါက္ခ ပြည်မှာ နန်းစံတဲ့အနော်ရထာတို့ ၊ နရပတိစည်သူတို့ကို ဝိဇ္ဇာ က ဂါထာလာဆက်တယ်လို့ 'မဟာသာရကျမ်း' မှာ ဆိုတယ် ပြီးတော့ 'ကဥ္စလ' ဝတ္ထုမှာ ကောင်းကင်ပျံ ဝိဇ္ဇာထိုက်ရဲ့အကြောင်း ဖော်ပြထားတယ်၊ အဲ့ဒီဝိဇ္ဇာထိုက်ရဲ့ဟာ ဘုံပြာသဒ်ခုနစ်ဆင့်မှာနေ တဲ့ သူဌေးသမီးနဲ့တောင် တိတ်တိတ်ညားသွားသေးတယ်ဆိုပဲ၊ 'အပါဒါနံပါဠိတော်'မှာ သုမေဓာမြတ်စွာဘုရားကို ဝိဇ္ဇာကလာ ဖူးပြီး မဟာလှေခါးပန်းပွင့်လှူတယ်ဆိုတဲ့ အကြောင်းပါတယ်၊ ပြီးတော့ ရာဇဝင်လ်မှာ 'ဥတ္တရသာမဏေကျော်' အလောင်းတော် က ဝိဇ္ဇာထိုက်ဘဝမှာ 'သုမေဓာ' ဘုရားရှင်ကို စိပ်ပုတီးလှူခဲ့ တယ်လို့လည်း ဆိုထားတယ်၊ ပြီးတော့ သဒ္ဒနိပါတ် 'ဝိဓော' ဇာတ်ထဲမှာ ဗြဟ္မဒတ်မင်းကြီးရဲ့ နန်းတော်ကို ဝိဇ္ဇာထိုက်ဝင် လာတယ်လို့ ဆိုထားတယ်၊ 'နဝနိပါတ်သမုဒ္ဒ' ဇာတ်တော်မှာ 'ယသုဒ္ဓမ္မ' ဝိဇ္ဇာထိုက်ရဲ့ဟာ 'ဒါနဝတီ' ဆိုတဲ့ ကြွက်ဆဲထည့်ပြီး လှကပါးစပ်ထဲ ငုံထားတဲ့ မိန်းကလေးကိုဝင်ပြီး ပေါင်းသင်း တယ်လို့တောင် ဆိုထားတယ်၊ သုဝဏ္ဏဇာတ်မှာ နဂါးမနဲ့ ဝိဇ္ဇာနဲ့ပေါင်းတယ်၊ နဂါးမှန်းသိလို့ ဝိဇ္ဇာက ပြန်သွားတယ်လို့ လည်း ဆိုထားတယ်၊ တောင်ထိပ်မှာနေတဲ့ဝိဇ္ဇာက တောင်





အောက်ကိုရေဆင်းမခပ်ပဲ ရေဘူးကိုတန်ခိုးနဲ့ ဆင်းခပ်နိုင်း တာကို 'နရစ' ညီနောင်ကမြင်လို့ ရေဘူးနောက်လိုက်သွားပြီး ဝိဇ္ဇာနဲ့တွေ့တယ်၊ အဲ့ဒီမှာ ဝိဇ္ဇာက အဲ့ဒီညီနောင်ကို ပညာ သင်ပေးတယ်ဆိုပဲ၊ ပြီးတော့ သထုံပြည်မှာ မဟာဇမ္ဗူ သပြေ သီးကိုစားပြီး မပုတ်မသိုးသေနေတဲ့ ဝိဇ္ဇာအသေကို ဘုန်းကြီး ကရခဲ့ပြီး ကျောင်းဝမှာထားတာကို ကုလားညီနောင်က ခိုးစား လို့ ပေါ်ပါးတယ်လို့ ဆိုထားတယ်၊ နောက်တစ်ခုက ရတနာပူရ မြို့မှာ ဆင်ဖြူရှင် 'တရဖျား' ဟာ ဝိဇ္ဇာနဲ့ တွေ့ရတယ်လို့ ပြော တယ်၊ ပြီးတော့ ဟံသာဝတီမှာ ဆင်ဖြူရှင်မင်းဟာ ကျုံးကြီး တူးတဲ့အခါမှာ မြေအောက်မှာ မြေအောင်းဝိဇ္ဇာတစ်ယောက်နဲ့ တွေ့တယ်ဆိုပဲ၊ အဲဒါတွေဟာ ကျွပ်ဖတ်ဖူးတဲ့အထဲမှာ မှတ်မိ တဲ့ ဝိဇ္ဇာထိုက်ရှိကြောင်း စာတစ်ချို့ပဲ"

ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ကိုခါးကုန်းက အတော်မှတ်မိတာပဲ၊ ကျွပ်ကတော့ ဘာမှ မသိ ပါဘူး၊ ခင်ဗျားပြောသလို မှန်းတုတ်ရမ်းတုတ် ကိုသာတုတ် ထဲကပါပဲ"

ပြောလိုက်လျှင် ခါးကုန်းက

"ကဲ... ကောင်းပြီ ကိုယ့်ရှေ့မှာ အဲ့ဒီလမ်းလိုက်သွားတဲ့ လူ တွေလည်း ရှိတယ်၊ ဖြစ်လည်း ဖြစ်သွားကြတယ်ဆိုတာသိပြီပဲ၊ အဲ့ဒီတော့ ကိုယ်ကဘယ်လိုလုပ်ရမှာတုန်း"

ဟု မေးလိုက်ရာ ကျွန်ုပ်က

"ဘယ်လိုလုပ်ရမှန်းမသိပါဘူး ခင်ကုန်းရယ်၊ ကျွန်ုပ်လည်း ဆရာတွေပြောသမျှတော့ လုပ်ကြည့်တာပါပဲ၊ ဒါပေမယ့် ခရီးလမ်းဆုံး မရောက်တော့လည်း ကျွန်ုပ်ရဲ့အလုပ်ဟာ မှန်တယ်မှားတယ် ပြောဖို့ ခက်ပါတယ်"

ဟု ဝန်ခံလိုက်ရလေ၏။ ထိုအခါ ခင်ကုန်းက

"ကိုရွှေပြည်သာ တစ်ခုစဉ်းစားကြည့်ဗျာ၊ လူမှာကရုပ်နဲ့ စိတ်ဆိုတာ နှစ်ခုရှိတယ်၊ ရုပ်ကြီးကို လေ့ကျင့်ရင်တော့ ကြွက်သားတွေ ပေါင်းပြီး တလကောင်းလာဖို့ကလွဲပြီး ဘာမှမဖြစ်နိုင်ဘူး၊ အဲဒီတော့ လေ့ကျင့်ရမှာက စိတ်ဆိုတာ သေချာသွားပြီဗျ၊ အဲဒီ လေ့ကျင့်ရမယ့်စိတ်ဆိုတာလည်း ဆုတ်ကိုင်လို့ရတာ မဟုတ်ဘူး ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်လည်း စိတ်ကတူတာ မဟုတ်ဘူးဗျ၊ ကိုယ့်ရှေ့မှာ ဖြစ်သွားတဲ့ ဘိုးဘိုးအောင်က ဘယ်လိုကျင့်လို့ ကိုယ်ကလိုက်ကျင့်လို့ ဘယ်လိုဖြစ်သွားမယ်တော့ မစဉ်းစားနဲ့ဗျ၊ ဘိုးဘိုးအောင်နဲ့ကိုယ်နဲ့က အဲဒီလိုစိတ်ဓါတ်ချင်း တူတာ မဟုတ်ဘူး၊ ဆံရှည်ကိုယ်တော်က ဘယ်လိုကျင့်လို့ ကိုယ်ဖြစ်မယ်လို့ မထင်နဲ့ဗျ၊ ကြီးပြင်းလာတဲ့ ပတ်ဝန်းကျင်၊ ကိုယ့်လက်ရှိ ပတ်ဝန်းကျင်တွေကိုထည့်ပြီး စဉ်းစားရမယ်၊ မွေးမိလိုက် အမဲသားမစားတဲ့ ဟိန္ဒူလူမျိုးတွေကို သက်သတ်လွတ် စားပါဆိုတာ အလွန်လွယ်ကူတဲ့ အလုပ်ဗျ၊ ကျင့်စဉ်လို့တော်



ပြောလို့မဖြစ်ဘူး၊ နဂိုထဲက သက်သတ်လွတ် စားနေတာပဲ မဟုတ်လား၊ ဒါပေမယ့် အသားစားတဲ့ မိဘနှစ်ပါးက ပေါက်ဖွားလာပြီး၊ အသားစားပြီး ကြီးပြင်းလာတဲ့ လူတစ်ယောက်အဖို့ သက်သတ်လွတ် သုံးရက်လောက်စားရတာဟာ အင်မတန်ခက်ခဲတဲ့ အလုပ်တစ်ခုဖြစ်နေတယ်၊ အဲဒီလို အသားကြိုက်တဲ့သူကို အသားမစားပါနဲ့ဆိုတာ သူ့ရဲ့ဆန္ဒကို စိတ်နဲ့ဖိနှိပ်ခိုင်းတာဗျ၊ စိတ်ကနိုင်ရင် ဆန္ဒက ငုတ်လျှိုးသွားတာ၊ ဒီနေရာမှာ ငုတ်လျှိုးတယ်လို့ ပြောတာနော်၊ ပျောက်သွားတယ်လို့ ပြောတာ မဟုတ်ဘူး၊ ခဏငုတ်လျှိုးသွားတဲ့ဆန္ဒဟာ တစ်ချိန်မှာပြန်ပြီး ပေါ်လာရင် လူဟာရူးသွားတတ်တယ်ဗျ၊ ဗိဇ္ဇာထိုင်နည်းကိုလိုက်လို့ ရူးသွားတဲ့အရူးတွေ အများကြီးပဲ ကျွန်ုပ်မြင်မယ်၊ အဲဒါခင်ဗျားလို မှန်းတုတ်ရမ်းတုတ် ကိုသာတုတ်ပေါ့ဗျာ၊ အဲဒီတော့ ဆန္ဒကို အလျှော့ပေးပြီး ဆန္ဒရှိတဲ့အတိုင်း လွှတ်ထားလိုက်မယ်ဆိုရင်လည်း စိတ်ကအရှုံးပေးရာ ရောက်မယ်၊ စိတ်က အရှုံးပေးပြီဆိုရင် ဘဝမှာအောင်မြင်မှု မရနိုင်ဘူး၊ တုံးဖြစ်သွားမယ်၊ အဲဒီတော့ ဒီလမ်းစဉ်ဟာ ဆန္ဒနဲ့စိတ်ကို ချိန်ခွင်နဲ့ချိန်စက်သလို လုပ်ပြီး အလုပ်လုပ်ရမှာ၊ တစ်ဖက်ကိုစောင်းရင် ရူးသွားမယ်၊ တစ်ဖက်ကို စောင်းရင်တုံး ဖြစ်သွားမယ်၊ အဲဒီတော့ မလုပ်တတ်ရင် အရူးနဲ့တုံး တစ်ခုခုဖြစ်သွားလိမ့်မယ်၊ ဖြစ်ချင်တာက ဗိဇ္ဇာ ကိုယ်လုပ်နေတာက အရူးအလုပ်၊ ဒါမှမဟုတ်ရင် တုံးအလုပ် ဆိုရင်တော့ ဘယ်မှာအကျိုးရှိမလဲ ကိုရွှေပြည်သာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ခါးကုန်း၏စကားကို မငြင်းနိုင်ဘဲ ရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ကိုယ့်လူကို ခါးကုန်းလို့တောင် မခေါ်သင့်ပါဘူး၊ ရွှေခါးလို့ ခေါ် သင့်တယ်၊ ကိုယ့်လူပြောတာ အတော့်ကို သဘာဝကျပါတယ်၊ မှန်လည်း မှန်ပါတယ်"

ဟု ဝန်ခံပြီးလျှင် စီးကရက်တစ်လိပ်အားမီးတို့၍ ရွှေခါးအား ပေးလိုက်လေ၏။ ရွှေခါးသည် စီးကရက်ကို ရှိုက်ဖွာ၍ မီးခိုးများကို ဟန်ပါပါ မှုတ်ထုတ်လိုက်ပြီးမှ

"ဘိုးဘိုးအောင် ကျင့်စဉ်ဆိုတဲ့ စာတစ်ခုဖတ်ဖူးတယ်၊ အဲဒီမှာ ပထမကိုးရက်မှာ ဂုဏ်တော်ကိုးပါးကို ပုတီးတစ်ပတ်စီ စိပ်တဲ့၊ ဒုတိယကိုးရက်အပတ်မှာ ဂုဏ်တော်ကိုးပါးကို ပုတီးနှစ်ပတ်စီတဲ့၊ အဲဒီလိုနဲ့ (၈) ရက်ကြာတဲ့အခါမှာ ပုတီး (၈၀)ပတ်တဲ့၊ အဲဒီတော့ ပုတီးအပတ်ပေါင်း (၄၀၅)ပတ် ဂုဏ်တော်ကိုးပါး မြှောက်လိုက်ရင် (၃၆၄၅)ရမယ် ထင်ပါရဲ့၊ ဘိုးဘိုးအောင်ကတော့ အမှန်တကယ် အဲဒီလို ကျင့်ခဲ့ကျင့်ခဲ့ မသိဘူး၊ စာတွေမှာတော့ အဲဒီလို ရေးထားတာ တွေ့ရတယ်၊ ရေးတဲ့လူကိုကျုပ်က မေးချင်တယ်၊ ဘယ်ပုရပိုက်က ရတာလဲ၊ ဘယ်ကျမ်း အထောက်အထားနဲ့ ဒါကို ဘိုးဘိုးအောင်ကျင့်စဉ်လို့ခေါ်တာလဲလို့ မေးချင်တယ်၊ ဘိုးဘိုးအောင်ကျင့်စဉ်ဆိုတာနဲ့ ကိုယ်ကရမ်းပြီး ပုံပြီးယုံလို့မဖြစ်ဘူး၊ စိစစ်ရဦးမယ်၊ တကယ်လို့များ ဘိုးဘိုးအောင်နဲ့ တွေ့ရင်လည်း





မေးကြည့်ရဦးမယ်၊ ဒီနည်းလမ်းကို ဘယ်ကရတာလည်းလို့၊ အဲဒီတော့ ဘိုးဘိုးအောင်ကျင့်စဉ်ဆိုပြီး လိုက်ပြီးကျင့်နေကြတယ်၊ ဘိုးဘိုးအောင်လိုဖြစ်တာ ဘယ်နှစ်ယောက်တွေ့ဘူးလဲ"

ပြောလေ၏။

"ဟုတ်ပါရဲ့ရွှေခါးရယ် ကျုပ်လည်း မစဉ်းစားခဲ့မိပါဘူး"

ကျွန်ုပ်ကပြန်၍ ပြောလိုက်မိလေ၏။

"ဒီလိုရှိတယ် ကိုရွှေမြသာ ဒါပေမယ့် အဲဒီလို ပုတီးစိပ်နည်းမှာ ဘိုးဘိုးအောင်ကျင့်စဉ် ဟုတ်တာမဟုတ်တာအပထား နည်းနေစ် တစ်ခုတော့ပါနေမှာ အမှန်ပဲဗျ၊ အဲဒါက ဘာလဲဆိုတော့ ကျုပ်တစ်ခု စဉ်းစားကြည့်တယ်၊ (၈၀)ရက်လုံးလုံး ပုတီးစိပ်ပါဆိုရင် ကျုပ်ကအဲဒီနည်းကို လုံးဝလက်ခံမှာ မဟုတ်ဘူး၊ အခုဟာက တဖြည်းဖြည်းတက်သွားတဲ့နည်းဗျ၊ အဲဒါဟာ လျှို့ဝှက်ချက်ပဲ၊ တစ်ပတ်ကနေ နှစ်ပတ်၊ နှစ်ပတ်ကနေ သုံးပတ်၊ သုံးပတ်ကနေ လေးပတ်၊ အဲဒီဟာက စိတ်အလုပ်လုပ်နည်းမှာ အိပ်အရေးကြီးတယ်ဗျ၊ ဒီနည်းဟာ ဘိုးဘိုးအောင်လုပ်တဲ့နည်း ဟုတ်ချင်ဟုတ်၊ မဟုတ်ချင်နေ၊ စိတ်အလုပ် လုပ်တဲ့အခါမှာ အဲဒီလို တဖြည်းဖြည်းချင်း တက်သွားရတယ်ဗျ၊ အဲဒါကြောင့် ကျုပ်တို့ကလည်း အဲဒီစာရေးတဲ့သူတွေကို ကျေးဇူးတင် ထိုက်ပါတယ်"

ခါးကုန်းက ပြောလေ၏။ ထို့နောက်ကျွန်ုပ်သည် ရေနွေးကြမ်း

တစ်ခွက်ကို ငုံ၍သောက်လိုက်လေ၏။ ရွှေခါးသည် ကျွန်ုပ်အ
အတွက် ဆန်ပြုတ်ကို ထည့်ပေးလေ၏။ ကျွန်ုပ်သည် ဆန်ပြု
နှစ်ချိုက်စွာ သောက်၏။ ထိုအချိန်၌ ရွှေခါးက

"ဒီမှာ ကိုရွှေမြသာ ခင်ဗျားကြီးပြင်းတဲ့ ပတ်ဝန်းကျင်
အသားကိုစားပြီး ကြီးပြင်းလာရတယ်၊ ခင်ဗျား ကိုယ်တိုင်က
အသားကို နှစ်ခြိုက်တယ်ဆိုရင် အသားမစားပဲ သက်သက်
စားပြီး ကျင့်တဲ့အလုပ်ကို မလုပ်ပါနဲ့ ထိုက်သင့်သလောက်
ဆနဲ့ကို တအားရိုက်မချိုးပါနဲ့ သူ့ကို ယဉ်ကျေးအောင်
သွင်းယူပါ၊ ပြီးတော့ မြဒါးဆိုတဲ့အရာဟာ အပူနဲ့တွေ့ရင် တ
ပြေးတော့တာပဲ မဟုတ်လား၊ အဲ့ဒါကို ပဋိကမ္မရားဆိုတဲ့ ကျ
မင်းသားက သံပုရာသီးထဲကို မြဒါးဖောက်ထည့်ပြီး နေ့ပြ
ဗျ နည်းနည်းလေးယူတာနဲ့ ပြန်ပြီးသိမ်းလိုက်တယ်၊ အဲ့
တဖြည်းဖြည်း အပူတိုးတိုက်ပြတယ်၊ အဲ့ဒီနည်းကို အဂ္ဂိရတ်
တွေက ပူတန်နည်းလို့ခေါ်တယ်၊ ပူရင်တန်တော့လို့ ပြော
တန်တော့ဆိုတာ ရပ်တော့လို့ပြောတာ၊ အဲ့ဒီတော့ စိတ်
မြဒါးထက် ဆိုးတော့မပေါ့ဗျာ၊ တအားကြီး ထိမ်းလို့ဘယ်
'ပူတန်နည်း' ဟာ နေရာအကျဆုံးပဲ၊ သူများတကာက ပေ
လျှောက် တစ်ခါတည်း သုံးနာရီထိုင်တာကိုတွေ့လို့ ကို
လိုက်ပြီး မထိုင်နဲ့ဗျ ဒုလာခွဲတာပဲ အဖော်တင်မယ်၊ နည်း
လေးပြီမ်အောင် ဖမ်းလိုက်၊ ဖမ်းမရတဲ့အခါ အသ





ထလိုက်ပြီးရင် ပြန်လုပ်လိုက်၊ အဲ့ဒီတော့ အဲ့ဒီလို ချော့ပြီးဖမ်း
ရင် နောက်တော့ အကြာကြီး ဖမ်းထားနိုင်တယ်၊ စလုပ်လုပ်
ချင်းစိတ်ကို သုံးနာရီငြိမ်အောင်ဖမ်းဖို့ စိတ်မကူးပါနဲ့၊ သုံးမိနစ်
ငြိမ်ရင်ကို ဟုတ်ပြီလို့ သဘောထားပါ၊ တိုးရင်လည်း တစ်မိနစ်
လောက်တိုးပါ၊ ဒါမှ လေ့ကျင့်ရာရောက်မယ်၊ လေ့ကျင့်တယ်
ဆိုတဲ့စကားမှာ အလေ့အထဖြစ်အောင် လုပ်တာရယ်၊ ကျင့်
တာရယ်ဟာ ပါနေပြီပဲ၊ အလေ့အထဆိုတာက အကြိမ်များ
များလုပ်တာကို ပြောတာ၊ တစ်ခါတည်းပြီးအောင် လုပ်မယ်ဆို
ရင် အလေ့အကျင့်လို့ ဘယ်ပြောမလဲ၊ တစ်ခါတည်းပြီးအောင်
လုပ်တာလို့ ပြောမှာပေါ့၊ အဲ့ဒါကို သဘောပေါက်ထားစေချင်တယ်
ကိုရွှေမြသာရေ"

ဟု ပြောလေ၏။

"ဟုတ်ပြီ. . . ဟုတ်ပြီ. . . ကျွန်ုပ်စိတ်က အလုပ်ကိုတအား
ဖွတ်ပြီး လုပ်ခဲ့တာဗျ ခင်ဗျားပြောသလို အချိန်နည်းနည်းနဲ့
အကြိမ်များများ လုပ်ရမှာဗျ"

ဟု ကျွန်ုပ်ကပြန်၍ ပြောလိုက်လေ၏။ ထို့နောက် ရွှေခါးသည်
စကားကိုဖြတ်၍ ထမင်းအိုးတည်ပြီးလျှင် ကျွန်ုပ်ထံမှ ဗိုက်ဆံ
တောင်းကာ ထွက်သွားလေ၏။ ပြန်လာသောအခါ၌ ဟင်းချက်
စရာများ၊ ကြာရှည်ထား၍ရသော ငါးခြောက်ငါးခြမ်းများ၊ ပြည့်စုံ
အောင်ဝယ်၍ လာလေ၏။ သူသည် ထိုနေ့နံနက်စာအတွက် ကျွန်ုပ်

အား ဝက်သားနှင့်ပုန်းရည်ကြီးဟင်း ချက်ကျွေး၏။ မယ်ဇလီ ဟင်း
တစ်ခွက်လည်းပါ၏။ ကျွန်ုပ်သည် ထိုနေ့နက်စာကို မြိန်ယှက်စွာ
စားသောက်ရလေ၏။

"ရွှေခါးက ဟင်းချက်တယ်ကောင်းတာကိုး"

ဟု ကျွန်ုပ်က ချီးမွမ်းလိုက်ရာ

"ကိုယ့်လူက အသားဟင်းမစားရတာ တစ်လရှိပြီလေ၊ အဲ
ကြောင့် သိပ်ပြီးစားလို့ ကောင်းသွားတာပါ။ ဒါပေမယ့် မဝ
ဆယ့်လုပ်လောက်မှာ ထမင်းတော်နေဉ်၊ ဗိုက်ထဲမှာ အစာ
များရင် ပြဿနာဖြစ်လိမ့်မယ်"

ဟု ရွှေခါးက ပြန်ပြောလေ၏။

"ဗိုက်ထဲမှာ အစာမရှိအောင်နေမယ်ဗျာ၊ အဲဒါကိုရော ဘယ်
ပြောမှာတုန်း ရွှေခါးရဲ့"

ဟု ကျွန်ုပ်ကပြန်ပြောလိုက်ရာ ရွှေခါးက

"အဲဒါလည်း မစားရတဲ့ပြဿနာပေါ့၊ အစားလွန်ရင်လည်း အစ
လွန်တဲ့ ပြဿနာပေါ့၊ သင့်တော်မှုတစ္စာ မှီဝဲရတယ်၊ လောကပြ
မှာ သတိဆိုတဲ့အရာကလွဲပြီး ကျန်တာဟာဘာမှပိုပြီး လုပ်
ကောင်းတာ မဟုတ်ဘူး"

ဟု ကျွန်ုပ်အား သတိပေးလေ၏။ ကျွန်ုပ်နှင့် ရွှေခါးတို့သည် ထမ
စားကြ၏။ ထို့နောက် ထန်းလျက်ခဲအနည်းငယ်ကိုက်ကာ ရေ

ကြမ်းသောက်ကြလေ၏။ ပြီးလျှင် ဆေးလိပ်ဖွာကြ၏။

"ကဲ. . . ကျင့်စဉ်ကိုပြောပေတော့ ရွှေခါး၊ အချိန်ဆွဲလို့ မရ
ဘူးနော်"

ဟု ကျွန်ုပ်ကပြန်၍ ပြောလိုက်လေတော့၏။ ထိုအခါ ရွှေခါးက

"ကျင့်စဉ်ကဘာမှ အရေးမကြီးဘူး၊ ကျင့်နိုင်ဖို့က အရေးကြီး
တာ ပထမဦးဆုံး ကိုရွှေမြဲသာလုပ်ရမယ့် အလုပ်ဟာ ကိုယ့်ကို
ကိုယ်ပြန်ပြီး ဝေဖန်သုံးသပ်ဖို့ပါပဲ၊ အကောင်းဆုံး ဝေဖန်
သုံးသပ်နည်းကတော့ ငြိမ်ငြိမ်ကလေးထိုင်နေတဲ့နည်းပဲ၊ ခင်ဗျား
က မနက်ဖြန်ကစပြီး (၄၉)ရက်လုံးလုံး အစိဋ္ဌာန်နဲ့ ဘာမှလည်း
မဆိုနဲ့ ဘာမှလည်းမလုပ်နဲ့ ဟောဒီထဲမှာ ငြိမ်ငြိမ်ကလေး မထိုင်
နဲ့၊ ဟောဒီတဲကလေးထဲမှာ ငြိမ်ငြိမ်ကလေးထိုင်ပြီး မျက်စိမှိတ်
ထားရမယ်၊ စိတ်ကလည်း ဟိုတွေးဒီတွေး မတွေးနဲ့၊ အဲ့ဒီလို
မတွေးပဲနဲ့ သူ့အလိုလို ပေါ်လာတာတွေကိုလည်း လိုက်ပြီး
ပျောက်ဖြစ်မနေနဲ့၊ သူ့ဟာနဲ့သူ ပျောက်သွားလိမ့်မယ်၊ ကျွပ်
ပြောချင်တာကတော့ ခင်ဗျားလုပ်ရမယ့်အလုပ်ဟာ ထိုင်နေ
တာပဲ ဖြစ်ရမယ်၊ ထိုင်နေတာကလွဲပြီး ဘာတစ်ခုမှပိုပြီး မလုပ်ပါ
နဲ့ အဲ့ဒီလိုထိုင်နေတာကလည်း အလုပ်တစ်ခုလို သဘောထားပြီး
မထိုင်ရဘူး၊ ပေါ့ပါးသက်သာစွာနဲ့ ထိုင်နေတဲ့သဘောပဲ ဖြစ်
ရမယ်"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ရွှေခါးနည်းကလည်း အဆန်းပါလား၊ ဘာမှလည်း မလုပ်ရဘူး[illegible] ဆိုတော့ ဘယ်လိုအစီအစဉ်မျိုးလဲ"

ဟု မေးလိုက်ရာ ရွှေခါးက

"ဘာမှမလုပ်တဲ့ အစီအစဉ်ပေါ့ဗျာ၊ ခင်ဗျားဟာ နှစ်ရှည်လများ[illegible] လုပ်ကြည့်ပြီးပြီပဲ၊ ထူးမှမထူးပဲ၊ အခုတော့ ဘာမှမလုပ်တဲ့[illegible] အစီအစဉ်ကို စမ်းကြည့်ရအောင်၊ အဓိပ္ပါယ်ကတော့ဗျာ ဘာ[illegible] မလုပ်ဘူးဆိုတဲ့ အလုပ်ကို လုပ်နေတယ်ပေါ့"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"ရွှေခါးရယ် စကားနှစ်လုံးတည်းနဲ့ ရှုပ်လိုက်တာ"

ဟု ညီးညူလိုက်ရာ

"ခုရှုပ်မှ နောင်ရှင်းပေါ့ဗျာ"

ဟု ရွှေခါးက ပြောလိုက်ပြီးနောက် ကျေကျေနပ်နပ်ကြီး ရယ်[illegible] လိုက်လေတော့သတည်း။

"ဟား ... ဟား ... ဟား ... ဟား"





# မီးတောက်ပြီ

ရွှေခါးသည် ကျွန်ုပ်အား (၄၉) ရက်လုံးလုံး ငြိမ်ငြိမ်လေး ထိုင်[illegible]နေသော ကျင့်စဉ်ကို ကျင့်နိုင်း၏၊ ကျွန်ုပ်သည် ငြိမ်ငြိမ်ကလေး [illegible]ထိုင်နေ၏၊ သူသည်ကျွန်ုပ်အား မပြိုမငြင် ချက်ပြုတ်ကျွေးမွေး၏၊ ကျွန်ုပ်ချိုးရန် ရေကိုပင်ခပ်ပေး၏၊ ကျွန်ုပ်၏ အဝတ်အစားများကို [illegible]လျှော်ပေး၏၊ ထို့နောက် ကျွန်ုပ်ကို ကိုယ်တိုင်နှိပ်ပေး၏၊ ရွှေခါး[illegible]ကလေးသည် ကျွန်ုပ်အတွက် လွန်စွာအသုံးဝင်သောလူတစ်ယောက် [illegible]ဖြစ်နေ၏၊ သို့ရာတွင် ကျွန်ုပ်၏ကျင့်စဉ်မှာ ထူးခြားခြင်း မရှိလှပါ၊ (၄၉) ရက် ပြည့်သွားသော်လည်း ဒီအတိုင်း ဒီအတိုင်းပင် ဖြစ်နေ၏၊ ထို့ကြောင့် ကျွန်ုပ်က

"ရွှေခါးရေ… ဒီနေ့ဟာ (၄၉)ရက်ပြည့်တဲ့နေ့ပဲ၊ ကိုယ့်
ကျင့်စဉ်ကို အားမနာတမ်းပြောရရင်တော့ မထူးရေး၍ မထူ

ဟု ပြောလိုက်ရာ ရွှေခါးက ပြုံးလေ၏။ သူ၏ အပြုံးတွင်အဓိပ္ပ
များစွာ ပါနေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဘာကို ပြုံးတာလဲ ကိုရွှေခါးရယ်"

ဟု ပြောလိုက်လျှင် ရွှေခါးက

"ကိုရွှေမြသာကို ကျုပ်က လူကြီးလူကောင်းလို့ သဘောထာ
ကျင့်စဉ်ကိုကျင့်ဖို့ လွတ်လွတ်လပ်လပ် လွှတ်ပေးထားတာ၊ ဒါ
မယ့် ခင်ဗျားက အဲ့ဒီလိုလွှတ်ပေးထားလို့ မရဘူး၊ ကျုပ်ကို
တိုင် ကြပ်မတ်ပြီး ကလေးတစ်ယောက်ကို မောင်းသလို မော
ရတော့မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ရွှေခါးက အခုကျုပ်ကို မမောင်းသေးဘူးလား ကျုပ်က မော
နေပြီ ထင်နေလို့"

ဟု ပြောလိုက်လျှင် ရွှေခါးက

"ဘယ်ကလာ မောင်းရဦးမှာလဲ၊ အကျိုးအကြောင်း ပြောပြစရာ
ရှိသေးတာပဲ"

ဟု ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က



"ဒီလို ဆိုလည်း မောင်းပေါ့၊ ဘယ်တတ်နိုင်မလဲ"

ဟု ပြောလိုက်လျှင် ရွှေခါးက

"ဒီလိုရှိတယ် ကိုရွှေမြသာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ အတူတွဲပြီး အလုပ်
တစ်ခု လုပ်ကြရမယ်၊ အဲ့ဒီ အလုပ်ဟာ ဘာလဲဆိုတော့ ခင်ဗျား
သိဒ္ဓိရှင် ဖြစ်ဖို့လုပ်တဲ့ အလုပ်ပဲ၊ အဲဒီတော့ သိဒ္ဓိဆိုတာဘာလဲ၊
သိဒ္ဓိဆိုတာ တန်ခိုးစွမ်းရည်ကိုပြောတာ၊ အဲဒီ တန်ခိုးစွမ်းရည်
ကို ဘယ်ကရနိုင်သလဲ၊ ရုပ်က ရနိုင်သလား၊ စိတ်က ရနိုင်သလား၊
စဉ်းစားရတော့မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ဒါကတော့ ရွှေခါးရယ်၊ စိတ်ရဲ့ စွမ်းအင်ပေါ့၊ အဂ်လိပ်လို
ဗီလ်ပါဝါလို့တောင် ခေါ်တာပဲ"

ဟု ပြန်၍ ပြောလိုက်လျှင် ရွှေခါးက

"စိတ်ဆိုတဲ့ အရာဟာ ခန္ဓာကိုယ်ရဲ့ ဘယ်အနေအထားမှာ ရှိသလဲလို့
ပြောဖို့ အလွန်ခက်တယ်ဗျ၊ စိတ်ကို ရှာရတာဟာ လိပ်စာမသိတဲ့
လူတစ်ယောက်ကို ရှာရတာထက် ပိုခက်လိမ့်မယ်၊ ဒီစကားကို
ခင်ဗျား လက်ခံလိမ့်မယ် ထင်ပါတယ်"

ဟု ပြန်၍ မေးလိုက်လေတော့၏။ ထိုအခါ ကျွန်ုပ်က

"ငြင်းစရာ မရှိပါဘူး"

ဟု ပြန်၍ ပြောလိုက်လျှင် ရွှေခါးက

"ဒီလိုရှိတယ် ကိုရွှေမြသာ၊ ကျုပ်တို့ဟာ တွေးခေါ်တယ် ဆိုပါတော့ဗျာ၊ အရပ်စကားနဲ့ ပြောရရင် အတွေးပေါ့၊ အဲဒီ အတွေးဟာ စိတ်နဲ့ဆက်စပ်နေတယ်ပြောရင် ခင်ဗျားငြင်းမလား"

ဟု မေးလိုက်ရာ ကျွန်ုပ်က

"မငြင်းပါဘူး ရွှေခါးရယ်၊ ဒါဟာ ငြင်းရမယ့် အလုပ်မှမဟုတ်ပဲ"

ဟု ပြောလိုက်လေ၏။ ထို့နောက် ကျွန်ုပ်သည် ဆေးလိပ်ကို မီးညှိ၍ ဖွာရှိုက်ကာ မီးခိုးများကို မှုတ်ထုတ်ရင်း ရွှေခါးထံမှ ထွက်လာမည့် စကားများကို နားစွင့်နေလေ၏။ ထိုအခါ ရွှေခါးက

"အတွေးဟာ ဦးနှောက်ရဲ့ ထွက်ကုန်ပစ္စည်းပဲဗျ၊ ဥပမာဆိုပါတော့ဗျာ၊ ဒိုင်နမိုဟာ လျှပ်စစ်ဓါတ်ကို ထုတ်ပေးတယ်ဆိုပါတော့၊ အဲဒီလို ဦးနှောက်ဟာ အတွေးတွေကို ထုတ်ပေးတယ်၊ ဦးနှောက်ဟာ ဘာနဲ့ တူသလဲဆိုရင် ဒိုင်နမိုနဲ့တူတယ်၊ ဒိုင်နမိုကနေ ဝိုင်ယာကြိုးတန်းပြီး မီးလုံးအမြောက်အများ တပ်ထားရင် မီးတွေသူ့နေရာနဲ့သူ လင်းသွားသလို ဦးနှောက်ဟာလည်း အကြောတွေနဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို သွယ်တန်းထားတယ်ဗျ၊ မျက်စိမှိတ်ဖို့ ပါးစပ်ဖွင့်ဟဖို့ကအစ အာရုံခံစားဖို့ အားလုံး သူ့အကြောနဲ့သူ သွယ်တန်းထားတယ်၊ အဲဒီတော့ ဦးနှောက်ကို ဒိုင်နမိုလို့ လွယ်လွယ်ပဲ ပြောရမှာပေါ့ဗျာ၊ ဒါပေမဲ့ ဦးနှောက်မှာ



လည်း အပိုင်းနှစ်ပိုင်းရှိတယ်ဗျ၊ မူလဦးနှောက်ကြီးနဲ့ အဲဒီ ဦးနှောက်ကြီးရဲ့ အောက်အတွင်းဖက်ကျကျမှာရှိတဲ့ စီရီဗယ်လ်ဆိုတဲ့ ဦးနှောက်ငယ်တစ်ခု ရှိသေးတယ်၊ အဲဒီ ဦးနှောက်ဟာ အဓိကဒိုင်နမိုပဲဗျ၊ သူဟာ အတွေးတွေကို ထုတ်လုပ်ပေးတဲ့ စက်ပဲဗျ၊ ပြီးတော့ အလွန်စွမ်းရည်သတ္တိရှိပါတယ်ဆိုတဲ့ မသိစိတ်ဆိုတာ အဲဒီနားမှာ ဖြစ်ပေါ်တာဗျ၊ အဲဒါကိုတော့ လူအတော်များများ လက်ခံမှာမဟုတ်ဘူး၊ တခြားလူတွေ လက်ခံတာ လက်မခံတာ အကြောင်းမဟုတ်ဘူး၊ ကိုရွှေမြသာ ခင်ဗျားကတော့ လက်ခံရလိမ့်မယ်၊ ကျုပ်ကလည်း ခင်ဗျားကို ဖွတ်အတင်း လက်ခံခိုင်းရလိမ့်မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် တစ်ချက်မျှ ပြုံးလိုက်ပြီးနောက်

"ဖွတ်အတင်း မလုပ်ပါနဲ့ ရွှေခါးရယ်၊ လက်ခံဆိုရင်ပဲ လုံလောက်ပါပြီ၊ လက်ခံပါ့မယ် ငါ့လူရှား၊ တစ်ခုတော့ရှိတယ် အဲဒီ စီရီဗယ်ဆိုတဲ့ ဦးနှောက်ကလေးက အတွေးတွေ ထုတ်လုပ်တယ်ဆိုတာ ကျုပ်မငြင်းပါဘူး၊ ဒါပေမယ့် အဲဒါနဲ့ ကျုပ်သွားရမယ့် သိဒ္ဓိလမ်းနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

"သိပ်ပြီး ပတ်သက်တာပေါ့၊ သိဒ္ဓိတို့ တန်ခိုးတို့ဆိုတာ အတွေးဆိုတဲ့ အရာကနေ ပေါ်ရတာပဲ၊ အစီအစဉ် မရှိတဲ့ အတွေးတွေ

ဟာ အမှိုက်သရိုက်တွေနဲ့ တူတယ်၊ အစီအစဉ်နဲ့ စနစ်တ
တွေးတဲ့ အတွေးတွေဟာ အခုကိုရွှေမြသာ လိုချင်ပါတယ်ဆို
သိန္နီ တံခါးကိုဖွင့်မယ့် သော့ပဲ၊ အဲဒါကိုတော့ ခင်ဗျားမြဲ
ယုံကြည်ထားဖို့လိုတယ်"

ဟု ရွှေခါးက ပြောလေ၏။

"ရွှေခါးရဲ့ စကားက ခပ်ဆန်းဆန်းပဲ၊ အခုပြောတဲ့ စကားတွေဟာ
ကျင့်စဉ်ကို ပြောပြောနေပြီနော်"

ဟု ကျွန်ုပ်က မေးလိုက်ရာ ရွှေခါးက တခစ်ခစ်ရယ်ရင်း

"ဒီမှာ ကိုရွှေမြသာ. . . အခု ကျွန်ုပ်ပြောနေတဲ့ အတွေးဆိုတဲ့
စကား၊ အဲဒီအတွေးကို စနစ်တကျရှိရမယ်ဆိုတဲ့ စကားဟာ
ခင်ဗျားကို ကျွန်ုပ်ညွှန်ပြမယ့် ကျင့်စဉ်ရဲ့အစလည်း ဖြစ်တယ်
ကျင့်စဉ်ရဲ့ အလယ်လည်း ဖြစ်တယ်၊ ကျင့်စဉ်ရဲ့ အဆုံးလည်း
ဖြစ်တယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဘယ်ဆိုတဲ့ စာပါလား ကိုရွှေခါးရယ်"

ဟု ခပ်ဝေါ့ဝေါ့ ပြောလိုက်ရာ

"ဆိုထိုက်လို့ ဆိုတာပေါ့ဗျာ၊ ဒီကိစ္စမျိုးဟာ အပြောက်တိုက်
ကြွားလုံးထုတ်ရမယ့် ကိစ္စမျိုးမှ မဟုတ်ဘဲ"





ဟု ရွှေခါးက ပြန်၍ပြောလေ၏။

"ကျွန်ုပ်လုပ်ခဲ့တဲ့ နည်းစနစ်တွေထဲမှာ 'ဆရာကျင့်ရင်း' ဆိုတဲ့ နည်း
တစ်ခု ပါတယ်ဗျ၊ အဲဒါ ကိုတော့ ကျွန်ုပ်ဆရာက တစ်ခါတလေ
'ဇော်ဂျီဆရာကျင့်ရင်း' လို့လည်း ပြောတယ်ဗျ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်

"ခင်ဗျားပြောတဲ့ ဇော်ဂျီဆရာကျင့်ရင်းဆိုတာ ကျွန်ုပ်နားလည်တဲ့
မြန်မာစကားနဲ့ပြောရင် ခံတင်းပေးတာပါဗျာ၊ ဒီလိုလုပ်မယ်
ဖြစ်ရမယ်လို့ ပါးစပ်ကလည်းပြောတယ်၊ စိတ်နဲ့လည်း လုပ်ရ
တယ် မဟုတ်လား၊ ဒါပေမယ့် ခုဒီအလုပ်ကတော့ စိတ်နဲ့ တိုက်
ရိုက်ကြီး သက်ဆိုင်တယ်၊ သူဌေးဖြစ်ချင်တဲ့သူဟာ မွဲတေနေတဲ့
ဘဝမှာကတည်းက မိမိသူဌေးဖြစ်နေပြီဆိုတဲ့ နမိတ်ပုံကို နိုင်နိုင်
မာမာ တွေးကြည့်နေရမယ် မဟုတ်ဖူးလား၊ သူဌေးဘဝကို မသွား
ခင်ကပဲ သူဌေးဘဝကို ရောက်နေရမယ် မဟုတ်လား၊ ဒီစကား
ဟာ 'မသွားခင်က ရောက်နှင့်နေရမယ်' လို့ပြောရမယ့် စကား
မျိုးပဲ၊ အဲဒီတော့ မကြားဖူးတဲ့ လူတစ်ယောက်ရဲ့နားမှာ ဒီစကား
ဟာ အတော့်ကို ထော်လော်ကန့်လန့် ဖြစ်စေတဲ့ စကားပဲဗျ
မသွားမှမသွားသေးပဲ ဘယ်လိုလုပ် ရောက်နေရမှာလဲလို့ စော
ဒက တက်စရာရှိတယ်"

ဟု ရွှေခါးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"မှန်ပါတယ် ကိုရွှေခါး"

ဟု ဝန်ခံလိုက်လေ၏။ ထိုသို့ ဝန်ခံပြီးနောက်

"ဒါဆို ဘယ်လိုလုပ်ရမလဲ ကိုရွှေခါးရယ်၊ လုပ်နည်းကိုသာ တည့်တည့် ပြောပါတော့။ သဘောတရားတွေသိပ်ပြီး ရှင်းမနေပါနဲ့တော့ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ရွှေခါးက

"လုပ်နည်းက လွယ်ပါတယ်၊ လုပ်ရမှာကလည်း အတွေးအလုပ်ပဲ လုပ်ရမှာပါ၊ ခင်ဗျားလိုချင်တဲ့ သိဒ္ဓိတွေ ခင်ဗျားဆီကို ရောက်နေပြီလို့ တွေးရမယ်၊ တစ်ခါတွေးရင် နှစ်မိနစ်လောက် တွေးရမယ်၊ အဲဒီထက် မပိုစေရဘူး။ အဲဒီအချိန်ဟာ အတော့်ကိုများနေပြီလို့ သဘောထား"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"နာရီကို နှစ်မိနစ် တစ်ခါ 'အလယ်' ပေးထားရမယ် ထင်တယ်"

ဟု ပြောလိုက်လျှင် ရွှေခါးက

"အဲဒီလိုလည်း ရပါတယ်လေ၊ ဒါပေမယ့် အဲဒီလို အလယ်ပေးတာထက် ပုတီးနဲ့ မှတ်တာက ပိုပြီးကောင်းလိမ့်မယ်ထင်တယ် (၁၀၈)လုံးပါတဲ့ ပုတီးကို တစ်လုံးချင်း မှန်မှန်ဆွဲချသွားရင် တစ်ပါတ်ပြည့်တဲ့အခါမှာ နှစ်မိနစ်နဲ့ အတူတူပဲဗျာ သိပ်ပြီး မကွာဘူး။ နှစ်မိနစ်မှာ စက္ကန့် (၁၂၀) ရှိတယ်၊ ပုတီးက (၁၀၈)လုံး



ရှိတယ်၊ ဒါပေမယ့် ဖြည်းဖြည်းမှန်မှန် တစ်လုံးချင်း ဆွဲချသွားမှ နှစ်မိနစ် အတိအကျ နီးပါးလောက် ရပါတယ်၊ အဲဒီတော့ ခင်ဗျားဟာ သိဒ္ဓိတွေနဲ့ ပြည့်စုံနေပြီ၊ အဲဒီကို ပြည့်စုံနေပြီ၊ အဲဒီလို ပြည့်စုံတဲ့အတွက် အဲဒီသိဒ္ဓိတွေနဲ့ ကူညီရမယ့်လူတွေကို ကူညီနေပြီ၊ အဲဒီ သိဒ္ဓိတွေနဲ့ သိဒ္ဓိစွမ်းရည်တွေ ပြနိုင်နေပြီဆိုတာကို ပုံဖော်ပြီး တွေးရမယ်၊ တစ်ခါတွေးရင် ပုတီးတစ်ပါတ် တွေးရမယ်၊ သိဒ္ဓိတွေနဲ့ ပြည့်စုံနေတဲ့ ရွှေမြသာရဲ့ ရုပ်သဏ္ဍာန်ကြီးကို ခင်ဗျားအာရုံထဲမှာ မမြင်ရသေးရင် မဟုတ်သေးဘူး။ အာရုံထဲမှာ အဲဒီပုံသဏ္ဍာန်ကြီး မြင်နေရမယ်၊ မြင်နေရတဲ့အခါမှာလည်း ဝိုးတိုးဝါးတား မဟုတ်ဘူး။ ပြတ်ပြတ်သားသား ပီပီသသကြီး မြင်နေရမယ်၊ အဲဒီလို မြင်တာကို နှစ်မိနစ်မြင်ရတဲ့အထိ မပျောက်မပျက်ရအောင် ထိန်းသိမ်းပြီး တရစပ်မြင်အောင် တွေးရမယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ကိုရွှေခါး၊ ခင်ဗျားပြောတာ အားလုံးသဘောပေါက်တယ်၊ ဒါပေမယ့် အချိန် နှစ်မိနစ်ဆိုတာ မနည်းလွန်းဘူးလား"

ဟု ပြန်၍မေးလိုက်ရာ ရွှေခါးက

"နှစ်မိနစ်ဆိုတာ များနေသေးတယ်၊ တကယ် လုပ်သင့်တာက တစ်မိနစ်ပဲ လုပ်သင့်တာ၊ အဲဒီတော့ ရှည်ပါတယ်ဗျာ၊ နှစ်မိနစ် မလုပ်နဲ့ တစ်မိနစ်ပဲလုပ်၊ တစ်မိနစ်ကို ပိုင်ပိုင်နိုင်နိုင် ရပြီဆိုမှ

နောက်တစ်မိနစ် တက်မယ်၊ တွေးတဲ့အခါမှာ အာရုံထဲမှာ မပေါ် ဘူးဆိုရင် ရပ်ပစ်မယ်၊ တစ်ခါရပ်ရင် တစ်နာရီနားမယ်၊ ပြီးမှ တစ်မိနစ် ထပ်လုပ်ကြည့်မယ်၊ မရသေးရင် တစ်ခါရပ်မယ်၊ တစ်နာရီနားမယ်၊ ပြီးတော့မှ တစ်မိနစ်လုပ်ကြည့်မယ်၊ အဲဒီလို တစ်မိနစ်ဆိုတဲ့ အချိန်တိုလေးအတွင်းမှာ ကိုယ်လိုချင်တဲ့ အတွေးကို တိကျနိုင်မှာအောင်လေ့ကျင့်ရမယ်၊ အဲဒီကနေ အောင်ပြီးရင် နှစ်မိနစ်၊ သုံးမိနစ်၊ လေးမိနစ်၊ နောက်ဆုံးမှာ နာရီနဲ့ ကြာအောင် လုပ်ရမယ်၊ အဲဒီလိုလုပ်လိုက်ရင် ခင်ဗျားသွားရမယ့် ပန်းတိုင်ဟာ ရောက်လုပြီပေါ့ဗျာ၊ ဘယ်တော့ လုပ်ရမလဲ ဆိုတော့ အခုကို လုပ်ရမယ်"

ဟုဆိုကာ ကျွန်ုပ်အား ထိုင်ပုံထိုင်နည်း၊ တွေးရမည့် အကြောင်းအရာ၊ အာရုံပေါ်ရမည့် ပုံသဏ္ဌာန်တို့ကိုပါ ညွှန်ပြ၍ နိုင်းလေ၏။ ဤအလုပ်မှာ ပါးစပ်ဖြင့်ပြောလျှင် လည်းကောင်း၊ စာဖြင့်ရေးလျှင်လည်းကောင်း၊ လွန်စွာလွယ်သော်လည်း လက်တွေ့တကယ်လုပ်သည့်အခါမှာ ထင်သလောက်လွယ်သော အလုပ်မျိုး မဟုတ်ပေ။ ကျွန်ုပ်သည် ရွှေခါးပြောသည့်အတိုင်း လိုက်၍လုပ်ရလေ၏။ နေ့စဉ် နေ့တိုင်း ကျွန်ုပ်အား တစ်မိနစ်တိတိ ထိုင်နိုင်း၏၊ မရလျှင် တစ်နာရီ နားနိုင်း၏၊ ပြီးလျှင် ပြန်၍လုပ်ရပြန်၏။ ရွှေခါးသည် ကျွန်ုပ်အား အနီးကပ် သွန်သင်ညွှန်ပြကာ လေ့ကျင့်ပေးလေ၏။ (၄၉) ရက် ကြာသောအခါ၌ မိနစ်တိုင်းတွင် ကျွန်ုပ်တွေးလိုသော အကြောင်းအရာကို အတိ





ကျတွေးနိုင်ရုံမျှမက ကျွန်ုပ်၏အာရုံ၌ မြင်စေလိုသောသဏ္ဌာန်ကိုလည်း အတိအကျ ပြတ်ပြတ်သားသား မြင်လာရတော့၏။ ယခင်က လွင့်ထနေသော ကျွန်ုပ်၏ စိတ်အလျဉ်များသည်လည်း ကန်ရေပြင်ကဲ့သို့ ငြိမ်သက်လာပြီဖြစ်၏။ ကျွန်ုပ်သည် ထိုလေ့ကျင့်ခန်းကို အစပထမ၌ အယုံအကြည်မရှိသော်လည်း (၄၉) ရက်ခန့်လုပ်ကြည့်ပြီးသောအခါ၌ ထူးခြားသော လေ့ကျင့်ခန်းဖြစ်ကြောင်းကို ကောင်းစွာ သဘောပေါက်လာပြီဖြစ်၏။ ထို့ကြောင့် ရွှေခါးအား

"ဆရာခါး (၄၉) ရက်တော့ပြည့်ပြီ၊ ဆက်ပြီးလုပ်ရဦးမှာလား"

ဟု မေးလိုက်ရာ

"နှစ်မိနစ်တက်"

ဟု ရွှေခါးက ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ပုတီးနှစ်ပါတ်ကြာသည်အထိ ကျွန်ုပ်၏အတွေးကို ထိန်းချုပ်နေပြန်၏။ တစ်မိနစ်အောင်ပြီးသောအခါ၌ နှစ်မိနစ်သည် များစွာမခက်တော့ပေ၊ ကျွန်ုပ်သည် ရက်အနည်းငယ် အတွင်း၌ပင် နှစ်မိနစ်အတွေးကို ထိန်းချုပ်၍ ရလာလေ၏။ ထိုအခါ ရွှေခါးက ကျွန်ုပ်အား သုံးမိနစ်၊ လေးမိနစ်စသဖြင့် တိုးပြီးမှတ်ရန် စေခိုင်းလေတော့၏။

ကျွန်ုပ်အား လေ့ကျင့်ခန်းများ ပေးထားပြီးနောက် ရွှေခါးသည် ရန်ကုန်သို့ မကြာခဏဆင်းသွားလေ့ရှိ၏။ ထိုသို့ဆင်းသွားပြီးနောက် ခြံကျယ်ကြီးနှင့် အိမ်ကြီးတစ်လုံးကို ဝယ်ယူတော့မည်ဖြစ်ကြောင်း

လည်း ကျွန်ုပ်ကိုပြောလေ၏။ ထို့နောက် လအနည်းငယ်အတွ
ပင် အိမ်ကြီးကိုဝယ်ပြီးဖြစ်ကြောင်း အိမ်ဝယ်သော စာချုပ်
လက်မှတ်ရေးထိုးရန်အတွက် စာချုပ်စာတမ်းများကိုလည်း ယူလာ
ကျွန်ုပ်ကလည်း လက်မှတ်ထိုးပေးရလေ၏။

အိမ်ဝယ်ပြီးသောအခါ၌ စာချုပ်စာတမ်းများကို ရွှေခါးက သိ
ထားလေ၏။ ထို့နောက် ထိုအိမ်၏ လှေခါးအောက်တွင် မြေတ
ကြီးတစ်ခု မြှုပ်နေပြီဖြစ်ကြောင်းပြောပြီးလျှင် မည်သို့မြ
ထားသည့်ပုံကိုလည်း စာရွက်ပေါ်တွင် ကျွန်ုပ်အား ဆွဲပြလေ
ထို့နောက် ရွှေခါးသည် ကျွန်ုပ်ဖြစ်စေလိုသည့် အကြောင်းအ
များကိုသာ စိတ်ကူး၍အာရုံပြုနိုင်းသည် မဟုတ်ပေ။ အရာဝတ္ထု
ကိုလည်း မျက်စိထဲတွင် စွဲထင်နေသည်အထိ အာရုံပြုနိုင်းလေ
၏။ ဥပမာအားဖြင့် ဖယောင်းတိုင် တစ်တိုင်ကိုထွန်း၍ ဖယော
တိုင် မီးတောက်အား အာရုံပြုနိုင်းရာ မီးတောက်သည် စွဲထင်
လေ၏။ ထိုသို့ စွဲထင်လာသောအခါ၌ ကျွန်ုပ်၏ ခန္ဓာကိုယ်ပြေ
နေရာ၌ ထိုအာရုံ မီးတောက်ကို ထွန်းညှိနိုင်းလေ၏။ ထိုပြေ
နေရာမှာ ဆီးစပ်၊ ချက်၊ ရင်ညွန့်၊ လည်ပင်း၊ နဖူးနှင့် ငယ်ထိ
ဖြစ်၏။ ထိုနေရာကို ရွှေခါးက စက်ကြီးခြောက်စက်ဟုခေါ်
တစ်ခါတစ်ရံ ၄င်းတ အင်ပေါ်တင့်ရှိုင့်ဟုလည်း ပြော၏။ အ
အတော်ကြာသောအခါ မြေတိုက်ကြီး ပြီးစီးသွားပြီဖြစ်ကြော
ပြော၏။ ကျွန်ုပ်၏ အာရုံများသည် မိနစ်ပိုင်းမဟုတ်တော့ န



ပိုင်းကြာအောင် နိုင်မာလာပြီ ဖြစ်၏။ ထို့နောက် ရွှေခါးသည် ကျွန်ုပ်အားလက်ဝဲနှစ်ဖက်ကို ပက်လက်လှန်၍ ရှေ့တည့်တည့်သို့ ဆန့်ထုတ်နိုင်း၏။ ထို့နောက် လက်ခုပ်တီးသည့် အနေအထားအတိုင်း လက်ဝါးကို ခေါင်လိုက်ပြုနိုင်း၏။ ပြီးလျှင် လက်ဝါးနှစ်ဖက်ကို တစ်ပေခွဲ ခန့်ခွာနိုင်း၏။ ကျွန်ုပ်က

"ဘာလုပ်ရမှာလဲ"

ဟုမေးရာ ရွှေခါးက ကျွန်ုပ်၏ လက်သူကြွယ်အောက်ခြေရှိ အသားပိုင် နေရာလေးကို လက်ဖြင့်ထောက်ပြပြီးလျှင်

"တစ်ကိုယ်လုံးမှာ သံလိုက်ဓာတ်ရှိတာကတော့ ဟုတ်တယ်၊ အဲဒီ သံလိုက်ဓာတ် ထုတ်လွှတ်တဲ့နေရာဟာ ဟောဒီ လက်နှစ်ဖက်မှာ ရှိတဲ့ ဒီနေရာဟာ အဓိကပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် ကျွန်းတွင်နေစဉ်က လက္ခဏာပညာကို အနည်းငယ် လိုက်စားဖူး၏။ ထို့ကြောင့် ရွှေခါးထောက်ပြသော နေရာကို ကျွန်ုပ်ကောင်းစွာသိ၏။ ထိုနေရာမှာ လက္ခဏာပညာအရ ဆိုပါမူ တနင်္ဂနွေဂြိုဟ်ခုံဖြစ်၏။

"ရွှေခါးရေ . . . ကိုယ့်လူပြတဲ့နေရာဟာ လက္ခဏာပညာမှာ တနင်္ဂနွေဂြိုဟ်ခုံလို့ ဆိုတဲ့နေရာပဲ"

ဟု ပြောလိုက်ရာ ရွှေခါးက

"မှန်တာပေါ့ ကိုရွှေမြသာ၊ ကျုပ်တို့နေ့နေတာ နေ့စကြာဝ လေဗျာ၊ ဒီနေစကြာဝဠာမှာ တနင်္ဂနွေကို အကြောင်းပြ ရှင်နေကြရတာ၊ သူဟာ အရေးအကြီးဆုံးပေါ့ ကိုယ်လူရဲ့ လ နှစ်ဖက်ကိုဆန့်တန်ပြီး ညာဘက်မှာရှိတဲ့ တနင်္ဂနွေပြိုဟ်နဲ့ ဘယ်ဘက်မှာရှိတဲ့ တနင်္ဂနွေပြိုဟ်နဲ့ရယ်ဟာ သံလိုက်ဓာ ဆက်သွယ်သွားပြီလို့ အာ ရုံပြုလိုက်၊ အဲဒီအခါမှာ ကိုယ် လက်နှစ်ဖက်ဟာ လှုပ်ရှားပြီး သံလိုက်ဓာတ် ဝင်လာတာ သိရမယ်၊ အဲ့ဒါကိုလုပ်ရင် နှစ်မိနစ်ပဲ၊ ပိုမလုပ်ရဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း လုပ် လေ၏။ တစ်ပေခွဲခန့် ခွဲထားသော ကျွန်ုပ်၏ လက်နှစ်ဖက် ကြိုးတစ်ချောင်းနှင့် ဆက်သွယ်ထားသကဲ့သို့ ဖြစ်နေသည်ကို တွင် တွေ့ရလေတော့၏။ ဤသို့လျှင် ကျွန်ုပ်အား နှစ်မိနစ် နိုင်းခဲ့ရာ အချိန်အတော်ကြာသွားသောအခါ၌ နာရီပေါင်းစွာ လက်ကို ဆန့်တန်း၍ ဤအတိုင်း လုပ်နိုင်လေ၏။ ရွှေခါး ကျွန်ုပ်အား ကျင့်စဉ်များကိုကျင့်နိုင်းသကဲ့သို့ ၎င်းမှာမူ အား မရှိ ရန်ကုန်သို့ နေ့စဉ်သွားနေရလေ၏။ နောင်တွင် သူသည် စတင်ကားကလေးတစ်စီးကို ဝယ်ခဲ့လေ၏။ ကားကိုချုံထဲတွင် ထား၏။

"ကိုရွှေမြသာရေ. . . ရန်ကုန်နဲ့ ပဲခူးဆိုတာ ကြည့်တာ လေးဗျာ ဒါပေမယ့် ကိုယ်သွားချင်တဲ့အချိန် ထသွားဖို့ က



ကားလေးတစ်စီးရှိမှ ဖြစ်မယ်ထင်လို့ ဘော်စတင်ကားလေး တစ်စီးဝယ်တာ"

ဟု ရွှေခါးက ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ရွှေခါးရယ်၊ အားလုံးလွှဲထားပြီးပြီ၊ ကိုယ့်လူ အနေနဲ့ ကောင်း တယ်ထင်တာ လုပ်ခွင့်ရှိပါတယ်၊ ကိုယ့်ကိုတိုင်ပင်ဖို့ ခွင့်တောင်း ဖို့တောင် မလိုတော့ပါဘူး"

ဟု ပြောလေ၏။ ရွှေခါးသည် မြေနီကုန်း၌ ကျွန်ုပ်အတွက် ဝယ်ထား သော မြေကို ကောင်းစွာပြင်ဆင်နေပြီဖြစ်၏။ ထိုမြေတွင် အလုပ်လုပ် ရန် မာလီကုလားနှင့် ထမင်းချက်ကိုပင် ငှားရမ်းခန့်ထားပြီး ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်အား

"ကိုရွှေမြသာရေ. . . ကျုပ်ဖက်ကတော့ အားလုံးအဆင်သင့် လုပ်ပြီးပြီ၊ ခင်ဗျားဘက်က ကြိုးစားပေတော့၊ မပျင်းနဲ့ ပျင်းလို့ မဖြစ်ဘူး၊ ခင်ဗျားကို ဆရာလုပ်တယ်တော့ မထင်ပါနဲ့ဗျာ၊ ပြော စရာရှိတာလေးတွေတော့ ပြောရဦးမယ်၊ လူဆိုတာ နာရီနှင့် အမျှ အနာဂါတ်အတွက် ကိုယ့်ကိုကိုယ် ပုံသွင်းနေရတာဆိုတာ ကို မမေ့ပါနဲ့၊ နေ့စဉ်လုပ်ရမယ့် ပုံသွင်းမှုတွေကို မလုပ်ပဲ မိနစ် ကနေနာရီ နာရီကနေ နေ့ရက်တွေ ရွှေ့သွားမယ်ဆိုရင် ကိုယ် ရရှိမယ့် အောင်မြင်မှုတွေကလည်း အဲဒီလိုပဲ အချိန်ရွှေ့သွား လိမ့်မယ်၊ အဲဒီတော့ ဝိဇ္ဇာလမ်းမှာ အချိန်ရွှေ့တယ်ဆိုတာ မရှိ

ဘူး၊ ခဏလေးနေပါဦးဆိုတာ မရှိဘူး၊ လုပ်စရာရှိတာကို တရစ်
စ် လုပ်ရမယ်၊ ကျင့်စရာရှိတာကို တရစပ် ကျင့်ရမယ်၊ အဲ့ဒါ
သဘောပေါက်ရဲ့လား"

ဟု ရွှေခါးက ပြောလေ၏။ ထို့နောက်ဆက်၍

"ပြီးခဲ့တဲ့ အတိတ်ကာလတွေကို စဉ်းစားမနေနဲ့၊ အခုလက်ရှိ
အချိန်ရယ်၊ အနာဂါတ်အချိန်ရယ်ဟာ ကိုယ်ပိုင်ပစ္စည်းတွေပဲ
ကိုယ့်လူကဗိုလ်လိုပြောမှ နားလည်မယ်ဆိုရင်တော့ တောဒ်လို
ပြောရမှာ . . . The pass is overdone with. But the
present and the furture are your own."

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"ကိုရွှေခါးက အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်တာပဲ"

ဟု ပြောလိုက်လျှင် ရွှေခါးကရယ်လေ၏။

"အင်္ဂလိပ်စကားလည်း တတ်တယ်၊ တရုပ်စကားလည်း တတ်
တယ်၊ ကုလားစကားလည်း တတ်တယ်၊ ကျွန်မတတ်တဲ့ ဘာသာ
စကားတော်တော် များတယ်"

ဟု ရွှေခါးက ပြောလေ၏။ ထို့နောက် ရွှေခါးသည် ရန်ကုန်နှင့် ပဲခူးကို
တိမ်ဦးနှင့်ကြမ်းပြင်ကဲ့သို့ တော်တောင်ကားတစ်စီးနှင့် သွားနေတော့
၏။ ကျွန်ုပ်ကိုလည်း တဲအတွင်း၌ မလေ့ကျင့်နိုင်းတော့ပဲ အမိဌာန်
များကို ပဲခူးဘုရားပေါင်းစုံသို့ လှည့်လည်၍ လုပ်နိုင်းလေ၏။ ကျွန်ုပ်





သည် တစ်နေကုန် ဘုရားများသို့ သွားနေရ၏။ တိမ်ချိန်ကျမှပင်
တောတွင်းရှိ ကျွန်ုပ်၏ တဲကလေးအတွင်းသို့ ပြန်လာခဲ့လေ၏။

တစ်နေ့တွင် ကျွန်ုပ်သည် ရွှေဂူလေးဘုရားတွင် အမိဌာန် လုပ်
၍ပြန်လာရာ အတော်ပင် မိုးချုပ်နေပြီဖြစ်သောကြောင့် ကျွန်ုပ်ပြန်
ခင်းကိုပင် မှန်းဆ၍ပြန်ခဲ့လေ၏။ သို့သော် ကံကောင်းထောက်မ၍
ကျွန်ုပ်၏ တဲကလေးဆီသို့ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့လေ၏၊
တဲအတွင်းသို့ ရောက်သောအခါ၌ ကျွန်ုပ်သည် ယမန်နေ့က ထွန်းခဲ့
သော ဖယောင်းတိုင်ကို ရှာ၏။ ဖယောင်းတိုင်ကို လက်ဖြင့် စမ်း
သော်လည်း မီးခြစ်မှာ ပျောက်နေ၏။ ကျွန်ုပ်သည် မီးခြစ်၏ကို
ရှာမရသောကြောင့် ဖယောင်းတိုင်ကို ကိုင်လျက်ပင် အိပ်ရာပေါ်
၌လှဲချလိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်၏။ မကြာမီပင်
ကျွန်ုပ်သည် အိပ်ပျော်ခြင်းသို့ ရောက်သွား၏။ အိပ်ပျော်သွားသော
အခါ၌ ကျွန်ုပ်သည် အိပ်မက်မက်လေ၏။ အိပ်မက်ထဲတွင် ကျွန်ုပ်
သည် ဖယောင်းတိုင်ကိုကိုင်၍ ထိုင်နေပုံကို မြင်မက်လေ၏။ ထို့
နောက်ကျွန်ုပ်သည် အာရုံပြုနေကျ မီးတောက်ကလေးကို အာရုံ
ပြုလိုက်ရာ ဖယောင်းတိုင်မီးစာလေးတွင် မီးတောက်ကလေးသည်
ဖြတ်ကနဲ ပေါ်လာတော့၏။ ကျွန်ုပ်သည် လန့်၍သွား၏၊ တစ်ခန်း
လုံး ထိန်းရောင်ကြောင့် လင်းထိန် ၍သွား၏။ ကျွန်ုပ်၏ စိတ်၌လည်း
'ဟုတ်မှ ဟုတ်ရဲ့လား၊ ငါစိတ်က ထင်နေတာလား' ဟု တွေးကာ
မီးတောက်ကလေးကို လက်နှင့်တို့ကြည့်၏။ လက်ပူသွားသော

ကြောင့် ရုတ်တရက် ရုတ်လိုက်ရ၏။ ထို့ကြောင့်

"စိတ်ကူး မဟုတ်ဘူး၊ တကယ် မီးတောက်ရောက်လာတာ ရွှေခါးကို ပြောပြရင် ရွှေခါးဘယ်လောက် ဝမ်းသာမလဲမသိဘူး"

ဟု စိတ်၌ တွေးနေစဉ်၌ပင် ရွှေခါးရောက်လာလေ၏။ ထို့နောက် ရွှေခါးက

"ဟား . . . ကိုရွှေမြသာရေ တယ်ဟုတ်နေပါလား၊ ဖယောင်းတိုင်ကို ထွန်းထားတယ် . . . ဟုတ်လား"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"ကျုပ် အဲ့ဒီလို ထွန်းထားကြောင်း ကိုရွှေခါး ဘယ်လိုလုပ်သိသလဲ"

ဟု ပြန်၍ မေးရလေ၏။ ထိုအခါ ရွှေခါးက

"ဘယ်လိုလုပ် သိရမလဲဗျာ၊ ဒီမှာရှိတဲ့ မီးခြစ် နှစ်လုံးစလုံးကို ကျုပ် ယူသွားတယ်လေ၊ ခင်ဗျားကိုလည်း မိုးချုပ်မှပြန်လာနိုင်အောင် ကျုပ်ကကျင့်စဉ်ကို ကြာကြာလေး လုပ်ဖို့ပေးလိုက်တာလေ၊ ပြီးတော့ ဒီညဟာ လမိုက်ညဆိုတာ ကျုပ်သိထားသားပဲ၊ အဲ့ဒီတော့ ခင်ဗျားဟာ အမှောင်ထဲမှာ လျှောက်လာရမယ်၊ ခင်ဗျားအနေနဲ့တောင် ခင်ဗျားသိမှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျုပ်က ခင်ဗျားထုတ်သုံးနိုင်အောင် လုပ်ပေးထားခဲ့တာ၊ အဲ့ဒီတော့ ခင်ဗျားအနေနဲ့ ထုတ်ချင်သည်ဖြစ်စေ မထုတ်ချင်သည်





ဖြစ်စေ နောက်ဆုံးမှာ ထုတ်ရမှာပဲ၊ ဖယောင်းတိုင်ကို စိုက်ကြည့်ပြီး မီးတောက်ကို အာရုံပြုလိုက်တော့ ဖယောင်းတိုင်မှာ မီးတောက်ဟာ လင်းသွားပေါ့၊ အဲ့ဒီတော့ ခင်ဗျားမှာ ဘယ်လိုအဆင့်မျိုးရနေပြီဆိုတာ ခင်ဗျားသိနေပြီမဟုတ်လား၊ အရေးအကြောင်းရှိရင် ခင်ဗျားရဲ့လက်ဝါးကို ထောင်လိုက်ပါ၊ တနင်္ဂနွေပြီးဟ်ခဲ့လို့ ခေါ်တဲ့ ခင်ဗျားရဲ့ လက်သူကြွယ်အောက်က အသားစိုင်ကလေးကို အာရုံပြုပြီး ထုတ်လွှင့်ပါ၊ တစ်ဖက်လူမှာ ဘယ်လိုဖြစ်သွားမလဲဆိုတာ အရေးကြုံတော့ စမ်းကြည့်ပေါ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်မှာ လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေတော့၏။ ထိုခဏ၌မှာပင် အသံတစ်သံကြောင့် ကျွန်ုပ်သည် အိပ်နေရာမှ ရုတ်တရက် လန့်နိုးသွားလေ၏။ ထို့နောက် အသံလာရာဆီသို့ လှမ်းကြည့်လိုက်ရာ ကိုရွှေခါးဖြစ်နေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ကိုရွှေခါးအား ကျွန်ုပ်၏အိပ်မက်အကြောင်းကို ဝမ်းသာအားရ ပြောပြလိုက်မိလေတော့သတည်း။






# မျက်ရည်တစ်ပေါက်

ကိုရွှေခါးသည် ကျွန်ုပ်အား ကျင့်စဉ်များကို ထပ်၍ကျင့်နိုင်း၏။ ကမူ ရန်ကုန်နှင့် ပဲခူးကို ကူးမြဲကူးနေ၏။ ထို့နောက် မြေနီကုန်း က်တွင် ကျွန်ုပ်အတွက် ၎င်းဝယ်ယူပေးထားသော အိမ်ကြီး၏ ပြင်ဘက်ကိုလည်းကောင်း၊ အတွင်းပိုင်းကိုလည်းကောင်း၊ မြေ ကွက်ကိုလည်းကောင်း ဓါတ်ပုံရိုက်၍ ကျွန်ုပ်အားလာ၍ ပြ၏။ ၏အဝင် အုတ်တိုင်၌လည်း ကြေးဝါပြားပေါ်တွင်ထွင်း၍ အောက် ပါအမည်ကို တပ်ထား၏။

| မန္တလာ ဆင်မြူရယ် မောရစ် သောမတ် |
|---|

ရွှေခါးသည် ကျွန်ုပ်ရွှေမြသာအား

"ခင်ဗျားနာမည်ရွှေမြသာဆိုတာ အတိုကောက်ခေါ်လိုက်ရင် 'အက်စ် အမ် တီ'ပဲ၊ အဲ့ဒါကို အင်္ဂလိပ်နာမည် ပြောင်းလိုက်တော့ 'ဆင်မြူရယ် မောရစ်သောမတ်' ပေါ့ဗျာ၊ အဲ့ဒီတော့ ဒီအိမ်မှာ ဘိုကပြားတစ်ဦးနေတယ်လို့ ထင်ကြမှာပေါ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်မှာ ပြုံးရသေးတော့၏၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကိုယ်တိုင်ကပင် ဤအတိုင်း အင်္ဂလိပ်နာမည်ကို ယူထားသောကြောင့်ဖြစ်၏။

တစ်နေ့တွင် ရွှေခါးသည် တဲအတွင်း၌ ထိုင်နေ၏၊ ထို့ကြောင့် ကျွန်ုပ်က

"ဘယ်လိုလဲရွှေခါး ဒီနေ့တော့ အပြင်ထွက်ဖို့မရှိဘူးလား"

ဟုမေးရာ ရွှေခါးက

"ဒီနေ့တော့ အလုပ်မရှိလို့ ဒီတဲမှာပဲ အေးအေးဆေးဆေး စားသောက်မယ် စိတ်ကူးတယ်၊ ကိုရွှေမြသာလည်း ဒီနေ့ ကျော် စဉ်တစ်ခု ပြီးပြတ်တဲ့နေ့ မဟုတ်လား၊ မနက်ဖြန်မှ ကျင့်စဉ် အသစ်ကို စရမယ်ဆိုတော့ ဒီနေ့အချိန်ရတာပေါ့လေ"

ဟု ပြောလေ၏၊ ထိုအခါ ကျွန်ုပ်က

"ကျုပ် ဘယ်လိုစပြီး ကျင့်ရမယ်ဆိုတာ ရွှေခါးက ဒီနေ့ပြောရမှာ မဟုတ်လား"





ဟု မေးလိုက်ရာရွှေခါးက

"ပြောရမှာပေါ့ ကိုယ့်လူရာ၊ ပြောရမှာပေါ့"

ဟု ဆိုလေ၏၊ ထို့နောက် ၎င်းသည် ကျွန်ုပ်စားသောက်ရန်အတွက် ဟင်းဟင်းလျာများကို ချက်ပြုတ်ကျွေးမွေးလေ၏၊ ကျွန်ုပ် စားသောက်ပြီးသောအခါ၌ ၎င်းလည်းမြိန်ယှက်စွာ စားသောက်သည် ဟု ကျွန်ုပ်အနေနှင့် ထင်မှတ်ရလေ၏၊ ထိုသို့စားသောက်ပြီးလျှင် ရွှေခါးက

"လူမှာ အရေးကြီးတဲ့ ဓါတ်နှစ်ခုဟာ 'အသက်ဓါတ်နဲ့မေတ္တာဓါတ်'ပဲ၊ အဲ့ဒီတော့ အသက်ဘယ်မှာရှိသလဲ၊ မေတ္တာဘယ်မှာ ရှိသလဲဆိုတာကို စဉ်းစားကြည့်ရအောင်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"အဲဒါတော့ မမေးနဲ့ဗျာ၊ ကျုပ်မသိတာ အမှန်ပဲ"

ဟု ပြောလိုက်လျှင် ရွှေခါးသည် ရယ်လေ၏၊ ထိုသို့ရယ်ပြီးနောက်

"နှလုံးဆိုတာ မေတ္တာဓါတ်ကို ဖြစ်စေတဲ့နေရာပဲ၊ အသက်ဓါတ်ကို ဖြစ်စေတဲ့နေရာ၊ ဘုရားကြည်ညိုတယ်ဆိုတာ၊ အဲ့ဒီ နှလုံးအိမ်က ကြည်ညိုရတာ၊ အဲဒီတော့ ကိုယ့်ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဘုရားစင်ဟာ ဘယ်မှာလဲလို့မေးရင် နှလုံးအိမ်ဟာ ကိုယ့်ရဲ့ ဘုရားစင်ပဲလို့ ဖြေမှဖြစ်မယ်၊ အဲဒီနှလုံးအိမ်ဟာ မေတ္တာဓါတ်တွေ အသက်ဓါတ်တွေသာ မဟုတ်ဘူး၊ တန်ခိုးတော် အနန္တ

ဖြစ်တဲ့ ဘုရားလည်း ကိန်းဝပ်တော်မူတဲ့ ကျောင်းတော်ပဲလို့
နိုင်ငံမှာမှာ ယုံကြည်ထားရမယ်၊ အဲဒီတော့ ကိုရွှေမြသာရေ
ငြိမ်ငြိမ်ကလေး ထိုင်လိုက်ပါ၊ ခင်ဗျားရဲ့ နှလုံးအိမ်က ဘုရား
ခင်ဗျား အာရုံမီးတောက်ကလေး ထွန်းညှိပူဇော်ပါ၊ ပြီးတော့
နှလုံးသားက ထွက်လာတဲ့အရောင်တွေကိုလည်း ရှုစိုက်ပြီ
စောင့်ကြည့်ပါ၊ တစ်ခါလုပ်ရင် နှစ်မိနစ်ထက် မပိုပါနဲ့၊ ဒါ
လေ့ကျင့်ခန်းကို လုပ်ကြည့်ပါ၊ ခင်ဗျားဟာ ဘယ်လို ငါးတာ
တွေ့ရလာမလဲဆိုတာ ခင်ဗျားကိုယ်တိုင်တွေ့ရမှာပဲ"

ဟု ပြောရှိကျွန်ုပ်အား နှလုံးအိမ်ကို စိုက်ကြည့်အာရုံပြုနည်း
နှလုံးအိမ်၌ ဖယောင်းတိုင် မီးတောက်ကလေး တောက်လောင်
အာရုံပြုနည်းတို့ကို စတင်လေ့ကျင့်နိုင်းပြန်လေ၏။ ကျွန်ုပ်လည်း
ပဲခူးမြို့ပေါ်ရှိ (၅၈)ဆူသော ဘုရားများဆီသို့ လှည့်လည်ကာ ဘုရား
တစ်ဆူလျှင် ကိုးရက်နှုန်းဖြင့် အဓိဋ္ဌာန်ဝင်၍ ခန္ဓာကိုယ်တွင်းမှ
များစင် သို့မဟုတ် နှလုံးအိမ်အား မီးတောက်ကလေးထွန်းညှိ
စိုက်ကြည့်ပူဇော်နည်းကို လေ့ကျင့်ရပြန်လေ၏။

တစ်နှစ်ကျော်ကျော်ခန့် လေ့ကျင့်ပြီးသောအခါ၌ ကျွန်ုပ်လည်း
ထူးခြားသော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ရပြန်၏။ ကျွန်ုပ်သည်
ညသန်းခေါင်အချိန်၌ အိပ်စက်ခြင်းမပြုပဲ နှလုံးအိမ်ကို အာရုံစိုက်၍
အလင်းဓါတ်ဖြင့် ပူဇော်နေရာ အချိန်မည်မျှ ကြာသွားသည် မသိ
တော့ပေ။



ကျွန်ုပ်မျက်စိဖွင့်ကြည့်လိုက်သောအခါ၌ အာရုံတက်ချိန်သို့
ရောက်ရှိနေပြီဖြစ်၏။ လူလေးငါးဆယ်ခန့်လည်း ကျွန်ုပ်၏ဘဲကို
ဝိုင်းဝန်းနေကြပြီဖြစ်၏။ သူတို့သည် ကျွန်ုပ်အား လက်အုပ်ချီထား
ကြ၏၊ အစပထမတွင် ကျွန်ုပ်သည် အဖြစ်မှန်ကို မရိပ်မိပေ။ နောင်
တွင်သိရသည်မှာ အလင်းရောင်များ ထွက်နေသည်ဆို၏။ ထို့
ကြောင့် အနီးအပါးရွာများမှ လာရောက်၍ ကြည့်ရှုကာ ကျွန်ုပ်ကို
ဂါရဝပြုနေကြခြင်းဖြစ်သည်ဟုလည်း သိရ၏။

ထိုအချိန်၌ပင်ရွှေခါးလည်း ပြန်လည်ရောက်လာ၏။ ရွှေခါး
သည် လူများထံမှ အဖြစ်အပျက်များကို သိရှိရပြီဖြစ်ရကား ကျွန်ုပ်
အနီးသို့လာပြီးလျှင်

"ကိုရွှေမြသာ. . . . ခက်လိုက်တာဗျာ၊ ခင်ဗျားက အလင်း
ရောင်တွေ ထုတ်လွှင့်လိုက်တော့ အနီးအပါးကလူတွေ သိကုန်
ကြတာပေါ့၊ အဲဒီကနေတစ်ဆင့် ဘုတ်အော်သောင်းနင်း
ဖြစ်ပြီး ပဲခူးမြို့တစ်မြို့လုံးသိမယ်၊ အဲဒီကနေရန်ကုန်ကပါ သိ
မယ်၊ ရန်ကုန်ကသိပြီဆိုရင်တော့ ခင်ဗျားနောက်ကို လိုက်နေတဲ့
ပုလိပ်တွေရော၊ ရန်သူတွေရော မိသွားတော့မယ်၊ မဖြစ်ဘူး
မဖြစ်ဘူး၊ ဒီနေရာကို စွန့်ခွာမှ ဖြစ်တော့မယ်"

ဟု ပြောကာ ကျွန်ုပ်အားခေါ်ယူသွားပြီးလျှင် ကားပေါ်သို့တက်စေ၍
ယာဉ်ကိုရန်ကုန်ဘက်ဆီသို့ မောင်းနှင်လာလေ၏။ တောက်ကြို့သို့
ရောက်လျှင် ကျွန်ုပ်အားတောက်ကြို့တောအတွင်း၌ နေခဲ့ရန်မှာ၏။

ညမိုးချုပ်သောအခါမှ ရွှေခါးသည်မော်တော်ကားဖြင့် ရောက်လ ပြီးလျှင် ကျွန်ုပ်အားခေါ်ယူ၍ ရန်ကုန်မြို့အတွင်းသို့ ဝင်လေ၏ ရန်ကုန်မြို့မှာ ကျွန်ုပ်ကျွန်းသို့ ထွက်သွားရသည့် ရန်ကုန်နှင့် ယ ရန်ကုန်သည် တစ်စုံတစ်ရာမျှ ပြောင်းလဲခြင်းမရှိသေးကြောင်း တွေ့ ရ၏။ ထိုအခါကျွန်ုပ်သည် ရွှေခါးအား

"ကိုရွှေခါးရေ… အရင်အတိုင်းပါပဲလား"

ဟု ပြောလိုက်ရာ

"အားလုံးအရင်အတိုင်းပဲ၊ ရွှေမြသာတစ်ယောက်ပဲ အရင်က မတွေ့တော့တာ"

ဟု ရွှေခါးကပြောလိုက်လျှင် ကျွန်ုပ်သည် သဘောကျ၍ ဟက်ဟ ပက်ပက် ရယ်မောလိုက်လေတော့၏။ ရွှေခါးသည် မော်တော်က ကို မဂိုလမ်းဆီသို့ မောင်းတက်သွား၏။ ထို့နောက် ဆိတ်သား ပတ်၊ ပလာတာရောင်းသောဆိုင်ရှေ့တွင် ရပ်လိုက်၏။ ဆပ ပလာတာရောင်းသောဆိုင်မှ ကုလားလေးတစ်ဦးသည် ဝါ ပြားကိုတုတ်ဖြင့် တခေါက်ခေါက်ခေါက်ရင်း

"ခါဘီရေဆပတ်……ဂျာဘီရေ ဂျာနတ်"

ဟု အော်နေလေ၏။ အဓိပ္ပါယ်မှာ ၎င်းတို့ရောင်းသောဆပ စားလျှင် ဂျာနတ်ဟုခေါ်သော နတ်ပြည်သို့ရောက်သွားမည် ဖြစ်၏။





"ကဲ… ကိုရွှေမြသာ၊ မဲ့ရဲ့သာဆင်းပေတော့၊ ရှုတ်တရက်တော့ ခင်ဗျားကို ဘယ်သူမှ မှတ်မိမှာမဟုတ်ဘူး၊ ဆပတ်လည်း ခင်ဗျား မစားရတာကြာပြီမဟုတ်လား၊ ဆပတ်နဲ့ ခါလီပလာတာ တစ် ပွဲစီမှာစားပြီး ရေခဲရေအေးအေးလေး တစ်ခွက်စီလောက် သောက်တာပေါ့ဗျာ၊ ပြီးတော့ ဗီးကရက်တစ်လိပ်စီဖွာပြီး မြေနီ ကုန်းက ခင်ဗျားရဲ့တိမ်သစ်ကြီးဆီကို တက်ကြတာပေါ့"

ဟု ပြောလေ၏။ ထို့နောက်တွင်ကား ကျွန်ုပ်နှင့် ကိုရွှေခါးသည် ဆိုင်သို့ဝင်ကာ ၎င်းပြောသည့်အတိုင်း ပလာတာအလွတ်တစ် နှင့် ဆပတ်တစ်ပွဲစီ မှာယူစားသောက်ကြ၏။ ထို့နောက်ရေခဲရေ ခွက်စီသောက်ကြ၏။ ပြီးလျှင်ဗီးကရက်ဘူးမှ ဗီးကရက် တစ် စီ မီးညှိ၍ဖွာကာ မော်တော်ကားဖြင့် ထွက်ခဲ့ကြ၏။ နှစ်ယောက် စားသည်ဆိုသော်လည်း စားပွဲမှထသောအခါ ကိုခါး၏ ပလာ နှင့် ဆပတ်များသည် ဒီအတိုင်း ကျန်နေသည်ကို တွေ့ရ၏။ ကုန်းသို့ရောက်လျှင် ကိုရွှေခါးက

"ဟောဟိုမှာ တွေ့ရတဲ့ခြံဟာ ကိုရွှေမြသာရဲ့ခြံပဲ၊ ဒါမှ မဟုတ် မှုတာဆင်မြူရယ်မောရစ်သောမတ်'ရဲ့ ခြံပါပဲ"

ပြောလိုက်ရာ ကျွန်ုပ်ကပါးစပ်တွင် တပ်ထားသော ဗီးကရက်ကို ၍ ပြုံးပြလိုက်လေ၏။ ကိုရွှေခါးသည် ခြံရှေ့သို့ ကားရောက် အခါ၌ ဟွန်းနှစ်ချက်တီး၏။ ထိုအခါ ဂေါ်ရခါးလူမျိုး ဒရဝမ် သည် တံခါးကိုလာ၍ဖွင့်ပေးပြီးလျှင် ကျွန်ုပ်တို့နှစ်ဦးအား

ဆုလဲပေး၏။ ရွှေခါးသည် ကားကိုမြို့တွင်းသို့ မောင်းဝင်ခဲ့ပြီး ဂိုဒေါင်
အတွင်းသို့ကားကိုသွင်းကာ ရပ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်
တို့နှစ်ဦးသည် ဂိုဒေါင်အတွင်းမှ ထွက်ခဲ့လေ၏။ ရွှေခါးက ဦးဆော
၍ အိမ်ကြီးအတွင်းသို့ ဝင်ကြ၏။ အိမ်ထဲတွင် ခန့်ညားသော
လားထိုင်ကြီးများကို တွေ့ရ၏။ ထိုထဲတွင် အခန့်ညားဆုံး
ကုလားထိုင်ကြီးတစ်လုံးကိုလည်း တွေ့ရ၏။ ထိုကုလားထိုင်ကြီး
နောက်မှီတွင် 'အက်စ် အမ် တီ' ဟူသော စာလုံးကို ပန်းက
များဖြင့် ထွင်းထုထားသည်ကို တွေ့ရ၏။ ကုလားထိုင်များထဲ
အထည်ဝါ အခန့်ညားဆုံး ကုလားထိုင်ကြီးပင်ဖြစ်၏။ ထို့နော
ရွှေခါးက

"ကိုရွှေမြသာ. . . ခင်ဗျားထိုင်ရမယ့် ကုလားထိုင်ကို သွား
ဗျ။ ခင်ဗျားအတွက် အထူးလုပ်ထားတာ"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ထိုကုလားထိုင်
တွင် ထိုင်လိုက်လေ၏။ ရွှေခါးသည် ထိုအချိန်၌ စားပွဲပေါ်
ဆင်စွယ်နှစ်ချောင်းဖြင့် ချိတ်ဆွဲထားသောငွေမောင်းကလေး
'နောင်' ကနဲတီးလိုက်လေ၏။ ထိုသို့တီးလိုက်လျှင် တခဏ
လူငါးဦးသည် ကျွန်ုပ်၏ရှေ့သို့ရောက်လာလေ၏။ အားလုံးလို
ကုလားလူမျိုးချည်းဖြစ်၏။

"ကိုရွှေမြသာ. . . ဟောဒီမဲ့ကောက်နဲ့ ပုလ္လိပ်ကတော့ ဒီ
စောင့်မယ့်အစောင့်ပဲ၊ သူ့အေးကလူက မာလီ၊ ဟောဒီ

ာမင်းချက်၊ ဟောဒီကုလားမလေးက စားပွဲထိုး၊ ဈေးလည်း
သွားဝယ်တယ်၊ ပြီးတော့ ဒီကောင်က အမြင်ကို နိုင်းဖို့ စာတိုက်
ကို သာဏ်တိုက်တို့ ၊ ပစ္စည်းကြီးကြီးမားမားဝယ်ဖို့ခြမ်းဖို့တို့က
အစ သူ့ကိုလွှဲရမှာ"

ကြကာ ၎င်းတို့၏ နာမည်များကိုပါ တစ်ယောက်စီရွတ်ဆိုနိုင်း၏။
လျှင် ၎င်းတို့ငါးဦးအား

"ဟောဒါမင်းတို့ရဲ့ သူဌေးပဲ၊ သူ့နာမည်က 'မစ္စတာဆင်မြူရယ်
မောရစ်သောမတ်' လို့ခေါ်တယ်၊ အင်္ဂလိပ်အစစ်တော့ မဟုတ်
ဘူး၊ ကပြားပေါ့၊ သူ့ကို မင်းတို့ကနာမည် မခေါ်ရဘူး၊ 'အရှား
အရှားဆပ်' လို့ခေါ်ရမယ်"

ပြောလိုက်ရာ အလုပ်သမားငါးဦးက ခေါ်မည်ဖြစ်ကြောင်း တစ်
ယောက်တစ်ပေါက် ဝန်ခံကြလေ၏။ ပြီးလျှင်ရွှေခါးသည် ငွေမောင်း
ကို နှစ်ချက်တီးလိုက်ရာ ထိုလူငါးဦးသည် အလျှိုလျှို ထွက်သွား
ကြတော့၏။ ရွှေခါးသည် ကျွန်ုပ်အားမြေတိုက်အတွင်းသို့ ခေါ်သွား
ပြန်တော့၏။

"ဟောဒီမြေတိုက်ထဲမှာ ခင်ဗျားကျွန်တဲ့ ကိစ္စတွေ ဆက်ပြီး
လုပ်ရမယ်၊ အပြင်မထွက်ရဘူး၊ ခင်ဗျားကို အချိန်ဇယား
တစ်ခုတော့ လုပ်ပေးထားမယ်၊ ခင်ဗျားဟာ ညနာရီပြန် နှစ်
ချက်ကနေ သုံးနာရီအတွင်း အိမ်ပေါ်တက်ခွင့်ရှိတယ်၊ မြို့ထဲ
မှာလည်း လမ်းလျှောက်ခွင့်ရှိတယ် သုံးနာရီထိုးတာနဲ့ မြေတိုက်

ထဲကို ပြန်ဝင်မယ်၊ မြေတိုက်ထဲမှာ အခန်းငယ်တစ်ခုနဲ့ အိပ်… ရေချိုးခန်းကိုလည်း တွဲထားပေးတယ်၊ ရေချိုးဖို့လည်း ရေ… တစ်ခု သွယ်ပေးထားတယ်၊ အစားအသောက်လည်း မြေတို… ထဲမှာပဲစားရမယ်၊ အပေါ်တက်ပြီး မစားနဲ့၊ ဒီအချိန်… မြေတိုက်ဆင်းပြီး ကျင့်ရမယ့်အချိန်ပဲ၊ အပြီးတိုင်အောင် ကျ… ပေတော့ ကိုရွှေမြသော"

ဟု ပြောလေတော့၏။ ကျွန်ုပ်သည် ထိုအချိန်မှစ၍ မြေတိုက်… ဝင်ခဲ့ရ၏။ ထိုမြေတိုက်အတွင်း၌ပင် ကျွန်ုပ်၏ နှလုံးသားတွင် စိ… ကိုစိုက်၍ အလင်းတတ်ပေးသော ကျင့်စဉ်ကို ဆက်၍ကျ… ရ၏။ နာရီပြန်နှစ်ချက်တိုးတွင် မြေတိုက်တွင်းမှ ထွက်ခွင့်ရှိ… လည်း မထွက်ခဲ့တော့ပါ။ မြေတိုက်အတွင်း၌ပင် နေခဲ့၏။ ကျွန်… ကျန်းမာရေးကိုမူ ရွှေခါးက မကြာခဏ စစ်ဆေးနေ၏။ … ကောင်း ထိုင်မသာရှိသောအခါများ၌ ရွှေခါးသည် ကျွန်ုပ်… ဆန်ပြုတ် အရည်ကြည်တစ်ခွက်ပေး၏။ ထိုဆန်ပြုတ်အရည်ကြ… ဖြင့်တစ်ကိုယ်လုံးကို ပွတ်သပ်ရ၏။ ထိုသို့ ပွတ်သတ်လိုက်… အခါ၌ ပြန်၍ နေကောင်းသွားသည်ကိုတွေ့ရ၏။

ထို့နောက်ရွှေခါးသည် ကျွန်ုပ်အား သားငါးကို ပါသည်… ကလေးသာစားရန် ညွှန်ကြားလေတော့၏။ ကျွန်ုပ် စားရ… သားငါးဆိုသည်မှာ ပုစွန်ခြောက်နှင့် ငါးခြောက်မှုန့် အနည်း… သာဖြစ်၏။ အများစုစားရသော အစားအသောက်မှာ ပျား…



…ရ၏။ ပျားရည်နှင့်ဒိုးကြွမ်းငှက်ပျောသီးသည် ကျွန်ုပ်၏ အစာ …အာဟာရ ဖြစ်၏။ နို့ပါသော အစားအသောက်များကိုမူ တစ်ပတ် …တစ်ကြိမ်သာ ကျွေးတော့၏။ နောင်တွင် ကျွန်ုပ်သည် ထမင်း …စားရသည် မရှိတော့ပေ။ ငှက်ပျောသီးနှင့်ပျားရည်သာ စားရ …၏။ ထိုသို့အစာကို လျှော့စားရသော်လည်း ကျန်းမာရေး …ထိခိုက်ခဲ့ပါ။ ရွှေခါးသည် ကျွန်ုပ်၏ လေ့ကျင့်ခန်းများကို တစ်ခု …တစ်ခု တက်ပေး၏။ ထိုကျင့်စဉ်များထဲတွင် ငြိမ်ငြိမ်ထိုင်နေပြီး ကျွန်ုပ်၏ခန္ဓာကိုယ်အတွင်းမှ ဂက်စ် ခေါ် အနံ့အငွေ့များ ရေနွေးဆူ …ကဲ့သို့ ကြိုက်ကြိုက်ဆူလာပြီ ဖြစ်ကြောင်းကို အာရုံပြုနိုင်သော ကျင့်စဉ်လည်းပါဝင်၏။ ထိုဂက်စ်များသည် ကျွန်ုပ်၏ အာရုံထဲ …တွင် ကြိုက်ကြိုက်ဆူကာ ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီးအား ငရဲမီးသော …တွင် ငရဲမီးတတ်ငွေ့များက ဘောလုံးကို ယူဆောင်သွားသကဲ့သို့ …ဂက်စ်များက ခန္ဓာကိုယ်ကြီးကို သယ်ဆောင်သွားပုံကိုလည်း အာ …ရုံပြုနိုင်၏။ ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း ပြုလုပ်ခဲ့လေ၏။ …ကျင့်စဉ်ကိုလည်း ကျင့်ခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်၏။

တစ်နေ့တွင် ထိုကျင့်စဉ်ကိုကျင့်ရင်း ငိုက်များလာလေ၏။ ကျွန်ုပ်သည် မျက်လုံးများကို အားစိုက်၍ဖွင့်၏။ သို့သော် ဖွင့်၍ မရတော့ပေ။ နောက်ဆုံးတွင် အိပ်မောကျသွားလေတော့၏။ ထိုသို့ အိပ်မောကျလာသွားစဉ်အတွင်း အောက်ပါအတိုင်း အိပ်မက်ကို မက်လေတော့၏။

အိမ်မက်ထဲတွင် ကုလားထိုင်တစ်လုံး၌ ကျွန်ုပ်သည် ထိုင်နေ ထိုအချိန်၌ တစ်စုံတစ်ရာက ကျွန်ုပ်၏ခန္ဓာကိုယ်ကြီးအား မ လိုက်သည်ဟု ခံစားလိုက်ရ၏။ ကျွန်ုပ်၏စိတ်၌ စာဖြင့်မှတ် တင်ရန် မတတ်နိုင်သော ပီတိဝေါ ခံစားမှုတစ်ရပ်ကို ခံစား ရ၏။ ထို့နောက် ကျွန်ုပ်သည် မျက်စိဖွင့်၍ ကြည့်လိုက်သော ကျွန်ုပ်၏ခန္ဓာကိုယ်သည် ထိုင်ခုံဖြင့် လွတ်၍လေထဲတွင် ကြ သည်ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရလေတော့၏။ ထိုင်ခုံမှာ ကျွန်ုပ်၏ ဖင်အောက်တွင် မရှိတော့ပဲ အခန်းထောင့်တစ်နေရာ ရောက်နေပြီဖြစ်ကြောင်း တွေ့ရတော့၏။ ထိုထိုင်ခုံပေါ်တွင် ခါးထိုင်နေ၏။ ကျွန်ုပ်သည် လေထဲတွင်မြောက်တက်နေ အောက်ကြမ်းပြင်သို့ ဆင်းရန် အာရုံပြုလိုက်ရ၏။ ထိုအချိန် ပင် ကျွန်ုပ်သည် တဖြည်းဖြည်းချင်း အောက်သို့ဆင်းသွား၏။ အချိန်၌ ကိုရွှေခါးက

"ခင်ဗျားဖင်နဲ့ ခုံနဲ့ လွတ်နေတဲ့ အကြောင်းကို သဲသဲကွဲကွဲ အောင် ခုံကိုဖယ်ထုတ်ထားတာ၊ ကဲ . . အခု ခင်ဗျား အဆင့်ထိ ပေါက်မြောက်နေပြီဆိုတာ ခင်ဗျားဟာ ခင် ကြည့်ပေတော့"

ဟု ပြောလေ၏။ ထိုသို့ပြောလိုက်သည့် တခဏ၌ပင် ကျွန်ုပ်သ အိပ်မောကျနေရာမှ လန့်၍နိုးသွားလေ၏။ ကျွန်ုပ်နိုးရာမှ မ ကိုရွှေခါးသည် မြေတိုက်အတွင်းသို့ ရောက်လာလေတော့

နောက် ကိုရွှေခါးသည် ကျွန်ုပ်အား မြေတိုက်အတွင်းမှ ထွက် ပြီးလျှင် မော်တော်ကားတစ်စီးဖြင့် ဟိုမှ ဒီမှ ခေါ်သွားလေ၏။ သို့လည်း ရောက်၏။ မော်ဘီ၊ တိုက်ကြီး၊ မြည် စသည်တို့ဘက် လည်း ခေါ်သွားလေ၏။ ပုဂံညောင်ဦးဘက်သို့လည်း ဘုရားဖူး ကိုဝ့်လေ၏။ ကျွန်ုပ်သည်ရွှေခါးနှင့် အတူရက် အတော်ကြာ ခရီး သွားရသောအခါ၌ ရွှေခါး၏အပြုအမူများကို သတိထားမိ၏။ ရွှေခါးနှင့်ကျွန်ုပ်သည် တစ်လနီးပါးခန့် မြန်မာပြည်အရပ်ရပ်ရှိ ဘုရားများကို လှည့်လည်သွားရောက်ခဲ့လေ၏။ ထို့ကြောင့် ကျွန်ုပ် သည် ရွှေခါးနှင့် တစ်လနီးပါးခန့် မကွဲမကွာနေခဲ့ကြ၏။ ရွှေခါးသည် မော်တော်ကားကို မောင်းချင်သလို မောင်းနေခဲ့၏။ သို့ရာတွင် မည်သည့်နေရာတွင်မှ ဆီထည့်သည်ကို မတွေ့ရပေ၊ ယခုလည်း ရန်ကုန်မှ ပုဂံသို့ ရောက်နေပြီ ဖြစ်၏။ လမ်းတစ်လျှောက် မည်သည့် နေရာတွင်မှ ရွှေခါးဆီထည့်သည်ဟု မတွေ့ရပေ။ ကျွန်ုပ်တို့စီးသော ကားမီတာ၏ဓာတ်ဆီတိုင်ကီမှာ လျှံနေသေး၏။ ဆယ်မိုင်ခန့် မောင်း ပြီးလျှင်ပင် ဓာတ်ဆီတစ်ခါထည့်ရ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဒီမှာ ကိုရွှေခါး . . . . . ခင်ဗျား ကားမောင်းနေတာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်ကားက ဓာတ်ဆီတစ်ခါမှ မထည့်ရ ပါလား"

ဟုမေးလိုက်ရာ ရွှေခါးက

"ဖွဲ့ဒါခက်တာပေါ့ဗျာ၊ ကျွန်ုပ်က ဒီကားကို ဝယ်ကတည်း
ခါတ်ဆီတိုင်ကီ အကြီးကြီး ပြောင်းပြီးထည့်ထားတာ၊ ဓါတ်
မထည့်တာ ဘယ်ဟုတ်မလဲ"

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"မော်တော်ကားကို ဓါတ်ဆီမထည့်ရတာကတော့ တိုင်
အကြီးကြီး လုပ်ထားလို့ဆိုတာ လက်ခံပါတယ်၊ ဒါပေမ
ခင်ဗျားဟာ တစ်လမ်းလုံးမှာလည်း သေးပေါက်တာလည်
မရှိဘူး၊ အိပ်သာသွားတာလည်း မရှိဘူး"

ဟု ပြောလိုက်လျှင် ရွှေခါးက ပြုံးပြုံး၏။

"ဒီမှာ ကိုရွှေမြသာ ကျွန်ုပ်က ခရီးသွားရင်း ဈေးယိုသေးပေါ
လုပ်တတ်တဲ့ အကျင့်ရှိတဲ့သူ မဟုတ်ဘူး၊ တစ်ခါတည်း အော
ထားတာ"

ဟု ရွှေခါးက ပြောလေ၏။

"အောင်... အောင့်စမ်းပါဦးဗျာ၊ အခုရန်ကုန်ကပုဇ
တာ (၁၅) ရက်ရှိပြီဗျ ခင်ဗျားသေးပေါက်တာလည်း မတွေ့
ဘူး၊ အိမ်သာတက်တာလည်း မတွေ့ရဘူး၊ ပြီးတော့ ကျွ
အနေနဲ့ ခင်ဗျားကို ဂရုစိုက်ပြီး ကြည့်မိတယ်၊ ခင်ဗျားဟာ
အရင်ထဲက ထမင်းစားမယ်ဆိုပြီး ကျွန်ုပ်ကိုသာ ကျွေးလိုက်တ
ခင်ဗျားက ရေပဲ သောက်ချလိုက်တယ်၊ ဒါပေမယ့် ကျွ





အမှတ်မှားတယ်ပဲ ထင်ခဲ့တာ၊ မဂိုလမ်း ခေါက်ဆွဲဆိုင်မှာ ခေါက်နဲ့
ပလာတာဝယ်စားတုန်းက မစားခဲ့ဘူး၊ စားချင်ယောင် ဆောင်
ခဲ့ပြီး ဒီအတိုင်းထားခဲ့တာ တကယ်စားတာက ကျွန်ုပ်စားခဲ့တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ရွှေခါးက

"ခင်ဗျားက ကျွန်ုပ်ကို သံသယဖြစ်နေတာကိုး၊ ကျွန်ုပ်ရဲ့ကြော
ပေါ်က ဘုကြီးကိုရော သံသယရှိသေးသလား၊ ဒါကြီးကိုရော
ဖွင့်ပြရဦး မလား"

ဟု ရယ်ရယ်မောမောနှင့် ပြန်၍ပြောလေ၏။ ကျွန်ုပ်သည် ရွှေခါးကို
ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။ ရွှေခါးသည် ကျွန်ုပ်ကို ပြုံးပြုံးပြီးလျှင်

"ဒီမှာ ကိုရွှေမြသာ၊ ခင်ဗျား မဟုတ်က ဟုတ်ကတွေ စဉ်းစား
မနေနဲ့၊ ရောဂါဆိုတာအမျိုးမျိုး ရှိတယ်ဗျ၊ ကျွန်ုပ်မှာက ခင်ဗျား
ပြောသလိုပဲ အစာအိမ်ကလဲ မကောင်းဘူး၊ ဆီးလမ်းကြောင်း၊
ဝမ်းလမ်းကြောင်းတွေကလဲ မကောင်းဘူး၊ အဲဒီတော့
မသိတဲ့လူက အစာမစားဘူးလို့ ထင်နေကြတာ၊ ဆီးတွေဝမ်းတွေ
မသွားဘူးလို့ ထင်နေကြတာ၊ အမှန်က ဒီလိုမဟုတ်ပါဘူး၊
ရောဂါပါ .. ရောဂါ... ရောဂါ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"ရောဂါဆိုတော့လည်း ပြီးရောပေါ့ဗျာ ရောဂါပေါ့၊ ဒါတွေ
ထားလိုက်ပါတော့၊ ကျွန်ုပ်က ဘာကိုဆက်ပြီး လုပ်ရမှာလဲ"

ဟု မေးလိုက်ရာ ရွှေခါးက

"ဒီမှာ ကိုရွှေမြသာ၊ ရန်ကုန်ကို ပြန်ရင်တော့ ခင်ဗျား တစ်ယောက်ထဲ ပြန်ရမယ်၊ ကျုပ်က ကိစ္စရှိသေးတယ်၊ ဒါ့ဒီတော့ ခင်ဗျား မော်တော်ကား မောင်းတတ်တယ် မဟုတ်လား"

ဟု မေးလိုက်ရာ ကျွန်ုပ်က

"မောင်းတတ်ပါတယ်ဗျာ၊ ခင်ဗျားလို ကျွမ်းကျွမ်းကျင်ကျင် မဟုတ်တောင် ဖြည်းဖြည်းဆေးဆေးမောင်းမယ် ဆိုရင်တော့ မောင်းလို့ရပါတယ်"

ဟု ပြောလိုက်လေ၏။

"ဒါ့ဒီလိုဆိုရင် ခင်ဗျားဟာခင်ဗျား မောင်းပြီး ပြန်သွားပေတော့၊ ကျုပ်ကတော့ နောက်မှ အေးအေးဆေးဆေး လာမယ်၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်ပြန်လာဖို့လည်း မော်တော်ကား တစ်စီး လိုတယ်ဗျ၊ ဒါ့ဒီတော့ ကားအသစ် တစ်စီး ဝယ်မယ်ဗျာ ခင်ဗျား သဘောတူတယ် မဟုတ်လား"

ဟု ရွှေခါးက မေးလိုက်ရာ ကျွန်ုပ်က

"ခင်ဗျား လုပ်ချင်တာလုပ်၊ ကျုပ်က သဘောတူပြီးသားပဲ ကိုရွှေခါးရေ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်နှင့် ရွှေခါးသည် စကားတပြောပြောနှင့် ကားကို မောင်းခဲ့ကြရာ ပုပ္ပါးတောင် အနီးသို့ ရောက်ရှိခဲ့ပြီ ဖြစ်





၏၊ တောစပ်တစ်ခုသို့ ရောက်လျှင် ကိုရွှေခါးသည် ကားကို ရပ်လိုက်လေ၏။

"ကဲ... ကိုရွှေမြသာ၊ ခင်ဗျားကတော့ ရောဂါမရှိတဲ့သူဆိုတော့ အပေါ့လေး ဘာလေး သွားလိုက်ဦး၊ ပြီးရင် ဒီက ဆက်တိုက် မောင်းမယ်"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ကားပေါ်မှ ဆင်းရလေ၏၊ ထိုအချိန်၌ပင် ကျွန်ုပ်တို့နောက်မှ လိုက်လာသော မော်တော်ကားတစ်စီးသည် ကျွန်ုပ်တို့ကားအနီးသို့ ရောက်လာလေ၏၊ ကျွန်ုပ်လည်း ထိုကားကို လှမ်း၍ ကြည့်လိုက်လေ၏၊ ကားပေါ်မှ ကျွန်ုပ်၏ ရန်သူဖြစ်သော ဂစ်ကြီးသည် ခြောက်လုံးပြူးကိုကိုင်၍ ပြေးဆင်းလာပြီးလျှင် ကျွန်ုပ်တို့ဆီသို့ အားသွန်၍ ပြေးလာသည်ကိုတွေ့ရ၏၊ ကျွန်ုပ်သည် ရွှေခါးအား

"ရွှေခါး... ရွှေခါး... ရွှေခါး... ဖယ်... ဖယ်..."

ဟု လှမ်း၍ သတိပေးလိုက်ချိန်၌ပင် ရွှေခါးသည် ကျွန်ုပ်အား တွန်းလှဲလိုက်ပြီ ဖြစ်၏၊ ကျွန်ုပ်လည်း လမ်းဘေး ချောက်အတွင်းသို့ လိမ့်ကျသွား၏၊ သို့ရာတွင် လမ်းပေါ်မှ အဖြစ်အပျက်များကို မြင်တွေ့နေရ၏၊ ရွှေခါးသည် သေနတ်ဖြင့် ပြေးလာသော ဂစ်ကြီးဆီသို့ ပြေးသွား၏၊ ဂစ်သည် ရွှေခါးအား သေနတ်ဖြင့် ပစ်ချလိုက်၏၊ သေနတ်သံများ 'တဒိုင်းဒိုင်း' ထွက်လာ၏၊ ရွှေခါး၏ ရင်ဘတ်တွင်

အပေါက်ကြီးသုံးပေါက် ပေါက်သွားသည်ကို ကျွန်ုပ်မြင်တွေ့နေရ၏၊ ရွှေခါးသည် လဲကျသွားခြင်းမရှိပဲ ဝစ်ဆီသို့အရောက် ပြေးသွားနိုင်၏၊ ပြီးလျှင် ဝစ်၏လက်အတွင်းမှ သေနတ်ကို ဆွဲလုပြီးလျှင် ဝစ်အား ပစ်ချလိုက်၏၊ ဝစ်သည် ကတ္တရာလမ်းပေါ်တွင် ပက်လက်လန်ကျကာ အသက်ထွက် သွားလေ၏၊ ရွှေခါးသည် သေနတ်ကို ကိုင်လျက် လဲကျသွား၏၊ ကျွန်ုပ်သည် လမ်းပေါ်သို့ ပြေးတက်သွားပြီးလျှင် ရွှေခါးအားဆွဲ၍ ထူလိုက်လေ၏၊ ရွှေခါး၏ရင်ဘတ်တွင် သေနတ်ဒါက်ရာသုံးချက်နှင့် ရွှေခါးမှာ အသက်ပျောက်နေပြီဖြစ်၏၊ ကျွန်ုပ်သည် ဝစ်၏အလောင်းကို သွား၍ကြည့်ရာ ဝစ်၏ရင်ဘတ်တွင် သေနတ်ဒါဏ်ရာနှစ်ချက် တွေ့ရလေ၏၊ ကျွန်ုပ်သည် ကျွန်ုပ်၏ မော်တော်ကားဆီသို့ လျှောက်သွား၏၊ ကျွန်ုပ်၏ ကားတံခါးတွင် သေနတ်တစ်ချက်မှန်၍ ပေါက်နေသည်ကို တွေ့ရ၏၊

များမကြာမီ၌ မော်တော်ကားတစ်စီး ဖြတ်သွားသဖြင့် ကျွန်ုပ်က တားလိုက်ပြီးလျှင် ကျွန်ုပ်တို့၏ကားအား ခါးပြတိုက်ကြောင်း၊ ခါးပြမှာ သေနတ်ဒါဏ်ရာနှစ်ချက်ဖြင့် သေဆုံးနေပြီဖြစ်ကြောင်း၊ ထို့အတူ ကျွန်ုပ်၏မိတ်ဆွေ ကိုရွှေခါးမှာ သေနတ်ဒါဏ်ရာသုံးချက်နှင့် သေဆုံးနေပြီဖြစ်ကြောင်း ပြောပြလိုက်လေ၏၊ ထိုကားမှလူလည်း ကျွန်ုပ်အတွက် အပေါ်တစ်ယောက်ထားခဲ့ပြီးနောက် ငင်းကမှ ဂါတ်ကို အကြောင်းကြားပေးရန် ကားကိုပြန်လှည့်သွားခဲ့လေ၏၊ များမကြာမီ၌ ရာဇဝတ်အုပ်တစ်ဦးနှင့် ပုလိပ်သားလေးဦး



တို့ ရောက်ရှိလာကြပြီးလျှင် ကျွန်ုပ်အား စစ်ချက်များယူ၏၊ အလောင်းနှစ်လောင်းကိုမူ မော်တော်ကားတစ်စီးဖြင့် သယ်ဆောင်၍ ပိဋကလာဆေးရုံသို့ ပို့လိုက်၏၊ ထို့နောက် လိုအပ်လျှင် အကြောင်းကြားခေါ် ယူမည်ဖြစ်ကြောင်းပြောကာ ပြန်လွှတ်လိုက်၏၊ ကျွန်ုပ်သည် မော်တော်ကားကို စမ်းသပ်၍ မောင်းလေ၏၊

ဤသို့နှင့်ပင် တဖြည်းဖြည်းမောင်းလာခဲ့ရာ ပုပ္ပါးတောင်ဆီသို့ ရောက်ရှိလာလေတော့၏၊ ထို့နောက် ပုပ္ပါးရွာကလေးရှိ ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းဝင်ရောက်စားပြီး ညအိပ်တည်းခိုခွင့် တောင်းရာ တည်းခိုခွင့်ရလေ၏၊ ကျွန်ုပ်သည် ပုပ္ပါးတောင်ဆီသို့ သွားရောက်၍ ဘုရားဖူးခြင်းပြုလေ၏၊ ပြီးလျှင် နေဝင်သောအခါ၌ ထိုထမင်းဆိုင်သို့ပင် ပြန်လာပြီးလျှင် အိပ်စက်လေ၏၊ နံနက်မိုးလင်းသောအခါ၌ ထိုထမင်းဆိုင်မှထွက်၍ လာလမ်းအတိုင်း ပြန်ခဲ့လေ၏၊ ကိုရွှေခါး သေနတ်မှန်သောနေရာတွင် ကျွန်ုပ်သည် ကားကို ခေတ္တရပ်၏၊ အောက်သို့ ဆင်း၏၊ ပြီးလျှင် ကျွန်ုပ်နှင့် နှစ်ပေါင်းအတန်ကြာ အတူနေခဲ့ပြီး ကျွန်ုပ်၏အကျိုးကိုလိုလားသော ကျွန်ုပ်၏မိတ်ဆွေ သို့မဟုတ် ကျွန်ုပ်၏ဆရာ ကိုရွှေခါးအား လွမ်းဆွတ်သတိရသောကြောင့် ငူငူကြီး ရပ်နေမိလေ၏၊ ကြာမြင့်စွာ ရပ်နေသောအခါ၌ ကျွန်ုပ်၏ ခြေထောက်များသည် ညောင်းလာလေ၏၊ ထို့ကြောင့် ကျွန်ုပ်သည် ကားအတွင်းသို့ဝင်၍ထိုင်ကာ ထိုင်ခုံကို နောက်မှီလျှန်ကာ မျက်စိကို မှိတ်ထားလိုက်ရာ အိပ်ပျော်ခြင်းသို့

ရောက်သွားလေ၏။ ထိုသို့ အိပ်ပျော်သည်နှင့် တပြိုင်နက် ကျွန်ုပ်သည် ထူးခြားဆန်းကြယ်သော အိပ်မက်တစ်ခုကို မြင်မက်လေတော့၏။ အိပ်မက်မှာ အောက်ပါအတိုင်း ဖြစ်လေတော့၏။

အိပ်မက်ထဲတွင် ကျွန်ုပ်၏ မျက်နှာချင်းဆိုင်မှ မော်တော်ကားတစ်စီး မောင်းလာသည်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် ထိုကားကို လှမ်း၍ကြည့်၏။ ထိုကားသည် ကျွန်ုပ်၏ မော်တော်ကားနှင့် အမျိုးအစားလည်း တူ၏။ အရောင်ချင်းလည်း တူ၏။ ထို့အတူ သစ်လွင်ပုံချင်းလည်း တူ၏။ ထိုကားကလေးသည် ကြည့်နေရင်းနှင့်ပင် ကျွန်ုပ်အနီးသို့ ရောက်လာ၏။ ကျွန်ုပ်၏ကားနှင့် ခေါင်းချင်းဆိုင်၍ ရပ်လိုက်၏။ ပြီးလျှင် ကားတံခါး ဖွင့်လိုက်ပြီးလျှင် ကားပေါ်မှ လူတစ်ယောက် ဆင်းလာ၏။ ကျွန်ုပ်သည် မျက်စိအကြောင်သား ဖြစ်သွား၏။ ကျွန်ုပ်၏ ပါးစပ်သည် ပွင့်အာသွား၏။ ဆင်းလာသူမှာ ကမန်နေ့က သေဆုံးသွားသော ကျွန်ုပ်၏ မိတ်ဆွေကြီး သို့မဟုတ် ကျွန်ုပ်၏ဆရာ ကိုရွှေခါး ဖြစ်နေ၏။ သို့ရာတွင် ကိုရွှေခါးသည် ခါးကုန်းတစ်ယောက် မဟုတ်တော့ပေ။ ခါးမှာ ဆန့်ဆန့်ရပ်ရပ် ဖြစ်နေ၏။ အရပ်အမောင်းမှာ ကျွန်ုပ်ထက်ပင် မြင့်နေ၏။ ယခင်ကျောမှ ဘုကြီးမှာလည်း မရှိတော့ပေ။ အစဉ်သဖြင့် ပုဆိုးကို ဖြစ်သလို ဝတ်တတ်သော ကိုရွှေခါးသည် မိုးပြာရောင် သက္ကလပ်ဘောင်းဘီ၊ မိုးပြာရောင် သက္ကလပ်ကုတ်အကျီ၊ ရှပ်အဖြူ ပြောင်လက်သော ရှူးဖိနပ်တို့ကို ဝတ်ဆင်ထား၍မှမက လည်တိုင်တွင်





လည်း နက်ကတိုင်ခေါ် လည်စည်းကို စည်းထား၏။ ထိုလည်စည်းမှာလည်း နက်ပြာရောင်ပေါ်တွင် အဖြူရောင် အစင်းများပါသော လည်စည်းဖြစ်၏။ လက်တွင် နက်ပြာရောင်လက်အိတ် စွပ်ထား၏။ ရွှေခါးသည် ကားပေါ်မှ ဆင်းလာပြီးနောက်

"ဂွတ်မောနင်း . . . ကိုရွှေမြသာ"

ဟု အင်္ဂလိပ်ဘာသာဖြင့် နှုတ်ဆက်၏။ ကျွန်ုပ်သည် တစ်စုံတစ်ရာ ပြန်မပြောနိုင်ပဲ ကြောင်၍ကြည့်နေ၏။ ထို့နောက်မှ

"ခင်ဗျား ကိုရွှေခါးပါနော်၊ ခင်ဗျားကျောကုန်းက ဘုကြီး ဘယ်ရောက်သွားတာတုန်း။ အဲ့ဒါတွေ ထားလိုက်ပါ၊ ခင်ဗျား ရင်ဘတ်ကို သေနတ်သုံးချက်မှန်ပြီး ခင်ဗျား မနေ့က သေသွားပြီလေ၊ ခင်ဗျားအလောင်းကို ကျွန်ုပ်ကိုယ်တိုင်ပဲ မြှုပ်ခဲ့တာ"

ဟု ပြောလိုက်ရာ ရွှေခါးက

"ဒီမှာ ကိုရွှေမြသာ မနေ့ကသေသွားတာ ရွှေခါး၊ အခု ခင်ဗျား တွေ့နေရတာက ရွှေခါးမဟုတ်တော့ဘူး။ မနေ့က အထိ ကျုပ်ကျောကုန်းပေါ်မှာ ခါးကုန်းလို့ဖြစ်နေတဲ့ ဘုကြီးတစ်ခုရှိတယ်၊ အခု အဲ့ဒီဘုကြီးဟာ မရှိတော့ဘူး။ ကျုပ်ဟာ သူတော်စင်တွေနေတဲ့ နေရာက ခရစ်စတီးဆိုတဲ့ အမိုးတိုကို သတ်ဖြတ်ခဲ့မှုတဲ့ပြစ်မှုကြောင့် ခါးကုန်ကြီးအဖြစ်နဲ့ နေခဲ့ရတာ၊ အပြစ်ပေးခံရတာပေါ့ဗျာ၊ အခု ကျုပ်အပြစ်တွေ ပြီးသွားပြီ၊ ခင်ဗျားကို

အစအဆုံးလိုက်ပြီး ကူညီခဲ့ရတာကလည်း အဖြစ်ဆက်ကြောင့်ပဲ၊ ကျုပ်အဖြစ်တွေ မနေ့ကဘဲ အားလုံးပြီးသွားတယ်၊ ခရ တီးအဘိုးတို့ကို ကျုပ်သတ်တုန်းကလည်း သေစေချင်တဲ့ အ မပါဘူး၊ မတော်တဆ ဖြစ်ခဲ့တာ၊ အခု ကျုပ် လွတ်မြောက် သွားပြီ၊ ပြော်. . . ပြောရဦးမယ်၊ ကျုပ်နာမည်က ခင်ဗျားကို ပြောခဲ့တာ မောင်ဥာဏ် မဟုတ်လား၊ အမှန်က မောင်ဥာဏ် မဟုတ်ဘူး၊ ကျုပ်နာမည်က 'မောင်မောင်'တဲ့၊ လောကီပညာ လိုက်စားတဲ့လူတွေက ကျုပ်ကို စနေမောင်မောင်လို့ သိကြ တယ်၊ ကျုပ်သွားမယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ကိုရွှေခါး . . . အဲ. . အဲ. . ယောင်လို့ . . ကိုမောင်မောင်၊ မဟုတ်သေးပါဘူး၊ စနေမောင်မောင် ဘယ်ကို သွားမှာလဲ"

ဟု မေးလိုက်ရာ စနေမောင်မောင်က

"ရှမ်ဘဲလား"

ဟု ဖြေလိုက်လေ၏။

"ရှမ်ဘဲလား . . . ဟုတ်လား၊ အဲ့ဒါ ကျုပ်ကြားဖူးသလိုပဲ၊ အဲ့ဒါ ဘယ်မှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က





"ရှမ်ဘဲလားဆိုတာ ပျောက်ဆုံးနေတဲ့ မိုးကုပ်စက်ဝိုင်းပေါ့ဗျာ၊ အင်္ဂလိပ်လိုကတော့ 'လော့စ်ဟောရီဇုံး' လို့ တင်စား ခေါ်တဲ့ သူတော်စင်တို့ရဲ့နယ်မြေပေါ့၊ မြန်မာမှာလည်း ရှိပါတယ်ဗျာ၊ ဝိဇ္ဇာတွေပျော်တဲ့ 'မဟာမြိုင်တော'ဆိုတာ အဲ့ဒီနေရာကို ပြောတာဗျ၊ ချင်းတွင်းနားက မဟာမြိုင်မဟုတ်ဘူး"

ဟု ပြောပြီးလျှင် ကျွန်ုပ်၏ မော်တော်ကားဆီသို့ လျှောက်လာကာ မနေ့က သေနတ်မှန်၍ ပေါက်သွားသော မော်တော်ကားတံခါးမှ အပေါက်ငယ်ကို လက်ဖြင့်ထိကိုင်၍ မန္တာန်တစ်ခုကို ရွတ်ဆိုလိုက် လေ၏။

မှတ်ချက်။ ။ ထိုမန္တာန်မှာ လျှို့ဝှက်မန္တာန်တစ်ခုဖြစ် သောကြောင့် ဤနေရာတွင် ဖော်ပြထားခြင်း မပြုပါ။

(စာရေးသူ)

စနေမောင်မောင်သည် သေနတ်မှန်၍ ပေါက်သွားသည့် နေရာကလေးကို ထိုမန္တာန်ကိုရွတ်ဆို၍ ထိကိုင်ထားသော လက်ကို ဖယ်လိုက်ရာ အပေါက်ကလေးသည် ပိတ်သွား၏၊ ပိတ်သွားသော နေရာသည် ဝင်းလက်နေသဖြင့် ကျွန်ုပ်သွား၍ ကြည့်လိုက်ရာ ထိုအပေါက်ဝိုင်းကလေးအတိုင်း ရွှေတုံးကလေးတစ်ခုဖြင့် ပိတ်

နေကြောင်း တွေ့ရ၏။ ထိုအခါ ကျွန်ုပ်က

"ရွှေပါလား"

ဟု ပြောလိုက်ရာ စနေမောင်မောင်က

"ဟုတ်တယ် ရွှေမြသာ . . အဲဒါဟာ ရွှေပဲ၊ ဘယ်လို ရွှေ လည်းဆိုတော့ ခါကနေဖြစ်တဲ့ ရွှေ ခါကို အင်္ဂရိတ်လို 'နာ' လို့ခေါ်တယ်၊ နာကနေ ဖြစ်တဲ့ရွှေကို 'နရက်ရွှေ'လို့ ခေါ် ကြတာပေါ့၊ ခင်ဗျားနဲ့ ကျုပ်နဲ့ နရက်သိမ်နားမှာ တွေ့ခဲ့ တယ် မဟုတ်လား၊ အဲဒါကို အမှတ်ရစေဖို့ နရက်ရွှေလေး ပိတ်ပေးလိုက်တာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ဘာပဲဖြစ်ဖြစ် ဒီရွှေကို ကျုပ်ထုတ်မယ်၊ ပြီးရင် လက်စွပ် လုပ်မယ်၊ ပြီးတော့ ကျုပ်ရဲ့လက်မှာ အမှတ်တရ ဝတ်ထားမယ်၊ လက်စွပ်ကိုလည်း နရက်ဆိုတဲ့စာလေး ထွင်းထားရမယ်"

ဟု ပြောလိုက်လျှင် စနေမောင်မောင်က

"အဲဒါတွေက အရေးမကြီးပါဘူး၊ အထိမ်းအမှတ်တွေပါ ခင်ဗျားကြိုက်တာ လုပ်ခွင့်ရှိပါတယ်၊ အရေးကြီး တာတွေကို ပြောပြမယ်၊ ကိုရွှေမြသာ နောက်ဆုံးသွားရမယ့် ခရီးက ရှမ်ဘလားပဲနော်၊ ကျုပ် ရှမ်ဘလားက စောင့်မယ်၊ ဒါမှမဟုတ် မဟာမြိုင်က စောင့်နေမယ်၊ ဒီအတိုင်း လာလို့ကတော့

မရသေးဘူး၊ ခင်ဗျားရဲ့ချစ်သူ မေဆိုတဲ့ မိန်းမနဲ့ ခင်ဗျားရဲ့ ရန်သူ ကိုစိန်လှတို့နှစ်ယောက်ညားပြီး မွေးထားတဲ့ ကလေး တစ်ယောက်ရှိတယ်၊ အဲ့ဒီ ကလေးနာမည်က စိန်မြသာတဲ့၊ အဲ့ဒီကောင်လေးကို အချုပ်ထဲရောက်အောင် ထည့်ရမယ်၊ ထောင်ကျအောင် လုပ်ရမယ်၊ လောကရဲ့ အပြစ်ဒါဏ်တွေကို အကျအနခံစားရအောင် လုပ်ရမယ်၊ ပြီးတော့မှ ခင်ဗျား ကိုယ်တိုင်ကယ်ပြီး သူ့ကို လေ့ကျင့်ပေးရမယ်၊ ရှမ်ဘလားကို လာနိုင်တဲ့အထိ လေ့ကျင့်ပေးရမယ်၊ ပြီးမှ ခင်ဗျားဟိုမှာ ဝင် ခွင့်ရမယ်၊ ဘာကြောင့်လည်းဆိုတော့ ခင်ဗျားဟာ လူသတ်မှု တွေ ကျူးလွန်ခဲ့တယ်၊ ဥပဒေတွေ ချိုးဖေါက်ခဲ့တယ်၊ ဒီအတိုင်း ဝင်လို့ မရဘူး၊ အဲ့ဒီအတွက် လျှော်ကြေးအဖြစ် စိန်မြသာကို ခင်ဗျားက တာဝန်ယူပြီး ခေါ်ပေးရမယ်၊ ကဲ. . . ကျုပ် သွားမယ်"

ဟုဆိုကာ မော်တော်ကားပေါ်သို့ တက်ပြီးလျှင် မောင်းထွက် သွားလေတော့၏။ ကျွန်ုပ်သည် ကိုရွှေခါး၏ ကားကလေးကို မျက်တောင်မခတ်ဘဲ ကြည့်နေ၏။ ထိုကားကလေးသည် တဖြည်း ဖြည်း ဝေးသွား၏။ ထို့နောက် ကျွန်ုပ်၏ မြင်ကွင်းမှ ပျောက်ကွယ် သွားလေတော့၏။ ကျွန်ုပ်သည် အိပ်ပျော်နေရာမှ နိုးလာပြီ ဖြစ်၏။ ကျွန်ုပ်သည် စိတ်တာတ် ကြံ့ခိုင်သူဖြစ်၏။ သို့သော် ကျွန်ုပ်၏ အိပ် မက်ကို မေ့ပျောက်၍မရပဲ ရင်ထဲတွင် ဆွေးဆွေးမြည့်မြည့် ခံစား

နေရ၏၊ ထို့ကြောင့် မျက်လုံးအိမ်မှ မျက်ရည်တစ်ပေါက်သ
ပါးပြင်မှ လိမ့်ဆင်းကာ ရင်ဘတ်ပေါ်သို့ 'တောက်' ကနဲ ကျ
လေ၏၊ ထိုမျက်ရည်ပေါက်သည် ကျွန်ုပ်၏ ထွက်ရပ်လမ်း တံခါး
အပြီးအပိုင် ဖွင့်လိုက်သော 'ရွှေသော့' ဟုလည်း ကျွန်ုပ် တောင်း
နားလည်လိုက်ရလေတော့သတည်း၊





# သူတို့ရောက်လာကြပြီ

ကျွန်ုပ်သည် ဆွေးမြေ့သောစိတ်ဖြင့် မော်တော်ကားပေါ်သို့ တက်၍ ဆက်လက်မောင်းနှင်ခဲ့လေ၏၊ လမ်းတစ်လျှောက်လုံး နှလည်း ရွှေခါးဒေါ် စနေမောင်မောင်၏အကြောင်းကို စဉ်းစား လာခဲ့ပိလေ၏၊ ဤသို့နှင့်ပင် တစ်မြို့ဝင် တစ်မြို့ထွက်နှင့် မောင်း နှင်လာခဲ့ရာ ကျွန်ုပ်၏ အောင်မြေဖြစ်သောပဲခူးမြို့သို့ ရောက်ရှိ ခဲ့လေ၏၊ ကျွန်ုပ်သည် ပဲခူးမှရန်ကုန်သို့အတွက် ကားလမ်းနဘေးရှိ ရွာများသို့ဝင်ကာ ရွှေခါးဆိုသောလူတစ်ဦး နေထိုင်ခဲ့ဘူးခြင်းရှိ မရှိ ကို မေးမြန်းစုံစမ်းခဲ့လေ၏၊ မည်သည့်ရွာတွင်မှ ကိုဥာဏ် သို့မဟုတ် ကိုရွှေခါးဆိုသူ နေထိုင်ခဲ့ဘူးပါသည်ဟု မပြောကြပေ၊ အမှန်စင်စစ် ရွှေခါးသည် တောစပ်၌ ကျွန်ုပ်ထိုင်နေစဉ်၌ပင် ကျွန်ုပ်အနီးသို့ တောပန်းများဆီးကာ အမှတ်တမဲ့ လာရောက် တွေ့လိုက်ခြင်းဖြစ်

၏၊ ထို့နောက်သူသည် ခါးကုန်းကြီးရွှေခါးအဖြစ်ဖြင့် ကျွန်ုပ်
အစအဆုံး ကူညီခဲ့၏၊ ကျွန်ုပ်သည် ရွှေခါးဒေါ် စနေမောင်
အကြောင်းကို စဉ်းစားရင်း ရန်ကုန်မက်ဆီသို့ မော်တော်ကာ
ဆက်လက် မောင်းနှင်ခဲ့လေ၏။

ရန်ကုန်သို့ရောက်လျှင် ကျွန်ုပ်၏အိမ်အတွင်း၌ လျှို့ဝှက်
ဆောက်ထားသော မြေတိုက်တွင်အောင်းကာ ကျွန်ုပ်၏ ကျင့်စဉ်
ဆက်လက်၍ ကျင့်ခဲ့လေ၏၊ ထိုသို့ကျင့်စဉ်များကို ကျင့်နေ
အတွင်း မည်သို့ဖြစ်သည်မသိ၊ မကြာခဏ ကျွန်ုပ်သည် အိပ်
လာ၍ အိပ်ပျော်ခြင်းသို့ ရောက်သွားတတ်၏၊ တစ်နေ့တွင် ဤ
အိပ်ပျော်နေစဉ် အိပ်မက်ထဲတွင် ရွှေခါးဒေါ် ကျွန်ုပ်၏ဆရာ
မောင်မောင်သည် ထူးဆန်းသော အတတ်ပညာနှစ်ခု အကြော
ကို ကျွန်ုပ်အားလာ၍ သင်ပေးလေ၏၊ ကျွန်ုပ်သည် လိပ်ပြာလွ
သော ကျင့်စဉ်ကို ကျင့်ခဲ့၏၊ လိပ်ပြာလွှင့်သောနည်းကို ကျွမ်းကျ
လာသောအခါ၌ 'တယ်လီပို့တေးရှင်း' ဟု ခေါ်သည့် ရုပ်ခန္ဓာ
ရုတ်တရက်ပျောက်၍ မိမိသွားရောက်လိုသော နေရာသို့ တမဟုတ်
ချင်း သွားရောက်နိုင်သည့်ကျင့်စဉ်ကို ကျင့်ရပြန်လေ၏၊ ထိုကျ
စဉ်မှာ လွယ်ကူသောကျင့်စဉ် မဟုတ်ပေ၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်
သည် ကလာပ်စည်းများဖြင့် ဖွဲ့စည်းထား၏၊ ထိုကလာပ်စည်းမျာ
ကို အလွယ်ကူဆုံးပြောရလျှင် ဖို၊ မ သို့မဟုတ် အပေါင်း၊ အနုတ်
ကလာပ်စည်းနှစ်မျိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်၏၊ အပေါင်း
နှင့်အနုတ်သည် ရောနေ၏၊ သို့မဟုတ် အဖိုနှင့်အမသည် ရောနေ

၏၊ အာရုံပြုသောအခါ၌ မိမိခန္ဓာကိုယ်ရှိ ကလာပ်စည်းများသည်
အပေါင်းချည်း သပ်သပ်၊ အနုတ်ချည်း သပ်သပ် ဖြစ်သွားလေ၏၊
ထိုသို့ဖြစ်သွားသည်နှင့် တပြိုင်နက် ခန္ဓာရုပ်ကြီးသည် မြူကျပျောက်
ကွယ်သွား၏၊ စိတ်မှာမူ အာရုံညွတ်သော နေရာသို့ တမဟုတ်ချင်း
ရောက်သွားပြီဖြစ်၏၊ ထိုစိတ်နှင့်အတူ နုညံ့သော ရုပ်မှုန်တို့ သည်
တစ်ခါတည်း လိုက်သွားကြ၏၊ သို့ရာတွင် ထိုသို့လိုက်ပါသွားသော
အခါ၌လည်း ပုံသဏ္ဌာန်အဖြစ် လိုက်ပါသွားသည်မဟုတ်၊ လှိုင်းအဖြစ်
လိုက်ပါသွားခြင်းဖြစ်၏၊ ရောက်လိုသော နေရာသို့ ရောက်သော
အခါ၌ အပေါင်းနှင့်အနုတ်ဖြစ်သော ရုပ်မှုန်များကို စိတ်အာရုံနှင့်
ရောနှောပစ်လိုက်သည်နှင့် တပြိုင်နက် ခန္ဓာကိုယ်ကြီးသည် တည်
ဆောက်ပြီးသား ဖြစ်သွား၏၊

သိဒ္ဓိရှင်တစ်ဦးသည် မန္တလေးတွင်ထိုင်နေရာမှ ရုတ်ခြည်း
ပျောက်သွားပြီး ရန်ကုန်တွင် ဘွားကနဲပေါ်လာခြင်းမှာ ထိုအတတ်
ပင်ဖြစ်၏၊ ထိုအတတ်ကို အနောက်နိုင်ငံသားတို့က 'တယ်လီပို့တေး
ရှင်း' ဟုခေါ်ကြကုန်၏၊ ကျွန်ုပ်သည် ပေါက်မြောက်ပြီးမှပင် ထို
အတတ်ကို သီးခြားလေ့ကျင့်ယူရ၏၊ လိပ်ပြာလွှင့်ခြင်းမှာလည်း
အထူးတလည် လေ့ကျင့်မှုရသော ကျင့်စဉ်ဖြစ်၏၊ ရုပ်ခန္ဓာကြီးက
တစ်နေရာတွင်နေ၍ ဝိညာဉ်လိပ်ပြာကို မိမိလိုရာသို့ တည့်တည့်
မတ်မတ် ရောက်သွားစေခြင်း အတတ်ဖြစ်၏၊ ထိုအတတ်ကို
အနောက်နိုင်ငံသားတို့က 'ပရိုဂျက်ရှင်း' ဟုခေါ်၏၊



မနောမယစာပေ

ကျွန်ုပ်သည် မရှိသောအရာများကို စိတ်အာရုံကိုညွတ်၍
အောင်လုပ်ပြနိုင်၏။ ဥပမာအားဖြင့် ကျွန်ုပ်၏ညာလက်ကို
တန်း၍ လက်ဝါးကိုပက်လက်လှန်ကာ ပြနိုင်လိုက်၏။ လက်ဝါးပေါ်
တွင် မည်သည့်အရာမျှ မရှိပေ။ သို့သော် ကျွန်ုပ်သည် အာရုံကိုညွှတ်
လိုက်၏။ ကျွန်ုပ်၏လက်ဝါးပေါ်တွင် လိမ္မော်သီးတစ်လုံး ရှိနေသည်
ဟု အာရုံညွှတ်လိုက်၏။ ကျွန်ုပ်၏အာရုံတွင် ထိုလိမ္မော်သီးသည်
ထင်းကနဲပေါ်လာသည်နှင့် လက်ဝါးပေါ်တွင် ထိုလိမ္မော်သီးသည်
အမှန်တကယ် ရောက်လာ၏။ ထို့အတူ ကျွန်ုပ်၏လက်ဝါးပေါ်တွင်
ထိုလိမ္မော်သီးမရှိစေလိုလျှင် ကျွန်ုပ်သည်အာရုံကိုညွှတ်ပြီး တမ
ဟုတ်ချင်း ပျောက်ပြစ်လိုက်၏။ ကျွန်ုပ်သည် စိတ်ကိုနိုင်းနိုင်သော
စိတ်ကိုစေစားနိုင်သော စိတ်တန်ခိုးပိုင်ရှင် သို့မဟုတ် သိဒ္ဓိရှင်တစ်ဦး
အဖြစ်ကို ရောက်ရှိနေပြီဖြစ်၏။

ကျွန်ုပ်၏ ခန္ဓာကိုယ်မှာလည်း ရွှေခါးလေ့ကျင့် ပေးသွားသော
ကြောင့် အသားပိုအသားလျှော့ဟူ၍ တစ်ကျပ်သားမျှပင်မရှိပဲ ကျစ်
လစ်နေပြီဖြစ်၏။ ကျွန်ုပ်သည် မြေတိုက်တွင်းမှနေ၍ ကျွန်ုပ်၏ အလုပ်
သမားများမသိအောင် တံခါးချက်ကိုမဖြုတ်ပဲ ထွက်သွားနိုင်ပြီဖြစ်
၏။ ကျွန်ုပ် နောက်ဆုံးအောင်မြင်သောအဆင့်မှာ ကျွန်ုပ်တစ်ကိုယ်
တည်းကို နှစ်ယောက်ဖြစ်အောင် ပေါ်ပြနိုင်ခြင်းပင်ဖြစ်၏။ ကျွန်ုပ်
သည် အိပ်မက်ရှည်ကြီးတစ်ခုကို မက်နေ၏။ အိပ်မက်ထဲတွင်
ကျွန်ုပ်သည် သိဒ္ဓိပေါက်နေပြီဖြစ်၏။ ထိုသို့ အိပ်မက်မက်ခြင်း





အိပ်မက်ထဲတွင် ထူးဆန်းဖွယ်ရာကောင်းသောအဖြစ်များဖြစ်နေ
ခြင်းကိုလည်း ကျွန်ုပ်သည် မှတ်မှတ်သားသား ရှိလှ၏။ ထို့ကြောင့်
ကျွန်ုပ်သည် နေ့စဉ်မှန်မှန် မှတ်တမ်းကိုရေး၏။ နေ့စဉ်မှန်မှန်
ရွှေတိဂုံဘုရားသို့တက်၍ ဘုရားဖူး၏။ ကျွန်ုပ်သည် နံနက် (၅)
နာရီတွင် ဘုရားပေါ်သို့ ရောက်နေပြီဖြစ်၏။ ရွှေတိဂုံဘုရားကြီးတွင်
ဆွမ်းတော်တင် ၏။ ဆီမီး၊ ရေချမ်း၊ ပန်းစသည့်တို့ကို ပူဇော်၏။
ထို့နောက် ကြေဝဠာရှိ အနန္တသော သတ္တဝါတို့ကို မေတ္တာပို့၏။

တစ်နေ့တွင် ကျွန်ုပ်သည် အာရုံတက်၍ ဆွမ်းတော်၊ ပန်းတော်
ကပ်၍ ဝပ်ဖြူပူဇော်နေ၏။ ထို့နောက် ကျွန်ုပ်သည် ထိုနေရာမှထ၍
နောက်သို့လှည့်လိုက်ရာ လူတစ်ယောက်ကို တွေ့ရ၏။ ထိုလူကို
တွေ့လျှင်ကျွန်ုပ်သည် အံ့ဩသွား၏။ ထိုသူသည် ပဲခူးသို့ ကျွန်ုပ်
ရောက်စဉ်က ကျွန်ုပ်အား အကူအညီပေးခဲ့ပြီး မိုးပြူနှင့် ထောင်ကျ
သွားသည်ဆိုသော ကိုတုတ်ပေါပင်ဖြစ်၏။ ကိုတုတ်ပေါသည် ကျွန်ုပ်
ကို ပြုံးပြ၏။ ထို့နောက်၎င်းက

"ဘယ်လိုလဲ မြေလျှောက်စိန္တာကြီး မြေကြီးပေါ် လျှောက်သွား
နေရုံနဲ့ပြီးမယ် အောင်းမေ့လို့လား၊ ရှမ်ဘဲလားကို သွားမယ်
ဆိုရင် စိန်ပြဿာကို ရှာပေတော့၊ စိန်ပြဿာ ဆိုတာကို ကုဗြိုး
ဘာမှ လုပ်မပေးရင် ရှမ်ဘဲလားမှာ ဝင်ခွင့်ရမှာ မဟုတ်ဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် ကိုတုတ်ပေါကို သေချာစွာ ကြည့်
လိုက်၏။ ထိုအခါကျမှပင် ကိုတုတ်ပေါသည် ကျွန်ုပ်သိခဲ့သည့် မိုး

ပြုမှုတွင်ပါသည့် တောသားလူညံ့ ကိုတုတ်ပေါမဟုတ်။ ထို့ကြော
ကျွန်ုပ်က

"ခင်ဗျား ကိုတုတ်ပေါအစစ် မဟုတ်ပါဘူး"

ဟု ပြောလိုက်ရာ ကိုတုတ်ပေါက

"မှန်ပါတယ် ကိုရွှေမြသာ၊ ကျွန်ုပ်ဟာ တန်တော်မိုးပါပဲ၊ ရှမ် လားက တန်တော်မိုးပါ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"တွေ့ရတာဝမ်းသာပါတယ် မစ္စတာတန်တော်မိုး၊ အခုခင်ဗျ က တာဝန်နဲ့ လာတာလား"

ဟု မေးလိုက်ရာ မစ္စတာတန်တော်မိုးက

"တာဝန်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ ရှမ်ဘဲလားလို နေ ထူး နေရာမြတ်ကနေ ဒီနေရာကို ပြန်ရောက်တဲ့အခါကျတော လည်း တူရာဓါတ်တွေပေါင်းစုသလို ကျွန်ုပ်တို့လမ်းကြောင်း လိုက်တဲ့လူတွေကို သတိပေးနှိုးဆော်တာတို့ ကူညီတာတို့ လု ရတာပေါ့၊ ဒါပေမယ့် ကျွန်ုပ်ဟာ မြန်မာပြည်မှာ သိပ်ကြာ မဟုတ်ဘူး၊ ဂျပန်ပြည်ကို သွားမလို့ ရွှေတိဂုံဘုရားဖူးချင်တ နဲ့ ခဏလေး ဝင်လာတာ၊ ခဏလေးဝင်တာကလည်း လမ် ကြောင်းက သင့်တာကိုးဗျ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က





"လမ်းကြောင်းသင့်တယ် ဟုတ်လား၊ ဘယ်လမ်းကြောင်းလဲဗျ မစ္စတာတန်တော်မိုးရဲ့ ကျွန်ုပ်ကိုပြောပါဦး"

ဟု ပြောလိုက်လျှင် မစ္စတာတန်တော်မိုးသည် စီးကရက်ကိုထုတ်၍ မီးညှိရှိုက်ဖွာရင်း

"အဲဒါ ရှမ်ဘဲလားရဲ့ ဓါတ်လမ်းပဲ၊ ရှမ်ဘဲလားရဲ့ မေတ္တာခံယူချင်တဲ့သူတွေဟာ ဖဲဒီနေရာကိုသွားပြီး မေတ္တာခံယူကြတယ်၊ ရှေးတုန်းက 'အသက်လေးရယ်တဲ့ရှည်စေလို မန်းတောင်နိဝ်ခို' ဆိုတဲ့စကားဟာ မန်းစက်တော်ရာကို ရှမ်ဘဲလားကဝေ့ဝစ် ရောက်တယ်လို့ မှတ်စပ်ပြထားတဲ့ စကားပဲ"

ဟု မစ္စတာတန်တော်မိုးက ပြောလေ၏။ ကျွန်ုပ်သည် မစ္စတာတန်တော်မိုး၏ အကြောင်းကို ကြားဖူး၏၊ မစ္စတာ တန်တော်မိုးသည် ရှမ်ဘဲလားမှလူသားဖြစ်ကြောင်းကို ကျွန်ုပ်ကောင်းစွာသိ၏။ ထိုကြောင့် ကျေးဇူးတင်ကြောင်း ယခုလိုတွေ့ရခြင်းအတွက် ဝမ်းမြောက်ကြောင်း ပြောရလေ၏။

မှတ်ချက်။ ။မစ္စတာ တန်တော်မိုး၏ အကြောင်းသိလိုပါက ကျွန်ုပ်ရေးသားသော 'မဟာမြိုင်ခရီးသည်' ပထမတွဲ၊ ဒုတိယတွဲကို ဖတ်ပါ။

(စာရေးသူ)

မစ္စတာတန်တော်မိုးသည် ကျွန်ုပ်အား အရေးကြီးသော စကား တစ်ခွန်း နှစ်ခွန်းကိုပြော၏။ ထို့နောက်၎င်းက

"စိန်မြသာဟာ အတော့်ကို ပျက်စီးစ ပြုနေပြီ၊ ကျောင်းပညာ တော့ (၈)တန်း ရောက်နေပြီ၊ ကျောင်းလည်းမှန်မှန် မတက်ဘူး ကျောင်းပြေးတယ်၊ ကျောင်းပြေးပြီးတော့ ရန်ကုန်မြို့ကိုပတ်ပြီး မောင်းနေတဲ့ လော်ကယ်မီးရထားတွဲတွေပေါ်မှာရှိတဲ့ လူဆိုး လေးတွေ၊ ဂျိုးလေးတွေနဲ့ပေါင်းပြီး မီးရထား လျှောက်စီး နေတယ်၊ သူ့အမေဆီက ပိုက်ဆံခိုးပြီး ဘိုင်စကုတ်ကြည့်တယ်၊ မြောက်ပန်းလှန်တယ်၊ ဖဲရိုက်တယ် အရက်တောင် စပြီးသောက် နေပြီ၊ ကျုပ်လည်း ဖဲဝိုင်းအနားမှာ ကျုပ်ကယ်ရမယ့် လူတစ် ယောက်ရှိလို့ သွားရင်းသိခဲ့ရတာ၊ ဒါပေမယ့် စိန်မြသာဆိုတဲ့ ကောင်လေးကို မြင်လိုက်ကတည်းက တနေ့နေ့တစ်ချိန်ချိန် မှာ ရှုံ့ဘဲလားကိုရောက်မယ့် ကောင်လေးဆိုတာသိလို့ ဆင် ခြင်ကြည့်လိုက်တော့ ခင်ဗျားနဲ့နိုတ်ဆိုတာ သိရတယ်"

ဟု ပြောလိုက်လေ၏။ ၎င်းပြောသော နိုတ်ဆိုသည့်စကားမှာ ပဋ္ဌာန်း ဆက်ဟူသောစကားကို ဆိုလိုဟန်တူ၏။ ထို့ကြောင့် ကျွန်ုပ်သည် မစ္စတာတန်တော်မိုးနှင့် လမ်းခွဲခဲ့ပြီးနောက် ကျွန်ုပ်၏ မော်တော် ကားကိုမောင်း၍ ရွှေတိဂုံဘုရားမှ ထွက်ခဲ့လေတော့သတည်း။





# ဆောင်ခင်ဇာ

ကျွန်ုပ်သည် ရွှေတိဂုံဘုရားပေါ်မှ ဆင်းခဲ့ပြီးနောက် စိန်မြသာ ကို ရှာဖွေခဲ့၏။ စိန်မြသာသည် ကျောင်းဆင်းပြီးနောက် အိမ်သို့ပြန် လာခဲ့၏၊ ကျွန်ုပ်သည်စိန်မြသာနှင့် ပလက်ဖောင်းပေါ်မှယှဉ်၍ လျှောက်သွားသော လူကြီးတစ်ဦး၏ အိတ်အတွင်းမှ ပိုက်ဆံအိတ်ကို နှိုက်ယူပြီးလျှင် စိန်မြသာ၏ လွယ်အိတ်အတွင်းသို့ ထည့်ပေးလိုက် ၏၊ ထို့နောက် ထိုလူကြီးအား ကျွန်ုပ်က

"ဒီမှာမိတ်ဆွေ ခင်ဗျားဆီမှာ ပိုက်ဆံအိတ် ရှိသေးသလား၊ ကြည့်စမ်းပါဦး"

ဟု ပြောလိုက်ရာ ထိုသူသည် ၎င်း၏အိတ်ကို ဖွင့်ကြည့်လိုက်ပြီးလျှင် ထိတ်ထိတ်ပြာပြာဖြင့်

"ဟုတ်ပါရဲ့ဗျာ မရှိတော့ဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"ဟောဟိုကောင်လေးရဲ့ လွယ်အိတ်ထဲ ရောက်သွားတာ၊ ကျွန်ုပ် သေသေချာချာ မြင်လိုက်တယ်"

ဟု ပြောလိုက်ရာ ထိုလူသည်အချိန်ဆွဲမနေတော့ပဲ စိန်မြသာ၏ ဂုတ်ကို ဖမ်း၍ဆွဲလိုက်၏။ ထို့နောက်

"ဟေ့ ခါးပိုက်နှိုက်. . . ဒီမြီ"

ဟု ပြောလိုက်လျှင်စိန်မြသာသည် ထိုလူ၏လက်မှ အတင်းရုန်းထွက်ပြီးလျှင် ထိုလူ၏မျက်နှာကိုလက်သီးဖြင့် အတင်းထွတ်၍ ထိုးလေတော့၏။ ထိုအခါ ထိုလူက

"ခါးပိုက်နှိုက်. . . ခါးပိုက်နှိုက်"

ဟု အော်၏။ လူများ ဝိုင်းအုံလာ၏။ ထိုအခါ ထိုလူက

"အဲဒီအိတ်ထဲမှာ ဘာတွေပါတယ်ဆိုတာ ကျွန်ုပ်ပြောနိုင်တယ်၊ ကျွန်ုပ်အိတ် အစစ်ပါ"

ဟု ပြောလိုက်လေ၏။ စိန်မြသာသည် မျက်လုံးအကြောင်သားနှင့် ထိုလူကို ကြည့်နေ၏။ သူ၏နှုတ်မှလည်း ထိုသူများအား ကျွယ်ကျွယ်





ကောင်လောင်အော်၍

"ကျွန်ုပ်မနိုးဘူး၊ ကျွန်ုပ်ခါးပိုက်နှိုက်လည်း မဟုတ်ဘူး၊ ဒါပေမယ့် ဒီပိုက်ဆံအိတ်က ကျွန်ုပ်လွယ်အိတ်ထဲ ရောက်နေတာတော့ ကျွန်ုပ် မသိဘူး "

ဟု ပြောလိုက်ရာ လူအုပ်တွင်းမှ လူတစ်ယောက်က

"ဒီကောင်လေးဟာ ဟိုနားက အန်တီမေရဲ့ သားလေးပါ၊ ခါးပိုက်နှိုက် မဟုတ်ဘူး"

ဟု ပြောလိုက်လျှင် ကျွန်လူတစ်ယောက်က

"အန်တီမေတွေ အန်တီရွှေတွေ လာလုပ်မနေနဲ့၊ သူ့လွယ် အိတ်ထဲကနေ ပိုက်ဆံအိတ်ပြန်ရတယ်၊ ပျောက်တဲ့လူကလည်း သူ့ပိုက်ဆံအိတ်လို့ အတိအကျပြောနိုင်တယ်၊ အန်တီမေ့သား ဟာ ခါးပိုက်နှိုက်မဖြစ်နိုင်ဘူးလို့ ဘယ်သူကပြောသလဲ၊ ခင်ဗျား မရှုပ်နဲ့ သူ့ကိုဂါတ်ကို ပို့ရမယ်"

ဟု ပြောလိုက်၏။ ကျွန်ုပ်သည် လူအုပ်အတွင်းမှ အသာကလေးလျှို၍ ထွက်ခဲ့၏။ စိန်မြသာသည် ကျွန်ုပ်အား ဂရုမြုပ်မြင်းမရှိပါ၊ စိန် မြသာအား ခါးပိုက်နှိုက်မှုဖြင့် ဂါတ်မှူးဂါတ်တဲမှ ဖမ်းဆီးလိုက်ပြီဖြစ် ၏။ ၎င်း၏မိခင်မေသည် မယ်ပဒါပမာ လူးလိမ့်၍ ငိုကြွေးနေပြီဖြစ် ၏။ ထို့နောက်တွင်ကား စိန်မြသာကို ခါးပိုက်နှိုက်မှုဖြင့် ရုံးတင် စစ်ဆေးပြီးလျှင် အသက်မစေ့သေးသောကြောင့် ကလေးထောင်သို့

ဝိုလိုက်၏။ မေသည် ကလေးထောင်ရှိရာ သရက်မြို့သို့ ထော
ဝင်စာ ပို့ရန်အတွက်များစွာ အခက်အခဲဖြစ်နေ၏။ မေသည်
ထိုအချိန်၌ သက်နီးကျွန်းသတင်းစကားနှစ်စီး ထောင်ထား၏။ ဆ
ပွဲရုံတစ်ခုလည်း လုပ်ထား၏။ ထို့ကြောင့် ထိုလုပ်ငန်းတို့ကို ပစ်
သရက်ထောင်သို့ သွားရန်ကား လွယ်ကူသော အလုပ်မဟုတ်ပေ
ကျွန်ုပ်သည် သရက်မြို့၌ ဘော်စတယ်ခေါ် ခလေးထောင်သို့ လိုက်
သွားပြီးလျှင် ထောင်ပိုင်နှင့်တွေ့ဆုံကာ စိန်မြသာသည် ကျွန်ုပ်၏
တူတော်ကြောင်းပြောကာ တွေ့ဆုံခဲ့လေ၏။

"ဒီမှာ စိန်မြသာ မင်းက ငါ့တူတော်တယ်ကွ။ မင်းအမေနဲ့ငါ
က မောင်နှမတစ်ဝမ်းပဲကွဲတာ။ မိဘချင်း မသင့်တင့်တော့လည်း
တို့မောင်နှမတွေဟာ တစ်ယောက်နဲ့တစ်ယောက် မနီးစပ်ကြ
ဘူးပေါ့။ ခုအချိန်မှာ မေဟာမင်းကိုထောင်ဝင်စာ လာတွေ့ဖို့
မပြောနဲ့ သူ့ပါးမှာ နားနေတဲ့ ခြင်ကိုတောင် လက်နဲ့လှမ်းပြီး
ရိုက်ဖို့ အချိန်မရှိဘူးကွ။ အလွန်အလုပ်များတဲ့ မိန်းကလေး
ပါ့ကြောင့် ဦးလေးက လာခဲ့တာ။ ဦးလေးရဲ့ နာမည်က ဆင်မြ
ရယ်တဲ့။ ဦးလေးက ငယ်ငယ်တုန်းက မစ်ရှင်ကျောင်းမှာနေ
တော့ အဲဒီနာမည်ရနေတာပေါ့ကွာ။ ဦးလေးနာမည် ပြော
ရင်တောင် မင်းအမေက သိမှာမဟုတ်ဘူး။ ဘာမှအားမငယ်
ပါနဲ့ကွာ။ အခုမင်းကို ထောင်သုံးနှစ်ချလိုက်တယ် မဟုတ်လား
အခု မင်းအသက်က (၁၅) နှစ်။ ထောင်ထဲမှာ သုံးနှစ်နေရမယ်





ဆိုရင် မင်းအပြင်ရောက်ရင် (၁၈) နှစ်ပေါ့ကွာ။ ထောင်ထဲမှာ
နေရလို့ အတန်းပညာမတတ်မှာကို မစိုးရိမ်ပါနဲ့ကွာ။ ပညာ
မတတ်ပဲ ကြီးပွားနေတဲ့လူတွေ အများကြီးရှိပါတယ်။ မင်းက
(၈)တန်းအထိ သင်ဘူးသေးတယ်။ ကမ္ဘာကျော် ကဗျာဆရာကြီး
ရှိတ်စပီးယားဆိုရင် တစ်တန်းမှ မအောင်ခဲ့ရဘူးကွ။ စာရေး
ဆရာကြီး ဘားနတ်ရှောဆိုရင် ဘယ်နှစ်တန်းအောင်တယ်လို့
တစ်ခါမှ မကြားဖူးဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် စိန်မြသာက

"ခင်ဗျား ဘာတွေလာပြောနေတာလဲ။ ခင်ဗျားပြောတိုင်း ယုံမယ့်
ကောင်ထင်လို့လား။ ကျုပ်တို့မှာ ဆွေမျိုးမရှိဘူး။ ကျုပ်အမေနဲ့
ကျုပ် နှစ်ယောက်ပဲရှိတယ်။ ခင်ဗျားက ဘယ်ကနေ ဘယ်လို
ရောက်လာတာလဲဗျ။ ကျုပ်အမေပြောတဲ့စကားတွေ ကျုပ်အား
လုံး နားထောင်ဖူးတယ်။ အဲဒီအထဲမှာ ဆင်မြရယ်ဆိုတဲ့ သတ္တဝါ
အကြောင်း တစ်ခါမှမပါဘူး။ အဲဒီတော့ ခင်ဗျားမြန်မြန်ပါ။ အင်္ဂလိပ်
လိုပြောရင်တော့ ဂက်အောက်။ ကျုပ်အတွက် ဘာပစ္စည်းမှ
မပေးနဲ့။ နောက်တစ်ခု ခင်ဗျားကို ပြောရဦးမယ်။ ကျုပ်က ဒီလို
ခါးပိုက်နှိုက်မှုနဲ့ ထောင်သုံးနှစ်ကျသွားတယ်။ ဒါပေမယ့် ကျုပ်
တစ်ခါမှ မနှိုက်ဘူး။ မခိုးဘူး။ ဘယ်လိုဘယ်လို ကျုပ်လွယ်အိတ်
ထဲ ပိုက်ဆံအိတ်က ရောက်နေတယ်လို့ မပြောတတ်ဘူး"

ဟု ထန်ထန်မန်မန်ပြန်၍ ပြောလိုက်လေ၏။

"ဒီလိုပါ ငါ့တူရယ် မင်းအမေကလည်း အမျိုးတွေကိုစိတ်
အမျိုးတွေကိုပြောမှာ မဟုတ်ပါဘူး၊ ငါဟာ မင်းဦးလေး
ပါကွာ၊ ဒီထောင်မှာလည်း ငါမင်းအတွက် ပိုက်ဆံတွေ ဘာ
ပေးခဲ့ပါတယ်၊ မင်းသက်သက်သာသာ နေရဖို့ပေါ့ကွာ၊ နေ
ပြီးတော့ မင်းစားဖို့ သောက်ဖို့ ဝပိကြော်တို့ ပုစွန်ခြောက်
တို့ ကြော်ပြီးပေးခဲ့တယ်၊ မင်းဆေးလိပ် သောက်တတ်
ထင်တယ်၊ အဲဒီတော့ ဆေးလိပ်တို့ ဘာတို့ပေးခဲ့တယ်ကွာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စိန်မြသာက

"ခင်ဗျားကို ပြောပြီးပါပကောလား၊ ခင်ဗျားရဲ့ အကူအ
ဘာမှမလိုချင်ဘူး၊ ထောင်ထဲမှာ အနေချောင်အောင် ဒီ
ပိုက်ဆံလိုက်ပေးတဲ့ဟာကို လက်ခံမယ့်လူညံ့များ အောင်
နေလို့လား၊ ကျွန်ုပ်နည်းကျွန်ုပ်ဟန်နဲ့ ရပ်တည်နိုင်တယ်၊
သောက်ဖို့လည်း ကျွန်ုပ်ဟာကျွန်ုပ် ဖန်တီးယူမယ်၊ ကျွန်ုပ်မှာ အ
အချင်းရှိတယ်၊ ဆင်မြှုရယ်ဆိုတဲ့ လူတစ်ယောက်ရဲ့ အကူအ
ကို မလိုပါဘူး"

ဟုဆိုကာ ကျွန်ုပ်၏မျက်နှာကို တံတွေးဖြင့် 'ထွီ' ကနဲ
ထွေးလိုက်၏၊ ထိုအခါအနီးတွင်ရပ်နေသော ထောင်ကြပ်တစ်ဦး

"ဟဲ့. . . ကောင်လေး နိုင်းလှချည်လား၊ ကိုယ့်ကို ထောင်ဝင်





လာပေးတဲ့ ဦးလေးအရင်းကိုတောင် မျက်နှာကို တံတွေးနဲ့
ထွေးတယ်ဆိုတော့ မင်းကသိပ်မလွယ်ဘူး"

ဟု ပြောလိုက်ရာ စိန်မြသာက

"အဲဒါခင်ဗျား မသိပါဘူး၊ ကျွန်ုပ်မှာ ဦးလေးမရှိပါဘူး၊ ဒီလူက
ဦးလေး အတုနဲ့တူတယ်၊ ကျွန်ုပ်ကမယုံလို့ တံတွေးနဲ့ထွေးတာ"

ဟု ပြန်၍ ပြောလိုက်ရာ

"နေစမ်းပါဦး စိန်မြသာရယ် ငါကဦးလေးအတုလုပ်ပြီး ပိုက်
ဆံအကုန်ခံပြီး၊ အချိန်ကုန်ခံပြီး မင်းကိုလာတွေ့ရအောင်
ငါ့အတွက် ဘာများအကျိုးရှိမှာမို့လည်း စဉ်းစားလည်းကြည့်ပါ
ဦး ငါ့လူရယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် စိန်မြသာက

"အဲဒါတော့ ကျွန်ုပ်မစဉ်းစားနိုင်ဘူး၊ ဒါပေမယ့် ကျွန်ုပ်သိတာ
တစ်ခုတော့ပြောမယ်၊ လောကကြီးဟာ ထင်သလောက် မရှင်း
လင်းဘူး၊ ရှုပ်ထွေးတယ်၊ လူတစ်ယောက်ရဲ့ အပြုအမူဟာ ကိုယ့်
ကို အကျိုးပြုနေတာလား၊ ဓားစာခံ နေတာလားလို့ ခွဲခြားဖို့
ခက်တယ်၊ ဒါကြောင့် ကျွန်ုပ်ဘယ်သူ့ကိုမှ မယုံဘူး၊ အဲဒီအထဲမှာ
ကျွန်ုပ်အမေ မပါဘူး၊ ကျွန်ုပ်သူ့ကိုတော့ ယုံတယ်၊ အဲဒီတော့
ခင်ဗျား သွားတော့၊ နောက်လည်း မလာနဲ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ငှက်မသိတော့လည်း ဖက်ရက်ချိုးထင်ပြီး အချက်မ[illegible]
လည်း သားမက်သူနိုး ထင်တတ်တယ်ကွ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ကျုပ်အတွက်ကတော့ သားမက်ရော၊ သူနိုးရော နှစ်မျိုး[illegible]
သူနိုးပဲထင်တယ်၊ ခင်ဗျားသွားတော့၊ နောက်တစ်ခါ ခ[illegible]
ကျုပ်ကိုလာတွေ့ရင် ကျုပ်အမေကို ကျုပ်ပြောပြပြီး ခင်ဗျ[illegible]
တရားစွဲနိုင်းမယ်၊ ဦးလေးယောင်ဆောင်မှုနဲ့ ခင်ဗျား [illegible]
ကျသွားမယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်သည်ငယ်စဉ်က ထောင်ကျခဲ့ပုံ၊ တစ်[illegible]
တစ်ကျွန်းကျခဲ့ပုံတို့ကို တွေးကာ

"ထောင်. . . ဟုတ်လား၊ မင်းဦးလေးဟာ ထောင်ကို ကြော[illegible]
တဲ့ လူစားမျိုးမဟုတ်ဘူးဆိုတာ နောက်တော့ မင်းသိလိမ့်[illegible]
ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . ."

ဟု ကြေနပ်စွာ ရယ်မောလျှ မြန်ခဲ့လေတော့၏၊ ငါးလခန့်ကြာ[illegible]
အခါ ကျွန်ုပ်သည်စိန်မြသာအား ထောင်ဝင် စာ တစ်ခေါက်သွား[illegible]
တွေ့မြန်၏၊ စိန်မြသာသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း

"လူလိမ်ကြီး ခင်ဗျားဘာလာလုပ်မြန်တာလဲ၊ ကျုပ်အမေနဲ့က[illegible]
ထောင်ဝင်စာ တွေ့ပြီးပြီ၊ ဆင်မြှရယ်ဆိုတာ အမျိုးမပြော[illegible]
အသိထဲမှာတောင် မရှိဘူး၊ နေတဲ့ရပ်ကွက်ထဲမှာလည်း မရှိ[illegible]





[illegible] ဘဲ့ဒီတော့ ခင်ဗျားဘာပြောချင်သလဲ၊ အချက်မသိတော့
[illegible]မက်သူနိုးထင်လို့ ပြောဦးမလို့လား၊ ခင်ဗျားဟာ သူနိုးပဲ၊
[illegible]ဗျားဟာ လူလိမ်ပဲ၊ ခင်ဗျားမှာ သစ္စာတရားဆိုတာရှိမယ့်
[illegible]စားမျိုး မဟုတ်ဘူး"

[illegible]ပြောလိုက်လျှင် ကျွန်ုပ်က

"မှာငါ့တူ"

[illegible]လိုက်လျှင် စိန်မြသာသည်

"ကျုပ်ဟာ ခင်ဗျားရဲ့တူလည်း မဟုတ်ဘူး၊ သံလည်း မဟုတ်ဘူး"

[illegible]၍ ပြောလိုက်လေ၏၊ ထိုအခါ ကျွန်ုပ်က

"[illegible]ဖြစ်လို့ ဒီလောက်တောင် နိုင်းနေရတာတုန်း"

[illegible]ပြောလိုက်လျှင် စိန်မြသာက

"ကျုပ် များများတော့ မသိဘူး၊ ကျုပ်သိသလောက် ပြောပြရမယ်၊
[illegible]ကျုပ်ကနိုင်းတယ်၊ နိုင်းတာက မှီသားတယ်ဗျာ၊ ယဉ်ကျေးတာ
[illegible] လူညစ်စားမှုပါတယ်၊ ဒါ့ကြောင့်ကျုပ်က မှီတယ်၊ ဒဲ့ဒီတော့
[illegible]နိုင်းတယ်ဗျာ၊ ကျုပ်မှာ လူညစ်စားမှုဆိုတာမရှိဘူး၊ ဘယ်သူ့ကို
[illegible]လည်း မလူညစ်စားဘူး၊ အခုကြည့်လေ ကျုပ်ကအရွယ်တောင်
[illegible]ရောက်သေးဘူး၊ အလူညစ်စား ခံလိုက်ရပြီ၊ ကျုပ်လည်း မနိုးပဲ
[illegible] ခိုးမှုနဲ့ထောင်ထဲကို ရောက်နေရပြီ၊ ဒီလောကကြီးထဲမှာ
တစ်ယောက်ယောက်ဟာ ကျုပ်ကို အသားလွှတ်ထောင်ထဲ

ထည့်ချင်နေပုံရတယ်၊ အဲဒီကျွန်ုပ်ကို ထောင်ထဲထည့်ချင်တဲ့သူ ကျွန်ုပ်ရအောင် စုံစမ်းမယ်၊ တွေ့ချင်တော့လားဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"တွေ့ရင် မင်းဘာလုပ်မှာတုန်း"

ဟု ပြန်၍မေးလိုက်ရာ စိန်မြသာက

"တွေ့ရင်သူ့နားရွက်ကိုဖြတ်ပြီး စားပစ်လိုက်မယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါကျွန်ုပ်က

"ဒီလောက်နဲ့ ကျေနပ်ပြီလား"

ဟု ပြန်၍မေးလိုက်ရာ စိန်မြသာက

"ကျွန်ုပ်လုပ်ချင်တာကို ပြောတာပါ။ တကယ်က ဒီလိုဘယ်လုပ်မလဲဗျာ၊ အခြောက်တိုက်ကျွန်ုပ်ကို ထောင်ထဲထည့်တဲ့သူ ကျွန်ုပ်ကလည်း အခြောက်တိုက် ထောင်ထဲပြန်ထည့်မှာပေါ့ ပြီးတော့ အဲဒီလူကို ထောင်ဝင်စာသွားတွေ့မယ်၊ ကျွန်ုပ်ဟာ ခင်ဗျားရဲ့ တူပါ၊ ဆွေမျိုးတွေကွဲနေလို့ မသိတာပါ၊ ဘာညာ လိမ်ပြောမှာပေါ့ဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"မင်းကငါ့ကို ထင်နေတာလား"

ဟု မေးလိုက်လျှင် စိန်မြသာက





"ထင်နေတာ မဟုတ်ဖူးဗျို့၊ ခင်ဗျားပဲလို့ စွပ်စွဲနေတာ၊ ခင်ဗျား အပြင် ဘယ်သူမှမရှိနိုင်ဘူး၊ ကျွန်ုပ်အမေကိုကျွန်ုပ်က ခါးပိုက်နှိုက် ခံရတဲ့သူဆီကို လွှတ်လိုက်တယ်၊ ပြီးတော့ ခါးပိုက်နှိုက်ခံရ တဲ့အကြောင်း ဘယ်လိုသိသလဲလို့ အသေးစိပ် ကျွန်ုပ်အမေကို မေးနိုင်းလိုက်တယ်၊ အဲဒီလူက ဘာပြောသလဲဆိုတော့ ပိုက်ဆံ ပါသွားတယ်ဆိုတာ သူမသိပါဘူးတဲ့၊ ဘေးက လူတစ် ယောက်က ပြောလို့သိတာပါတဲ့၊ အဲဒီလူဟာ ဘောင်းဘီ၊ ကုတ်အင်္ကျီ နက်ကုတိုင်ကို သပ်သပ်ရပ်ရပ် ဝတ်ထားတဲ့ လူ တစ်ယောက်တဲ့၊ မျက်နှာကလည်း တရုတ်ကပြား မျက်နှာမျိုးတဲ့၊ အသက်က လေးဆယ်ကျော်လောက် ရှိပြီတဲ့၊ အဲဒီအချက် အလက်တွေကို ကျွန်ုပ်အမေဆီက ပြန်ပြီးကြားထားရတယ်၊ အဲဒီလူဟာ တစ်ခြားလူ ဖြစ်နိုင်နိုးလားဗျာ၊ ခင်ဗျားပဲပေါ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် လွန်စွာဝမ်းမြောက်၍သွား၏။

"ဒီကောင်လေးဟာ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်တဲ့ကောင် လေးပဲ၊ ဒီလိုလူမျိုးမှလည်း ဝိဇ္ဇာဖြစ်နိုင်မှာ"

ဟုလည်း တွေးတောမိလေ၏၊ သို့ရာတွင် ကျွန်ုပ်သည် အိမ်ခြေဆည် လိုက်ပြီးနောက်

"ကိုယ့်စိတ်ထဲမှာ ထင်တာနဲ့ လူတစ်ဖက်သားကို အရမ်း မစွပ်စွဲရဘူး စိန်မြသာရဲ့၊ မဟုတ်ဘူးဆိုရင် တဖက်လူမှာ သိပ်ပြီး

နစ်နာတာ၊ ကဲ. . . ကဲ. . . ဦးလေးသွားမယ်၊ မင်းအတွက် သက်ဆိုင်ရာမှာ ပိုက်ဆံပေးထားခဲ့မယ်၊ မင်းလိုတာတွေ မှာလို့ ရတယ်၊ ငပိကြော်နှစ်ပုလင်းနဲ့ သရက်သီးသနပ် တစ်ပုလင်းလဲ ပေးထားခဲ့တယ်"

ဟုပြောလိုက်ကာ ကျွန်ုပ်လည်း ပြန်လာခဲ့လေ၏။ ကျွန်ုပ်သည် မကြာမကြာ စိန်မြသာထံသွား၍တွေ့၏။ တွေ့သည့် အခါတိုင်း၌လည်း စိန်မြသာသည် ကျွန်ုပ်အား ပြေလည်စွာ ဆက်ဆံသည်ဟူ၍ မရှိ ဘုဘောက်ပြောလွှတ်သည်ချည်း ဖြစ်၏။ နောက်ဆုံးအခေါက် ကျွန်ုပ်သွားတွေ့သောအခါ၌ စိန်မြသာက

"ဘယ်လိုလည်း လူလိမ်ဦးလေးကြီးရဲ့ မဟုတ်တမ်းတရား ဘာတွေပြောမလို့ လာပြန်တာတုန်း"

ဟု ပြောလေ၏။

"ဟေ့ကောင် စိန်မြသာ၊ မင်းငါ့ကို ဒီလိုတော့ လူလိမ်ကြီးလို့ မခေါ်သင့်ဘူးကွ၊ မင်းကိုငါပေးခဲ့တဲ့ ငပိကြော် ပုလင်းလေးတွေရဲ့မျက်နှာကို ထောက်ထားပြီးတော့ မင်းငါ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံသင့်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင်စိန်မြသာသည် တဟားဟားရယ်လေ၏။ ထိုသို့ ရယ်ပြီးလျှင်





"ခင်ဗျားပေးသွားတဲ့ ငပိကြော်တို့ သရက်သီးသနပ်တို့ကို ကျွန်တော် စားတယ်ထင်နေလို့လား၊ ဟောဟိုမှာ ထောင်ပိုင်ကြီးရှိတယ်၊ သူ့ကိုပေးပစ်လိုက်တာ၊ ခင်ဗျားမယုံရင် သွားမေးကြည့်၊ ပြီးတော့ခင်ဗျားက ကျွန်တော့်အတွက်ဆိုပြီး ပိုက်ဆံအပ်ထားခဲ့တာ ကျွန်တော်တစ်ပြားမှ မသုံးဘူး၊ ထောင်ပိုင်ဆီမှာ ခင်ဗျား ပြန်ထုတ်သွားနိုင်တယ်၊ ဘာဖြစ်လို့လည်းသိလား၊ ခင်ဗျားလို လူလိမ်တစ်ယောက် ရှာထားပေးထားတဲ့ ပစ္စည်းဟာ သန့်ရှင်းမှုမရှိဘူးထင်လို့ပဲ၊ ခင်ဗျားက လိမ်ကောက်ပြီးရှာထားရင် သူတစ်ပါးမျက်ရည်ပေါက်ကြီးငယ်ကျပြီးမှ ဒီပစ္စည်းဖြစ်လာတာမဟုတ်လား၊ ဒါ့ဒီတော့ ကျွန်တော်မသတီဘူး၊ နားလည်ပြီလား၊ ဒါ့ဒီတော့ ခင်ဗျားကြီး သွားတော့"

ဟု ပြောလွှတ်လိုက်လေ၏။ ကျွန်ုပ်သည် ထောင်ပိုင်ထံသို့သွား၍ စုံစမ်းရာ စိန်မြသာအတွက် ကျွန်ုပ်ပေးခဲ့သော ငပိကြော်ပုလင်းများကို မယူခဲ့သည့်အပြင် ၎င်းတို့အားပေးခဲ့ကြောင်း၊ ကျွန်ုပ်ပေးထားသောငွေများမှလည်း မည်သည့်ပစ္စည်းမှ မှာယူခဲ့ခြင်း မရှိကြောင်းကိုလည်း ပြောလေ၏။ ကျွန်ုပ်သည် စိန်မြသာ၏စိတ်ကို လွန်စွာ ယဘောကျသွား၏။ ကျွန်ုပ်၏ စိတ်၌လည်း

"သိပ်ပြောင်တဲ့ ကောင်ပဲ၊ သိပ်မာနကြီးတဲ့ ကောင်ပဲ၊ ထောင်ထဲရောက်လို့ ဝတ်နေတဲ့အချိန်မှာတောင် သူမသတီတဲ့ ပစ္စည်းကို မစားဘူးတဲ့၊ မယူဘူးတဲ့ ဒီလိုယောက်ျားမျိုးမှ ဝိဇ္ဇာဖြစ်မှာ၊

ထွက်ရပ်ပေါက်မှာ၊ ဒီလိုစိတ်ဓါတ်မျိုးဟာ အတော်ကိုတန်ဖိုးရှိတဲ့ စိတ်ဓါတ်မျိုး"

ဟု တွေးမိလေတော့၏။ ထို့နောက်ကျွန်ုပ်သည် စိန်မြသာဆီသို့ မသွားတော့ပေ။ စိန်မြသာသည် သုံးနှစ်ခန့်ကြာသောအခါ၌ ထောင်မှ လွတ်လာလေသတည်း။





# ဆရာလေးဇရားနှင့်တွေ့ပြီ

အောက်တွင်ဖေါ်ပြခဲ့သော အကြောင်းအရာတို့မှာ ကျွန်ုပ်၏ ဘားကတ်ဖြစ်သော မောင်စိန်မြသာ၏ လှုပ်ရှားမှုများ ဖြစ်ပါသည်၊ ထိုလှုပ်ရှားမှုများထဲတွင် ကိုယ်တိုင်သည်ပင် ဇာတ်ကောင်တစ်ကောင်အဖြစ် ပါဝင်ခဲ့ရပါသည်၊ ထိုအကြောင်းအရာများကို ဖြန်သည်မှတ်တမ်းတင်ရေးသားသောအခါ၌ ကျွန်ုပ်သည် ပထမနာမ်စားဖြစ်သော ကျွန်ုပ်ဟူသော အသုံးအနှုန်းကိုပင် မသုံးတော့ပဲ ကျွန်ုပ်ကို ကျွန်ုပ်ပင် ရွှေမြသာဟူသော ဇာတ်ကောင်အဖြစ် သွတ်သွင်းကာ ရေးသားမှတ်တမ်း တင်ရပေတော့မည်၊ ထို့ကြောင့် စိန်မြသာ၏ လှုပ်ရှားမှုများကို ဖတ်သောအခါ၌ ကျွန်ုပ်ကို ကျွန်ုပ်ပင် တစိမ်းတရံစာ သဘောထားကာ ကျွန်ုပ်၏ကိုယ်မှ ကျွန်ုပ်၏ကိုယ်မှ ကျွန်ုပ်ခွာ၍ ဖြစ်ပေမဲ့ လူတစ်ယောက်က ဖြစ်သကဲ့သို့ ရေးသားမှတ်တမ်း တင်ရပေတော့မည်၊

(ရွှေမြသာ)

သူ၏မိခင် မေက စိန်မြသာအား ထောင်မှသွား၍ကြိုခဲ့လေ၏။ အိမ်သို့ရောက်သောအခါ၌ ၎င်း၏မိခင်က စိန်မြသာအား

"သားရယ် မန်းရဲ့နဲ့ သူခိုးဖြစ်ရတယ်၊ မင်းသိမ်ကို အကုသိုလ် များတဲ့ကောင်ပဲ၊ အဲဒီတော့ တစ်လတန်သည် နှစ်လတန်သည် သက်န်းဆည်းပါလားကွယ်၊ ဒါမှ အကုသိုလ်တွေပျောက်သွားမှာ"

ဟုပြောရာ စိန်မြသာက

"မဟုတ်ဘူးအမေရယ်၊ ကျွန်တော်မှ အကုသိုလ်မလုပ်ဘဲ"

ဟု မြန်၍ ပြောလေ၏။ ထိုအခါ ၎င်းက

"အခုဘဝမှာမလုပ်ပေမယ့် အရင်ဘဝမှာ လုပ်ခဲ့မှာပေါ့ကွယ်၊ အဲဒါတွေကြေသွားအောင် သက်န်းဆည်းလိုက်ပါ"

ဟုပြောရာ စိန်မြသာက

"အတိတ်ဘဝတော့ ကျွန်တော်မသိဘူး အမေ၊ အခုဘဝမှာတော့ ကျွန်တော်ဘာမှမဟုတ်တာ မလုပ်ခဲ့ဘူး၊ စာမသင်ချင်လို့ ကျောင်းပြေးတယ်၊ အရက်မသောက်ဖူးလို့ သောက်ကြည့်တာပဲ၊ ဒါကလွဲပြီး ကျွန်တော်ဘာမှ မလုပ်ခဲ့ပါဘူး၊ အရက်လည်း သောက်ကြည့်ပြီး မူးမှန်းသိလို့ မသောက်တော့ဘူးလေ၊ အဲဒီတော့ ဘယ်ကလာပြီး အကုသိုလ်ဖြစ်မှာတုန်း၊ အခု ကျွန်တော် (၁၈)နှစ်ပြည့်ပြီ ကျောင်းပညာလည်း တစ်ဝက်တစ်ပျက်နဲ့ ဆိုတော့ ဘာမှလုပ်လို့ရမှာ မဟုတ်တော့ဘူး၊ အကောင်းဆုံး





ကတော့ ကျွန်တော် အလုပ်လုပ်မယ်"

ဟု ပြောလိုက်လျှင် ၎င်း၏မိခင်သည် မျက်ရည်များ ကျလာလေ၏။

"ငါ့သားလေး ငယ်ငယ်ရွယ်ရွယ်နဲ့ အညွန့်ကျိုးသွားရှာတယ်၊ အဲဒီလို အညွန့်ကျိုးသွားအောင်လုပ်တဲ့ လူကိုတွေ့ရင်တော့ ငါကိုယ်တိုင် ဓါးမြှောင်နဲ့ ထိုးသတ်မယ်"

ဟု ကြုံးဝါးလိုက်လေ၏။ ထို့နောက်၎င်းက စိန်မြသာအား အခြား အလုပ်များမလုပ်ရန်နှင့် ၎င်း၏စီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ကိုင်ကူညီရန် ပြောလေ၏။ ထိုအခါ စိန်မြသာသည် အချိန် အတန်ကြာ စဉ်းစားပြီးနောက်

"ဒီလိုပါ အမေရယ်၊ အမေ့စီးပွားရေးလုပ်ငန်းတွေကို ကျွန်တော် မနက် (၆) နာရီကနေ (၁၂) နာရီအထိ ကူညီပြီး လုပ်ပေးမယ်၊ (၁၂) နာရီကနေပြီး ကျန်တဲ့အချိန်မှာ ကျွန်တော် လုပ်ချင်တာ လုပ်မယ်၊ အမေ မကန့်ကွက်ပါနဲ့"

ဟု ပြောလိုက်ရာ ၎င်း၏မိခင်က

"သားရယ် မင်းကဘာတွေများ လုပ်ဦးမှာလည်း"

ဟု မေးလိုက်လေ၏။

"ဘာတွေလုပ်ဦးမှာလည်းဆိုတာကို ကြိုပြီး ပြောပြလို့မဖြစ်သေးဘူး၊ ကျွန်တော် အဲဒီတော့အမေ့ကို ကတိပေးနိုင်တာက

တော့ ကျွန်တော့်ကြောင့် လူတစ်ယောက်ခုက္ခရောက်အောင် ကျွန်တော် မလုပ်ဘူး"

ဟု စိန်မြသာက ကတိပေးလိုက်လေ၏။ စိန်မြသာသည် ၎င်း၏ ကတိအတိုင်း နံနက်အစောကြီး အိပ်ယာထမှုထ၏။ ထို့နောက် တန်တော်ကြီးကို တစ်ပတ်ပြေး၏။ ပြီးလျှင် ၎င်း၏မိခင်ကြီး ဖျော်ပေးသော ကော်ဖီနှင့် ထမင်းကြော်ကိုစားပြီးနောက် ၎င်းမိခင်၏ ဆန်ပွဲရုံသို့ သွား၏။ ပွဲရုံလုပ်ငန်းမှ အလုပ်ကိုဝိုင်း၍လုပ်၏။ ထို့နောက် ယမန်နေ့က ပေါ်တော်ကားများမှ အပ်သောငွေများကို တွက်ချက်၍ စာရင်းပြုစု၏။ ပြီးလျှင်ထိုငွေများကို ပေါ်တော်ကား အသင်းတိုက်သို့သွား၍ အပ်၏။ (၁၂) နာရီထိုးသည်နှင့် တပြိုင်နက် ၎င်း၏မိခင် ယူလာသော ထမင်းချိုင့်ကိုဖွင့်၍ နံနက်စာ ထမင်းစားပြီးလျှင် ပွဲရုံမှ ထွက်သွားလေ၏။ ထို့နောက် ရန်ကုန်မြို့အနှံ့ လည်ပတ်၏။ ဘုရားပေါင်းစုံသို့ လှည့်လည်၏။ ဘိုင်စကုပ်ရုံများသို့ဝင်၍ ဘိုင်စကုပ်ကြည့်၏။ မိုးချုပ်မှ ပြန်လာ၏။ ပြီးလျှင် ရေမိုးချိုး၍ မိခင်ကြီးအားနှုတ်ဆက်ကာ အိပ်စက်လေတော့၏။ ဤသို့လျှင် နေ့စဉ်နေ့တိုင်း ပြုလုပ်ခဲ့လေ၏။ တစ်နေ့တွင် စိန်မြသာသည် လမ်းဘေးစာအုပ်အဟောင်းဆိုင်ကလေးတစ်ဆိုင်ကို တွေ့သဖြင့် ဝင်၍ဖတ်ကြည့်ပြီးလျှင် စာရေးဆရာ ပီမိုးနင်းရေးသော နေဒီရီ ဝတ္ထုစာအုပ်ကို တွေ့သဖြင့် ဝယ်ယူကာ တန်တော်ကြီးစောင်းသို့သွားပြီးလျှင် အစမှ အဆုံးတိုင် ဖတ်ကြည့်လိုက်၏။ ဝတ္ထုမှာ လွန်စွာကောင်းသောကြောင့်



စိန်မြသာသည် ထိုဝတ္ထုကို အလွန်သဘောကျ၏။ ထိုဝတ္ထုအတွင်းမှ ဖော်နေ၀င်းသည် လူဆိုးဖြစ်ခဲ့ပုံ ကျောင်းပညာမပြည့်စုံပဲ ကျောင်းထွက်ခဲ့ရပုံတို့ကို ဖတ်ရှုခဲ့ရသောအခါ၌ ၎င်း၏ အဖြစ်အပျက်နှင့် ဆက်စပ်ပါ လွန်စွာအားတက်ခဲ့ရ၏။

ထို့နောက် ဆရာကြီးပီမိုးနင်းရေးသော 'နေညိုညို'၊ 'ဒင်းတို့အကြံ'၊ 'ပွဲစားကြီးသားအဖ'၊ 'ကျွှာသယစိတ်ပညာ' စသော ဝတ္ထုများသာမက 'စကားပြောနည်း'၊ 'အောင်စိတ်'၊ 'ကမ္ဘာ့အလင်းနှင့် လောကမျက်မှန်'၊ 'တိုးတက်အောင်မြင်ကြီးပွားလိုလျှင်'၊ 'အရင်းမစိုက်လေ့ထိုးလိုက်'၊ 'လူစွမ်းလူစ'၊ 'ချွေတာရေး'၊ 'မသိသူကျော်သွားသိသူဖော်စား'၊ 'လူဖြစ်နည်း'၊ 'သမီးဂုဏ်ရည်'၊ 'ထူးချွန်ရေး'၊ 'ကြီးပွားအောင်မြင်ခြင်းခေါ် ကမ္ဘာ့မှင်တံ'၊ 'အပျို့လမ်းညွှန်'၊ 'ဝင်သက်ထွက်သက်အောင်မြင်ရေးကျမ်း'၊ 'စိတ်တန်ခိုးကျမ်း'၊ 'တကယ့်လူချွန်'၊ 'အာဂလူ'၊ 'လောကီလမ်းညွှန်'၊ 'သားဂုဏ်ရည်'၊ 'အချစ်လမ်းညွှန်'၊ 'အချစ်မြတ်လမ်း'၊ 'ဘဝတိုက်ပွဲ'၊ 'ထူးချွန်ရေး'၊ 'ဟန်ကျပန်ကျ'၊ 'ကိုယ့်ထူးကိုယ်ချွန်'၊ 'သုခချမ်းသာ စိတ်ပညာ' စာအုပ်များကိုပါ တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုလေတော့၏။

ထို့နောက် အခြားဆရာများရေးသော စာအုပ်များကိုလည်း ဝယ်ယူ ဖတ်ရှုလေတော့၏။ စိန်မြသာလည်း စာဖတ်ခြင်းကိုစွဲမက်လာသည်အထိ ဖြစ်သွားလေတော့၏။ ထို့ကြောင့် လွယ်အိတ်မလွယ်လျှင် မဖြစ်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် လွယ်အိတ်ထဲတွင်

ဖတ်ရန်စာအုပ်တစ်အုပ် နှစ်အုပ် အမြဲတမ်းထည့်ထားရ၏၊ ဝ
နောက်မှတ်ရန် နီပြာခဲတံ၊ ဖောင်တိန် စသည်တို့လည်း ထ
ထားရ၏။ ၎င်း၏မိခင်သည် စိန်မြသာ လွယ်အိတ်တလွယ်လွယ်
နေသည်ကို သဘောမကျသဖြင့်

"သားရယ် လွယ်အိတ်ကြီးတလွယ်လွယ်နဲ့ ကြည့်လို့ မကော
ပါဘူး"

ဟု ပြောလိုက်ရာ စိန်မြသာက

"ကြည့်လို့ကောင်းအောင် လွယ်တာမဟုတ်ဖူးအမေ၊ လိုအပ်
လွယ်တာ၊ လွယ်အိတ်ထဲမှာ ဖတ်ဖို့စာအုပ်ပါတယ်၊ မှတ်
ခဲတံပါတယ်၊ ဖောင်တိန်ပါတယ်၊ အဲဒီတော့ လွယ်အိတ်မလွ
လို့ မဖြစ်ဘူး၊ လွယ်ရတော့မှာပဲ၊ အဲဒီထဲမှာ ကျွန်တော်
ပိုက်ဆံအိတ်လည်း ထည့်ထားတယ်လေ၊ လက်က ကိုင်
မလိုတော့ဘူးပေါ့၊ ကျွန်တော် လွယ်အိတ်ကိုင်တဲ့အတွက်
တစ်ဖက်သားမှာ မထိခိုက်ဖူး မဟုတ်လားအမေ၊ အဲ့ဒီတော့ အ
အနေနဲ့ဘာများ ကန့်ကွက်စရာ ရှိသေးလဲ"

ဟုပြန်၍ပြောရာ ၎င်း၏မိခင်က

"ဒီလိုသားရဲ့, လောကကြီးဆိုတာ ကြည့်ကောင်းအော
နေတတ် စားတတ် ဝတ်တတ်ရတယ်"

ဟု ပြောလျှင် စိန်မြသာက





"လောကကြီးနဲ့ပတ်သက်လို့ အမေပြောတာနဲ့၊ ကျွန်တော်
မြင်တာတူချင်မှ တူလိမ့်မယ်အမေ၊ ကောင်းတယ်ဆိုတာ မတူတဲ့
အချင်းအရာနှစ်ခုကို ပေါင်းစပ်ထားတာ၊ ဘယ်ဟာကို ကောင်း
တယ်လို့လဲ အပြီးအပိုင်ပြောလို့ မရဘူးအမေ၊ အဲ့ဒီလိုပြောလို့
မရတာကိုက လောကကြီး ဖြစ်နေတာ"

ဟု ပြောလိုက်လျှင် ၎င်း၏မိခင်သည် မျက်လုံးပြူး၍ သွားလေ၏၊

"အောင်မယ်လေးသားရယ်၊ မင်းဟာက ငယ်ငယ်လေးနဲ့ စကား
ကြီး စကားကျယ်တွေ ပြောတတ်နေပါလား၊ အသက်ငယ်ငယ်
လေးနဲ့အဲ့ဒီလို စကားကြီးစကားကျယ်တွေပြောရင် သူတစ်ပါးက
မုန်းတတ်တယ်"

ဟု ထိတ်ထိတ်ပြာပြာနှင့် ပြောလိုက်လေ၏၊ ထိုအခါ စိန်မြသာက

"မုန်းတာနဲ့ချစ်တာဆိုတဲ့ အရာနှစ်ခုရဲ့ကြားထဲမှာ တားထားတဲ့
စည်းကြောင်းက သေးသေးလေးပါ အမေရယ်"

ဟု ပြောလိုက်ပြန်လျှင် သူ၏မိခင်သည် ရင်ဘတ်ကိုလက်ဖြင့်ဖိရင်း

"အလိုလေး . . အလိုလေး . . ဒီစကားတွေကို မင်းအဖေ ကိုလှ
ဖေကို သေရာကနေနိုးပြီး နားထောင်နိုင်းစေချင်လိုက်တာ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"သေတဲ့ အဖေကိုတော့နိုးပြီး နားထောင်ခိုင်းလို့ မထူးဖူးအမေ၊
ရှင်နေတဲ့ အမေပဲ သေသေချာချာနားထောင်ပေတော့၊ ပြီးတော့

အမေ့ကိုလည်း တစ်ခါတည်း ပြောလိုက်ဦးမယ်၊ ကျွန်တော် ပြောတဲ့တွေဟာ ကောင်းတာတွေ ဒါမှမဟုတ် မကောင်းတာ တွေလို့ အမေမဆုံးဖြတ်နဲ့၊ ဆုံးဖြတ်လိုက်တာနဲ့ အမေမှားသွား လိမ့်မယ်။ ကောင်းတယ် မကောင်းဘူးဆိုတာ တကယ်မဟုတ် ဘူး အမေ၊ ဟိုဖက်ဒီဖက် စည်းကြောင်းကနေ ပြောနေကြတာ"

ဟု ပြောလိုက်လျှင် ၎င်း၏မိခင်က

"မောင်မယ်လေး အဘိဓမ္မာဆရာကြီးရယ်၊ အမေဖြင့် အဲ့ဒါ တွေ နားမလည်ပါဘူး၊ ဘာစာတွေဖတ်ပြီး ဘာတွေ မြစ်ကူးနေပြီ လဲတော့ မသိဘူး၊ ထောင်ကထွက်လာပြီးမှ ငါ့သားတစ်ယောက် တော့ စိတ်ထားသိမ်ငယ်သွားပြီအောင်းမေ့တာ အခုတော့ မသိမ်ငယ်တဲ့အပြင် တာဝတ္ထုသာ ရောက်နေပါရောလား"

ဟု ညည်းညူရှာလေ၏။ ထိုအခါ စိန်မြသာက

"အမေမြို့မြို့ မှတ်ထားပါ၊ အမေ့သားဟာ ဘယ်တော့မှ စိတ် ထားသိမ်ငယ်သွားမှာ မဟုတ်ဘူး၊ အမြဲတမ်း စိတ်ထားဟာ မြင့်မြင့်မြတ်မြတ် ရှိဦးမှာပဲ၊ အဲ့ဒီအတွက်လည်း အမေ့ဂုဏ်ယူ စမ်းပါ၊ ပြီးတော့လည်းကျွန်တော်ဟာစိတ်ထားသေးသိမ်တဲ့ ယောက်ျား မဟုတ်ဘူး၊ စိတ်ထားမြင့်မြင့်ထားတဲ့ ယောက်ျားဖြစ် တယ်၊ ဒီအတွက် အမေ ဝမ်းမသာဘူးလား"





ပြောလေ၏။ ထိုအခါ စိန်မြသာ၏ မိခင်သည် ၎င်းအားယုဉ်ပြိုင် ပြောဆိုခြင်းငှာ မတတ်နိုင်တော့သဖြင့်

"ကြွပါတော့. . . ကြွပါတော့. . . အဘိဓမ္မာဆရာကြီးရယ်၊ ညဲတော့ စောစောပြန်လာပါနော်"

ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေ၏။ ထိုအခါ စိန်မြသာသည် ပြုံး၍ ထွက်သွား လေတော့၏။ စိန်မြသာသည် စာအုပ်တစ်အုပ်ကိုယူ၍ ...တော်ကြီးစောင်းကိုသွားကာ စာဖတ်နေ၏။ ၎င်းနှင့် မလှမ်းမကမ်း ...ပ် အသက် (၄၀) အရွယ်ခန့် လူတစ်ယောက်လည်း စာအုပ် တစ် ...ပ်ကို အေးအေးဆေးဆေး ဖတ်နေ၏။ ထို့နောက် ထိုလူက

"ဟေ့ကောင် : . . မင်းဒီမှာ စာလာဖတ်တာလား"

ဟု မေးလိုက်ရာ စိန်မြသာက

"ဟုတ်တယ်ဗျာ၊ မနက်ပိုင်းမှာတော့ ကျွန်တော်အမေရဲ့အလုပ်တွေ ကို ပိုင်းပြီးလုပ်ပေးရတယ်၊ (၁၂) နာရီကျော်တာနဲ့ ကျွန်တော် ဒီနေရာကိုလာပြီး စာဖတ်လေ့ ရှိပါတယ်"

ဟု ပြောလိုက်လျှင် ထိုလူကြီးက

"မင်း ကျောင်းမနေဘူးလား"

ဟု မေးလိုက်လေ၏။ ထိုအခါ စိန်မြသာက လွယ်အိတ်ကို လက်ဖြင့် ...က်ပြရင်း

"ဒါကျွန်တော့် ကျောင်းလေး၊ ဒီအထဲမှာ ပညာရပ်အားလုံး တယ်၊ ကျွန်တော်ဖတ်ရှုပြီး သင်ယူနေတယ်လေ၊ လေးဖက်လေး တန်ကာရံထားတဲ့ စာသင်ခန်းတော့ မဟုတ်ဖူးပေါ့"

ဟု ပြောလိုက်လျှင် ထိုသူက

"အဆော်လာတဲ့ကောင်ပဲ၊ မင်းရဲ့ဖိဘက ကျောင်းမသွားရ မင်းကို မဆုံးမဘူးလား"

ဟု ပြောလိုက်ရာ စိန်မြသာက

"ကျွန်တော်က ဆုံးမရမယ့်လူ မဟုတ်တော့ဘူး၊ ကျွန်တော့ ဘဝက လမ်းကျန်သွားပြီ ကျောင်းလည်းတက်လို့ မရတော့ဘူး ဒါကြောင့် ကျောင်းတက်ဖို့ ကျွန်တော့ကို ဆုံးမစရာ မလိုတော့ ဘူး၊ ဒါပေမယ့်ကျွန်တော်ဟာ ကျောင်းလဲ မတက်၊ အလုပ် လဲမလုပ်တဲ့ လူဆိုးတစ်ယောက်တော့ မဟုတ်ဘူး၊ ကျွန်တော် သင်ယူစရာရှိတာတွေကို စာအုပ်တွေကအဆင့် သင်ယူနေတယ်"

ဟု ပြောလျှင် ထိုလူကြီးကပြုံး၍

"မှန်းစမ်းပါဦးကွာ၊ မင်းဖတ်တဲ့စာအုပ်၊ ဦးလေးကို ကြည့်ပါ ပေးစမ်းပါဦး"

ဟု ပြောလိုက်လျှင် စိန်မြသာသည် ထိုလူကြီးအား ဖတ်လက် စာအုပ်ကို ပေးလိုက်လေ၏။ ထိုလူကြီးသည် ထိုစာအုပ်ကို ကြည့်ပြီး နောက်





"ဒါဟာ ဝတ္ထုစာအုပ်ပဲကွ၊ ဒါပေမယ့် အင်္ဂလိပ်ဝတ္ထု တစ်ပုဒ်က နေ ပြန်ဆိုပြီးရေးထားတဲ့ ဝတ္ထုစာအုပ်ဖြစ်တယ်၊ မူရင်းစာအုပ် က ပိုပြီးကောင်းတယ်ကွ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"မူရင်းဝတ္ထုကို ဖတ်ဖို့ကျွန်က အင်္ဂလိပ်စာမှ မတတ်ပဲ"

ဟုပြန်၍ ပြောပြလိုက်လေ၏။ ထိုအခါ ထိုလူကြီးက

"ဒီမှာကောင်လေးရဲ့ လူဆိုတာ မွေးကတည်းကတော့ ဘယ်လို လူမျိုးမှ မတတ်ဘူးကွ၊ သင်ယူရတာပေါ့ကွာ၊ အင်္ဂလိပ်စာ သင်ပေးနိုင်တဲ့ ဆရာကိုရှာပြီး အင်္ဂလိပ်စာတစ်မျိုးထဲကို သင် လိုက်ရုံပေါ့၊ အခုဦးလေးပြောတာကို မင်းစိတ်ဝင်စားမယ်ဆိုရင် ဦးလေးရဲ့မိတ်ဆွေ အင်္ဂလိုအင်ဒီးယန်း တစ်ယောက်ရှိတယ်၊ သူကအိမ်တိုင်ရာရောက်လာပြီး သင်ပေးတဲ့လူမျိုး"

ဟု ဆိုသဖြင့် စိန်မြသာသည် ထိုလူ၏အကြံပေးချက်ကို သဘောတူ လိုက်လေ၏။ ထို့နောက် စိန်မြသာနှင့် ထိုလူကြီးသည် တစ်ဦးနှင့် တစ်ဦး အမည်နာမများကို မေးစမ်းကြလေ၏။ ထို့နောက် ထိုလူကြီး က အင်္ဂလိပ်စာသင်ပေးမည့်ဆရာကို ဤနေရာသို့ ခေါ်လာမည် ဖြစ် ကြောင်းပြော၍ ခိုန်းဆိုကာ လမ်းခွဲကြလေ၏။ နောက်တစ်နေ့ တွင် စိန်မြသာသည် ထိုနေရာတွင် စောင့်နေလေ၏။ ယမန်နေ့က နှင့် မိတ်ဆွေဖြစ်ခဲ့သော ဦးလှမေဆိုသည့်လူကြီးလည်း

ရောက်လာလေ၏။ သူသည်ကာကီရောင် ဘောင်းဘီခပ် ဟော
ဟောင်းနှင့် ခြေမနှင့် ခြေမျက်စိနေရာတွင် ပေါက်နေသော တ
ပတ်ဘိနပ်ကို စီးထားသည့် ဆံပင်ရှည်ရှည်၊ ကိုယ်လုံးကိုယ်
စိန်ကပ်ကပ် ညှင်းသိုးသိုးနိုင်လှသော အသက် (၅၀) ခန့် ကု
ကြီးတစ်ယောက်ကို ခေါ်လာလေ၏။ ထို့နောက် ဦးလှမေက

"ကဲ. . . မောင်စိန်မြသာရေ ဟောဒါမင်းကို အင်္ဂလိပ်
သင်ပေးမယ့်ဆရာပဲ၊ သူ့နာမည်က 'မစ္စတာလားဇရုး'တဲ့"

ဟု ပြော၍ မိတ်ဆက်ပေးလေ၏။ ထို့နောက် မစ္စတာလားဇ
ကိုလည်း စိန်မြသာအကြောင်း ပြောပြလေ၏။ မစ္စတာ လားဇရု
ဆရာလားဇရုးသည် စိန်မြသာကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"ဒီလိုလုပ်ရအောင်ကွာ။ မင်းအိမ်ကိုလိုက်ပြီး သင်ရတာထက်
ရင် ဒီကန်တော်ကြီးစောင်းမှာပဲ သင်ရတာကောင်းမယ်
တယ်ကွ။ မင်းလည်း ဒီကိုလာ ငါလည်းဒီကိုလာမယ်၊ မိုး
ကျတော့ တစ်မျိုးစီစဉ်ကြတာပေါ့ကွာ"

ဟု ပြောလိုက်လျှင် စိန်မြသာက သဘောတူလိုက်လေ၏။ ထို့နော
စိန်မြသာသည် ၎င်း၏အိတ် အတွင်းမှ ငွေ (၃၀၀) ကိုနှိုက်၍ ဆ
လားဇရုးအား

"ကျွန်တော့် အမေဆီကရတဲ့ မုန့်ဖိုးတွေကို စုထားတာပါ၊ ဒ
အကုန်ပါပဲ၊ ဒါ့ပါကို နည်းသေးတယ်ဆိုရင်တော့ အမေ့





ထပ်ပြီး တောင်းပေးပါမယ်၊ ဒါပေမယ့် ဆရာ့အနေနဲ့ မနည်း
ပါဘူးလို့ ပြောစေချင်ပါတယ်"

ဟု ပြောလိုက်ရာ ဆရာလားဇရုးက ပြုံးလေ၏။ ထိုသို့ပြုံးပြီးနောက်

"မင်းပြောတဲ့စကားက နိုက်တော့နိုက် မနာစေနဲ့လို့ပြောတာနဲ့
တူနေတယ်၊ အဲဒီတော့ ငါ့ဘက်ကလည်းပြန်ပြီး ပြောရမယ်၊
နိုက်တော့ မနိုက်ဘူး၊ နာအောင်တော့ လုပ်ရမှာပဲ၊ အဲဒီတော့
မင်းလိုက်ဆံ မင်းပြန်ယူထား ငါ့ကိုတစ်ပြားမှ မပေးနဲ့၊ ငါကျက်
နိုင်းတဲ့စာကို မရရင်၊ တစ်လုံးကို တစ်ကျပ် ငါ့ကိုပေးရမယ်"

ဟု ပြောလိုက်ရာ စိန်မြသာက 'ဖြောက်' ကနဲ လက်ဖြောက်တီး၍

"စိန်လိုက်"

ဟုပြောလိုက်ရာ ဆရာလားဇရုးက

"ချဲလင့်"

ဟုပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ၎င်းတို့နှစ်ဦးကိုတွေ့ဆုံပေးသော
ဦးလှမေက လက်ခုပ်တစ်ဖြောင်းဖြောင်း တီးလိုက်လေတော့
သတည်း။






# အရှာလားဇရား စာသင်ပုံ

"ဒီမှာစိန်မြသာ၊ မင်းက အင်္ဂလိပ်စာကို တတ်ချင်တယ်၊ အဲဒီတော့ ငါနဲ့တွေ့တယ်၊ မင်းလိုချင်တာက အင်္ဂလိပ်စာ တကယ်တွေ့တာက အင်္ဂလိပ်စာနဲ့ တွေ့တာမဟုတ်ဘူး၊ ငါနဲ့ တွေ့တာ၊ ငါ့နာမည်က လားဇရားတဲ့၊ လားဇရားဆိုတာ လူတစ်ယောက်ပဲ၊ သူဟာ အင်္ဂလိပ်စာ မဟုတ်ဘူး၊ အဲ့ဒီတော့ အင်္ဂလိပ်စာတတ်ချင်တဲ့ စိန်မြသာနဲ့ အင်္ဂလိပ်စာရဲ့ကြားမှာ လားဇရားဆိုတဲ့ လူတစ်ယောက်ဟာ ကြားခံပစ္စည်းအဖြစ် ဆောင်ရွက်ပေးရမှာ၊ ခပ်ရှင်းရှင်းပြောရရင် ပညာနဲ့တပည့်ရဲ့ ကြားထဲက ငါဟာ ပွဲစားပေါ့ကွာ၊ အဲဒီတော့ ပွဲစားကို ကြာရှည် လက်ခံထားလို့တော့ မဖြစ်ဘူးကွ၊ အင်္ဂလိပ်စာနဲ့ မင်းနဲ့တွေ့ တာနဲ့ အဲဒီပွဲစားကို မောင်းထုတ်ပစ်မှကွ၊ အဲဒီလို မောင်းမ

'ထုတ်ရင် ပွဲစားက ကြားကကန့်လန့်ကန့်လန့် ဖြစ်နေတာ
မင်းဟာ အင်္ဂလိပ်စာတတ်မှာ မဟုတ်ဘူး"

ဟု ဆရာလားရေးက စကားစလိုက်လျှင် ခိန်မြသာက

"မာစတာ ပြောတဲ့စကားဟာ ကောင်းတော့ ကောင်းပါတယ်
ဒါပေမယ် ကျွန်တော်နားမလည်ဘူး၊ ကျွန်တော် နားလည်အော
ထပ်ပြီးပြောပြပါဦး"

ဟု ပြောလိုက်ရာ ဆရာလားရေးက

"စက်ဘီးအစီးသင်တဲ့သူကို စက်ဘီးစီးသင်တဲ့အခါမှာ အဲ့ဒီလူကို
စက်ဘီးပေါ်မှာတင်ပြီး နောက်ကလူတစ်ယောက်က တွန်းပေ
ရတယ်၊ အရှိန်နည်းနည်းရလာတာနဲ့ နောက်ကလူဟာ ဆက်ပြီ
မတွန်းပေးရတော့ပဲ လက်ကလွှတ်လိုက်ရတယ်၊ အစပထမမှာ
မစီးတတ်သေးလေတော့ စက်ဘီးစီးသင်တဲ့လူဟာ ခါးကြီး
တောင့်ထားတယ်၊ လက်ကိုင်နှစ်ခုကို တအားကြီး ညှစ်ထားပြီ
ကိုယ့်ကိုကားယားပုံစံနဲ့ စက်ဘီးပေါ် ပါသွားပါလေရော၊ အဲ့ဒီလို
မဟန်နိုင်တဲ့အခါ ဘိုင်းကနဲထိုးလဲပြီး ဒူးတွေဘာတွေ ခံနိ
သွားတယ်၊ အဲဒီအခါမှာ စက်ဘီးစီးသင်ပေးတဲ့ ဆရာဟာ စက်
ဘီးစီး မတတ်တဲ့လူကို စက်ဘီးပေါ် ပြန်ထိုင်နိုင်းပြီး တွန်းပြ
ပါလေရော၊ စက်ဘီးပေါ်က လူကလည်း ခါးကြီးတောင့်ထာ
လိုက်ပြီး လက်ကိုင်နှစ်ခုကို ကျစ်ကျစ်ပါအောင် ဆုတ်ပြီးပါသွာ
ပြန်ပါလေရော၊ ပြီးတော့ လဲပြန်ပါရော၊ အဲဒီလို လဲသွားတဲ့





အခါမှာ တဲတောင်လေးဘာလေး နည်းနည်းပွန်းပဲ့ သွားတတ်
တယ်၊ အဲဒီအခါမှာ စက်ဘီးစီးသင်တဲ့ ဆရာက စက်ဘီးစီးသင်
ချင်တဲ့လူကို ကုန်းတက်တစ်ခုကိုခေါ် သွားပြီး ကုန်းပေါ်ကနေ
အရှိန်နဲ့ တွန်းချလိုက်တယ်၊ စက်ဘီးစီးသင်တဲ့ လူကလည်း
လဲမှာကြောက်လို့ ခါးကြီးကို တောင့်ထားတယ်၊ လက်ကိုင်နှစ်
ဖက်ကိုလည်း တအားညှစ်ထားတယ်၊ ဒါပေမဲ့ စက်ဘီးက အရှိန်
နဲ့သွားနေတော့ သူဟာ နည်းနည်းသဘောပေါက်သွားတယ်၊
ခါးကို တောင့်ထားတာဟာ အလုပ်မဟုတ်ဘူးဆိုတာ သဘော
ပေါက်သွားတော့ ခါးကိုလျှော့ချလိုက်တယ်၊ လက်ကိုင်ကိုလည်း
တစ်အားကြီး ညှစ်ထားဖို့ မလိုဘူး၊ အသာလေး 'ထိန်းထားဖို့ပဲ
လိုတယ်ဆိုတာ သဘောပေါက်သွားတော့ လက်ကိုင်ကိုလည်း
ခပ်ဖော့ဖော့လေး ကိုင်ထားတတ်လာတယ်၊ စက်ဘီးစီးသင်တဲ့
သူဟာ လဲသွားမှာစိုးလို့ စက်ဘီးက တစ်ဖက်ကိုဆွဲရင် သူက
ဆန့်ကျင်ဖက်ကို အတင်းရွတ်ပြီးဆွဲတယ်၊ အဲဒီမှာ စက်ဘီးဟာ
လဲ သွားတယ်၊ တကယ်က စက်ဘီးလဲမယ်ထင်ရင် လက်ကိုင်ကို
လဲ မယ့်ဖက်ကို လှည့်ထားလိုက်ရတယ်၊ အဲဒီလို လှည့်ထားမှ
စက်ဘီးဟာ မလဲပဲထောင်နေတယ် ဆိုတာကို ပါးစပ်နဲ့ ပြောပြလို့
မရဘူး၊ တခု ရေးပြလို့လည်း မရဘူး၊ စက်ဘီးကို တွန်းလွှတ်
လိုက်မှ စက်ဘီးဘယ်လို စီးရမယ်ဆိုတာ သိတာ၊ အဲ့ဒီအသိကို
အတွေ့အကြုံသိလို့ ခေါ်တယ်၊ အဲဒီ အတွေ့အကြုံသိဟာ
တစ်ခါသိပြီးရင် တစ်သက်စာသိတာပဲ လူကလေးရေ့ စက်ဘီး

ကို အရင်က စီးတတ်ပါတယ် အခုတော့ မေ့သွားပါတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ တစ်ခါသိထားပြီးရင် ဘယ်တော့မှ မမေ့တော့ဘူး ဘာကြောင့်လည်းဆိုတော့ အတွေ့အကြုံသိမှုလို့ပဲ၊ ရေကူးတာလည်း ဒီသဘောပဲ၊ တစ်ချို့လူတွေက အရင်ကတော့ ရေကူး တတ်ပါတယ်၊ အခုမေ့သွားပြီ ဆိုတာတွေဟာလည်း ဒီရော ပြောတာ ဖြစ်လိမ့်မယ်၊ တစ်ခါကူးတတ်ရင် တစ်သက်လုံး မမေ့ဘူး၊ ဘာကြောင့်လည်းဆိုတော့ ဆရာသင်တဲ့ပညာမှ မ ဟုတ်ပဲ၊ ရင်ထဲက ထိုးထွင်းပြီး သိသွားတာ၊ အတွေ့အကြုံနဲ့ ထိုးထွင်းပြီး သိသွားတာတွေဟာ ဘယ်တော့မှ မမေ့တော့ဘူး၊ အဲဒါကို နားလည်သွားရင် ငါကမင်းကို အင်္ဂလိပ်စာ ဘယ်လို သင်မယ်ဆိုတာ မင်းသဘောပေါက်ပါလိမ့်မယ်၊ စက်ဘီးစီး သင်ပေးတဲ့လူဟာ တစ်သက်လုံး မင်းနောက်ကလာပြီး တွန်းပေး နေမှာ မဟုတ်ဘူး၊ အဲဒီအတိုင်းပဲ ငါကမင်းကို အင်္ဂလိပ်စာ သင်ပေးတဲ့အခါ စက်ဘီးစီးသင်သလိုပဲ ကုန်းဆင်းကနေ မင်းကို တင်ပြီး တွန်းလွှတ်လိုက်မယ်၊ အစပထမတော့ မင်းဟာခါးကြီးကို တောင့်ထားလိမ့်မယ်၊ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုတ်ထားလိမ့်မယ်၊ နောက်ကျတော့လည်း ခါးနှစ်ဘက်ကို နွဲ့ တတ်လာမယ်၊ စက်ဘီးလက်ကိုင်ကိုလည်း ဖေါ့ဖေါ့လေး ကိုင် တတ် လာလိမ့်မယ်၊ နောက် စက်ဘီးစီး ကျွမ်းကျင်သွားတဲ့အခါ ကျတော့ စက်ဘီးပေါ်မှာမင်းဟာ ကင်းမီးကောက် ထောင်ပြ နိုင်တဲ့အထိ ကျွမ်းကျင်လာလိမ့်မယ်၊ ငါ့အလုပ်ကတော့ မင်းကို





စက်ဘီးပေါ်မှာတင်ပြီး ကုန်းဆင်းကနေ တွန်းချပေးလိုက်ဖို့ပဲ လူလေးရေ့၊ အဲဒီတော့ တံတောင်တွေပွန်းတာ ဒူးတွေကွဲတာ ကိုတော့ စာမပွဲလေနဲ့တော့"

ဟု ပြောလိုက်လျှင် စိန်မြသာသည် 'ပြောက်'ကနဲ လက်ဖြောက် တီး လိုက်လေတော့၏။

"တစ်ခါတည်း တွန်းသာချလိုက်ပါ မာစတာရယ်၊ တံတောင်တွေ ဒူးတွေပါ မဟုတ်ပါဘူး၊ မျက်နှာကြီး တစ်ချမ်းလုံးပါ ပွန်းသွား လည်း အကြောင်းမဟုတ်ပါဘူး"

ဟု ပြောလိုက်လျှင် ၎င်းတို့ဘေးတွင် ထိုင်နေသော ဦးလှမောင လက်ခုပ်'တဖြောင်းဖြောင်း' တီးလိုက်လေတော့၏။ ထို့နောက်တွင် ဆရာလားဇရုက

"ဒီမှာ လူကလေး မင်းကို အင်္ဂလိပ်စာ သင်ပေးတဲ့အခါမှာ လည်း စည်းကမ်းချက်တွေ ပြောပြဦးမယ်၊ အဲဒါက ဘာ လည်း ဆိုတော့. . .

တစ် . . . ဒီမှာသင်တုန်းပဲ စာတွေကို ဖတ်ပါ မှတ်ပါ၊ ဒီက နေပြန်သွားတာနဲ့ ဒီစာတွေကို ပြန်ပြီးဆိုခြင်း၊ ရေး မှတ်ခြင်း၊ စာကျက်ခြင်း မလုပ်ရဘူး၊ သင်တဲ့ အချိန်ပြီးတာနဲ့ ဒီအလုပ်ဟာ မင်းနဲ့ မပတ်သက် သလို နေရမယ်၊

နှစ် ... ငါမင်းကို သင်တဲ့နေရာမှာ လေ့ကျင့်ခန်းတွေ မရှိဘူး၊ အဲဒါကြောင့် လေ့ကျင့်ခန်းလုပ်ဖို့ စာအုပ် ယူမလာရဘူး၊ အကြိမ်တစ်ရာဆိုဖို့လိုတဲ့ စာတွေဆိုရင် အကြိမ်တစ်ရာဆိုနိုင်းမယ်၊ နောက် ဘယ်တော့မှ မဆိုရဘူး၊

သုံး ... ငါ့ရဲ့ အခုနည်းစနစ်ထဲမှာ မှတ်စုမှတ်တဲ့ကိစ္စ မပါဘူး၊ ဒါကြောင့် မှတ်စုစာအုပ် ယူမလာရဘူး၊ ဘာကိုမှလည်း နိုးပြီးရေးမထားရဘူး၊ စာနိုးပြီး မကျက်ရဘူး၊ စာနိုးကျက်တဲ့ တပည့်ဟာ ငါ့ရဲ့ ရန်သူပဲ၊

လေး ... ငါ့ကိုမင်း ရှိသေလေးစားတယ်ဆိုတာ ငါယုံကြည်ပါတယ်၊ အဲဒါကြောင့် စာသင်နေတဲ့ အတောအတွင်းမှာထပ်ပြီး လေးစားပြနေဖို့ မလိုဘူး၊ အဲဒီလို လေးစားပြနေတာဟာ စာသင်ရာမှာ အနှောက်အယှက် ဖြစ်တယ်၊ ထိုင်တဲ့အခါမှာလည်း ဒီလို ထိုင်ရင်ဆရာကို မလေးစားရာကျမှာပဲ ဆိုပြီး ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ဖို့ မလိုဘူး၊ လွပ်လွပ်လပ်လပ် ထိုင်ပါ၊ စိတ်လက် ပေါ့ပါးပြီး လွတ်လွတ်လပ်လပ် ထိုင်တယ်ဆိုတာကိုက ငါ့ကို လေးစားတယ်လို့





ခံယူတယ်၊ လက်အုပ်ကလေး ချီလိုက်၊ ခါးကလေး ညွတ်လိုက်၊ ကိုယ်ကလေး ကျုံ့လိုက်ဆိုတဲ့ အမူအရာတွေကို ငါမကြိုက်ဘူး၊ အားလုံးကိုတော့ ဆိုလိုတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့အတွေ့အကြုံအရတော့ အဲဒီလို အမူအရာတွေ လုပ်တဲ့လူ တော်တော်များများဟာ လူကောက်တွေများတယ်၊

ငါး ... ငါက မင်းကို အကြာကြီး သင်ပေးနေမှာ မဟုတ်ဘူး၊ စက်ဘီးစီး သင်သလို ငါက မင်းကို ကုန်းဆင်းကနေ တွန်းချလိုက်မှာ၊ မင်းဟာမင်း ထိန်းပြီး သွားရမယ်၊ အဲဒီတော့ ငါပြောတာကို မင်းက နားထောင်ရမယ်ဆိုတာ ပုံသေ မဟုတ်ဘူးနော်၊ မင်း စိတ်မဝင်စားတဲ့အခါ ဟိုငေးဒီငေး ငေးခွင့် ရှိတယ်၊ စိတ်ဝင်စားတဲ့အခါ ပြန်ပြီး နားထောင်ပေါ့၊ ငါ့ရဲ့တာဝန်ကတော့ တောက်လျှောက် ပြောနေရမှာပဲ၊ မင်းငေးနေသည် ဖြစ်စေ နားထောင်နေသည်ဖြစ်စေ အဲဒါဟာ ငါ့အလုပ် မဟုတ်ဘူး၊ ငါဟာ စက်လိုပြောနေမှာပဲ၊ မင်းက တခြားကို ငေးနေပေမဲ့ ငါ့အသံကို မကြားတစ်ချက်၊ ကြားတစ်ချက် ရှိနေမှာပါ၊ အဲဒီလို ကြားတစ်ချက် မကြားတစ်ချက်ဟာလည်း သင်ယူနေတာပါပဲကွာ၊

ခဖြောက်. . . နောက်တစ်ခု မင်းကို ပြောဦးမယ်၊ ငါက မ…ကို သင်ပေးသမျှ စာအားလုံးကို မင်းရသလား မရ သလားဆိုတာ မင်းကို ဘယ်တော့မှ ပြန်… မေးမှာ မဟုတ်ဘူး၊ မင်းရသွားပြီလို့ပဲ ယုံကြ… ထားမယ်"

ဟု ပြောလိုက်လေ၏။ စိန်မြသာလည်း မာစတာလားဇရား၏ စကား… ကို နားထောင်ပြီးနောက်

"ဒီကျောင်းကတော့ တစ်မျိုးပါလား၊ ကျွန်တော် တက်ခဲ့ရ… ကျောင်းနဲ့ မတူဘူး၊ ဘာပဲဖြစ်ဖြစ် မာစတာပြောတာကို လို… နာပါမယ်"

ဟု ဝန်ခံလိုက်လေ၏။ ထို့နောက် မာစတာ လားဇရားက ၎င်း၏ အိတ်အတွင်းမှ စာရွက်ခေါက်တစ်ရွက်ကို ထုတ်ယူ၍ စိန်မြသာအား… ပေးလိုက်လေ၏။ စိန်မြသာသည် ထိုစာရွက်ခေါက်ကလေးကို ဖြန့်… ကြည့်လိုက်၏။ ထိုစာရွက်ထဲတွင် အင်္ဂလိပ်စာလုံး အလုံးတစ်ရာ ရေး… ထားသည်ကို တွေ့ရ၏။

"ဒီမှာ လူကလေး. . . အဲဒီစာရွက်တွေထဲမှာ အင်္ဂလိပ်စာလုံး… အလုံးတစ်ရာ ရေးထားတယ်၊ အဲဒီ တစ်ရာထဲမှာ မင်းသိတ… ဆိုလို့ တစ်လုံးမှပါမှာ မဟုတ်ဘူး၊ အဲဒါကို ငါကပြောပြရမှာ… မင်းက အဲဒီစာလုံးတွေကို လိုက်ကြည့်ပြီး နားထောင်ရုံပဲဆိုတာ…



တကယ်ကို နားထောင်ရုံပဲ၊ ဘာကိုမှ မမေးနဲ့ ငါကတစ်လုံးကို ငါးခါ ပြောပြမယ်၊ ပြီးရင်ငါနဲ့အတူ အကြိမ်တစ်ရာ လိုက်ဆိုမယ်၊ ငါးခါ ပြောပြတဲ့အခါမှာ အဓိပ္ပာယ်ပါ ပြောပြသွားမယ်၊ အကြိမ်တစ်ရာ ဆိုတဲ့အခါမှာ အဓိပ္ပာယ်ကို ပြောမပြတော့ဘူး၊ မင်းက လိုက်ပြီး ဆိုရုံပဲ၊ ငါ့ရဲ့ တာဝန်က မှန်မှန်ဆိုသွားမယ်၊ မင်းက အဲ့ဒီမှာ မောလို့ဖြစ်စေ၊ စိတ်မဝင်စားလို့ဖြစ်စေ လိုက်ပြီး မဆိုချင်တဲ့ နေရာမှာမဆိုပဲ နေနိုင်ခွင့်ရှိတယ်၊ အဲဒီလို မဆိုပဲ နေတာကိုလည်း စိန်မြသာတစ်ယောက် တိတ်ဆိတ်တဲ့ အသံနဲ့ လိုက်ပြီး ဆိုနေ တယ်လို့ ငါကယူဆမယ်၊ ငါ့ကို ကပ်ရဲ့လုပ်တာလို့ ငါမယူဆဘူး"

…ဟု ပြောလိုက်လျှင် စိန်မြသာသည် ပြုံးလိုက်လေ၏။

"ဒီလောက်လွတ်လပ်တဲ့ ဆရာနဲ့ သင်ရတာ ဘာဖြစ်လို့ မတတ်ရမှာလဲ"

…ဟု စိန်မြသာကပြောကာ လက်ကို 'ဖြောက်'ကနဲ တီးလိုက်ပြန်လေ…၏။ ထို့နောက် မာစတာလားဇရားက ၎င်းပေးထားသော စာလုံးများ…ကို ဆိုပြ၏။ အဓိပ္ပာယ်များကိုလည်း ပြောပြ၏။ သူသည် ထိုစာရွက်…ပါ စာလုံးများကို ငါးခေါက်တိတိ ဆိုပြ၏။ ငါးခေါက်တိတိ အဓိပ္ပာယ်…များကို ပြောပြ၏။ ထို့နောက် စိန်မြသာကို တိုင်ပေး၏။ စိန်မြသာက …လိုက်၍ ဆိုရ၏။ ထိုသို့ဆိုရသည်မှာ အကြိမ်တစ်ရာ ဖြစ်၏။ ထိုသို့ …ပြီးနောက် မာစတာလားဇရားက

"ကဲ. . . လူလေး၊ မင်းလည်း မောသွားပြီ၊ ငါလည်း မောသွား ပြီ၊ ဒါပေမယ့် အမြွက်တစ်ခုတော့ရတယ်၊ ဒီထဲက စာလုံးတစ် ရာကို မင်းတတ်သွားပြီ၊ မင်းတကယ် တတ်သွားပြီ၊ မင်းအ ငါပြောတာကို မယုံဘူး မဟုတ်လား၊ ဘာမှလည်း မရေး ဘာမှလည်း မမှတ်ရပဲ တစ်ထိုင်တည်း စာလုံးတစ်ရာကို ရသွား တယ်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား၊ တတ်မှတတ်ရဲ့လားဆိုတာ မင်းစိတ်ထဲမှာ တွေးနေတယ် မဟုတ်လား၊ ငါဟာ မင်းရဲ့ အကျိုးကို လိုလားသူ တစ်ယောက်ပါ၊ မင်းဒုက္ခ ရောက်အောင် မလုပ်ပါဘူး၊ ယုံကြည်လိုက်ပါ လူကလေးရယ်၊ ဒီစာလုံးတွေ မင်းအားလုံး ရသွားပါပြီ၊ အစိမ့်ှာယ်နဲ့တကွ ရသွားပါပြီ၊ ဟုတ် တယ်မဟုတ်လား လူကလေး၊ ရသွားပါပြီကွာ၊ အေး. . . အလွတ်ရသွားတဲ့ စာတွေကို ဘာဖြစ်လို့များ ထပ်ပြီးဖတ်နေ ရဦးမှာလဲ၊ အားလုံး မီးရှို့ပစ်လိုက်မယ်"

ဟု ပြောပြောဆိုဆို အိတ်တွင်းမှ မီးခြစ်ကို ထုတ်၍ စာရွက်များကို မီးရှို့ပစ်လိုက်လေ၏။ စိန်မြသာသည် စာရွက်များ မီးတောက် လောင်နေသည်ကို ငေးမောကြည့်ရှုနေလေ၏။ ထိုသို့ ငေးမော ကြည့်နေရင်း

"မာစတာ. . . ကျွန်တော် တကယ်ရသွားပြီလား"

ဟု မေးလိုက်ရာ မာစတာလားဇရားက





"တကယ်ပေါ့ လူကလေးရယ်၊ မင်းတကယ်ရသွားပြီ၊ ဒီလို ရသွားတာကလည်း ငါက သင်လို့ရတာ မဟုတ်ပါဘူး၊ ရမယ့် ဟာတွေမို့ ရသွားတာပါ၊ ဒီထက်ပိုပြီးပြောရရင် မင်းဟာ ဗုဒ္ဓ ဘာသာဝင်တစ်ယောက်ပါ လူကလေး၊ သံသရာဆိုတာကို ယုံ လိုက်စမ်းပါ၊ ရှည်လျားတဲ့ သံသရာထဲမှာ မင်းဟာ ဘဝပေါင်း များစွာ ဖြစ်ခဲ့တယ်၊ အဲဒီ ဘဝတွေထဲမှာ အင်္ဂလိပ်လူမျိုး ဘယ် နှစ်ကြိမ် ဖြစ်လာသလဲလို့ မပြောနိုင်ဘူး၊ အဲဒီလို ဘဝတွေမှာ မင်းဟာ အဲဒီဟာတွေကို အလွတ်ရပြီးသားပဲကွ၊ အဲဒီလိုရခဲ့တဲ့ အကြောင်းကို မင်းကမသိလို့ ငါကဒီမှာလာပြီး ပြောပြနေရ တာပါကွာ၊ အမှန်ကတော့ ငါမသင်ခင်ကတည်းက မင်းဟာ တတ်နှင့်နေပြီးသားပါ လူကလေး"

ပြောလိုက်လျှင် စိန်မြသာသည် မျက်စိကိုစွေ၍ ငြိမ်သက်စွာ ထောင်နေပြီးနောက် လက်ကို 'ဖြောက်'ကနဲ တီးလိုက်ပြီးလျှင်

"ဟုတ်တယ်"

ကျယ်လောင်စွာ အော်ဟစ်လိုက်လေတော့၏။ နောက်ရက်များ လည်း မာစတာလားဇရားသည် အချိန်မှန်မှန် လာရောက် ကြားပေး၏။ သို့ရာတွင် ဦးလှဖေမှာမူ တစ်ပတ်လျှင်တစ်ကြိမ် ပါလာတတ်၏။ ပါလာသော အခါတိုင်း၌လည်း ဘယာကြော် ဝယ်လာတတ်၏။ စာသင်ပြီးလျှင် သုံးယောက်သား ဘယာ စားကြ၏။ သို့ရာတွင် စိန်မြသာသည် သူတစ်ဦးတည်းသာ

ဘယာကြော်များကို စားခဲ့ခြင်းဖြစ်၏။ ဦးလှဖေနှင့်မာစတာ
ဇရားသည် စားသည်လား၊ မစားသည်လား သတိမပြုမိခဲ့ပါ။ တ
ပြည့်သောအခါ၌ မာစတာလားဇရားက

"ဒီမှာလူကလေး... မင်းဟာ အင်္ဂလိပ်စာလုံး သုံးထေ
ကျော်ကို တတ်သွားပြီ၊ ဆက်စပ်ပုံအချို့ကို ပြောပြဦးမ
အဲ့ဒါက ဘာလဲဆိုရင် အခုမင်းရထားတဲ့ စာလုံးသုံးထေ
ကျော်ဟာ အဖိုးတန်တဲ့ ကျောက်မျက်ရတနာတွေပဲထ
အဲ့ဒါ တွေကို ဒီအတိုင်းထားလို့တော့ မဖြစ်ပေဘူး၊
တွဲပြီး လက်စွပ်လုပ်တန် လုပ်ရမယ်၊ လက်ကောက်လုပ်
လုပ်ရမယ် မဟုတ်လား၊ အဲ့ဒီလိုပဲ အဲ့ဒီ စကားလုံးတွေ
တွဲဖို့... တွဲစပ်ပုံ တွဲစပ်နည်းတွေ လိုသေးတယ်၊ အဲ့ဒါ
ကို ပြောပြဦးမယ်၊ ပထမတွဲစပ်ပုံကတော့ လိုက်ပြီး
မယ် လူကလေး"

ဟု ဆိုကာ မာစတာလားဇရားသည် 'ကွန်ဂျူကေးရှင်း' ဟုခေါ်
'စကားတွဲ၊ စကားစပ်' ကို ဆိုနိုင်းပြန်လေ၏။ ဤသို့လ
ရက်အတန်ကြာ သင်ပေးပြီးနောက် 'ဝိဘတ်'ဆိုသော '
ရှေးရှင်း' အကြောင်းကို အမြွက်မျှရှင်းပြပြီးလျှင် အကြိမ်ပေါ
များစွာ ဆိုပြ၏။ ဤသို့နှင့်ပင် သင်ကြားရက် (၄၅)ရက်မြော
သောအခါ၌ မာစတာ လားဇရားသည် ဖဲထုတ်အရွယ်ခန့်ရှိသေ
ကတ်ပြားကလေးများ ယူလာလေ၏။ ထို့နောက် စိန်မြသာရှေ့တွ





…က်ကို ကုလားဖန်ထိုးသကဲ့သို့ ဖဲချပ်ကလေးများကို ကုလား
…ထိုးပြ၏။ ထိုသို့ ထိုးပြပြီးလျှင် စိန်မြသာအား ဖဲချိုးသကဲ့
…ချိုးနိုင်းလေ၏။ စိန်မြသာ ကလည်း တစ်ဝက်ကို ချိုးချလိုက်လျှင်
…တာလားဇရားက တစ်ချပ်လှန်နိုင်းလေ၏။ စိန်မြသာက
…လိုက်၏။ လှန်လိုက်သော ကတ်ပြားကလေး တွင် 'ACHIVE'
…ရေးထားသော အင်္ဂလိပ်စာလုံးပါ၏။ စိန်မြသာသည် ထိုစာလုံးကို
…ပြီးနောက် 'အချိဗ်'ဟု အသံထွက် လိုက်လေ၏။ ထို့နောက်
…မြသာက

"အချိဗ်ဆိုတာ ပြီးစီးအောင်မြင်တာ၊ ပြီးမြောက်တာ၊ ပြီး
ဆုံးအောင်လုပ်တာလို့ အဓိပ္ပါယ်ရတယ်"

…ပြောလိုက်လျှင် မာစတာလားဇရားက ပြုံးလိုက်လေ၏။
…နောက် နောက်တစ်ကတ်ကို လှန်နိုင်းပြန်၏။ ထိုသို့လှန်လိုက်ရာ
…EPT' ဟူသော စာလုံးကို တွေ့ရပြန်၏။ စိန်မြသာက
…ဆက်ပ်' ဟု အသံ ထွက်လိုက်ပြန်လေ၏။ ထို့နောက်

"အဆက်ပ် ဆိုတာ လက်ခံတာ၊ သဘောတူတာလို့ အဓိပ္ပါယ်
ရတယ်"

…ပြောလိုက်လျှင် မာစတာလားဇရားက

"မယုံရင် ကတ်အားလုံးကို မင်းလှန်ကြည့်ပါ၊ အားလုံး မင်းရ
သွားပါပြီ"

ဟု ပြောလိုက်လျှင် စိန်မြသာက ဝမ်းမြောက်ဝမ်းသာ ပြုံး…
လေ၏။ ထိုသို့ ပြုံးပြီးနောက် စိန်မြသာက

"မာစတာပြောတာ ဟုတ်ပါတယ်၊ ကျွန်တော် ရသွားပါပြီ… ပေမယ့် အဓိပ္ပါယ်တွေက နှစ်မျိုး၊ သုံးမျိုး ထွက်နေတယ်"

ဟုပြောလိုက်လျှင် မာစတာလားဇရားက

"မှန်တာပေါ့ လူကလေး၊ အဲ့ဒီစာလုံးတွေကို မြန်မာအဓိ… နဲ့ ဘယ်လိုအဓိပ္ပါယ် ပေါက်ပါတယ်လို့ ရေးထားတဲ့ စာ… 'ဒစ်ရှင်နရီ' လို့ ခေါ်တယ်၊ မြန်မာလို 'အဘိဓာန်' ပေ… အဘိဓာန် ဆိုတဲ့ဟာက ဘယ်အဘိဓာန်မှ တိတိကျကျ မ… ဘူး၊ မတိကျတဲ့ စာအုပ်ကိုပြပါဆိုရင် အဘိဓာန်ကို ပြ… အဘိဓာန်ဟာ တိကျလို့ မရဘူး၊ အဓိပ္ပါယ် နှစ်မျိုး၊ သုံး… ချည်းထွက်နေမှာပဲ၊ အဲ့ဒီတော့ အင်္ဂလိပ်စာလုံး တစ်လုံ… ဒီနေရာမှာ ဒီလိုအနက် ထွက်ပြီး ဟိုနေရာမှာ ဟိုလိုအ… ထွက်နေပြန်တယ်၊ အဲ့ဒီဟာကိုလည်း ပြောပြလို့မရဘူး၊ … များများဖတ်ရင် တွေ့လာပါလိမ့်မယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် ဦးလှဖေသည် ငှင်းဝယ်… သော ဘယာကြော်လုံးလေးများကို ချ၍ကျွေး၏။ စိန်မြသာ… မြိန်ယှက်စွာ စားလေ၏။ ထိုသို့စားနေစဉ် မာစတာလားဇရား…

"ဒီမှာလူကလေး အခုမင်းမတတ်လို့ သင်နေတဲ့ အင်္ဂလိ…



အကြောင်း မေးမယ်၊ ရေးတာရယ်၊ ဖတ်တာရယ်၊ ပြောတာရယ်ဟာ ဘယ်ဟာအခက်ဆုံးလဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"ပြောတာ အခက်ဆုံးဖြစ်လိမ့်မယ် မာစတာ၊ ဘာဖြစ်လို့လည်းဆိုတော့ အင်္ဂလိပ်တစ်ယောက်နဲ့ တွေ့ပြီး စကားပြောမယ်ဆိုရင် သူပြောတာ ကိုယ်နားမလည်တာနဲ့ ဘာမှပြန်ပြီးပြောလို့ ဖြစ်မှာ မဟုတ်ဘူး၊ ခင်ဗျားပြောတာ ခဏနေပါဦး၊ ကျုပ်နားမလည်ဘူး၊ အဘိဓာန် ပြန်လှန်လိုက်ဦးမယ်လို့ ပြောလို့ရမှာ မဟုတ်ဘူး၊ ချက်ချင်းသိမှ ချက်ချင်းပြောနိုင်မှာ၊ ဖတ်တာကတော့ အလွယ်ဆုံး ဖြစ်လိမ့်မယ်၊ ကိုယ်မသိတဲ့ စာလုံးပါရင် မာစတာပြောတဲ့ အဘိဓာန်ကို လှန်ကြည့်လို့ ရတယ်"

ဟုပြောလိုက်လျှင် မာစတာလားဇရားက

"လူကလေး သိပ်ကြီးတော်တာပဲ၊ အဲ့ဒီတော့ 'ရေး၊ ဖတ်၊ ပြော' သုံးမျိုးမှာ အလွယ်ဆုံးဖြစ်တဲ့ 'ဖတ်' ကို အရင်ဆုံးစမယ်၊ အဲ့ဒီတော့ မင်းဖတ်ဖို့ စာအုပ်တွေ ငါယူလာမယ်၊ ဘယ်လို ဖတ်ရမယ်ဆိုတာကိုလည်း မင်းကိုငါ ပြောပြမယ်၊ ပြီးတော့မှ ရေးတာကို ဆက်ပြီး သင်ကြတာပေါ့၊ ဒါပေမယ့် ဖတ်တယ်ဆိုတဲ့ ကိစ္စဟာ ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး၊ တစ်သက်လုံး ဖတ်နေရမှာ မဟုတ်လား၊ အဲ့ဒီတော့ ငါ့ရဲ့ကျောင်းက ဒီနေ့ပဲမင်းကို

ဆင်း ပေးလိုက်ပါပြီ၊ မင်းလည်း ကောင်းကောင်းတတ်သွားပါပြီ၊ သင်ယူတယ်ဆိုတာ ကလေးအလုပ်ပါ၊ အခု မင်းသင်ယူတဲ့အဆင့် ပြီးသွားပြီ၊ လေ့လာတဲ့အဆင့်ကို ရောက်သွားပြီ မင်းကို စက်ဘီးပေါ်တင်ပြီး တွန်းလွှတ်လိုက်ရမယ်"

ဟု ပြောလိုက်လျှင် စိန်မြသာသည် လက်ကို 'ပြောက်'ကနဲတီးလိုက်ပြီး

"(၄၅) ရက်သင်ပြီးတာနဲ့ ကျွန်တော်ဟာ ကောင်းကောင်းတတ်သွားပြီ တော်တော့်ကိုကောင်းတဲ့ ကျောင်းပဲ"

ဟု ပြောလိုက်ရာ ဆရာလားဧရားက

"ဒီလောက်မြန်တာဟာ မင်းတော်လို့လည်း မဟုတ်ဘူး၊ ငါတော်လို့လည်း မဟုတ်ဘူး၊ စာသင်ခန်းထဲမှာ မသင်ရလို့၊ ဒါမှမဟုတ် မင်းရဲ့ မိဘအုပ်ထိန်းသူတွေ ရှေ့မှာ မသင်ရလို့ ဒီလောက်မြန်မြန် တတ်သွားတာ၊ လွတ်လပ်ပေါ့ပါးတဲ့ စိတ်နဲ့ သင်ရရင် ပညာဟာ မြန်မြန် တတ်တယ်ကွ၊ အဲဒီလို သဘောပေါက်တဲ့လူနည်းတယ်၊ အာလဲဖြစ်ဖြစ် ငါနိုက်တဲ့ အပင်လေးတစ်ပင် ပေါက်သွားပြီဆိုတာ ငါသိပါတယ်ကွာ၊ လူကလေးအနေနဲ့ စက်ဘီးကို ကိုယ့်ဟာကိုယ် နင်းချင်သလို နင်းသွားဖို့ပါပဲ၊ စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ယူလာမယ်၊ ဖတ်ပုံ ဖတ်နည်းတွေ ပြောပြမယ်၊ တစ်အုပ်ပြီး တစ်အုပ်ဖတ်သွား၊ ကြိုက်တဲ့စာအုပ်ဆိုရင် နှစ်ခေါက်လောက် ပြန်ဖတ်လိုက်ပေါ့ကွာ"





ဟု ပြောလိုက်လေ၏၊ ထို့နောက် ထိုနေ့အဖို့ ၄င်းတို့သုံးဦး လမ်းခွဲကြလေ၏၊ နောက်တစ်နေ့တွင် မာစတာလားဧရားသည် စာတစ်အုပ်ကိုကိုင်၍ ကန်တော်ကြီးစောင်းသို့ ရောက်လာလေ၏၊ စိန်မြသာကိုတွေ့လျှင် မာစတာလားဧရားက

"ဟောဒါ မင်းဖတ်ဖို့ ယူလာတဲ့ စာအုပ်ပဲ၊ ပထမဦးဆုံး မင်းအနေနဲ့ သဘောပေါက်ထားရမှာက ဟောဒီစာရေးဆရာဟာ စကားလုံး သုံးထောင်တတ်တယ် ဆိုပါတော့ကွာ၊ သူရေးတဲ့စာဟာ အဲဒီစကားလုံး သုံးထောင်ထဲကပဲ ဖြစ်ရမယ်၊ တခြား ဒိုပြီး ပါစရာမရှိဘူး၊ အဲဒီတော့ 'ချက်ပတာဝမ်း' လို့ခေါ်တဲ့ အခန်းတစ်မှာ သုံးတဲ့စကားလုံးတွေဟာလည်း အခန်း(၂)၊ အခန်း (၃)၊ အခန်း (၄) ဆုံးတဲ့အထိ ထပ်တလဲလဲပြန်ပြီး သုံးနေရမှာပဲ၊ အဲဒီ တော့ အခန်းတစ်က စကားလုံးတွေကို တစ်ခုမကျန် မင်းအနေနဲ့ သိအောင် လုပ်ရတော့မယ်၊ အဲဒီတော့ ပထမဦးဆုံး အခန်းတစ်ရဲ့ ပထမစာမျက်နှာကို လှန်လိုက်ပါ၊ တစ်ကြောင်းစီ ဖတ်ကြည့်ပါ မသိတဲ့စာလုံးကို အောက်က မျဉ်းတားပါ၊ ပြီးတော့ စာရွက် အဖြူလေးတစ်ရွက်ကို အဲဒီစာအုပ်ရဲ့ စာမျက်နှာနဲ့ တစ်တိုင်းထဲ ဖြစ်အောင်ဖြတ်ပြီး မင်းဖတ်တဲ့ စာမျက်နှာရဲ့တစ်ဖက်မှာ ကပ်ထားပါ၊ ပြီးတော့ စောစောကမသိလို့ မျဉ်းတားထားတဲ့ စာလုံးတွေကို အဲဒီ စာရွက်အဖြူမှာ ရေးပါ၊ ပြီးမှ အဘိဓာန်ကိုလှန်ပြီး အဓိပ္ပါယ်

တွေကို ရှာပါ၊ အဲဒီလိုရှာပြီးရင် အဲဒီစာမျက်နှာကို ပြန်ဖတ်ပါ၊ မသိတဲ့စာလုံး တွေ့တာနဲ့ ဆန့်ကျင်ဘက် စာမျက်နှာမှာ ကပ်ထားတဲ့ စာရွက်ဖြူပေါ်က အဓိပ္ပါယ်ကို ကြည့်လိုက်၊ အဲဒီလို အခန်းတစ်ခုလုံးကို မသိတာမရှိ အောင်လုပ်ပြီး မ... ပေတော့ လူကလေး"

ဟု ပြောလိုက်လျှင် စိန်ပြသာက

"အဲဒီလို တစ်မျက်နှာချင်း စာရွက်အဖြူတွေကပ်ပြီး မသိတဲ့ စာလုံးတွေ ရေးထားရမယ်ဆိုတော့ ဒီစာအုပ်ဟာ စာမျက်နှာ တစ်ရာ ရှိတယ်ဆိုပါတော့၊ ကျွန်တော်ထင်ပြီး ကပ်ရတာ... စာ မျက်နှာတစ်ရာဆိုတော့ စာအုပ်ဟာ နှစ်ဆထူသွား လိမ့်မယ်"

ဟု ပြောလိုက်ရာ ဆရာလားဇရုက

"အမှန်ပဲ လူကလေး၊ အဲဒီလို ထူသွားမှာ အမှန်ပဲ၊ ဒါပေမဲ့ ချက်ပတာဝမ်းမှာ မသိတဲ့ စာလုံးအလုံး (၂၀) ပါတယ်ဆိုရင် ချက်ပတာတွေမှာ အဲဒီလောက် မပါတော့ဘူးကွ၊ ဒီထက် လျော့သွားလိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ စာရေးဆရာဟာ သူတတ်ပြီးတဲ့ စာလုံးကိုပဲ ပြန်ပြီးရေးမှာပေါ့ကွာ၊ အဲဒီလိုနဲ့ တဖြည်းဖြည်း မသိတဲ့စာလုံးတွေဟာ နောက်ပိုင်းရောက်တော့ နည်းသွားလေ. . . နည်းသွားလေ ဖြစ်သွားလိမ့်မယ်၊ အဲဒီလို လုပ်သွားရင် တစ်အုပ်ကနေ နှစ်အုပ်၊ နှစ်အုပ်ကနေ သုံးအုပ်ရောက်ပြီဆိုရင်





မင်းဟာ စာဖတ်တတ်သွားလိမ့်မယ်၊ စာရဲ့သဘောကိုလည်း သိသွားလိမ့်မယ်၊ ငါးအုပ် ဆယ်အုပ်လောက် ဖတ်ပြီးတဲ့အခါမှာ ကျွမ်းကျင် သွားလိမ့်မယ်၊ ဒီနည်းဟာ စိတ်ကူးယဉ်ပြီး ပေးတဲ့ နည်းမဟုတ်ဘူး၊ လူတော်တော်များများကို ဒီနည်းနဲ့ စာတတ် စေခဲ့ပြီးပြီ လူကလေး"

ဟု ပြောလိုက်ရာ စိန်ပြသာက

"ကျွန်တော် ယုံကြည်ပါတယ် မာစတာ"

ဟုပြောကာ မာစတာလားဇရုပြောသည့်အတိုင်း စာရွက်အဖြူများကို ထုတ်၏၊ ကပ်ရန်လိုအပ်သည့် စာရွက်များကို ဓောင်းချမ်း ကလေးကိုထုတ်၍ ဖြတ်တောက်၏၊ စာအုပ်ထဲတွင် ကပ်ရန်အတွက် မုန့်ဟင်းခါးဆိုင်မှ မုန့်ဖတ်များကိုတောင်း၏၊ ထို့နောက် သေသပ်စွာ ကပ်လိုက်လေတော့၏၊ ပြီးလျှင် မာစတာလားဇရု ပြောသည့်အတိုင်း မသိသောစာလုံးများကိုရှာ၍ ဆန့်ကျင်ဘက်တွင် ကပ်ထားသော စာရွက်ဖြူတွင်ကူး၍ ရေးလေတော့၏၊ ထို့နောက် အနက်အဓိပ္ပါယ်များကို အဘိဓာန်အကူအညီဖြင့် ရှာလေ၏၊ ရှာပြီးနောက် စာရွက်ဖြူပေါ်တွင် သူ့နေရာနှင့်သူ ရေးမှတ်လိုက်လေ၏၊ ဤသို့ ရေးမှတ်ပြီးနောက် စာလုံးများကို တစ်လုံးချင်း သိပါလျှက် စာကြောင်းဝါကျ ဖွဲ့ထားသောအခါ၌ အဓိပ္ပါယ် ပြန်၍မရပဲ ဖြစ်နေလေတော့၏၊ ထိုအခါ၌ ဆရာလားဇရုက

“ဒီလိုရှိတယ် လူကလေး၊ စာကြောင်းတစ်ကြောင်းကို အနက်အဓိပ္ပါယ် ပြန်တော့မယ်ဆိုရင် အဲ့ဒီစာကြောင်းဟာ ဘယ်လောက်ပဲရှည်ရှည် စာလုံးနှစ်လုံးကတော့ မှချပါရမယ်၊ အဲ့ဒီ စာလုံးနှစ်လုံးကို အသေမှတ်ထားရတယ် လူကလေးရဲ့၊ အဲ့ဒီ စာလုံးနှစ်လုံးဟာ တခြားဟာမဟုတ်ဘူး 'သည် . . . သည်'ဆိုတဲ့ စာလုံးပဲ၊ အလွယ်ဆုံး စာကြောင်းလေးတစ်ခုကိုပဲ မင်းကြည့်လေ”
ဟု ဆိုကာအောက်ပါ စာကြောင်းကို ရေးပြလိုက်လေ၏။

**MG BA GOES TO SCHOOL.**

“ဒီစာကြောင်းကို အနက်ပေးမယ်ဆိုရင် မင်းဘယ်လိုပေးမလဲ”
ဟု ဆရာလာဇရုးက မေးလိုက်ရာ စိန်မြသာက
“ဒါကတော့ လွယ်ပါတယ် မာစတာရယ်၊ မောင်ဘ ကျောင်းသို့ သွားသည်ပေါ့”
ဟု ပြောလိုက်ရာ
“အဲ့ဒီမှာ တစ်လုံး လိုနေတယ်ကွ၊ အမှန်က မောင်ဘသည် ကျောင်းသို့ သွားသည်လို့ အနက်ပေးရမယ်၊ အဲဒီတော့ မောင်ဘနောက်က 'သည်'ရယ်၊ သွားနောက်က 'သည်'ရယ်၊ အဲ့ဒီ 'သည်' နှစ်လုံးပါနေရမယ်၊ အဲ့ဒီလိုပဲ လူကလေးဘယ်လောက်





ရှည်တဲ့ စာကြောင်းပဲဖြစ်ဖြစ် အဲဒီ'သည်'နှစ်လုံးကို အရင်ရှာပြီး အနက်အဓိပ္ပါယ်ရှာဖို့ စဉ်းစားရမယ်၊ ကျန်တာတွေက အဲ့ဒီ 'သည်' နှစ်လုံးကနေ ဆင့်ပွားထားတာတွေကွ၊ အဲ့ဒီလို ဆင့်ပွားထားတာက 'ဖရေ့စ်'တို့ 'ကလော့စ်'တို့နဲ့ ပွားထားတာတွေကွ၊ မြန်မာလိုပြောရင်တော့ အဲဒါတွေကို 'ပဒစု' လို့ခေါ်တယ်၊ သိပ်ပြီး နားရှုပ်ဖို့ ကောင်းတယ်၊ တစ်ချို့ စာရေးတဲ့လူတွေဟာ နာမဝိသေသနလို့ခေါ်တဲ့ 'အက်ဂျက်တစ်' တွေကို အများကြီး ဆက်ပြီး ရေးထားတယ်၊ ဖြန်းကနဲဖတ်ရင် အနက်မထင်ဘူး၊ ဒါပေမယ့် မင်းအခုနေနဲ့သိထားဖို့က အရင်းအမြစ်ဟာ 'သည်' 'သည်' ပဲကွ၊ စောစောကအကြောင်းကို ပြန်စဉ်းစားကြည့်၊ အရှင်းဆုံး စဉ်းစားမယ်ဆိုရင် မောင်ဘသည် သွားသည်ပဲပေါ့ကွ၊ ကျောင်းသို့၊ ဈေးသို့၊ အိမ်သို့ ဆိုတာတွေက ပွားသွားတာတွေ၊ မောင်ဘကိုလည်း နို့နို့မောင်ဘ မဟုတ်ပဲ၊ အလွန် လိမ္မာတဲ့ လူကလေး မောင်ဘအဖြစ်လည်း တင်စားပြီး ရေးနိုင်တာပေါ့၊ သူသွားတဲ့ ကျောင်းကိုလည်း နို့နို့ကျောင်းမဟုတ်ပဲ အလွန်ကြီးမားတဲ့ ကျောင်းလို့ တင်စားလို့ရတာပေါ့၊ ဒါပေမယ့် တကယ်က မောင်ဘသည် သွားသည်ပါပဲကွာ၊ ကျန်တာတွေက ထပ်ပြီးပွားထား တာတွေပါ၊ အဲဒီလိုပဲ စာကြောင်း တစ်ကြောင်းဖတ်ရင် 'သည်၊ သည်'ကို အရင်ရှာရတယ်ကွ၊ 'သည်၊ သည်' ကို တွေ့ရင် အနက်တွေ့ပြီ”

ဟု မာစတာလားဇရားက ပြောလိုက်လျှင် စိန်မြသာသည် လက်ကို 'ဖြောက်'ကနဲ တီးလိုက်လေ၏။

"ကျွန်တော့်ရင်ထဲမှာ 'သည့် . . . သည်' နိုးသွားပြီ မာစတာ"

ဟု ပြောလိုက်ရာ မာစတာလားဇရားလည်း လက်ကို 'ဖြောက်'ကနဲ တီးလိုက်ပြီးလျှင်

"လူကလေး . . . ဒီတစ်သက် မင်းဒီဟာကို ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး"

ဟု ပြောလိုက်လေတော့သတည်း။





# စိန်မြသာ စာရေးပြီ

စိန်မြသာသည် စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေပြီဖြစ်၏။ မြန်မာစာကို ဖတ်လိုက်၊ အင်္ဂလိပ်စာကို ဖတ်လိုက်နှင့် စိန်မြသာသည် စာသမားကြီးတစ်ဦး ဖြစ်သွားပြီဖြစ်၏။ မာစတာလားဇရားနှင့် ဦးလှဖေကမှ မလာတော့ပေ။ စိန်မြသာသည် ဤသို့လျှင် သုံးနှစ်ခန့် စာဖတ်ခဲ့လေ၏။ ဖတ်ခဲ့သမျှ စာအုပ်တိုင်းလိုလိုကိုလည်း မှတ်မှတ်သားသား ရှိလေ၏။ သူ၏ အိမ်တွင်လည်း စာအုပ်စင်များ ရိုက်၍ စာအုပ်များတင်ထားပြီဖြစ်၏။ သူ၏ မိခင်သည် စိန်မြသာကို ကြည့်ကာ

"သားရယ် စာအုပ်တွေကိုလည်း ဖတ်လိုက်တာ မြွတ်စားသလား အောက်မေ့ရတယ်၊ ခုတစ်အုပ် ခုတစ်အုပ်ဆိုသလို ဖတ်နေ

တာကိုး၊ ဘာကြောင့်များ ဒီလောက်စာတွေ ဖတ်နေရတာတုံ

ဟု မေးလိုက်လေ၏။

"ဒီလိုရှိပါတယ် အမေ၊ ကျွန်တော်စာဖတ်တာ ဘယ်သူ့ကိုမှ မ
ခိုက်ပါဘူး။ ဒါ့ပြင်တော့ မကန့်ကွက်ပါနဲ့ အမေရယ်၊ ဖတ်ပါရ
ပြီးတော့ အမေ့ရဲ့ အလုပ်ကိုလည်း ကျွန်တော် နေ့တစ်ဝက်
လုပ်ပေးထားတာပဲ၊ အမေ ကျေနပ်ဖို့ ကောင်းပါတယ်"

ဟု စိန်မြသာ ကပြောလိုက်လျှင် ၎င်း၏မိခင်က

"မင်းကို ငါ့အနေနဲ့ ဘယ်လိုလူမျိုးဆိုတာ ပြောဖို့ခက်
ပြီသား"

ဟု ပြောလိုက်လျှင်

"မဟုတ်တာဆိုလို့ ကျွန်တော်ဘာမှ မလုပ်ဘူး အမေ၊ ဒါ့ပြင်
ကျွန်တော်ဟာ လူကောင်းပါ၊ ဘယ်လို လူစားမျိုးလဲဆို
ကောင်းတဲ့လူစားလို့ အမေသတ်မှတ်လိုက်ပါ"

ဟု စိန်မြသာက ပြောလိုက်ရာ ၎င်း၏မိခင်က

"နေစမ်းပါဦး သားရယ်၊ မင်းဖတ်တဲ့ စာတွေက မင်းကို ဘယ်လို
အသိဉာဏ်မျိုးတွေများ ပေးနေလို့လဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"အမေ့ကို ကျွန်တော် ရှင်းပြချင်ပါတယ်၊ ဒါပေမယ့် အမေနား





လည်မှာ မဟုတ်ဘူး၊ တစ်ခုတော့ ပြောမြမယ်၊ ပေဟုသုတတွေ
တော့ အများကြီးရတယ်၊ ဒါပေမယ့် ပညာတော့ မဟုတ်ဘူး"

ပြောလိုက်လျှင် သူ၏မိခင် မေက

"ကောင်းပါပြီတော်. . . ကောင်းပါပြီ၊ ငါ့သားအခုလို
ပိုးကတ်အိုးကြီး ဖြစ်နေတာကို အမေ မကန့်ကွက်ပါဘူး၊ စာ
တွေဖတ်ပြီး ကြောင်တောင်တောင် ဖြစ်သွားမှာ အမေစိုးရိမ်
တာပါ"

ပြောလိုက်လေ၏။ ထိုအခါ စိန်မြသာက

"စာဖတ်ပြီး ကြောင်တောင်တောင် ဖြစ်သွားတာက စာတကယ်
ဖတ်တဲ့လူ မဟုတ်ဘူး အမေရဲ့၊ ဒါကြောင့် စာကြောင်တွေ ဖြစ်
သွားတာ၊ တကယ်ဖတ်တဲ့ စာသမားက မကြောင်ပါဘူး၊ ကိုယ်
ဖတ်ထားသလောက်ကို ဖတ်လှပြီလို့ထင်နေတဲ့ သူကစာကြောင်
ဖြစ်နေတတ်တယ်၊ ကိုယ့်ထက်ဖတ်တဲ့လူ မတွေ့ဘူးသေးခင်မှာ
သူဟာ ကြောင်နေတာပဲ၊ သူ့ထက်ဖတ်တဲ့လူ တွေ့တဲ့အခါမှာ
သူဟာ မကြောင်နိုင်တော့ဘူး၊ ဒါ့ပြင်လို ကြောင်တောင်တောင်
ထဲမှာ ကျွန်တော်မပါဘူး၊ ဖတ်ဖို့လိုသေးလို့ ဖတ်နေတာပါ၊
မလိုအပ်ရင်တော့ ဒါ့ပြင်စာအုပ်တွေကို ကျွန်တော်ကြည့်တောင်
ကြည့်မှာ မဟုတ်တော့ဘူး"

ပြောပြီးလျှင် မိခင်အား နှုတ်ဆက်၍ ပွဲရုံသို့ ထွက်ခဲ့လေ၏။ ပွဲရုံ

တွင် စာရင်းများ လုပ်၏၊ ဆန်အိတ်များကို ကမာပြန်၍ ထပ်ပြန် ပြော ရောလျှောနေသည့် အိတ်များကို ပြန်၍ပြည့်၏၊ ကတ္တူး တိုက်၏၊ အသ ရောက်လာသော ဆန်အိတ်များကို ပိုက်ရွေးထိုး၍ စစ်ဆေး၏၊ နောက် ဆန်စာရင်း၊ ငွေစာရင်း၊ ဂုန်နီအိတ်စာရင်းများကို ပြုလုပ်၏၊ ပြီးလျှင် ဆန်ပို့ရောရှိသည့် နေရာများကို ဆန်များကိုပို့၏၊ လာ လာဝယ်သူများအတွက် ဘောက်ချာများဖွင့်၍ ရောင်း၏၊ လက် ဝယ်လိုသူများကိုလည်း ချင်၍ရောင်း၏၊ အထူးဆန် လိုချင်သူမျ အတွက်လည်း ကုလားမများကိုခေါ်၍ စကောများဖြင့် ပြာတိုက် ၏၊ ဆန်ကွဲပြာ ထုတ်နိုင်း၏၊ ဆန်ကွဲထက်ကြီးသော ဆန်ကျိုးမျ သို့မဟုတ် ဖလတ်ကြီးများကို သပ်သပ်ဖယ်ထုတ်၏၊ ပြီးလျှင် ပေ (၁၆၀)ဝင် အိတ်များဖြင့်ထည့်ကာ အိတ်ချုပ်သော ကုလားမျ ခေါ်၍ ဆန်အိတ်ကို ပိတ်၍ချုပ်နိုင်း၏၊ ချုပ်ပြီးသား အိတ်မျ ကိုလည်း အသွားတွင် ကြီးထိုးရာ (၁၉)ချက်၊ အပြန်ကြီးထိုး (၂၁)ချက် မှီ မရှိ စစ်ဆေး၏၊ ထို့ နောက် ပိုးမထိုးစေရန်အတွ ပြာအိတ်များဖြင့်အုပ်၍ အိတ်များကို ထပ်နိုင်း၏၊ ပြီးလျှင် ပို့ရမ နေရာများသို့ စာရင်းနှင့် ပို့ပေး၏၊ အချို့ဆန်အိတ်များသည် ဆန် များ များသောကြောင့် ဆန်နီများကို ရွေးထုတ်ရ၏၊ ဆန်နီ သော်လည်း ဆန်လုံး တစ်လုံးလုံး နီနေခြင်း မဟုတ်၊ အနီစင်းမျ ဆန်ပေါ်တွင် ပါနေခြင်း ဖြစ်၏၊ အနီစင်း သုံးစင်းထက်ပါသော ဆန်တစ်လုံးအား ဆန်နီစာရင်းတွင် သွင်းခွင့်ရှိ၏၊ ထို့ကြောင့်



နှအိတ်ကို ပို့လိုက်သော ဆန်စက်များကို ဆန်နီများကြောင်း ယ်လီဖုန်းဆက်၍ အကြောင်းကြား၏၊ ဆန်အကျိုးအကြေများ သော စက်များကိုလည်း အကျိုးအကြေများနေကြောင်း အကြောင်း ကြား၏၊ ထို့ကြောင့် ဆန်စက်မှ မန်နေဂျာများ၊ စက်ပိုင်များသည် စိန်မြသာနှင့် အလုပ်လုပ်ရသည်ကို အလိုမရှိကြပေ၊ ထို့ ကြောင့် ပွဲ၏ ဗိုလ်ကြီးအား

"ဒီမှာ ခေါ်မေ၊ ခင်ဗျားနဲ့ အလုပ်လုပ်ရတာ သိပ်ကောင်းတာပဲ၊ ခင်ဗျားသား ကိုစိန်မြသာဆိုတဲ့ ကောင်လေးက သိပ်ပြီး ချေ များတာပဲနော်၊ ဆန်နီမှတ် များတယ်၊ ဆန်အကျိုးအကြေ များ တယ်၊ ဆန်မပြုဘူးနဲ့ တစ်ချိန်လုံး တယ်လီဖုန်းဆက်နေတာပဲ"

ဟုပြောလျှင် စိန်မြသာ၏ ဗိုလ်ကြီးက

"ကျွန်မသားလေးက သိပ်ပြီး စေ့စပ်တာ၊ ကျွန်မက ဆန်ပွဲရုံသာ လုပ်နေရတာ၊ သူလောက် ဆန်အကြောင်း နားလည်တာ မဟုတ်ဘူး"

ဟု ပြန်၍ ပြောလေ့ရှိ၏၊ ထို့ကြောင့် ၎င်းတို့ပွဲရုံနှင့် ဆက်ဆံရသော စက်ပိုင်များ၊ မန်နေဂျာများက စိန်မြသာအား စိန်မြသာဟုမခေါ်ပဲ ချေးမြသာဟု ခေါ်လေ့ရှိ၏၊ သူနှင့် တွေ့လျှင်လည်း ထိုလူများက

"မင်းဘာဖြစ်လို့ ပွဲရုံလုပ်နေတာတုန်း၊ ဆန်မင်းကြီး လုပ်ပါလား"

ဟု ခပ်ငေါ့ငေါ့ ပြောလေ့ရှိ၏၊ ထိုအခါ စိန်မြသာက

"ကျွပ်ဆန်မင်းကြီး လုပ်ရင် ခင်ဗျားတို့ ဆန်စက်တွေ လည်း မဟုတ်တော့ဘူး အားလုံး ပိတ်ပစ်လိုက်ရမယ်"

ဟု ပြန်၍ ပြောတတ်လေ၏။ စိန်မြသာသည် နေ့တစ်ဝက်တိ မိခင်ကြီး၏ အလုပ်ကိုလုပ်ပေးပြီးနောက် စာအုပ်ဖတ်ရန် ကန်တော ကြီးသို့ ထွက်ခဲ့လေ၏။ ထို့နောက် စာအုပ်ကိုဖတ်လေ၏။ ထိုအခါ မာစတာလာဇရား ရောက်လာပြီး

"ဘယ်လိုလဲ စိန်မြသာ. . . စာတွေတော်တော် ဖတ်ဖြစ်သွား ပြီလား"

ဟု ပြောလိုက်ရာ စိန်မြသာက

"မာစတာရယ် တော်တော့်ကို ဖတ်ဖြစ်ပါတယ်"

ဟု ပြောလိုက်ရာ မာစတာလာဇရားက

"စာကိုတော့ တဟုသုတဖြစ်အောင် ဖတ်ပေါ့ကွာ၊ ဒါပေမယ့် အမှန်တရားကတော့ စာပေထဲမှာ မရှိနိုင်ဘူး၊ အမှန်တရားဟာ မင်းရဲ့ရင်ထဲက ထိုးထွက်လာတဲ့ အရာပဲဖြစ်တယ် လူကလေး ပြီးတော့ စာပေထဲမှာရှိတယ်ဆိုတဲ့ အမှန်တရားဟာလည်း လူ့ဘဝအတွက် မလုံလောက်ပါဘူးကွာ၊ ဘာပဲဖြစ်ဖြစ် ငါကတော့ မင်းစာတွေအများကြီး ဖတ်ဖြစ်တာကို ဝမ်းသာပါတယ်၊ မင်း ကော ဦးလှဖေကြီးနဲ့ တွေ့ဖြစ်သေးလား"

ဟု မေးလေ၏။



"ဦးလှဖေနဲ့ ကျွန်တော် မတွေ့ရဘူး၊ သူကလည်း ကျေးလူမျိုးတဲ့ လူပဲ၊ သူ့ကိုလည်း ကျွန်တော် တွေ့ချင်ပါတယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက် စိန်မြသာသည် ဆရာလာဇရားနှင့် အချိန်အတော်ကြာ စကားပြောခဲ့လေ၏။ ပြီးလျှင် လမ်းခွဲခဲ့၏။

စိန်မြသာသည် ယခုအခါ၌ စာဖတ်ချင်သည်ထက် စာရေးချင် သည်က ပို၍များနေလေ၏။ ထို့ကြောင့်သူသည် စာရေးကရိယာ ဆိုင်သို့သွားကာ စက္ကူထုတ်များ ဝယ်ယူလိုက်၏။ ဖောင်တိန်တစ်လက် လည်း ဝယ်ယူလိုက်၏။ ဖောင်တိန်မှာ ရွှေဖားဆိပ် ဖောင်တိန်ဖြစ်၏။ ပြီးလျှင် အရွက်ရေ (၅၀၀) ပါသော စက္ကူထုတ်ကြီး တစ်ထုတ်လုံး ကိုဘက်ဒီဘက် ပြည့်သည်အထိ လက်ရေးလက်သား ကောင်းလာ စေရန် လေ့ကျင့်လေတော့၏။ ထိုသို့ လေ့ကျင့်လိုက်သောအခါ၌ သူ၏လက်ရေးသည် ရှင်းလင်း၍ ခန့်ညားသောလက်ရေး ဖြစ်လာ လေတော့၏။ ထို့နောက် စိန်မြသာသည် ဝတ္ထုတစ်ပုဒ်ကိုစ၍ ရေး လေ၏။ သူ၏ ဝတ္ထုမှာ ဝတ္ထုရှည်လည်း မကျ ဝတ္ထုတိုလည်း မကျ ဝတ္ထုလတ် အမျိုးအစားတွင် ပါနေလေ၏။ သူသည် ရေးပြီးသော အခါ၌ မဂ္ဂဇင်းတိုက်သို့ပို့၏။ မဂ္ဂဇင်းတိုက်မှ အယ်ဒီတာက သူ၏ ဝတ္ထုကို ဖတ်ကြည့်ပြီးနောက် ပယ်ချလိုက်လေ၏။ သူသည် နောက် တစ်ပုဒ် ရေးပြန်၏။ အယ်ဒီတာသည် ပယ်ချပြန်၏။ ထိုပယ်ချသော ဝတ္ထုများကို အခြားမဂ္ဂဇင်းတိုက်များသို့ ပြောင်း၍ ပို့ပြန်၏။ အခြား မဂ္ဂဇင်းတိုက်များမှ အယ်ဒီတာများမှာလည်း ပယ်ချခဲ့သည်ချည်း

ဖြစ်၏။ ဆယ်ပုဒ်ခန့် ရေးပြီးသောအခါ၌ စိန်မြသာသည် ... ရေးခြင်းအလုပ်ကို စိတ်ကုန်စ ပြုလာလေတော့၏။ တစ်နေ့ ... သူသည် ဝတ္ထုအားလုံးကို ပြန်ဖတ်ဦးမည်ဟု ရည်ရွယ်ကာ သူ၏ ... များကိုယူ၍ ကန်တော်ကြီးစောင်းသို့ ထွက်လာခဲ့၏။ ကန်တော်ကြီး စောင်းသို့ ရောက်လျှင် စာမူများကို နဘေး၌ချ၍ ငူငူကြီးထိုင် နေလေ၏။ ထိုအချိန်၌ မာစတာလားဇရုး ရောက်လာလေ၏။ မာစတာလားဇရုးက

"ဘယ်လိုလည်း စိန်မြသာ မင်းကိုကြည့်ရတာ စိတ်မချမ်းသာ တဲ့ပုံကြီး ပေါက်နေပါလား။ လောကကြီးကို အာမျှားအလိုမကျ ဖြစ်နေတာလဲ"

ဟု မေးလိုက်လေ၏။ စိန်မြသာကလည်း သူသည် ဝတ္ထုများကို ... ခဲ့ကြောင်း၊ ဆယ်ပုဒ်ခန့်ရှိပြီ ဖြစ်ကြောင်း၊ အယ်ဒီတာများက မကြိုက် ၍ ပယ်ချခဲ့သည်ချည်းသာဖြစ်ကြောင်းကို အသေးစိတ် ပြောပြ ၏။ ထိုအခါ ဆရာလားဇရုးက

"ဒီလိုလုပ်ပါလား လူကလေး... ဒီကိစ္စက လေးလေးနက်နက် ဆွေးနွေးရမယ့် ကိစ္စဖြစ်နေတယ်၊ ဒဲ့ဒီတော့ လက်ဖက်ရည် ချိုလေးသောက်ပြီး ဆွေးနွေးရရင် ပိုပြီးကောင်းမယ်၊ အနီးသို့ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်ကို နို့ဆီခွက်နဲ့ သွားဝယ် ကွာ၊ တို့နှစ်ယောက် လက်ဖက်ရည်ချို သောက်ရင်း ကန်ရေပြင် ကို တိုက်ခတ်လာတဲ့ လေနုအေးကလေးကို ခံစားရင်း နော်





တစ်ချိန်မှာ နိုင်ငံကျော်စာရေးဆရာ ဖြစ်လာမယ့် စာရေးဆရာ စိန်မြသာရဲ့ အပယ်ခံစာမူတွေကို ဖတ်ရင်း လုပတဲ့ လောက ဖတ်ကြီးရဲ့အရသာကို အပြည့်အဝ ခံစားကြရအောင်လားကွာ"

ဟု ပြောလိုက်လျှင် စိန်မြသာသည် ထိုနေရာမှ ဆတ်ကနဲထ၍ ထွက် သွားလေတော့၏။ ထို့နောက် (၁၂) လမ်းဘက်သို့ ထွက်လာကာ ... ကာလက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်နှစ်ခွက်ကို နို့ဆီခွက်ဖြင့် ...ပြီးနောက် ပြန်၍လာလေ၏။ သူသည် မာစတာလားဇရုး ... နို့ဆီခွက်ကို ထိုးပေးလိုက်၏။ မာစတာလားဇရုးသည် နို့ ... ခွက်တွင်းမှ လက်ဖက်ရည်ကို တချက်မျှကြည့်ပြီးနောက်

"တော်တော်ပူသေးတာပဲ၊ ဒီလိုလုပ်မယ်ကွာ၊ မင်းအနေနဲ့ စာ ဖတ်ချင်ဖတ်နေ၊ ဒါမှမဟုတ် လမ်းလျှောက်ချင်လျှောက်နေ၊ ငါ မင်းရဲ့ဝတ္ထုတွေကို ဖတ်ကြည့်မယ်၊ ပြီးရင် အကြံကောင်းကောင်း ပေးမယ်"

ဟုဆိုကာ စိန်မြသာ၏ ဝတ္ထုများကို ဖတ်လေတော့၏။ စိန်မြသာလည်း ...၏ဘေးတွင် စာအုပ်တစ်အုပ်ထုတ်၍ ဖတ်နေလေ၏။ ညနေ ...သို့ရောက်လျှင် ဆရာလားဇရုးက

"လူကလေး မင်းသိပ်ပြီးတော်တဲ့ ကောင်ပဲ၊ မင်းရေးတဲ့ ဝတ္ထုသုံးပုဒ် ငါ ဖတ်ကြည့်ပြီးပြီ၊ ကျန်တဲ့ ခုနစ်ပုဒ်ကိုလည်း ယူ သွားပြီး ဖတ်ကြည့်ဦးမယ်၊ ငါကတော့ စာရေးဆရာ

မဟုတ်ပါ ဘူးကွာ၊ ဒါပေမယ့် မင်းကိုတော့ အကြံပေးနိုင်လိမ့်မယ်၊ အဲ့ဒီတော့ ဒီနေ့အဖို့တော့ လမ်းခွဲကြစို့၊ မနက်ဖြန်ဒီမှာ ဆုံကြရအောင်"

ဟု ပြောလေ၏။ စိန်မြသာသည် မာစတာလားဇရားနှင့် လမ်းခွဲလျှင် အလတ်စား ခါတ်ဘူးလေးတစ်လုံး ဝယ်ယူလိုက်လေ၏၊ ပန်းကန်လုံးလေးတစ်လုံးနှင့် ပန်းကန်ပြားလေးတစ်ချပ်ကိုလည်း ဝယ်ယူလေ၏။ သူသည် ထိုပစ္စည်းများကို အဝတ်အိတ်လေး တစ်လုံးတွင် ထည့်၏။ နောက်တစ်နေ့တွင် ချိန်းဆိုထားသော အချိန်ရောက်သောအခါ၌ သွားရောက်ခဲ့လေ၏။ မာစတာ လားဇရားလည်း ငှင်းနှင့် မရှေးမနှောင်းအချိန်၌ပင် ရောက်လာလေတော့၏။ သူသည် မာစတာလားဇရားအား ခါတ်ဘူးအတွင်းမှ လက်ဖက်ရည်ကို ပန်းကန်လုံးတွင်းတွင်ထည့်၍ ပန်းကန်ပြားနှင့်တကွ ပေးလိုက်လေ၏။ မာစတာလားဇရားသည် လက်ဖက်ရည်ခွက်ကို ယူ၍ ပြုံးလိုက်လေ၏။

"လူကလေးစိန်မြသာ. . . အရင်တုန်းက မင်းရဲ့လွယ်အိတ်ထဲမှာဖတ်ဖို့ စာအုပ်ရယ်၊ မှတ်ဖို့ ခဲတံရယ်ပဲ ပါတယ်၊ အခုတော့ လက်ဖက်ရည်ထည့်ဖို့ ခါတ်ဘူးတွေနဲ့ ပန်းကန်လုံးတွေနဲ့ ပိုင်ဆိုင်မှုတွေ များလာပြီပဲ၊ ပိုင်ဆိုင်မှုတွေများလာရင် စွန့်လွှတ်မှုတွေ နည်းလာတတ်တယ်၊ စွန့်လွှတ်မှုတွေ နည်းလာပြီဆိုရင် လူဟာ တွေးကြောက်လာတတ်တယ်၊ မနေ့တုန်းက အစီအစဉ်



ဟာ ဘယ်လောက် ကောင်းသလဲ၊ လက်ဖက်ရည် သောက်ချင်လာရင် နီးစပ်ရာဆိုင်နဲ့ ဝယ်သောက်၊ ပြီးတာနဲ့ ကိစ္စကို ရှင်းပစ်လို့ရတယ်၊ အခုတော့ ဒီလိုလုပ်လို့ မရတော့ဘူး၊ ဟောဒီ ခါတ်ဘူးနဲ့ လက်ဖက်ရည်ပန်းကန်ကို မြန်မြန်သယ်ရဦးမှာ၊ အလုပ်တွေပိုလာတာပေါ့ကွာ၊ ငါကတော့ ငှက်တွေကို သဘောကျတယ်ကွ၊ သိပ်ပြီး ပေါ့ပါးတာပဲ၊ သူတို့ကိုယ်မှာ အပိုပစ္စည်းဆိုလို့ တောင်ပံပဲ ပါတယ်၊ အဲ့ဒီတောင်ပံကလည်း ပျံသန်းဖို့ အသုံးဝင်တဲ့အတွက် မပါလို့ မဖြစ်တော့ဘူး၊ အဲ့ဒီတော့ မပါမဖြစ်တဲ့ ပစ္စည်းကလွဲပြီး အပိုပစ္စည်းဆိုလို့ ဘာမှမဆောင်ပါနဲ့ လူကလေးရယ်၊ ပေါ့ပေါ့ပါးပါး နေစမ်းပါ"

ဟု ပြောလိုက်လျှင် စိန်မြသာက ပြုံးလိုက်လေ၏။ ထို့နောက် မလှမ်းမကမ်းတွင်လျှောက်လာသော ဆင်းရဲသားအဖိုးအို တစ်ဦးကို တွေ့သောအခါ၌ ခါတ်ဘူးနှင့် လက်ဖက်ရည်ပန်းကန်ကို အဝတ်အိတ်တွင်ထည့်ပြီး သွားရောက်၍ အပြီးအပြတ် လှူဒါန်းလိုက်လေတော့၏။ ထိုအခါ မာစတာလားဇရားက

"ဒီအဖိုးကြီးကတော့ နေရာကျသွားပြီ၊ မနက်စောစော ရေနွေးလေး ဘာလေးသောက်ဖို့ ခါတ်ဘူးရသွားပြီ၊ ဒီအဖိုးကြီးထက် နေရာကျသွားတာကတော့ စိန်မြသာပဲကွ၊ ပေါ့ပါးပြီး လွတ်လပ်သွားပြီ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ဒီမှာ မာစတာ. . . ကျွန်တော်ရေးတဲ့ ဝတ္ထုတွေနဲ့ ပတ်သက်ပြီး အကြံဥာဏ်ပေးမယ်ဆို"

ဟု ပြောလိုက်ရာ မာစတာလားဇရုးက စာရွက်တစ်ရွက်ကို ထုတ်၍ အောက်ပါသင်္ကေတလေးခုကို ရေးပြလေ၏။

(ခအ) (ဆီ) (နီ) (ဒီ)



'ခအ' သင်္ကေတကို ယောက်ျားကြီး တစ်ယောက်လို့ နားလည်ရမယ်။

'ဆီ' သင်္ကေတကို မိန်းကလေး တစ်ယောက်လို့ နားလည်ရမယ်။

'နီ' သင်္ကေတကို ယောက်ျား တစ်ယောက်လို့ နားလည်ရမယ်။

'ဒီ' သင်္ကေတကို မိန်းမကြီး တစ်ယောက်လို့ နားလည်ရမယ်။



ထို့နောက် မာစတာလားဇရုးက

"အဲဒါတွေဘာလို့ ပြောနေရတာလဲဆိုရင် အမျိုးအစားမတူတဲ့ လူလေးယောက်ပေါ့ကွာ၊ အဲဒါကို မှတ်ထားလိုက်လို့ မှတ်ထားရမယ်"

ဟုဆိုသဖြင့် စိန်မြသာကလည်း ၎င်း၏မှတ်စုတွင်လိုက်၍ ရေးထားလိုက်လေ၏။ ထို့နောက် မာစတာလားဇရုးက


"အဲဒီ သင်္ကေတလေးခုကို အဲဒါနဲ့တူတဲ့ အခြား သင်္ကေတလေးခုနဲ့တွေ့တဲ့အခါမှာ အဖြစ်အပျက်က ဆယ့်ခြောက်ခု ဖြစ်သွားတယ်ကွ၊ အဲဒီတော့ ယောဒိဇယားကို ကြည့်ကွာ"

ဟုဆိုကာ ဇယားတစ်ခုကို ရေးပြလေ၏။ ထိုအခါ စိန်မြသာကလည်း ထိုဇယားကို မှတ်စုစာအုပ်တွင် ကူးရေးလိုက်လေ၏။ ထိုသို့ကူးရေးပြီးနောက်

"ဒါက ဘယ်လိုနားလည်ရမှာလဲ မာစတာလားဇရုးရဲ့"

ဟု မေးလိုက်လေ၏။ ထိုအခါ မာစတာလားဇရုးက

"ဒီမှာ မျဉ်းကြောင်းကလေးတွေ တွေ့ရလိမ့်မယ်၊ တစ်ချို့ မျဉ်းကြောင်းလေးတွေက နိုင်နိုင်မာမာ တစ်ကြောင့်တည်း ဖြစ်နေတယ်၊ တစ်ချို့မျဉ်းကြောင်းတွေက အပြတ်အပြတ် ဖြစ်နေလိမ့်မယ်၊ ဥပမာ. . . မင်းနားလည်အောင် ပြောရမယ်ဆိုရင် နိုင်မာတဲ့ မျဉ်းကြောင်းနှစ်ခု ထပ်ထားတဲ့ မျဉ်းကြောင်းကို 'ယောက်ျားကြီးတစ်ယောက်'လို့ အသိအမှတ် ပြုထားတယ်၊








မနိုင်မာတဲ့ အပြတ်လမ်းကြောင်း ထပ်ထားတဲ့ သင်္ကေတကို 'ဒိန်းမကြီး တစ်ယောက်'လို့ သင်္ကေတ ပြုထားတယ်၊ အပေါ်က နိုင်မာတဲ့လမ်းကြောင်း၊ အောက်က မနိုင်မာတဲ့လမ်းကြောင်းနဲ့ ထပ်ထားတဲ့ မျဉ်းကြောင်းကို 'ဒိန်းကလေး'လို့ သင်္ကေတ ထုတ်ထားတယ်၊ အဲ့ဒီလိုအပေါ်က မနိုင်မာတဲ့လမ်းကြောင်း၊ အောက်ကနိုင်မာတဲ့ လမ်းကြောင်းနဲ့ ထပ်ထားတဲ့ သင်္ကေတကို 'ယောက်ျားကလေး' သင်္ကေတ လုပ်ထားတယ်၊ အဲ့ဒီ ဗုတ်ချောင်းကလေးတွေနဲ့ လူ့ပုဂ္ဂိုလ်လေးမျိုးကို ဖေါ်ပြထားတယ်၊ ဇယားမှာလဲ လူ၊ ပုဂ္ဂိုလ်လေးမျိုးရဲ့ သင်္ကေတတွေကို ရေးထားတယ်၊ ဥပမာ.. 'ယောက်ျားကြီးတစ်ယောက်နဲ့ အခြားယောက်ျားကြီးတစ်ယောက် တွေ့ဆုံတဲ့အခါမှာ တစ်အမှတ်အသားပေးထားတယ်၊ ဇယားကွက်မှာ ဖေါ်ပြထားတဲ့ သင်္ကေတတစ်ခု ဖြစ်သွားတယ်"



"အဲ့ဒီ သင်္ကေတဟာ အဖြစ်အပျက်တစ်ခုကို ဖေါ်ပြနေတယ်၊ ကံကောင်းတယ်၊ အောင်မြင်တယ်ဆိုတဲ့ အဖြစ်အပျက်ပဲကွယ်၊ အဲ့ဒီတော့ မင်းအနေနဲ့ ဒီဇယားကိုကြည့်တတ်ဖို့ တစ်ကနေ ခြောက်ဆယ့်လေးအထိ ဖေါ်ပြထားတဲ့ သင်္ကေတတွေ အကြောင်းတွေပဲ၊ အဲဒီတော့ ဒီမှာကြည့်ကွာ"

ဟု ဆိုကာ မာစတာလားစရားသည် အဖြစ်အပျက် ဆယ့်ခြောက်ခု၏ အဓိပ္ပါယ်ကို အောက်ပါအတိုင်း ရေးပြလေတော့၏။

သင်္ကေတ (၁) 

သူ့ကို '**FORTUNA MAJOR**' 'ပေါ်တျူနာမေဂျာ' လို့ခေါ်တယ်၊ အကြီးအကျယ် ကံကောင်းခြင်း၊ အောင်မြင်မှုများကို ပေါ်ပြခြင်း၊ အရောင်ထွက်ခြင်း၊ အကာအကွယ်ရခြင်း၊ လေးစားဂုဏ်ပြုခြင်း တို့ ဖြစ်တယ်၊

သင်္ကေတ (၂) 

'**VIA**' ' ဗိုင်ယာ ' လို့ခေါ်တယ်၊ လမ်း (သို့မဟုတ်) ခရီးလမ်းတစ်ခုကို ဖြတ်သန်းနေခြင်း၊ ဆက်သွယ်နေခြင်း၊ အဝင်ဝတစ်ခုကို ဖြတ်သန်းခြင်း၊ လမ်းပေါ်သို့ ရောက်နေခြင်း၊ လမ်းခုလတ်ဖြစ်နေခြင်းလို့ဆိုတယ်၊

သင်္ကေတ (၃) 

'**PUER**' 'ပျူရာ' လို့ခေါ်တယ်၊ လူငယ်တစ်ယောက် စိတ်အား





ထက်သန်ခြင်း၊ တက်ကြွနေခြင်း၊ ခွဲကောင်းကောင်းနှင့် လုပ်ကိုင်ခြင်းရယ်လို့ အဓိပ္ပါယ်ရတယ်၊

သင်္ကေတ (၄) 

သူ့ကိုတော့ '**CONJUNCTIO**' 'ကွန်ဂျန်ရှို' လို့ခေါ်တယ်၊ အဓိပ္ပါယ် ကတော့ ပူးပေါင်းခြင်း၊ ဖွဲ့စည်းခြင်း၊ ထောက်ပံ့ခြင်း၊ အသင်းအဖွဲ့လုပ်ခြင်း၊ စပ်တူလုပ်ခြင်း၊ ပူးပေါင်းပြီး အတူတကွ ဆောင်ရွက်ခြင်း သဘောတွေကို ပေါ်ပြတယ်၊

သင်္ကေတ (၅) 

သူ့ကို '**ACQUISITIO**' 'အကွေဇီရှို' လို့ခေါ်တယ်၊ လုပ်ငန်းတစ်ခုပြီးဆုံးသွားတာ၊ ပစ္စည်းတစ်ခု လက်ဝယ်ပိုင်ပိုင်ရသွားတာ၊ ပြည့်စုံသွားတာ အောင်မြင်သွားတာတွေရဲ့ သင်္ကေတပဲ၊

သင်္ကေတ (၆) 

သူ့ကို '**AMISSIO**' 'အမစ်စီယို'လို့ခေါ်တယ်၊ ဒုံ့ဒါကတော့ ဆုံးရှုံးခြင်း၊ ကုန်ဆုံးခြင်း၊ ပျောက်သွားခြင်း၊ ကံဆိုးပြီး လူလုံး


မလှသူလုံးမလှ ဖြစ်သွားခြင်းလို့ ခေါ်ပြတယ်၊ နစ်နာသွားတာ လည်း ဒီထဲထည့်ထားရမှာပဲ၊

သင်္ကေတ (၇) 

အဲဒါကို 'TRISTITIA' 'ထရစ်စတီးရှာ' လို့ခေါ်တယ်၊ ကြေ ကွဲခြင်း၊ ဆွေးမြေ့သွားခြင်း၊ စိတ်မချမ်းမြေ့စရာများ လွမ်း စရာများ အားလုံးမှာ အဲ့ဒီအထဲမှာ ထည့်ထားတယ်၊

သင်္ကေတ (၈) 

သူ့ကိုတော့ 'CAUDA' 'ကော်ဒါ' အမြီးလို့ ခေါ်တယ်ကွ၊ သူက ထွက်သွားတာ၊ လျော့သွားတာ၊ အလုပ်ထုတ်ခံရတာ၊ ပိုင်းပယ် ခံရတာအားလုံး အဲ့ဒီအထဲမှာ ထည့်ထားတယ်၊

သင်္ကေတ (၉) 

နောက်တခုက အဲ့ဒါကို ဦးခေါင်း 'CAPUT'၊ 'ကာပွတ်' လို့ သင်္ကေတ ပြထားတယ်၊ အဲ့ဒါက တိုးလာတာပွားလာတာ ကောင်း မွ လာတာတွေ အားလုံးကို အဲ့ဒီအထဲ ထည့်ထားတယ်၊





သင်္ကေတ (၁၀) 

နောက်တစ်ခုကတော့ 'FORTUNA MINOR' 'ဖေါ်ကျွနမိုင် နာ' ဖြစ်တယ်၊ ကံကတော့ အနည်းငယ်ကောင်းခြင်းလို့ ဆိုတယ်၊ အကျိုးကျေးဇူး အကောင်အတန်ရရှိခြင်း၊ အတော်အတန် ဖြစ် ထွန်းခြင်း၊ မျှော်လင့်သလောက် မဟုတ်သော်လည်း၊ ရသင့် သလောက်ရခြင်းကို ဒီသင်္ကေတက ခေါ်ပြတယ်၊

သင်္ကေတ (၁၁) 

နောက်တစ်ခုကတော့ 'POPULUS' 'ပေါ်ပျူလပ်' လို့ခေါ်တယ်၊ အဲ့ဒါကတော့ လူစုလူဝေး အုပ်စုလိုက်ကြီးဖြစ်တဲ့ ကိစ္စ၊ လူသိ များတဲ့ ကိစ္စကျော်ကြားသွားတဲ့ ကိစ္စတွေအားလုံး အဲ့ဒီ သင်္ကေတ က ခေါ်ပြတယ်၊

သင်္ကေတ (၁၂) 

နောက်တစ်ခုကတော့ သူ့ကို 'RUBEUS' 'ရူဘီယပ်' လို့ခေါ် တယ်၊ ဦးခေါင်းနီလို့ အဓိပ္ပါယ်ရတယ်၊ မီးဟုန်းဟုန်းတောက် ခြင်း၊ ဒေါသအမျက် ခြောင်းခြောင်းထွက်ခြင်း၊ မတော်တဆ

ပြင်းထန်စွာ ထိခိုက်ခြင်း၊ အကြမ်းဖက်ခြင်းတွေ အားလုံးကို ဒီသင်္ကေတက ဖေါ်ပြတယ်၊

သင်္ကေတ (၁၃) 

သူ့ကို 'ALBUS' 'အဲလ်ဘတ်စ်' လို့ခေါ်တယ်၊ အဓိပ္ပါယ်က ဦးခေါင်းဖြူလို့ အဓိပ္ပါယ်ရတယ်၊ အသိညာဏ်ကြီးမားခြင်း၊ ဆုံးဖြတ်နိုင်ခြင်း၊ အတွေ့အကြုံများခြင်းကို ဒီသင်္ကေတက ဖေါ်ပြတယ်၊

သင်္ကေတ (၁၄) 

သူ့ကို 'LAETITIA' 'လေတီးရှား' လို့ခေါ်တယ်၊ ရယ်မောခြင်း၊ ပျော်ရွှင်ခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ ဝမ်းမြောက်မှုများ တွေ့ခြင်းကို ဒီသင်္ကေတက ဖေါ်ပြတယ်၊

သင်္ကေတ (၁၅) 

သူ့ကို 'PUELLA' 'ပျူလာ' လို့ခေါ်တယ်၊ မိန်းကလေးတစ်ဦး စည်းစိမ်ချမ်းသာလှပခြင်း၊ ချိုမြိန်ခြင်း၊ ဆွဲဆောင်ခြင်း၊ အနာ





ဂါတ်အတွက် မျှော်လင့်ချက်ရှိခြင်းတွေ အားလုံးကို ဒီသင်္ကေတ ကဖေါ်ပြတယ်၊

သင်္ကေတ (၁၆) 

အဲဒါကို 'CARSER' 'ကာဆာ' လို့ခေါ်တယ်၊ အဲဒါက အကျဉ်း ထောင်ကဲ့သို့ ချုပ်ထားခြင်း၊ တားမြစ်ထားခြင်း၊ အနှေးယှဉ်ခြင်း စတဲ့ ကံဆိုးမိုးမှောင်ကျမှုတွေကို ဒီသင်္ကေတက ဖေါ်ပြတယ်၊

စိန်မြသာသည် မာစတာလားစရားရေးပြခဲ့သော အဖြစ်အပျက် ဆယ့်ခြောက်ခုနှင့် သင်္ကေတများကို ကြည့်ပြီးနောက်

"အဲဒါ ကျွန်တော်က ဘာလုပ်ရမှာတုန်း မာစတာ"

ဟု ပြောရာ

"ဥပမာကွာ မင်းရေတဲ့ဝတ္ထုတွေမှာ အစပထမပိုင်းမှာ အခက် အခဲတွေ လှုပ်ရှားမှုတွေကို ရင်ဆိုင်ရပြီးနောက်ဆုံးမှာ အောင် မြင်သွားတယ်၊ ဂုဏ်သိက္ခာပိုင်းတွေ တက်သွားတယ်၊ ပတ်ဝန်း ကျင်ရဲ့ လေးစားမှုကိုခံရတဲ့ အကြောင်းတွေရေးမယ် ဆိုပါတော့ ကွာ၊ အဲ့ဒီလိုရေးမယ်ဆိုရင် မင်းဟာဘာကိုပဲဖြစ်ဖြစ် အမှတ် (၁) သင်္ကေတဖြစ်တဲ့ 'ဖော်ကျူနာမေဂျာ' ကို သတိပြုရတော့မယ်၊

အဲ့ဒီ သင်္ကေတဟာ ယောက်ျားကြီးနှစ်ယောက်ဆိုတဲ့ (...
သင်္ကေတတစ်ထားတာပဲ မဟုတ်လား၊ ဥပမာကွာ စုံထေ...
တွေ့ရှုရေးမယ်ဆိုပါတော့၊ အင်မတန်တော်တဲ့ စုံထောက်...
ယောက်ထဲ ဖန်တီးထားလို့တော့ မဖြစ်ဘူး သူ့အပေါ် ယော...
တစ်ယောက်တော့ ထည့်ပေးရဦးမယ်၊ ရှားလော့...
ဒေါက်တာဝပ်ဆင်၊ ဦးစံရှားနဲ့ ဦးသိန်းမောင်ပေါ့ကွာ၊ အဲ့...
ယောက်ျားနှစ်ယောက်ပူးပေါင်းထားတဲ့ သင်္ကေတဟာ ...
ငါဆွဲပြထားတဲ့ အမှတ် (၁) သင်္ကေတနဲ့ အတူတူပါပဲ၊ အဲ့ဒီ...
မင်းရေးမဲ့စာဟာ ပေဟာဒီအဖြစ်အပျက်တစ်ခုထဲမှာ အ...
ဝင်နေမှာပါပဲ၊ အဲ့ဒီတော့ အဓိကဇာတ်လိုက်နှစ်ယောက်...
ဘယ်လိုဖန်တီးရမယ်ဆိုတာ မင်းအနေနဲ့ အလွယ်တကူ စိတ်...
လို့ရပါတယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက လက်ကို 'ဖြောက်' ကနဲတီး၍

"ရှိ"

ဟု အော်လိုက်လေတော့၏။ ထို့နောက် မာစတာ လားဇရားသည် ဆေးလိပ်ကိုထုတ်၍ သောက်၏။ စိန်မြသာမှာမူ မာစတာ လားဇရား ပေးထားသော စာများကို တစ်ခုချင်း ပြန်၍ဖတ်နေလေ၏။ ထို့နောက် မာစတာလားဇရားက

"ဒီလိုရှိတယ် စိန်မြသာ၊ မင်းရေးမယ့်ဝတ္ထုဟာ လူတွေအကြောင်း...





မဟုတ်လားကွာ၊ လူတွေအကြောင်း ရေးမယ်ဆိုတော့ လူအများ ...မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပုံမန်းသဏ္ဌာန်တွေကိုတော့ မှတ်ထား ...မှတ်နိုင်မယ်၊ မင်းကို ငါသိသလောက် ပြောပြရမယ်၊ လူတွေမှာ မျက်လုံးဟာ အရေးကြီးတယ်ကွယ့်၊

...သနှာရှိပြီး အရည်အချင်းလည်း အလွန်ရှိတဲ့သူရဲ့ မျက်လုံး ...တွေဟာ နက်မှောင်နေတတ်တယ်၊

ကိုယ်ချင်းစာတရားကြီးမားတဲ့ မျက်လုံးဟာ ညိုမှိုင်းမှိုင်း ဖြစ် ...တတ်တယ်ကွယ့်၊

ကလေးစိတ်မကုန်တဲ့ သူတွေ၊ ဇာတ်ကြောင်ကြောင် လူတွေရဲ့ မျက်လုံးဟာ နီနီကြောင်ကြောင်ရှိတယ်ကွယ့်၊

အာကိုပဲလုပ်လုပ် အောင်မြင်အောင် လုပ်ပြတတ်တဲ့ သူတွေရဲ့ မျက်လုံးဟာ စိမ်းဖန့်ဖန့်အရောင် ရှိတတ်တယ်၊

အလုပ်တစ်ခုကို စနစ်တကျ လုပ်တတ်၊ နေတတ်၊ ထိုင်တတ်ပြီး စနစ်နဲ့နေတတ်တဲ့ လူတွေရဲ့ မျက်လုံးဟာ မီးခိုးရောင်များ ...တတ်တယ်ကွယ့်၊

မျက်လုံးအရောင်နဲ့ ပတ်သက်ပြီး အဲ့ဒီငါးမျိုးလောက် သိထား ...ရင် မင်းရဲ့ဇာတ်ကောင်တွေရဲ့ မျက်လုံးကို အဲ့ဒီအတိုင်း ရေး ...ပေါ့ကွာ၊ ပြီးတော့ မျက်ခုံးတွေအကြောင်း ပြောရဦးမယ်၊ မဟုတ်မမှန် လီဆယ်ပြောတတ်တဲ့ လူတွေရဲ့ မျက်ခုံးဟာ သေးမျှင်မျှင် ဖြစ်နေတတ်တယ်၊

ဘာကိုပဲပြောပြော ဘွင်းဘွင်းနဲ့ ရှင်းရှင်း ပြောတတ်တဲ့ သူ့ရဲ့
မျက်နှာမှာ မျက်ခုံးမွေးကြမ်းကြီးတွေ ပေါက်နေတတ်တယ်၊
ဘယ်ကိစ္စမျိုးမဆို သိုသိုသိပ်သိပ်ရှိတဲ့ သူ့ရဲ့မျက်ခုံးမွေး
ချက်ကြီးပြီး အများသွယ်သွားတတ်တယ်ကွ၊
စိတ်ကြီးဝင်နေတဲ့သူရဲ့ မျက်ခုံးမွေးဟာ အများမှာတော့ တ
သွားတတ်တယ်၊
ခပ်ကုပ်ကုပ်နဲ့ တွေ့တွေ့ဝိုင်းဝိုင်းရှိတဲ့ မျက်ခုံးမွေးဟာ အ
ရာကို ချင့်ချိန်တွက်ဆပြီး လုပ်တတ်တဲ့သူတွေမှာ ရှိတတ်
ကွယ်၊
အဲဒီတော့ မင်းရေးမယ့် ဝတ္ထုရဲ့ဇာတ်ကောင်ဟာ ဘယ်လို ဇာ
ကောင်မျိုး ဖြစ်မယ်ဆိုတာ ပေါ်ပြချင်ရင် အခုလို မျက်
မွေးတွေကိုလည်း မှတ်ထားပေါ့ကွာ၊ ပြီးတော့ နှာခေါင်းဟာလည်
အရေးကြီးသေးတာပဲကွ၊
နှာရွက်အောက်ခြေကို ကြည့်လိုက်လို့ ခွေခေါင်းခေါင်း
သဏ္ဌာန်ရှိပြီး ပါးနဲ့ ဆက်နေတဲ့ နှာရွက်မျိုးဟာ ကိုယ်
ကိုယ်ချွန်လုပ်တတ်တဲ့ သူတွေမှာပါတယ်၊
နှာရွက် အောက်ခြေကလေးက ပခောက်လို ဝိုင်းဝိုင်းလေး
တွဲနေရင်တော့ လူချမ်းသာတစ်ယောက်ရဲ့ နှာရွက်လို့
လည်းရမယ်၊





နှာရွက်ဟာ အဆမတန်သေးနေရင် အလွန်စိတ်ကူးယဉ် တတ်
တယ်၊ ပြီးတော့ လူတစ်ဖက်သားကို သနားတတ်တယ်၊

နှာရွက်ဟာကြီးပြီး အဆမတန်ကားနေရင် ဗဟုသုတများသလို
ဈေးမျိုးများတယ်၊ အဲဒီများတဲ့ ဈေးမျိုးတွေကလည်း ဘာအကူ
အညီမှ မပေးနိုင်ဘူးပေါ့ကွာ၊

မကြီးမသေးရှိတဲ့ နှာရွက်ကတော့ ဘာမဆို ဦးစီးခေါင်းဆောင်
လုပ်တတ်တယ်ကွ၊

ပြီးတော့ အနားတွေလန်နေတဲ့ နှာပိုင်ရှင်ကတော့ သူများတွေ
ပြောတာကို လက်မခံဘူး၊ ကိုယ်လုပ်ချင်တာ လုပ်တတ်တယ်”
ဟု ပြောလိုက်လေ၏။ ခိန်မြသာကလည်း မာစတာလသေးရေး ပြော
သမျှကို လိုက်၍ ရေမှတ်နေ၏။ ထို့နောက်

“ကျွန်တော် ဒါတွေမသိဘူး မာစတာ”

ဟု ပြောလိုက်ရာ

“ဟုတ်ပါတယ်၊ လူကလေး မသိဘူးဆိုတာ သေချာပါတယ်၊
အဲဒါကြောင့် ပြောပြနေတာပါ၊ ပြီးတော့ မင်းကို ပြောပြရဦးမယ်၊
အဲဒါကတော့ ပါးစပ်ပုံသဏ္ဌာန် ငါးမျိုးပဲ. . .

ပါးစပ်ဟာငယ်ရင် ချွေတာတတ်တယ်ကွ၊ နှဲနှိုက်တတ်တယ်၊ ပြီးတော့ တစ်ကိုယ်ကောင်း ဆန်တတ်တယ်၊

ပါးစပ်ကြီးရင်တော့ ပေးကမ်းမှု ရက်ရောတယ်ပေါ့ကွာ၊

ပါးစပ်ခပ်လန်လန်ဖြစ်နေရင် ပျော်ပျော်နေတတ်တယ်၊

ပါးစပ်ဟာ ညီညီညာညာရှိရင်တော့ တစ်ဖက်သားကို ကူညီတတ်တယ်၊

ဆုံးဖြတ်ချက် မှန်ကန်တဲ့ လူမျိုးတွေရဲ့ ပါးစပ်ဟာ အောက်နှုတ်ခမ်း နည်းနည်းတွဲတတ်တယ်ကွ၊

တကယ်လို့များ လူကလေးရေးတဲ့ ဝတ္ထုဟာ စုံထောက်ဝတ္ထု ဖြစ်နေလို့ လူကလေးရဲ့ ဇာတ်ကောင်ဟာ စုံထောက်ကျော် တစ်ယောက်ဖြစ်နေရင် အောက်နှုတ်ခမ်းလေး နည်းနည်း တွဲပေးထားလိုက်ကွ၊ အောက်နှုတ်ခမ်းတွဲတဲ့သူတွေ စီးကရက် သောက်ရင် သိပ်ပြီးကြည့်လို့ ကောင်းတယ်ကွ၊ အဲဒီတော့ လူကလေးရဲ့ ဇာတ်လိုက်ကိုလည်း စီးကရက်သောက်တတ် အောင် ဖန်တီးထားလိုက်ကွ၊ အဲဒီတော့ လူကလေးရဲ့ ဇာတ် လိုက်ဟာ အောက်နှုတ်ခမ်းတွဲတဲ့မှာ စီးကရက်သောက်တယ်ပဲ ထားလိုက်ဦး၊ စီးကရက်ကိုလည်း နည်းနည်းရွေးပြီး ပေးရ တယ်ကွ၊ အစိမ်း အဖြူရောင်ရှိတဲ့ ရေခဲတောင် စီးကရက်ဆိုရင်ပြီး ကြည့်လို့ကောင်းတာပေါ့ကွာ၊ အစိမ်း အဖြူရောင်ဟာ နှုတ်ခမ်း သား အနီရောင်ပေါ်မှာ သိပ်ကြည့်လို့ ကောင်းတာပေါ့ကွာ"





ပြောလေ၏။ ထို့နောက်တွင်လည်း မာစတာလားဗရူးသည် ...တို့၏ မှတ်နှာပုံသဏ္ဌာန်များ၊ သွားများ၏ ပုံသဏ္ဌာန်များကို ...သေးစိတ် ပြောပြလေ၏။ စိန်မြသာသည် လိုက်၍ရေးမှတ်၏။ ထို့နောက် ရင်းတို့ နှစ်ဦးသည် သင်ကြားခြင်းကို ရပ်လိုက်ပြီးနောက် ...ွေ့အနားပြေ နေကြလေ၏။ ထိုအချိန်မှာပင် ဦးလှမေကြီး ...ောက်လာ၏။ ဦးလှမေသည် ဘယာကြော်လုံးကလေးများ ယူလာ ...၏။ ထို့နောက်သုံးဦးသားသည် ဘယာကြော်လုံးလေးများကို မြိန် ...ယှက်စွာ စားသောက်ကြလေ၏။ အမှန်စင်စစ် စိန်မြသာ တစ်ဦး ...ည်းသာ စားခြင်းဖြစ်၏။ ထိုသူနှစ်ဦးမှာ စားသောက်ခြင်း မရှိပေ။ ထိုသို့ စားသောက်ပြီးနောက်

"လူတွေမှာ လှုပ်ရှားမှုပုံစံတွေ ရှိတယ်ကွယ့်၊ ဥပမာဆိုပါတော့ ကွာ၊ မင်းရဲ့ဇာတ်လိုက်နာမည်က မောင်ဘချစ် ဆိုပါတော့၊ အဲဒီ မောင်ဘချစ်ဟာ အမှုဖြစ်လို့ ပါတ်က ဖမ်းချုပ်ထားတယ်၊ အဲဒီ လို ချုပ်ထားတဲ့ အတွင်းမှာပဲ အူအတက်ပေါက်လို့ ဆေးရုံကို ပို့ရတယ်၊ အဲဒီတော့ ပုလိပ်ဖက်ကလည်း အမှုကြီးကတန်းလန်း နဲ့ဆိုတော့ လွှတ်ထားလို့မရဘူး၊ အဲဒီတော့ ဆေးရုံခုတင်သံတိုင် နဲ့ မောင်ဘချစ်ရဲ့ လက်တစ်ဖက်ကို လက်ထိပ်တွဲပြီး ခတ်ထား တယ်၊ မောင်ဘချစ်ဟာ ရောဂါဝေဒနာလည်း ခံစားနေရတယ်၊ လက်ထိပ်လည်း အခတ်ခံထားရတယ်၊ အဲဒါကြောင့် သူဟာ ဝမ်းသာအားရ တဟားဟားအော်ရယ် နေတယ်လို့တော့ ရေးလို့

မရဘူးကွ၊ အဲ့ဒီတော့ ဝမ်းနည်းရင် ဘယ်လိုစိတ်မကောင်း ဖြ
ရင် ဘယ်လိုဖြစ်တယ်ဆိုတာကို မှတ်သားထားမှ ဝတ္ထုရေးလို့
မှာ၊ မှတ်သားမထားရင် ရေးလို့ မရဘူး၊ ငါ့အကြိုက်ပြောရရင်
နှိုးနိုးမှတ်သားရုံနဲ့တောင် မပြည့်စုံဘူး၊ အချက်အလက် ပြည့်
အောင်ဆိုရင် အလွတ်ကို ကျက်ထားရမယ်"

ဟု ဆရာလားဇရုက ပြောလိုက်လေ၏။ ထိုအခါ စိန်မြသာက

"အဲ့ဒါလေးကို ကျွန်တော် နားလည်အောင် ပြန်ပြီး ရှင်းပြ
မာစတာရယ်'

ဟု ပြောလိုက်လျှင် မာစတာလားဇရုက

"ဒီလို ပြောရအောင်ကွာ၊ မောင်ဘဆိုတဲ့လူ တစ်ယောက်ဟာ
ဘိုးတော်လို့ ခေါ်တဲ့လူကြီးတစ်ယောက်ကို ကြည်ညိုနေတယ်၊
မကြာမကြာလည်း လှူဖွယ်ပစ္စည်းတွေနဲ့ အဲ့ဒီလူကြီးကို သွား
ရောက် လှူဒါန်းပူဇော်လေ့ရှိတယ်၊ ဘိုးတော်ကြီးကိုလည်း သွား
ပြီး ပြုစုလေ့ရှိတယ်၊ တစ်နေ့မှာ မောင်ဘဟာ ဘိုးတော်ကြီးကို
အိမ်အောက်မှာမတွေ့လို့ အပေါ်ထပ်ကို တက်သွားတယ်၊ တံခါး
ပေါက်ကစေ့ထားလို့ တံခါးကို အသာလေး ဆွဲဖွင့်လိုက်တယ်၊
အဲ့ဒီအခါမှာ သူကြည်ညိုတဲ့ ဘိုးတော်ကြီးဟာ မိန်းမတစ်
ယောက်နဲ့ ကိုယ့်ကာယ ဖြစ်နေတာကို တွေ့မြင်လိုက်ရတယ်၊
ဒါပေမယ့် ဘိုးတော်ကြီးနဲ့ အဲဒီမိန်းမက မောင်ဘကိုမတွေ့ဘူး၊



အဲ့ဒီ အခြေအနေမျိုးမှာ မောင်ဘဟာ ဘယ်လိုဖြစ်သွားမယ်
ထင်သလဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"တော်တော်ခက်တာပဲ၊ ဘယ်လိုပြောရမှန်းတောင် မသိဘူး
မာစတာရဲ့"

ဟု ပြောလေ၏။ ဦးလှမောကလည်း

"ဟုတ်ပါရဲ့ မာစတာလားဇရုရယ်၊ မောင်ဘတော့ ဘယ်လို
ဖြစ်သွားမယ် မဆိုနိုင်ဘူး၊ သူ့အမူအရာကိုလည်း ဘယ်လိုဖြစ်
သွားမယ်ဆိုတာ ကျွန်ုပ်ဖြင့် မစဉ်းစားတတ်ပေါင်ဗျာ"

ဟု ပြောလေ၏။ ထိုအခါ မာစတာ လားဇရုက

"မောင်ဘဟာ မလိုလားအပ်တဲ့အရာကို မြင်လိုက်တယ်၊ လူ
ဟာမလိုလားအပ်တဲ့ အရာကိုမြင်ရင် ယေဘုယျအားဖြင့်
အချက်ခြောက်ချက် ပြုလုပ်လေ့ရှိတယ်၊ အဲ့ဒါက ဘာတွေလည်း
ဆိုတော့

တစ်... မျက်လုံးပြူးပြီး အကြောင်သား ဖြစ်သွားလိမ့်မယ်၊
နှစ်... ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွားလိမ့်မယ်၊
သုံး... ပါးစပ်က အလိုလို ပွင့်အာသွားတတ်တယ်၊
လေး... လက်က ပါးစပ်ဆီကို အလိုလိုရောက်သွားပြီး
ပိတ်လိုက်တတ်တယ်၊

ငါး . . .     ချွေးစေးတွေ ထွက်လာတတ်တယ်၊
ခြောက် . . . မျက်နှာကို တစ်ဖက်ကို လွှဲဖစ်တတ်တယ်၊

ဟုပီတော့ စာရေးရမယ်ဆိုရင် . . .

မောင်ဘသည် မြြင်အပ်သော မြင်ကွင်းကို မြင်လိုက်သောကြောင့် သူ၏မျက်လုံးအစုံသည် ပြူးကျယ်သွား၏၊ ရင်ထဲတွင် 'ဒိတ်' ကနဲ ဖြစ်သွား၏၊ သူ၏ပါးစပ်သည် ပွင့်ဟသွား၏၊ သူသည် လက်ရှာလက်ကို ပွင့်ဟသွားသော ပါးစပ်ကိုသွား၍ ပိတ်ထားလိုက်မိ၏၊ ထိုအချိန်၌ မောင်ဘ၏ နားသယ်၊ ဂုတ်ပိုး၊ ရင်ဘတ်ဆီမှ ချွေးစေးများ စို့ထွက်လာ၏၊ မောင်ဘသည် ဆတ်ကနဲ မျက်နှာကို လွှဲပစ်လိုက်၏၊ ထို့နောက် နောက်သို့ ပြန်၍ ဆင်းလာခဲ့၏၊

လို့ရေးမှ ဖြစ်ပေလိမ့်မယ်၊ ဟုဒ်ီအချက် ခြောက်ချက်ထဲက တစ်ချက်လိုနေရင်ကို မကောင်းဘူး၊ ပြည့်စုံမှကောင်းတယ်"

ဟု ရှင်းပြလိုက်လျှင် စိန်မြသာသည် လက်ကို'ခြောက်' ကနဲ ထိုး ပြီးနောက်

"ဟုတ်ပြီ . . . သဘောပေါက်ပြီ၊ နောက်တစ်ခုလောက် ထပ်ပြီးတော့ ဥပမာပေးပါဦး ဆရာ"

ဟု ပြောလိုက်လျှင် မာစတာလေးစရားက





"လူတစ်ယောက်ဟာ နယ်ကို အလုပ်တာဝန်နဲ့ သွားတယ်၊ အိမ်ပြန်ရောက်တော့ အိမ်ကိုတန်းမဝင်သေးပဲ၊ ဂိုဒေါင်ထဲမှာ ထည့်ထားတဲ့ သူ့ရဲ့ မော်တော်ကားကို ကြည့်ချင်လို့ ဂိုဒေါင်ထဲ တန်းပြီးဝင်သွားတယ်၊ ဂိုဒေါင်နားရောက်လို့ အထဲက အသံကြားလို့ အပေါက်ကနေ ချောင်းကြည့်လိုက်တော့ သူ့ရဲ့မော်တော်ကား ဒရိုင်ဘာနဲ့ သူ့မိန်းမဟာ အမြင်မတော်အောင် ဖြစ်နေကြတာကို မြင်လိုက်ရတယ် ဆိုပါတော့၊ ဟုဒ်ီလူ့ရဲ့ အမူအရာဟာ ဘယ်လိုဖြစ်သွားမလဲ"

ဟု ပြောလိုက်လေ၏၊ ထိုအခါ စိန်မြသာက

"ဂိုဒေါင်နံရံကို ခြေထောက်နဲ့ 'ဒိုင်း' ကနဲ ဆောင့်ကန်မယ်"

ဟု ပြောလိုက်လေ၏၊ ဦးလှဖေကလည်း

"စိန်မြသာ ပြောသလိုပဲ ဖြစ်လိမ့်မယ်ထင်တယ်"

ဟု ပြောလိုက်လျှင် မာစတာလေးစရားက

"တစ်စုံတစ်ယောက် အမြင်ကျူးလွန်နေတာကို တွေ့ရရင် . . .

တစ် . . .     အသားတွေ တဆတ်ဆတ် တုန်လာမယ်၊
နှစ် . . .     ဒေါသကြောင့် မျက်လုံး အရောင်တောက်လာတယ်၊
သုံး . . .     နှလုံးတွေ အခုန်မြန်တဲ့ အတွက်ခြေလက်တွေ လှုပ်ရှမ်းလာတယ်၊

စေး . . . အဲ့ဒါတွေကို ထိန်းဖို့ အောက်နှုတ်ခမ်းကို အပေါ်သွားနဲ့ ကိုက်ထားလေ့ရှိတယ်၊

ဝါး. . . အဲ့ဒါကို ထိန်းချုပ်လိုက်တဲ့အတွက် ချွေးသီးတွေ နဖူးမှာ စို့လာတယ်၊

ခြောက်. . . ဒေါသကို ချုပ်ထိန်းထားပေမယ့်လည်း မထိန်းချုပ်နိုင်တဲ့အတွက် လက်တွေခြေတွေ လှုပ်ရှမ်းလာပြီး ထိုးကြိတ်ရိုက်နှက်လိုတဲ့ စိတ်တွေပေါ်လာတယ်၊

ဒါကြောင့် ထိုသူသည် အသားများ တဆတ်ဆတ် တုန်လာ၏၊ သူ၏မျက်လုံးသည် မီးဝင်းဝင်းတောက်သည့်ပမာ အရောင်များ ထွက်လာ၏၊ ခြေလက်များ လှုပ်ရမ်းလာ၏၊ သူသည် အောက်နှုတ်ခမ်းကို ပြတ်သွားလုမတတ် အပေါ်သွားနှင့် ကိုက်ထားလိုက်၏၊ နဖူးတွင် စီးကင်းခနဲ ချွေးသီးများ ထွက်လာ၏၊ ထို့နောက် ဒိန္နိင်ဘာကိုရော ၎င်း၏မိန်းမကိုပါ ထိုးကြိတ်ရိုက်နှက်ရန် ဆုံးဖြတ်လိုက်လေတော့၏၊ . . . လို့ ရေးရမယ်၊ အဲ့ဒါမှမှန်တယ်"

ဟု ပြောလိုက်လျှင် ဦးလှဖေသည် လက်ခုပ် တဖြောင်းဖြောင်းတီး၏၊ စိန်မြသာသည် လက်ကို 'ဖြောက်' ကနဲ တီးလိုက်ပြီးနောက်

"ဟုတ်ပြီ. . . ကျွန်တော် နားလည်သွားပြီ"

ဟု ပြောလိုက်လေ၏၊ ထို့နောက် မာစတာလားဖရားသည် စိတ်လှုပ်ရှားပုံ (၃၂) မျိုးတွင် ဖြစ်ပေါ်တတ်သည့် အမူအယာများကို





[illegible]မြသာအား အလွတ်ရသွားသည်အထိ နှုတ်တိုက်ချ၍ သင်ပေး[illegible]တော့၏၊ ထိုသို့ သင်ကြားပြီးနောက် ထိုနေ့သင်ခန်းစာကို ရပ်၍[illegible]လိုက်ကြလေတော့၏၊

နောက်တစ်နေ့တွင် စိန်မြသာသည် မိခင်၏ပွဲရုံသို့ သွား၍ အလုပ်လုပ်ပြီးနောက် မာစတာလားဖရားနှင့် တွေ့နေကျ နေရာသို့ ရောက်လာလေ၏၊ ၎င်းသည် ကုလားဆိုင်တစ်ဆိုင်မှ မုန့်အချို့ကိုလည်း ဝယ်လာလေ၏၊ ၎င်းရောက်ပြီးများ မကြာမီ၌ပင် မာစတာလားဖရားနှင့် ဦးလှဖေတို့သည် ရှေ့ဆင့်နောက်ဆင့် ရောက်လာလေ၏၊ ထိုသို့ ရောက်လာပြီးနောက်

"ဒီမှာလူကလေး. . . မင်းကိုငါအခု ပြောနေတာတွေဟာ မင်းကိုစာရေးနည်း သင်နေတာ မဟုတ်ဘူး၊ အကြံပေးနေတာ၊ စာရေးနည်းဟာ သင်လို့မရပါဘူးကွာ၊ အဲ့ဒီလို လိုအပ်တဲ့အချက်အလက်တွေ စုဆောင်းဖို့ကတော့ အကြံပေးလို့ရတာပေါ့ကွာ၊ အဲ့ဒီတော့ မင်းအခုရေးမယ်၊ ရေးရင်ဘယ်လို ရေးရမလဲဆိုတာ မင်းစဉ်းစားကြည့်လေ၊ 'ကျွန်တော်တို့. . . ကျွန်ုပ်တို့' ဆိုတာတွေနဲ့သုံးပြီး ပထမနာမ်စားနဲ့ ရေးချင်ရေး၊ ဒါမှမဟုတ်ရင် 'သူတို့ မောင်ဘယ်သူ၊ မဘယ်ဝါ' စသဖြင့်ဆိုပြီး တတိယနာမ်စားနဲ့ ရေးချင်ရေး၊ အဲ့ဒီလိုပဲ ရေးရတယ်၊ ဒါကတော့ ကိုယ်နှစ်သက်သလို ကိုယ်ကျွမ်းကျင်သလို ကိုယ်ရေးရမယ်၊ ရေးတဲ့အခါမှာလည်း မကျွမ်းကျင်သေးပဲနဲ့ သိပ်ပြီးရှုပ်ရှုပ်လို့တော့ မရသေးဘူး

ကွ၊ ဖတ်တဲ့လူနားလည်အောင် ရေးဖို့ပဲလိုတယ်၊ ကွမ်းကျ လာတော့လည်း ဖွဲ့နွဲ့ချင် ဖွဲ့နွဲ့ပေါ့ကွာ၊ ပြီးတော့လည်း ဝါကျ ရှည်ရှည်ရေးရင် ကောင်းသလား၊ တိုတိုရေးရင် ကောင်းသလ ဆိုတာဟာ ပုံသေပြောလို့ရတဲ့ ကိစ္စတွေမဟုတ်ဘူးကွ၊ တစ် ချို့ကိစ္စတွေက ဝါကျရှည်ရှည်ရေးမှ သင့်တော်တယ်၊ တစ်ချို့ ကိစ္စတွေက ဝါကျတိုတိုရေးမှ သင့်တော်တယ်၊ အဲဒီတော့ ဘယ်လိုလုပ်ပြီးတော့ ပုံသေမှတ်ထားလို့ ရမှာလဲကွာ၊ ဒါပေမယ့် လှုပ်ရှားတဲ့ အကြောင်းအရာတွေ၊ သွက်လက်တဲ့ အကြောင်း အရာတွေကို ရေးတဲ့အခါမှာတော့ ဝါကျဟာတိုမှ ကောင်းတယ် ကွ၊ ဒါမှ လှုပ်ရှားမှုဟာ သွက်လက်လာတယ်၊ ပြီးတော့လည်း ဝါကျဘယ်လောက်ပဲ ရှည်ရှည်ပေါ့ကွာ ကြိယာနဲ့ ကြိယာဝိသေ သန၊ နာမ်နဲ့ နာမဝိသေသနဟာ အစဉ်သဖြင့် ကပ်ထားရမယ် ဆိုတဲ့ စည်းကမ်းကိုတော့ လိုက်နာရမှာပေါ့၊ အဲဒါလေးကို နည်းနည်း အလေ့အကျင့်ရအောင် ရေးစမ်းကြည့်ပေါ့ ပြီးတော့ တစ်ခုပြောချင်တယ်၊ မင်းရေးတာကို ရေးပါ၊ ဒါပေမယ့် ရေးမယ့် အကြောင်းအရာကိုတော့ မင်းကိုယ်တိုင် ယုံကြည်ရမယ်၊ သမ တရွေတွေ၊ သိက္ခာသိက္ခာတွေကို သိပြီး လူကြိုက်များနေလို့ အတွက် နွမှာပဲဆိုပြီး သမ္မ တရွေတွေ၊ သိက္ခာသိက္ခာတွေကို မယုံကြည်ဘဲနဲ့ မရေးနဲ့၊ ဖတ်လို့ကောင်းမှာ မဟုတ်ဘူး၊ စာရေး ဆရာတစ်ယောက်ဟာ ကြိုက်တဲ့အကြောင်းအရာကို ရွေးချယ်





ခွင့် ရှိပါတယ်၊ ဒါပေမယ့် အဲဒီအကြောင်းအရာဟာ သူတကယ် ယုံကြည်တဲ့ထဲက အကြောင်းအရာ ဖြစ်ရမယ်၊ သူတကယ် မယုံ ကြည်ပဲနဲ့ စာမူကိုရောင်းစားချင်လို့ ရေးတယ်ဆိုရင်တော့ သူ့ကို စာရေးဆရာလို့ခေါ်လို့ မဖြစ်ဘူး၊ စာရောင်းဆရာလို့ပဲ ခေါ်ရ လိမ့်မယ်၊ နောက်တစ်ခုက မင်းဟာ စာရေးဆရာ ဖြစ်လာရင် လောကကြီးမှာ မင်းအနေနဲ့ အမြင်မတော်တဲ့ဟာကို လှောင် ပြောင်သရော်တဲ့အနေနဲ့ ရေးချင်ရင် ရေးခွင့်ရှိပါတယ်၊ ဒါပေ မယ့် ပြုပြင်လို့မရတဲ့ ကိစ္စတွေကိုတော့ ဘယ်တော့မှ လှောင် ပြောင်ပြီး မရေးရဘူး၊ ဥပမာကွာ. . . . လူတစ်ယောက်ဟာ မျက်စိတစ်ဖက်ကန်းနေတယ် ဆိုပါတော့၊ အဲဒီလူဟာ မင်းရဲ့ ဇာတ်လိုက်ပဲ ထားပါတော့၊ အဲဒီလို မျက်စိတစ်ဖက် ကန်းနေ တာကို လှောင်ပြောင်တဲ့အနေနဲ့ မရေးရဘူးကွ၊ သူကလည်း မျက်စိတစ်ဘက် ဘယ်ကန်းချင်မလဲကွယ်၊ ကောင်းချင်ရှာမှာ ပေါ့ ပြုပြင်ချင်မှာပေါ့ ပြုပြင်လို့မှ မရပဲကွာ၊ အဲဒါကို မလှောင် ရဘူးကွ၊ ဇာတ်ဆောင်ထဲမှာ စကားထစ်တာပါရင် စကား ထစ်တာ ရေးခွင့်ရှိတယ်၊ အဲဒါကို ဟာသလုပ်ပြီး မရေးရဘူး စကား မပြောတတ်တဲ့သူ ပါရင်လည်းပါမယ်၊ အဲဒါကို ရယ်စရာ ဖြစ်အောင် လုပ်မပစ်ရဘူး ဖြစ်နိုင်ရင် သနားလာအောင်ရေးရ မယ်၊ အဲဒါတွေကို လှောင်ပြောင်ပြီးရေးမယ် ဆိုရင်တော့ မင်း ဟာသိပ်ပြီး ရက်စက်တဲ့လူ ဖြစ်သွားလိမ့်မယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ကျွန်တော် သဘောပေါက်ပြီ မာစတာ"

ဟု ပြောလိုက်လျှင် မာစတာလားဗရူးက

"တစ်ခု မင်းအနေနဲ့ သတိထားရမှာက၊ စာရေးဆရာဆိုတာ လောကကို ပြုပြင်တဲ့သူလည်း မဟုတ်ဘူး၊ ဖျက်ဆီးတဲ့ သူလည်း မဟုတ်ဘူး၊ သူတွေမြင်တာတွေကို မြင်တဲ့အတိုင်း ဖေါ်ပြထားတာတွေ၊ ဒီထက်ဘာမှ မပိုသင့်ဘူး၊ ဆိုလိုတာကတော့ ဘယ်ဘက်ကိုမှ ဘက်တွေလိုက်ပြီး မပါသင့်ဘူး၊ ဒါက ငါ့အယူအဆပါ၊ ဒါပေမယ့် မင်းကတာကယ်ရေးရမယ့် သူဆိုတော့ မင်းကြိုက်သလို လုပ်ခွင့်ရှိပါတယ်၊ မင်းစာရေးဆရာ ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည် ဖြစ်စေ၊ လောကကြီးကတော့ သူ့အတိုင်း တိုင်းလှနေမှာပါကွာ၊ ကဲ. . . လူကလေး. . . ပြန်မယ်"

ဟု ပြောကာ နှုတ်ဆက်၍ ပြန်သွားလေတော့၏။ စိန်မြသာသည် မာစတာလားဗရူး၊ ဦးလှဖေတို့နှင့် လမ်းခွဲ၍အိမ်သို့ ပြန်လာခဲ့လေတော့၏။ သူသည် နလံထစ လူမမာအား အားဆေးများထိုးပေးပြီး ကြက်ခွပ်ပြုတ်တိုက်လိုက်သကဲ့သို့ အားအင်များ ပြည့်ဖြိုးကာ ခြေလှမ်းကြကြီးဖြင့် အိမ်သို့လျှောက်လာခဲ့လေ၏။ အိမ်အတွင်းရပ်၍ လမ်းကို မျှော်နေသော သူ၏မိခင်သည် သူ့ကိုမြင်လျှင်

"အောင်မယ်လေးသားရယ်. . . မင်းလမ်းလျှောက်လာတာ





ကလည်း စစ်သူကြီး မဟာဗန္ဓုလ လမ်းလျှောက် လာသလိုပဲ၊ ခြေလှမ်းကြီးတွေကလည်း ကြဲလှချည်လား"

ဟု ပြောလိုက်ရာ စိန်မြသာက

"အာဂယောက်ျားကြီးဖြစ်လာမယ့် အမေ့သားကို အမေက နှိမ့်မှမ်းနေတာလား၊ ကဲ့ရဲ့ နေတာလား၊ အမေက နှိမ့်မှမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ ကျွန်တော်ကတော့ ကျွန်တော်လျှောက်မယ့်လမ်းကို အောင်အောင်မြင်မြင်ကြီး လျှောက်သွားမယ် အမေ"

ဟု ပြောလိုက်လျှင် ဒေါ်မိုး၏ မိခင်က

"လျှောက်ပါတော်. . . လျှောက်ပါ၊ မြန်နိုင်သလောက်လမ်းပဲ လျှောက်ပေါ့"

ဟု ပြောလိုက်ရာ စိန်မြသာက ပြုံးလိုက်၏။ ထို့နောက်

"အမေ့ကို တစ်ခုပြောရဦးမယ်၊ ကျွန်တော်အလုပ်တွေ အများကြီး လုပ်ဖို့ရှိတယ်၊ အဲ့ဒီတော့ ပွဲရုံကို မကူညီနိုင်တော့ဘူး၊ အဲ့ဒီတော့ လူတစ်ယောက်ခေါ်ပါ"

ဟု ပြောလိုက်လျှင် ဒေါ်မိုး၏ မိခင်က

"လူတစ်ယောက်ခေါ်ပါဆိုတော့လည်း ခေါ်ရတာပေါ့၊ အဲဒီ လူတစ်ယောက်ဆိုတာလည်း အမေမရှာနိုင်ဘူး၊ မင်းဟာမင်း ရှာပြီးထားပေး၊ မင်းကဘာတွေများ လုပ်ဦးမှာလဲသားရဲ့"

ဟု နိုးရိမ်ထိတ်လန့်သော လေသံဖြင့်မေးလေ၏။

"ကျွန်တော်စာတွေ ခံရေးမယ်အမေ"

ဟု စိန်မြသာက ပြန်၍ဖြေလိုက်လျှင် သူ၏မိခင်က

"ဘာစာတွေများ ရေးမှာလဲတော်"

ဟု မေးလေ၏။

"လူတွေဖတ်ဖို့ ရေးရမှာပေါ့အမေရယ်"

ဟု စိန်မြသာက ပြောလျှင် ၎င်း၏မိခင်က

"ဩော်... ငါ့သားက စာရေးဆရာ လုပ်မယ်ပေါ့ ကော

ပါတယ်... ကောင်းပါတယ်၊ ဒါပေမယ့်မင်းက ဘယ်နှစ်တ

အောင်လို့လည်းကွယ်၊ မင်းမှ စာကောင်းကောင်း မတတ်

ဘယ်လိုလုပ်ပြီး စာရေးဆရာ ဖြစ်မှာလဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"အမေက ကျွန်တော့်ကို အထင်သေးတာကိုး၊ ကျွန်တော်

တတ်ပါတယ် အမေရဲ့၊ အဲ့ဒီလိုပြောလိုက်တော့ အမေက

သားလေး တော်တော်ဘဝင်မြင့်တယ် ထင်သွားတယ် မဟု

လား၊ ကျွန်တော် ဘဝင်မမြင့်ပါဘူး အမေရယ်၊ ကျွန်တော်

တာ ဟုတ်မဟုတ်၊ နောက်တော့ သိလိမ့်မပေါ့"

ဟု ပြောလိုက်ရာ ၎င်း၏မိခင်က





"အေးပါလေ၊ တချို့ မင်းအရွယ်ကောင်လေးတွေဟာ အရက်

သောက်တယ်၊ ဖဲရိုက်တယ်၊ အပျော်အပါးလိုက်တယ်၊ ဘုပ်ရှုပ်

ပြီး ရန်ဖြစ်တယ်၊ သူများပစ္စည်း လုယက်တယ်၊ အဲ့ဒီ ကလေးမျိုး

တွေထက်စာရင်တော့ မင်းက တော်သေးတာပေါ့၊ အေးအေး

ဆေးဆေး စာရေးမယ်ဆိုတော့ ရေးပေါ့ကွယ်၊

ဟု ပြောလေ၏။ ထိုအခါ စိန်မြသာက

"အမေ ကျွန်တော့်ကိုပေးတဲ့အမှတ်ဟာ အနည်းဆုံးနေရာကနေ

ပေးတာကိုး၊ ဒီထက်ပိုပြီး မပေးနိုင်ဘူးလားအမေ"

ဟု ပြောလိုက်ရာ ၎င်း၏ မိခင်က

"ဒီထက်ပိုပြီးပေးလို့ မဖြစ်ဘူး၊ မင်းက ကျောင်းလည်းပြီးအောင်

မတက်နိုင်ခဲ့ဘူး၊ အဲ့ဒီထဲက မင်းကစာရေးဆရာ လုပ်ဦးမယ်ဆို

တော့ မင်းပဲစဉ်းစားကြည့်လေ၊ အမေက ဘယ်လိုလုပ်ပြီး အထင်

ကြီးမှာတုန်း"

ဟု ပြောလိုက်ရာ စိန်မြသာက

"ဒါအမေ့အပြစ် မဟုတ်ပါဘူးလေ၊ လောကကြီးမှာ မိခင်တွေဟာ

သားတွေကို ချစ်တော့ချစ်ပါတယ်၊ ဒါပေမယ့် အစဉ်သဖြင့်

ကလေးလို့ပဲ စဉ်းစားနေတာကိုး၊ အဲ့ဒီတော့လည်း ဒီလိုပဲဖြစ်မှာ

ပေါ့"

ဟု ပြောလိုက်လေ၏။ ထို့နောက် စိန်မြသာသည် ညစာထမင်းစားပြီးနောက် အိပ်စက်လေတော့၏။ အိပ်ရာမှနိုးလျှင် စာရေးကိရိယာဆိုင်သို့သွား၍ စက္ကူထုတ်များ၊ ခွေးတံဆိပ်ခဲတံများဝယ်ယူပြီး ကန်တော်ကြီးစောင်းသို့သွားကာ ရွှေတိဂုံဘုရားဘက်သို့မျက်နှာမူ၍ မတ်တတ်ရပ်လျှက် လက်အုပ်ချီလိုက်ပြီးလျှင်

"တပည့်တော် စိန်မြသာ စာရေးဆရာ ဖြစ်တဲ့အထိ ကြိုးစားနေသွားပါ့မယ် ဘုရား"

ဟု ရွတ်ဆိုလိုက်လေတော့၏။ ထို့နောက် အိမ်သို့ပြန်လာပြီးလျှင် ဝတ္ထုတစ်ပုဒ်ကို ဆက်၍ရေးသားလေတော့၏။ နှစ်ရက်၊ သုံးရက်ခန့်နေ၍ မကြိုက်သည်ကို ဖျက်လိုက်၊ ပြင်လိုက်၊ ရေးလိုက်နှင့် စိန်မြသာတစ်ယောက်တည်း အလုပ်ရှုပ်နေ၏။ ထို့နောက် ဝတ္ထုရေးပြီးသောအခါ၌ ထိုဝတ္ထု၏ အမည်ကို 'လူညစ်' ဟု ပေးလိုက်လေ၏။ ထိုဝတ္ထုမှာ လမ်းသွားနေသော လူတစ်ယောက်ထံမှ ပိုက်ဆံကို နှိုက်ယူလိုက်ပြီး ၎င်း၏ကျောင်းလွယ်အိတ်အတွင်းသို့လာ၍ ထည့်ကာ ထိုပိုက်ဆံအိတ်ပိုင်ရှင်အား 'ခင်ဗျားပိုက်ဆံအိတ် ဟိုကောင်လေးလွယ်အိတ်ထဲ ပါသွားပြီ' ဟု ၎င်းကို ရှောက်ချလိုက်သော ဆင်မြူရယ်ဆိုသည့်လူတစ်ယောက် အကြောင်းဖြစ်လေ၏။ ထိုကောင်လေးသည် ခါးပိုက်နှိုက်မှုဖြင့် ကလေးထောင်သို့ ကျသွားရပုံကို ဖော်ပြထား၏။ ထောင်မှလွတ်သောအခါ ကျောင်းနေခွင့်မရတော့ပဲ မိခင်၏ ဆန်ပွဲရုံတွင်



အလုပ်လုပ်နေရပုံ၊ ကန်တော်ကြီးစောင်းတွင် ဆရာတစ်ဦးနှင့် အင်လိပ်စာ သင်ခဲ့ရပုံတို့ကို အသေးစိတ်ရေးထား၏။

ထို့နောက် စိန်မြသာသည် ထိုဝတ္ထုအား လွန်စွာ နာမည်ကြီးသော 'ရှုမညီး မဂ္ဂဇင်း'သို့ ပေးပို့လိုက်ရာ အယ်ဒီတာသည် စိန်မြသာ၏ဝတ္ထုကို လွန်စွာသဘောကျ၏။ ရေးသားပုံ၊ တင်ပြပုံတို့ကို သဘောကျသဖြင့် ထိုအချိန်က လွန်စွာ နာမည်ကြီးသော ပန်းချီဆရာတစ်ယောက်၏ သရုပ်ဖော်ပုံနှင့် ထိုဝတ္ထုကို ဖော်ပြလိုက်လေ၏။ စိန်မြသာသည် ထိုဝတ္ထုအတွက် စာမူခ (၃၅) ကျပ် ရ၏။ သူသည် ထိုစာမူခထဲမှ ဘဲသားဖြင့်ပြုလုပ်ထားသော ဆီချက်ခေါက်ဆွဲ တစ်ထုပ်ကိုဝယ်ယူ၍ မိခင်ကြီးအား ကန်တော့ပြီးလျှင် သူ၏ဝတ္ထုပါသော မဂ္ဂဇင်းကိုမိခင်ကြီးအား ပြသလေ၏။ မိခင်ကြီးသည် ထိုဝတ္ထုကို ဖတ်ကြည့်ပြီးနောက်

"အောင်မယ်လေးတော် ကြားသားမိုးကြိုး စာမတတ်တဲ့ ငါ့သားက စာရေးဆရာ လုပ်သတဲ့တော်၊ တံ့ပါရော... တံ့ပါရော အယ်ဒီတာကလည်း သူ့ဝတ္ထုကို ရွေးသတဲ့၊ တံ့ပါရော... တံ့ပါရော..."

ဟု အော်နေလေတော့၏။ ထိုအခါ စိန်မြသာက

"နောက်တော့မှတဲ့ အမေရေ့၊ ဆီချက်ခေါက်ဆွဲတွေ အေးကုန်ဦးမယ်၊ စားလိုက်ပါဦး၊ ဒါကျွန်တော် စာမူခရတဲ့ ပထမဦးဆုံးပိုက်ဆံနဲ့ အမေ့ကိုဝယ်ကျွေးတာ၊ နောက်ဆိုရင် ကျွန်တော်က

နာမည်ကြီးတဲ့ စာရေးဆရာတစ်ယောက် သေချာပေါက်ဖြစ်မှာ အမေရဲ့၊ ဟဲ့ဒီအခါကျတော့လည်း ဟဲ့ဖြူဦး"

ဟု ပြောလိုက်လျှင် ၎င်း၏မိခင်သည် ဟဲ့လည်း ဟဲ့ဖြူ၏။ ဝမ်းလည်း ဝမ်းသာ၏။

"ယုံပါတယ် သားရယ် ယုံပါတယ်၊ မယုံလို့ပြောတာ မဟုတ်ပါဘူး ဟဲ့ဖြူလို့ ပြောတာပါ၊ ငါ့သား ဒီလောက်ရေးတတ်မယ် ဆိုတာ အမေမထင်ဘူး"

ဟု ၎င်း၏ မိခင်ကပြောလိုက်လေ၏။

"ဒီလိုရှိတယ်အမေ၊ ကျွန်တော် စာရေးတတ်တယ် မရေးတတ်ဘူးဆိုတာ၊ ကျွန်တော် အများကြီးကြိုးစားထားတယ် အမေ ကျွန်တော်အများကြီး လေ့လာထားတယ်၊ ဒီတော့ ကျွန်တော့်ကို အမေထင်နေတာဟာလည်း အမှန်မဟုတ်ဘူးအမေ ဒါတင်မကဘူး လောကကြီးဟာ အထင်တရား မဟုတ်ဘူး အရှိတရား"

ဟု ပြောလိုက်လေ၏။ထို့နောက် စိန်မြသာသည် ၎င်း၏ဝတ္ထုပါသော မဂ္ဂဇင်း စာအုပ်တစ်အုပ်ကိုကိုင်၍ ဆီချက်ဆိုင်မှ ဘဲသားဆီချက် နှ ထုတ်ဝယ်ကာ ထိုင်နေကျ ကန်တော်ကြီးစောင်းနေရာသို့ ထွက်လာ ခဲ့လေ၏။ အကယ်၍ ဆရာလားရေးနှင့် ဦးလှမော်ကိုတွေ့လျှင် ထို ဝတ္ထုကိုပြပြီး ဆီချက်ခေါက်ဆွဲကျွေးမည်ဟုလည်း စိတ်၌ရည်မှ





သာ၏။ ၎င်းတို့ ထိုင်နေသောနေရာသို့ ရောက်ခါနီးတွင် ထိုင်နေ ကျနေရာသို့ လှမ်း၍ကြည့်လိုက်ရာ သတ္တုလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်းထားသော လူတစ်ယောက်ကို တွေ့ရလေ၏။ စိန်မြသာ သည် ထိုနေရာသို့ ရောက်သွား၏။ အနီးသို့ ရောက်သောအခါ၌ ထိုသူက စိန်မြသာကို မကြည့်ဘဲ

"ဝတ္ထုရေးတဲ့ စာမူခထဲကဝယ်လာတဲ့ ဘဲသားဆီချက် ခေါက်ဆွဲလား၊ မင်းငါ့ကို တစ်ထုတ်ကျွေးရမယ်၊ ဘာကြောင့်လည်း ဆိုတော့ ငါ့အကြောင်းကို ရေးထားလို့ပဲ"

ဟုဆိုကာ စိန်မြသာကိုလှည့်၍ ကြည့်လိုက်လေ၏။ စိန်မြသာသည် ထိုသူကို မြင်လျှင်

"ဗြော်.. အန်ကယ် ဆင်မြူရယ်... ဟုတ်လား၊ ကျွန်ုပ်ဟာ ဒီနေ့ ကျွန်ုပ်ရဲ့ကြိုးပမ်းမှု အောင်မြင်တဲ့အတွက် အလွန်ရွှင်လန်း နေတယ်၊ ခင်ဗျား မျက်နှာမြင်လိုက်ရတော့ အမင်္ဂလာ ဖြစ် သွားတယ်၊ ဒါပေမယ့် ဘဲသားဆီချက်ကိုတော့ ခင်ဗျားကို ကျွေးပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်ထောင်ကျနေတုန်း ကျွန်ုပ်ကို ထောင်ဝင်စာလာတွေ့တဲ့အတွက်ပဲ"

ဟု ပြောလိုက်ပြီးလျှင် ခေါက်ဆွဲတစ်ထုပ်လှမ်း၍ ပေးလိုက်၏။ ထိုအခါ အန်ကယ် ဆင်မြူရယ်က

"အလကားပြောတာပါ ငါ့လူရာ၊ တကယ် မစားပါဘူး မင်းရေးတဲ့

ဝတ္ထုကို ငါဖတ်ပြီးပြီကွ၊ အတော့်ကို ကောင်းတယ်၊ ငါ့
လူညစ်တစ်ယောက်ဖြစ်အောင် ရေးထားတာပဲ၊ အတော့်
ပုံပေါ်တယ်ကွ၊ ဖတ်တဲ့လူတွေဟာ အဲ့ဒီဝတ္ထုကို ဖတ်ပြီးတာ
မစ္စတာဆင်မြူရယ်ဆိုတဲ့ လူကို မုန်းသွားမှာသေချာတယ်၊ ငါ
ဒီကိုလာပြီး မင်းကို စောင့်နေတာဟာ အပြစ်တင်မ
မဟုတ်ဘူး၊ ချီးမွမ်းမလို့"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ခင်ဗျားဟာ ဘယ်လိုလူစားလဲဆိုတာတော့ ကျွန်မြင့် မပြော
တတ်တော့ဘူးပါပဲ၊ ကျွန်ဘဝလေးဟာ အခုမှမြန်ပြီး လန်းဆ
လာတယ်၊ ညီးနွမ်းအောင် ခင်ဗျားက ဘယ်လိုလုပ်ဦးမလဲ မ
နိုင်ဘူး၊ ဘာပဲဖြစ်ဖြစ်လေ ကျွန်အနေနဲ့ကတော့ ခင်ဗျားကို သတိ
ထားရမှာပဲ၊ ဒီတစ်ခါ ကျွန်ကို ခုကွပေးရင်တော့ ကျွန်ဘက်က
လက်မနေးအောင် စဉ်းစားထားတယ်"

ဟု ဆိုကာ လွယ်အိတ်ထဲမှ မောင်းချခါးကို ထုတ်၍ 'ခေါက်'ကန
ဖွင့်လိုက်ပြီးလျှင်

"ဒီမှာ အန်ကယ်ဆင်မြူရယ်၊ ဟောဒါ မောင်းချခါးပဲ၊ အသွား
ချည်းပဲ သုံးလက်မတစ်မတ်ရှိတယ်၊ ခင်ဗျား ဘယ်ဘက်ရင်ဘ
က နှလုံးသားကို ပေါက်သွားတဲ့အထိ ထိုးလို့ရတယ်၊ အဲ့ဒီကို
ထိုးပြီးရင်လည်း ခင်ဗျားနှလုံးသားက ယိုစိမ့်ထွက်လာတဲ့ သွေး





တွေကို ကျွန်ပါးစပ်နဲ့ စုတ်ပြီးသောက်ပစ်လိုက်မယ်၊ အဲ့ဒီတော့
ဒီခါးဟာ ခင်ဗျားအတွက် သေမင်းတမန်ပဲ၊ အခုထဲက ရင်းနှီး
အောင် ကိုင်ကြည့်ထားဦး"

ဟုဆိုကာ အန်ကယ်ဆင်မြူရယ် ထိုင်နေသော ထိုင်ခုံကလေး၏
လက် သားတန်းလေးကို 'ခေါက်' ကနဲ လှမ်း၍ ပစ်ပေါက်လိုက်လေ၏။
အန်ကယ်ဆင်မြူရယ်သည် သူ၏အနီးတွင် လာ၍စိုက်သော မောင်း
ချခါးကို ဆွဲ၍နုတ်လိုက်လေ၏။ ထို့နောက် မောင်းချခါးခလုတ်ကို
ပြန်၍ပိတ်လိုက်၏။ ပြီးလျှင် မောင်းချခါး၏ နောက်တွင်ပါသော
ကွင်းကလေးနှင့် သူ၏ လက်ကိုင်ပဝါလေးကို ချည်၍ စိန်မြသာအား
ပြန်၍ ပေးလိုက်လေ၏။

"ကဲပါ စိန်မြသာရယ်၊ မင်း ငါ့အတွက် စိတ် အနှောက်အယှက်
ဖြစ်ရင်း ငါ ပြန်ပါ့မယ်"

ဟုဆိုကာ ကျေနပ်သော အပြုံးမြင့်မြင့်ဖြင့် နှုတ်ဆက်၍ ထသွားလေ
တော့၏။ စိန်မြသာလည်း ဆင်မြူရယ်ထိုင်သော ခုံတွင်ဝင်၍ ထိုင်
လိုက်လေ၏။ ထို့နောက် မဂ္ဂဇင်းစာအုပ်ကို ဖွင့်၍ သူ၏စာမူများကို
ကစ်ခေါက်ပြန်၍ ဖတ်ကြည့်လိုက်လေ၏။ ပြီးလျှင် သူ၏ မောင်းချ
ခါးကလေးကို ထုတ်ယူလိုက်လေ၏။ မောင်းချခါး၏ ကွင်းကလေး
တွင် အန်ကယ်ဆင်မြူရယ် ချည်ပေးထားသော လက်ကိုင်ပဝါလေး
မှာ အဝါရောင် ပိုးလက်ကိုင်ပဝါလေး ဖြစ်၏။ စိန်မြသာသည် ထို

လက်ကိုင်ပဝါလေးကို ဖြန့်၍ကြည့်လိုက်၏။ ထိုပိုးလက်ကိုင်ပဝါလေး ပေါ်တွင် စာများပါလာ၏။ ထိုစာများမှာ အောက်ပါအတိုင်း ဖြစ်၏

WORDS CANNOT DESCRIBED EVERYTHING.
THE HEART'S MESSAGE CANNOT BE
DELIVERED IN WORDS.
IF ONE RECEIVES WORDS LITERALLY,
HE WILL BE LOST.
IF HE TIRES TO EXPLAIN WITH WORDS,
HE WILL NOT ALTAIN ENLIGHTENMENT
IN THIS LIFE.

အနက်ရောင်မှင်ဖြင့် လှလှပပ ရေးထားသော စာများဖြစ်၏ ရေးပုံမှာလည်း ကျော့ရေးသကဲ့သို့ ရေးထား၏။စိန်မြသာလည်း စာများကို တစ်ကြောင်းချင်း ဖတ်ကြည့်၏။





စကားလုံးတွေဟာ အရာတိုင်းကို
မဖော်ပြ နိုင်ပါဘူး။
နှလုံးသားကလာတဲ့ အသိပေးချက်တွေကို
စကားလုံးနဲ့ ထုတ်လုပ်လို့ရပါဘူး။
တစ်နေ့တစ်ယောက်ဟာ စကားလုံးနောက်ကို
အကောက်ကောက်ပါအောင် လိုက်နေရင်တော့
သူဟာတော့ ပျောပျောက်ပါဘူး။
သူဟာ အရာခပ်သိမ်း စကားလုံးတွေနဲ့
ရှင်းပြဖို့ ကြိုးပမ်းနေရင်တော့
သူ့ဘဝမှာ တယ်တော့မှဉာဏ်အလင်းဆိုတာ
မြင်ကြည်လာတော့မှာ မဟုတ်တော့ပါဘူး။

ဟူ၍ အနက်အဓိပ္ပါယ်ရ၏။ စိန်မြသာသည် ထိုစာကို ဖတ်ပြီး နောက်

"ဆင်မြူရယ်ဆိုတဲ့ လူယုတ်မာကြီး၊ တစ်သက်လုံး ကောင်းမယ့် လူကြီးမဟုတ်ဘူး၊ ဒါပေမယ့် ဒီစာကလေးကတော့ အတော် ကောင်းတယ်၊ သူ့စာဟာ မှန်သားပဲ၊ အတော်လည်း ဟုတ်တာပဲ၊ စကားလုံးဆိုတာ ထုတ်ပေါ်ချက်ပဲ ဖြစ်တယ်၊ အမှန်တရား မဟုတ်ဘူး၊ ဒီစကားနဲ့လည်း ဘယ်လိုအတွေ့ အကြုံမျိုးကိုမှ

သိစေတော် ရှင်းပြလို့ရမှာ မဟုတ်ဘူး၊ ငါ့ကို လူတစ်ယောက်က ယုတ်မာပြီး ထောင်ထဲထည့်လိုက်တဲ့ကိစ္စမှာ ငါဟာ အတော့်ကို ခံစားသွားရတယ်၊ ငါ့ရဲ့ ခံစားမှုတွေကို ငါနားမလည်လို့ ငါဟာ စကားလုံးတွေနဲ့ ရှင်းပြခဲ့တာပဲ၊ ဒါပေမယ့် မပြည့်စုံခဲ့ဘူး၊ စကားလုံးတွေရဲ့ ပေါ်ပြူချက်ဟာ တကယ်တော့ တကယ့်အဖြစ်အပျက်တွေထက် လျော့နေတယ်၊ သို့မဟုတ် ကျော်လွန်နေတယ်၊ လူညစ်ကြီး ဆင်မြူရယ်ရဲ့ ကဗျာမှာပါတဲ့ 'ဉာဏ်မှိုင်ကြည်ရေ'ဆိုတဲ့ စကားဟာ အမှန်တရား၊ ငါ့ကို အဲ့ဒါကို သိစေချင်တဲ့အတွက် ဒီကဗျာလေးကိုရေးပြီး ငါ့ရဲ့ မောင်းချမြားနောက်မှာ ချိတ်ပြီးပေးလိုက်တာပဲ၊ သူဘာကို ပြောချင်နေတာလဲ၊ ငါက သူ့ကိုရန်မူတဲ့ လက္ခဏာနဲ့ မြားနဲ့ပစ်ပေါက်လိုက်တယ်၊ ငါ့ရဲ့မြားဟာ ရန်ရဲ့ အမှတ်အသားပဲ၊ အဲ့ဒီမြားနောက်မှာလည်း ငြိမ်းချမ်းမှုကို ဖော်ညွှန်းတဲ့ ကဗျာလေး ချည်လွှတ်လိုက်တယ်၊ မောင်းချမြားနောက်က ကဗျာလေး၊ မောင်းချမြားက ရန်.. ကဗျာက ငြိမ်းချမ်းမှု၊ တစ်ခုနဲ့ တစ်ခုက ဆန့်ကျင်ဖက်ပဲ၊ ဒါပေမယ့် တပေါင်းတစည်းထဲ ဖြစ်နေတယ်၊ လူညစ်ကြီး ဆင်မြူရယ်ဟာ ဘာကိုပြောနေတာလဲ၊ 'မင်းကငါ့ကို ရန်သူလို့ သဘောထားချင်ထား၊ ငါကတော့ မင်းကိုရန်မမူပါဘူး၊ ငြိမ်းချမ်းရေးပါလို့' ပြောချင်နေဟန် ရှိတယ်၊ နောက်တစ်ခုက သူဟာငါ့ကို ဒုက္ခဘုံထဲကို ထည့်ပစ်လိုက်တယ်၊ အဲ့ဒီလို ထည့်ပစ်လိုက်တာဟာလည်း ဘယ်လို ဘယ်လို





အကြောင်းကြောင့် ထည့်ပစ်လိုက်တယ် ဆိုတာကို ရှင်းပြချင်ပုံရတယ်၊ ဒါပေမယ့် စကားလုံးတွေဟာ မပြည့်စုံဘူးလို့ သူကဆိုထားတယ်၊ ဒါကြောင့် စကားလုံးတွေနဲ့တော့ မရှင်းတော့ဘူးပေါ့လေ၊ တစ်ခြားနည်းနဲ့ ရှင်းချင်ရှင်းလိမ့်မယ်ပေါ့၊ ဘာပဲဖြစ်ဖြစ်လေ ဆင်မြူရယ်ကြီးဟာ ငါ့ကိုထောင်ထဲထည့်တာ ထည့်လောက်တဲ့ အကြောင်းတစ်ခုတော့ ရှိလိမ့်မယ်၊ သူဘာလုပ်ချင်နေပုံ ပေါက်သလဲ၊ ဒါကတော့ ငါမသိဘူး၊ လောကမှာ အတွေ့အကြုံကို စကားလုံးနဲ့ ပြောပြလို့မရဘူး၊ ပြောပြရင်လည်း အခါခပ်သိမ်း ပြည့်စုံမှာ မဟုတ်ဘူး၊ သူဟာ ငါ့ကို ဒုက္ခဆိုတဲ့ အတွေ့အကြုံ တွေ့စေချင်တာပဲ၊ ဘာဖြစ်လို့ သူတွေ့စေချင်ရတာတုန်း၊ ငါထောင်ထဲရောက်သွားတုန်းက ငါဟာ ကလေးတစ်ယောက်သာ ဖြစ်တယ်၊ အရွယ်တောင် မရောက်သေးဘူး၊ အဲ့ဒီ ကလေးငယ်တစ်ယောက်ကို ဘာဖြစ်လို့ ဒုက္ခနဲ့တွေ့ပြီး ခံစားရတာတုန်း၊ ငါ့ကိုဘာဖြစ်လို့ ခါးသည်းတဲ့ အတွေ့အကြုံ တွေ့ရအောင် ခင်းက လုပ်ရက်ရတာတုန်း၊ အဲ့ဒါကြောင့်လည်း ငါက ခင်းကို ရန်သူလို့ သဘောထားရတာပေါ့၊ အဲ့ဒီလို ရန်သူလို့ သဘောထားလိုက်တော့လည်း သူဟာ ရန်သူမဟုတ်ဘူးလို့ ပေါ်ပြနေပြန်ပါတယ်၊ မာစတာလားဇရုးကပြောတော့ လောကကြီးဟာ သူ့အတိုင်းတိုင်း လှုပ်နေတယ်ဆိုတာတော့ လက်ခံပါတယ်၊ ဒါပေမယ့် လောကကြီးမှာနေနေကြတဲ့ လူတွေကတော့ ဘယ်နည်းနဲ့သူ ရှုပ်ထွေးနေကြပါလား၊ ဘာပဲဖြစ်ဖြစ် ဒီလူကြီးကို

လျှော့တွက်လို့တော့မရဘူး၊ အစဉ်သဖြင့် သတိတော့ ထား
ပဲ၊ သူဟာ မေ့သလောက်ရှိရင် ပေါ်လာတတ်တယ်"

ဟု တစ်ကိုယ်တည်းတွေးရင်း အိမ်သို့ ရောက်သွားလေတော့၏၊
သို့ရောက်လျှင် အိပ်ရာထဲတွင် ခြေပစ်လက်ပစ် လှဲချလိုက်ပြီး
ပစ်လိုက်လေ၏၊ မောင်းချခါးကိုလည်းသူ၏ လွယ်အိတ်ထဲတွင်
ထည့်ထားလိုက်လေ၏၊ နောက်တစ်နေ့တွင် နံနက် (၆)နာရီမှ
လယ် (၂)ချက်ထိုးသည်အထိ စာများကို ရေးနေလေ၏၊ နှစ်
ထိုးသောအခါ၌ ထမင်းမစားတော့ပဲ ကော်ဖီတစ်ခွက်
သောက်ပြီးလျှင် ရေးပြီးထားသော စာမူများကို ဖတ်ရန်
ကန်တော်ကြီးသို့ ထွက်လာခဲ့လေ၏၊ ကန်တော်ကြီးသို့ရောက်
သူ၏ရေးပြီးသား စာမူများကို ထုတ်၍ဖတ်လေ၏၊ ထိုသို့
စဉ်၌ပင် မာစတာလားဇရားနှင့် ဦးလှဖေ ရောက်လာလေ
မာစတာလားဇရား၏ လက်ထဲတွင် စာအုပ်တစ်အုပ်ပါလာ
ထိုစာအုပ်သည် ရှမည်း မဂ္ဂဇင်း စာအုပ်တစ်အုပ်ဖြစ်၏၊ မာ
လားဇရားက

"ဘယ်လိုလဲ စာရေးဆရာ စိန်မြသာရဲ့၊ ဆရာရေးတဲ့ ဝတ္ထု
အတော်ဖတ်လို့ ကောင်းပါလား၊ ဖဲ့ဒီစာကို ဖတ်ပြီး
ဆင်မြှူရယ်ဆိုတဲ့ လူတစ်ယောက်ကို အတော့်ကို အမုန်း
ပါတယ်"

ဟု ပြောလိုက်ရာ ဦးလှဖေက





"စိန်မြသာဟာ အတော်ကို စာရေးတတ်တာပဲ၊ အမုန်းအတိုင်း
ပြောရရင် ဝါက မင်းကို ဖဲ့ဒီလောက် ဖြစ်လိမ့်မယ်လို့တောင်
မထင်သေးဘူး၊ အကြံပေးချင်တာကတော့ ဝတ္ထုတိုတွေ၊ ဝတ္ထု
လတ်တွေလည်း ရေးပါ၊ ဝတ္ထုရှည်ကြီး တစ်ပုဒ်လည်း ရေးစေ
ချင်ပါတယ်"

ပြောလေ၏၊ စိန်မြသာသည် လွန်စွာ ဝမ်းမြောက်သွား၏၊ ထို
နောက်

"ရေးမှာပါ၊ အခုလည်း ရေးနေပါတယ်"

ပြောလေ၏၊ ထို့နောက် ၎င်းတို့ သုံးဦးသားသည် စကားစမြည်
ကြ၏၊ စိန်မြသာက ယမန်နေ့က ခေါက်ဆွဲများ ဝယ်လာ
ကြောင်း မတွေ့၍ မကျွေးလိုက်ရကြောင်း၊ ယခုကျွေးလိုပါသည်
ဆိုကာ ခေါက်ဆွဲနှစ်ထုပ် ဝယ်ကျွေးလေ၏၊ မာစတာ လားဇရား
နှင့် ဦးလှဖေတို့သည် ခေါက်ဆွဲထုတ်များကိုယူပြီးလျှင် လက်နှင့်
ကိုင်ထားကြလေ၏၊ စားကား မစားကြပေ၊ ပြီးလျှင် စိန်မြသာအား
များ အဆက်မပြတ်ရေးသားရန် တိုက်တွန်း၍ လှူစုခွဲလိုက်ကြ
လေတော့သတည်း။






## မောင်ဘချော ရောက်လာခြင်း

စိန်မြသာသည် မာစတာလားဇရားတို့နှင့် လမ်းခွဲခဲ့ပြီးနောက် ခင်ကြီး၏ ပွဲရုံဆီသို့ ထွက်လာခဲ့လေ၏။ ပွဲရုံရှေ့တွင် ဆန်အိတ် ချသော ကားများရောက်နေ၏။ မိခင်ကြီးသည် ဆန်အိတ်များနှင့် အလုပ်ရှုပ်နေ၏။ စိန်မြသာ ရောက်သွားပြီးလျှင် ဝိုင်း၍ကူညီလုပ် ၏။ ဆန်ကားများ ထွက်သွားလျှင်

"အမေရေ… ကျွန်တော် လက်ဖက်ရည်သွားသောက် လိုက် ဦးမယ်"

ဆိုကာ လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်လာခဲ့လေ၏။ သို့ရာတွင် တို့ပွဲရုံနှင့် မလှမ်းမကမ်းတွင်ရှိသော 'ရွှေမြန်မာ' လက်ဖက်ရည်

ဆိုင်တန်းရောက်လျှင် အလွန်အင်မတန် ခြေခွင်၍၊ အလွန်အင်
တန် ပုကွကွနိုင်ပြီး ခေါင်းအလွန်ကြီးသော အသက် (၃၀) အရွယ်
လူ တစ်ယောက်သည် စိန်မြသာအား

"ဆရာလေး"

ဟု လှမ်း၍ ခေါ်လိုက်လေ၏။ ထိုအခါ စိန်မြသာက

"ဆရာလေးလို့ ခေါ်တာဟုတ်ပါပြီ၊ ခင်ဗျားက ဘယ်သူတုန်း"

ဟု မေးလိုက်ရာ ထိုသူက

"ကျွန်နာမည် မောင်ဘချောပါ၊ ဆရာလေးဟာ ဒေါ်မေရဲ့ ပွဲ
က မဟုတ်လား ပြီးတော့ ဒေါ်မေရဲ့သား မဟုတ်လား၊ ကျွန်
ဆရာလေးတို့ ပွဲရုံမှာ အလုပ်လုပ်ချင်လို့ပါ၊ ဆန်အကြော
ကောင်းကောင်း နားလည်ပါတယ်၊ စာရင်းအင်းလည်း လု
တတ်ပါတယ်၊ လခလည်း များများစားစားပေးဖို့ မလိုပါဘူး
စားလောက်ရုံပေးရင် လုံလောက်ပါပြီ၊ လခ မပေးချင်ဘူး
စားနဲ့ ခန့်မယ်ဆိုရင်လည်း နေစားနဲ့ပဲ လုပ်ပါ့မယ်၊ ကျွန် . . .
မောင်ဘချောဟာ ခြေခွင်တာရယ်၊ ခေါင်းကြီးတာရယ်က
ရင် ကျန်တာအားလုံး ကောင်းပါတယ်၊ ကျွန် အဲဒီပွဲရုံမှာ လု
နိုင်တဲ့ အရည်အချင်းရှိ မရှိဆိုတာ အစမ်းခန့်ကြည့်ပေ
ကောင်းတော့လည်း ဆက်ပြီးခန့်ပေါ့၊ မသင့်တော်ဘူး ဆိုရ
တော့လည်း ထုတ်ပစ်လိုက်ပါ"





ဟု ပြောလိုက်လျှင် စိန်မြသာက

"ကဲ . . . လာဗျာကိုဘချော၊ လက်ဖက်ရည်သောက်ရင်း စကား
ပြောကြတာပေါ့"

ဟုဆိုကာ ရွှေမြန်မာ လက်ဖက်ရည်ဆိုင်ထဲသို့ ခေါ်သွားပြီးလျှင်
လက်ဖက်ရည်များ မှာလိုက်ကြလေ၏။ သို့ရာတွင် မောင်ဘချောက
လူမသောက်လိုကြောင်းပြောသဖြင့် ရွှေမြသာသည် သူ့အတွက် လက်
ဖက်ရည်တစ်ခွက်သာ မှာလိုက်၏။ မောင်ဘချောကမူ လက်ဖက်ရည်
လည်း မသောက်၊ ရေနွေးကြမ်းလည်း မသောက်ပဲ စကားပြောနေ
လေ၏။

"ကိုဘချောက ဆန်အကြောင်း နားလည်တယ်ဆိုတော့ နည်း
နည်း မေးဦးမယ်၊ ဗီးဒုံးဆန်ဆိုတာ ဘယ်နှစ်မျိုး ရှိသလဲဗျာ"

ဟု စိန်မြသာက မေးလိုက်ရာ မောင်ဘချောက

"ဗီးဒုံးအုပ်စုဝင်တဲ့ စပါးတွေကတော့ အများကြီးပေါ့ဗျာ၊ အဲဒီ
ထဲက တစ်မျိုးကို ကျွန်တော် ပြောပြမယ်၊ 'ကောက်ကြီး၊ ကုလား
ကြီး၊ ကြိုင်သီး၊ စိန်ကြီး၊ ကမာကြည်၊ ဗီးဒုံးမည်' တဲ့ စောစောက
ကျွန်မှတ်မြတဲ့ စပါးတွေအားလုံးဟာ ဗီးဒုံးအုပ်စုထဲကပေါ့ ဆရာ
လေးရဲ့"

ဟု ပြောလိုက်လျှင် စိန်မြသာက

"တစ်ချို့စက်တွေက ပို့တဲ့ဆန်တွေဟာ သိပ်ပြီးတော့ ကြေတာ တဲ့ဒါ ဘယ်လိုဖြစ်တာလဲ"

ဟု မေးမြန်းလျှင်မောင်ဘချောက

"ဒါကတော့ ဆရာလေးရယ်၊ စပါးမျိုး မကောင်းရင်လည်း ကြိတ်တဲ့အခါ ကြေတာပေါ့ဗျာ၊ စပါးမျိုး ကောင်းတယ်ပဲထားဦး ကြိတ်တဲ့ဆန်စက် ငါးပုံကျောက် မကောင်းရင် အကြေများတယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက ပြုံးလိုက်လေ၏။

"ကောင်းပါပြီလေ. . . အခုပဲ ခင်ဗျား ကျွန်တော်နဲ့လိုက် ခင်ဗျားကို အလုပ်ခန့်ရမှာပဲ"

ဟုဆိုကာ လက်ဖက်ရည်ဆိုင်မှခေါ်ကာ မောင်ဘချောအား ငုဝါ မိခင်နှင့် တွေ့ပေးပြီးလျှင် အလုပ်ခန့်လိုက်လေတော့၏။ ငုဝါ မိခင်က စိန်မြသာနားသို့ကပ်ခါ

"နင်ခေါ်လာတဲ့ လူကလည်း မောင်ဘချော မို့လို့ပဲ၊ မောင် မချောသာဆိုရင် ဘယ်လောက်များ အကျဉ်းတန် လိုက်မ မပြောနဲ့တော့၊ ခြေထောက်ကလည်း ခွင်လိုက်တာ မပြောပါနဲ့ ခေါင်းကလည်း ကြီးလိုက်တာ မပြောပါနဲ့"

ဟု ကဲ့ရဲ့စကားဆိုလိုက်ရာ စိန်မြသာက

"သူခြေခွင်တာဟာ အမေ့ဆန်ဇာတ်တွေကို မထိခိုက်ဘူး၊ သူ ခေါင်းကြီးတာဟာ အမေ့ဆန်စာရင်းတွေကို မထိခိုက်ဘူး





ဆိုရင် ခန့်ရမှာပဲ အမေရယ်"

ဟုပြောလိုက်ရာ ငုဝါ၏မိခင်က

"ငါကလည်း မခန့်ဘူးလို့ မပြောပါဘူး၊ နှာမည်နဲ့ လူနဲ့ မလိုက်တာကို ပြောတာပါ"

ဟုပြောလိုက်ရာ စိန်မြသာက

"ဒါပေမယ့် အမေရယ်၊ ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဦးချမ်းသာဆိုပြီး မွဲနေတဲ့လူကြီးကို အမေမတွေ့ဘူးလား၊ မယဉ်ဆိုပြီး တစ်နေကုန်ဆဲဆိုနေတဲ့ ဟိုမိန်းမကြီးဟာ ဘယ်မှာ ယဉ်ကျေးလို့တုန်း၊ ခေါ်မြင့်ဆိုတဲ့ အိမ်ဘေးက မိန်းမကြီးဟာ မြင့်လည်း မမြင့်ဘူး၊ ပုလိုက်တာလည်း မပြောပါနဲ့တော့၊ ရွာရဲ့ လူကြီး ဦးမဲကိုလည်း ကြည့်ပါလား၊ သူ့အသားက ချိုင်းအတောင် ထက်တောင် ဖြူသေးတယ်၊ နှာမည်ကတော့ ဦးမဲတဲ့၊ နှာမည်နဲ့လူတွေနဲ့ ဘယ်မှာလိုက်လို့လဲ၊ အဲ့ဒီလူတွေကိုကျတော့ အမေက အပြစ်မတင်ပဲနဲ့ ကျွန်တော့်ရဲ့ မောင်ဘချောကျမှ အပြစ်မတင်ပါနဲ့ အမေရယ်"

ဟု ပြောလိုက်လျှင် ငုဝါ၏မိခင်က

"ငါ့သား မင်းဟာ စာရေးဆရာဖြစ်အောင် မကြိုးစားပါနဲ့ကွယ်၊ ရှေ့နေဖြစ်အောင်ကြိုးစားရင် ပိုပြီးကောင်းလိမ့်မယ်၊ မင်းဟာ သိပ်ပြီး ချေပတတ်တာပဲ"

ဟု ပြောလေ၏။ စိန်မြသာသည် ရင်း၏မိခင်နှင့် အအိုအချ ပြော
ပြီးနောက် စာရေးရန် အိမ်သို့ပြန်လာခဲ့လေ၏။ ထို့နောက် သူသ
မနက် (၅)နာရီမှ (၁၂) နာရီထိုးသည်အထိ ကန်တော်ကြီးစော
တွင် စာဖတ်လေ့ရှိပြီး (၁၂) နာရီထိုးသည်နှင့် အိမ်သို့ပြန်လာ
ည (၉) နာရီထိုးသည်အထိ စာရေးလေတော့၏။ စိန်မြသာ၏ ဝတ္ထု
ဝတ္ထုလတ်များသည် မဂ္ဂဇင်းအမျိုးမျိုးတွင် ပါလာပြီဖြစ်၏။ ထို့နော
'ငွေတံခွန်' စာအုပ်တိုက်မှ အချစ်ဝတ္ထုစာအုပ် သုံးအုပ်ကို ရိုက်နှိ
ထုတ်ဝေလိုက်၏။ စိန်မြသာသည် တမဟုတ်ချင်းပင် နာမည်ကျော်
ကြားသွားလေ၏။ သူ၏အချစ်ဝတ္ထုများသည် ဆယ်ကျော်သက်
အရွယ် မိန်းကလေးများ၏ နှလုံးသားကို ဖမ်းစားနိုင်ခဲ့၏။ သို့
တွင် ထိုငွေတံခွန်စာအုပ်တိုက်သည် ရင်းကို စာမူခကောင်းကော
မပေးသောကြောင့် 'ရွှေတင်းပုတ်' စာပေသို့ ပြောင်းသွားရလေ၏။
ထိုစာပေတိုက်၌ အလွမ်းဝတ္ထု သုံးပုဒ်ရေးခဲ့လေ၏။ ထိုအလွမ်းဝတ္ထု
များကိုလည်း လွမ်းတတ်သောသူများက ကြိုက်နှစ်သက်ကြလေ၏။
ထိုဝတ္ထုသုံးပုဒ်အနက် 'သရက်ခါး' ဆိုသောဝတ္ထုတွင် စိန်မြသာ၏
ဇာတ်လိုက် တယောသမားကလေးသည် သူ၏တယောသံကိုကြား
လျှင် သူ၏ချစ်သူသည် ပြတင်းပေါက်ကို ဖွင့်လိုက်မည်။ ထို့နောက်
သူ့ကို လက်ပြမည်။ ပြီးလျှင် အောက်သို့ဆင်းလာပြီး မိဘမသိအောင်
တံခါးကိုနိုးဖွင့်၍ သူထံသို့ ပြေးလာမည် ဟုမျှော်လင့်လျက် တယော
ထိုးနေ၏။ ထိုအချိန်၌ မိုးသည် သဲသဲမဲမဲရွာချလာ၏။ တယော
သမားကလေးသည် မိုးရေထဲတွင် သဲသဲမဲမဲ မနားတမ်း တယောထိုး



နေလေ၏။ သူ၏ချစ်သူသည် ပြတင်းပေါက်ကိုမဖွင့်။ ထို့အတူ
သူထံသို့လည်း မလာခဲ့ပေ။ သူသည် မိုးရေထဲတွင် တယောထိုးရင်း
မူးလဲကျသွား၏။ သတိလစ် မေ့မြောသွား၏။ တစ်ရက်နှင့် တစ်ည
လုံးလုံး မိုးရေထဲတွင်ရှိနေခဲ့၏။ အဖျားများ တက်လာ၏။ သို့သော်
မထနိုင်ပဲရှိ၏။ မိုးရေများ တသွင်သွင်စီးနေ၏။ မထနိုင်သောကြောင့်
နားခေါင်းပေါက်၊ ပါးစပ်ပေါက်တွင်းသို့ ရေများဝင်လာ၏။ နောက်
ဆုံးတွင် ထိုတယောသမားလေးသည် ထိုနေရာ၌ပင် အသက်ပျောက်
သွား၏။ အမှန်စင်စစ် သူချစ်သူသည် ယမန်နေ့ကပင် ထိုအိမ်တွင်
မရှိတော့ပေ။ အရပ်တပါးသို့ ရောက်သွားပြီဖြစ်၏။ တစ်လခန့်
ကြာသောအခါမှ ပြန်ရောက်လာပြီးလျှင် တယောသမားကလေး
သေဆုံးသွားသည်ကို သိရ၏။ ထိုနေရာ၌ပင် သူ၏ချစ်သူသည် ငို
ကြွေး၏။ ထို့နောက် ထိုနေရာ၌ အမှတ်တရ သရက်ပင်ကလေး
စိုက်လိုက်၏။ ထိုသရက်ပင်ကလေးသည် တစ်စထက်တစ်စကြီး
လာ၏။ တယောသမားကလေး၏ချစ်သူ မိန်းကလေးသည် သရက်
ပင်ကလေး ရှင်သန်စိမ့်သောငှာ ခြံစည်းရိုးကလေးလာ၍ ခတ်ထား
ပေး၏။ သရက်ပင်ကလေးသည် တဖြည်းဖြည်း ကြီးသည်ထက်ကြီး
လာလေ၏။ နှစ်အတန်ကြာသောအခါ အသီးများ ဝေဝေဆာဆာ
သီးလာလေ၏။ သို့သော် ထိုသရက်သီးကို စားကြည့်သောသူများက
အံ့ဩကြရ၏။ အဘယ့်ကြောင့်ဆိုသော် ထိုသရက်သီးသည် မချို
ခါးနေသောကြောင့်ဖြစ်၏။ တယောသမားကလေး၏ ဝိညာဉ်
သည်ချစ်သူက သူ့အားစိမ်းကားရက်စက်သွားသည်ဟု အညိုးထား

တာ သရက်သီးများကို ခါးသည်းအောင် လုပ်ပစ်လိုက်ပြီလားဟု ပြောစမှတ် ပြုကြရ၏။ ထိုအဖြစ်အပျက်ကို သူချစ်သူမိန်းကလေး သည်သိရလျှင် လွန်စွာယူကြုံးမရဖြစ်လေ၏။ ထို့ကြောင့် သရက် ရင်းတွင် လာရောက်၍ မကြာခဏကိုကာသူ၏အဖြစ်ကို ခွင့်လွှတ် သရက်ပင်တွင် တိုင်တည်၏။ ထို့နောက် ထိုမိန်းကလေးသည် မကျ မမာဖြစ်လာကာ သရက်ပင်ရင်း၌ သေဆုံးသွားရ၏။ ထိုမိန်းက သေဆုံးသွားပြီးနောက် သရက်သီးများသည် ပြန်၍ချိုလာသည် ပြောစမှတ် ပြုကြသည်။ အချို့ကလည်း မိန်းကလေးသည် သေ သွားပြီဖြစ်သောကြောင့် တယောသမားကလေးနှင့် ဝိညာဉ်ချ သွား၍တွေ့သည်။ ထိုအခါ အဖြစ်မှန်ကို ပြောပြသောအခါ တယော သမားကလေး၏ဝိညာဉ်က ကြေနပ်သွား၍ သရက်သီးများကို ပြ ချိုလာခွင့် ပေးလိုက်သည်ဟုဆိုကြ၏။ အချို့ကလည်း မိန်းက သေဆုံးသွားသည်ကို တယောသမားကလေး၏ ဝိညာဉ်ကကော ကလဲ့စားချေလိုက်ရပြီ ဖြစ်သောကြောင့် ကျေနပ်သွားကာ သရက် များကို ခါးနေရာမှ ပြန်လည်ချိုခွင့် ပေးလိုက်သည်ဟု ဆိုကြ စာရေးဆရာ စိန်မြသာကမူ ထိုအဆိုနှစ်ခုကို မည်သည့်အဆိုက မှ သည်ဟု ဖေါ်ပြထားခြင်း မရှိပေ။ အလွမ်းဝတ္ထုကို ကြိုက်သော များသည် ထိုဝတ္ထုကိုလွန်စွာ နှစ်သက်ကြ၏။ စာရေးဆရာ စိ မြသာ၏အမည်ကို သရက်ခါးဝတ္ထုဖြင့် တွဲ၍မှတ်ထားကြ၏။ နေ့တွင် စိန်မြသာသည် အိမ်မှထွက်ခါနီး၌ မိခင်ကြီးနှင့် စကား ဖြစ်ခဲ့ကြ၏။ ထိုအခါ စိန်မြသာက



"ကျွန်တော့် မောင်အချော ဘယ်လိုနေလဲ အမေ"

ဟု မေးလိုက်ရာ ၎င်း၏မိခင်ဒေါ်မေက

"မောင်အချောဟာ ခေါင်းကြီးတာနဲ့ ခြေခွင်တာကလွဲရင် ဘာမှပြောစရာ မရှိဘူး။ အလွန်တော်တဲ့ သူငယ်ပါကွယ်၊ စာရင်း လည်းနိုင်တယ်၊ အလုပ်လည်းတော်တယ်၊ သစ္စာလည်းရှိတယ်၊ မင်းရှာပေးတဲ့လူဟာ လူကောင်းတစ်ယောက်ပဲ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ဒီလိုဆိုလည်း လခတိုးပေးလိုက်ပေါ့ အမေရယ်"

ဟု ပြောရာ ၎င်း၏မိခင်က

"မင်းပြောဖို့မလိုပါဘူး။ အမေက တိုးပေးပြီးသားပါ၊ ဒီလူက ပွဲရုံအလုပ်တင် မဟုတ်ဘူး၊ အမေ့ရဲ့ ကိစ္စအဝဝကိုပါ ဝိုင်းပြီး လုပ်ပေးတယ်၊ အမေက ခက်ကြောတက်တယ် မဟုတ်လား၊ တစ်နေ့က သူနှိပ်ပေးမယ်ဆိုပြီး နှိပ်ပေးလိုက်တာ တခါတည်းကို ပျောက်သွားတော့တာပဲ၊ ပွဲရုံမှာလည်း အမေ့ကိုအိပ်နိုင်းပြီး သူပဲ အလုပ်လုပ်တော့တာ။ မောင်အချောကို ရတာဟာ ငါ့မှာ သားတစ်ယောက် တိုးလာသလိုပါပဲ၊ တစ်ခုတော့ရှိတယ်၊ ဒီ ကောင်က ဘာကျွေးကျွေး မစားဘူးကွယ်"

ဟု ပြောလိုက်ရာ စိန်မြသာက

"သူ လမ်းက စားလာခဲ့လို့နေမှာပေါ့ အမေရယ်"

ဟု ပြောလိုက်လေ၏။

"ဒီမှာ သားရဲ့၊ မောင်ဘချောနဲ့အမေနဲ့ ပွဲရုံမှာအတူနေတဲ့ နှ...
က များတယ်၊ အခုသူနဲ့အလုပ်လုပ်တာပဲ နှစ်လရှိပြီ၊ ဒီလေ...
တာ အပေါ်လဲ မသွားဘူး၊ အလေးလဲ မသွားဘူး၊ အိမ်...
တက်တာကို တစ်ခါမှမတွေ့ဘူး၊ သူ့ကိုကြည့်ရတာ လူနဲ့မတူ...
စက်ရုပ်နဲ့ တူတယ်"

ဟု ၎င်း၏မိခင်က ပြောလိုက်လျှင် စိန်မြသာက ပြုံးလိုက်လေ၏၊

"စက်ရုပ်ဆိုတော့ ကောင်းတာပေါ့ အမေရယ်၊ လောဘ၊ ဒေါ...
မောဟ မရှိဘူးပေါ့၊ ကိလေသာလည်း မရှိဘူးပေါ့"

ဟု ပြောလိုက်ရာ ၎င်း၏မိခင်က

"နင့်မှာရော လောဘ၊ ဒေါသ၊ မောဟတွေ၊ ကိလေသာ...
ရှိသလား"

ဟု မေးလိုက်လေ၏။ ထိုအခါ စိန်မြသာက

"ကျွန်တော်က စက်ရုပ်မှမဟုတ်ပဲ အမေရယ် ရှိတာပေါ့၊ ဒါ...
ရှိမှလည်း ပြည့်စုံမှာပေါ့"

ဟု ပြောလိုက်ရာ

"နင်ကတော့ ပြောင်းပြန်ပြောနေပြီသားရဲ့၊ အမေတို့ကို သ...
ဆရာကတော့ လောဘတွေ၊ မောဟတွေ၊ ကိလေသာ...
ကင်းအောင် လုပ်နိုင်းနေတာ၊ မင်းက ဘယ့်နှယ်လုပ် ...



ရှိရင်ကောင်းတယ်လို့ ပြောနေရတာတုန်း"

ဟု ၎င်း၏မိခင်က ပြန်၍ပြောလိုက်လေ၏၊ စိန်မြသာလည်း ပြုံး...
...က်လေ၏။ ထိုသို့ပြုံးပြီးလျှင်

"ဒါ့ဒီ အမေတို့ ဆရာရော လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊
ကိလေသာတွေ ကင်းပြီလား၊ ကင်းပြီဆိုရင်တော့ သူ့ကိုလည်း
အမေ့ပွဲရုံမှာ ခေါ်ထားလိုက်၊ ပြီးတော့ မောင်ဘချောနဲ့အတူ
တွဲပေးထားလိုက်၊ သူလည်း စက်ရုပ်ဖြစ်သွားပြီပေါ့"

ဟု စိန်မြသာက ပြောလိုက်လျှင် ၎င်း၏မိခင်က

"ဟဲ့ကောင်လေး . . . နင်ကတော့ အဝီစိရောက်တော့မယ်"

ဟု ပြောလိုက်ရာ စိန်မြသာက

"ဘယ်ကလာ အဝီစိရောက်ရမှာလဲ အမေရဲ့၊ ကျွန်တော် အခု
သွားမှာက ကန်တော်ကြီးစောင်းကိုပါ"

ဟု ပြောကာ တဟားဟားရယ်ရင်း ထွက်လာခဲ့လေတော့သတည်း။






# မောင်ဘချောပြောသော စကားများ

စိန်မြသာသည် ကန်တော်ကြီးစောင်းတွင် စာဖတ်နေ၏၊ နေလယ် နေ့ကို တိုးသောအခါ၌ အိမ်သို့မပြန်ပဲ ပွဲရုံသို့ သွားလေ၏၊ ပွဲရုံသို့ က်လျှင် ၎င်း၏ဝိခင်ကြီးသည် ဆန်စက်သို့ ငွေရှင်းရန်ထွက်သွား င်း သိရ၏၊ မောင်ဘချောသာလျှင် ဆန်အိတ်များကို ရှင်း နေသည်ကို တွေ့ရ၏၊ မောင်ဘချောသည် စိန်မြသာကို တွေ့

"ဘယ်လိုလည်း ကိုစိန်မြသာရဲ့ ခင်ဗျားရေးတဲ့ ဝတ္ထုတွေကဖြင့် ကောင်းပါလေ့ဗျား ပရိတ်သတ်တွေကလည်း ကြိုက်လိုက်တာ မပြောပါနဲ့တော့၊ ကျွန်တော်နေတဲ့ အိမ်နားက မိန်းမကြီးကဆိုရင် ခင်ဗျားရေးတဲ့ 'သရက်ခါး' ဆိုတဲ့ ဝတ္ထုကိုဖတ်ပြီး ငိုနေလိုက်တာ

ဗျာ၊ ကျွန်ုပ်က အဲ့ဒါနဲ့ 'ဒီလူချည်လားလို့' မေးလိုက်တော့ သူက 'ရွာဦးဘုန်းကြီး ပုံလွန်တော်မူတုန်းက တစ်ခါ၊ သရက်ခါး တွေ့ ဖတ်ပြီးတော့ တစ်ခါ သူ့ဘဝမှာ အကြီးအကျယ် နှစ်ခါငိုဖူးတယ်' တဲ့၊ ကျွန်ုပ်လည်း အဲဒါနဲ့ ယူပြီး ဖတ်ကြည့်တယ်၊ ကျွန်ုပ်လက်က ကို ချမရ ဖြစ်လာတယ်၊ အတော့်ကို စာရေးကောင်းတာပဲ"

ဟု ချီးမွမ်းလိုက်ရာ စိန်မြသာသည် သဘောကျသွားလေ၏။ ထို့နောက် ရင်းတို့နှစ်ဦးသည် တွေ့ရာလေးပါး စကားများ ပြောနေကြလေ၏။ မောင်ဘခွားသည် 'ရွှေမြန်မာ' လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်ကို သုံး ခရောက်ဝယ်ယူပြီးလျှင် စိန်မြသာအား တိုက်လေ၏။ ထိုအခါ စိန်မြသာက

"ကိုဘခွား ကျွန်ုပ်အမေက ခင်ဗျားအကြောင်းကို ပြောတယ်ဗျ ခင်ဗျားဟာ ဘာမှလည်းမစားဘူး၊ ဘာမှလည်း မသောက်ဘူးတဲ့ အိမ်သာတက်တာကိုလည်း မတွေ့ရဘူးတဲ့"

ဟု ပြောလျှင်မောင်ဘခွားက ရယ်လေ၏။

"ဒီလိုရှိတယ် ကိုစိန်မြသာရယ်၊ ကျွန်ုပ်က ဇီဝွဲ့ရွာကို မလာခင် လမ်းမှာ စားလာခဲ့တာဗျ၊ အဲဒီတော့ အမေကြီး ကျွေးတာကို ဘယ်စားမလဲဗျာ၊ ပြီးတော့ လူကြီးနဲ့အတူ နေရတာဆိုတော့ ကျွန်ုပ်က အိမ်သာတွေ ဘာတွေ တက်နေတော့ ဘယ်သင့်တော်မလဲဗျ၊ အဲဒီတော့ ကျွန်ုပ်က ကျွန်ုပ်ရဲ့ကိစ္စတွေကို တခြားမှာသွားပြီး ဖြေရှင်းတယ်ဗျ၊ ဒီမှာ မလုပ်ဘူး"





ဟု မောင်ဘခွားက ပြောလိုက်လျှင် စိန်မြသာက

"အဲ့ဒီလို ဖြစ်မှာပါပဲ၊ အမေပြောပုံက ဒီလို မဟုတ်ဘူးဗျို့၊ ခင်ဗျားကို တကယ့်ကို လူထူးလူဆန်းကြီးလို့ ပြောနေတာဗျ"

ဟု ပြောလိုက်လျှင် မောင်ဘခွားက

"ကျွန်ုပ်ဟာ လူပဲဗျာ၊ အစားအိမ် ရှိတာပေါ့၊ အစားအိမ်ရှိရင် စားမယ်၊ သောက်မယ်၊ ယိုမယ်၊ ပေါက်မယ်ပေါ့ဗျာ၊ ဘယ်လိုလုပ်ပြီး မစား မသောက်၊ မယို၊ မပေါက် နေရမှာတုန်း ကိုစိန်မြသာရဲ့"

ဟု ပြောလိုက်လျှင် စိန်မြသာက ရယ်လေ၏။

"အခု ကျွန်ုပ်ကို ရှင်းပြသလို ကျွန်ုပ်အမေကို ရှင်းပြလိုက်စမ်းပါဗျာ၊ တစ်ခုတော့ ပြောရဦးမယ် ကိုဘခွားရေ့၊ ကျွန်ုပ်အမေက ခင်ဗျားကို သူ့သားလို့ သတ်မှတ်နေတာနော်၊ သူ့မှာ သားနှစ်ယောက် ရှိနေပြီလို့တောင် ပြောနေတာ၊ အဖွားကြီးကို ဂရုစိုက်လိုက်ပါဗျာ"

ဟု ပြောလိုက်လျှင် မောင်ဘခွားက

"ကျွန် ဒီမှာ အလုပ်လုပ်နေတာဟာ ပွဲရုံအလုပ်ပါ မကဘူးဗျ အမေကြီးရဲ့ ဝေယျာဝစ္စတွေကိုပါ ခင်ဗျားကိုယ်စား လုပ်ပေးနေတယ်ဆိုတာကို ယုံကြည်ပါ ကိုစိန်မြသာရယ်"

ဟု ပြောလေ၏။ ထိုအခါ စိန်မြသာသည် ကိုဘခွား၏ စကားကို လွန်စွာ သဘောကျသွားပြီးလျှင်

"ကျေးဇူးတင်လိုက်တာ ကိုဘချော ရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုဘချောက

"ခင်ဗျား အမေကြီးအတွက်လည်း ဘာမှမပူနဲ့ ပွဲခွံအတွက်လည်း ဘာမှမပူနဲ့၊ ကျုပ်တစ်ယောက်လုံး ရှိတယ်၊ ခင်ဗျား အလု... စာတွေ များများရေးဖို့ပဲ၊ အခုအချိန်မှာတော့ ခင်ဗျားက ... တွေကို ရေးနေတာ၊ နောင်ကြာလာတဲ့အချိန်မှာ ဝတ္ထုတေ... ဝတ္ထုတွေကို ရေးသွားလိမ့်မယ်၊ ဒီထက် ကြာလာတဲ့အခါ... ဝတ္ထုဆိုတာ မရှိတော့ဘူး၊ ရေးတာကနေ ရေးစရာတွေကို ... သွားလိမ့်မယ်၊ အဲဒီအခါမှာ စိန်မြသာဆိုတဲ့ပုဂ္ဂိုလ် သ... မပါတော့ဘူး၊ ဝတ္ထုဆိုတဲ့ ပညတ်တွေလည်း ပျောက်သွားလိမ့်... ရေးတာကနေ ရေးစရာတွေကို ရေးသွားလိမ့်မယ်"

ဟု ပြောလိုက်လျှင် စိန်မြသာသည် တွေ့ချွေသွားလေ၏။ ထို့နော...

"ကိုဘချော ပြောတာကို ကျွန်တော် သဘောမပေါက်ဘူး"

ဟု ပြောလိုက်လျှင် မောင်ဘချောက ရယ်လေ၏။

"ခင်ဗျား သဘောပေါက်အောင် ကျုပ် မပြောတတ်ဘူး၊ ဒါ... မယ့် အကြံပေးချင်တယ်၊ စာတွေကို အလွတ်မှ မရေးပါနဲ့ ... ရေးခင်မှာ ဗလာဟင်းလင်းဖြစ်တဲ့ စိတ်ကလေးနဲ့ ငြိမ်ငြိမ်က... ထိုင်ပြီးမှ အတွေးအကြံမဲ့ထဲက ပေါ်လာတဲ့အရာတွေကို ... ချလိုက်ပါ၊ ကောင်းအောင်ဆိုပြီး စေတနာကောင်းလည်း မ...





နဲ့၊ ဆိုးအောင်ဆိုပြီး စေတနာဆိုးလည်း မထည့်နဲ့၊ လူတွေ ကြိုက်အောင်ဆိုပြီးလည်း မကြိုးပမ်းနဲ့၊ မကြိုက်အောင် ဆိုပြီး လည်း မကြိုးပမ်းနဲ့၊ ကောင်း၊ ဆိုး၊ ကြိုက်၊ မကြိုက်တွေကနေ လွတ်အောင်နေပြီး ရေးပါ၊ ဒါလည်း ကျွန်ုပ်ကအကြံပေးတာပါ၊ တတ်လို့ပြောတာ မဟုတ်ပါဘူး"

ဟု မောင်ဘချောက ပြောလိုက်လျှင် စိန်မြသာက

"စာမရေးခင်မှာ ဗလာဟင်းလင်းစိတ်နဲ့ ခဏလေး ထိုင်ရမယ် ဆိုတာ ဘယ်လိုလုပ်ရမှာလဲ"

ဟု မေးလိုက်ရာ မောင်ဘချောက

"ခင်ဗျားအလုပ်က ထိုင်ရုံသက်သက်ပဲရှိတယ်၊ အဲဒီလို ထိုင်နေ တာပေမယ့်လည်း အဲဒါကို အလုပ်တစ်ခုလို သဘောမထားနဲ့၊ ပြီးတော့ ဘာကိုမှလည်း မတွေးနဲ့၊ တွေးတာဟာ အလုပ်ဖြစ်သွား လိမ့်မယ်၊ မတွေးပဲ ပေါ်လာတာတွေကိုလည်း ဖျောက်မပစ်နဲ့၊ ဖျောက်တာဟာ အလုပ်ဖြစ်သွားလိမ့်မယ်၊ ကျုပ်ဆိုလိုတာက ဘာမှမလုပ်တဲ့ အလုပ်ပေါ့ဗျာ၊ အဲဒါကို ခင်ဗျားကို လုပ်နိုင်းတာ၊ အဲဒီလို ငြိမ်ငြိမ်လေးထိုင်ပြီးတော့မှ စာရေးပါဗျာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ စိန်မြသာက

"ကိုဘချော ပြောတာကို ကျွန်တော် နားမလည်ဘူး"

ဟု ပြောလိုက်လျှင် မောင်ဘချောက

"ကျွန်တော် ခင်ဗျားနားလည်အောင် ပြောမပြတတ်ဘူး။ မှ
မှန်ဆိုတာ ခင်ဗျားကိုယ်တိုင် လုပ်ကြည့်ပါ"

ဟု ပြောလိုက်လျှင် စိန်မြသာက ပြုံးလိုက်လေ၏။ ထို့နောက်
မြသာက

"တော်တော်ခက်တယ် ကိုဘဒျော ကျွန်ုပ်ဖြင့် ဘယ်လို သ
ပေါက်ရမှန်းတောင် မသိပါဘူး"

ဟု ပြောလိုက်ရာမောင်ဘဒျောက

"ဒါက ဒီလိုရှိတယ် ကိုစိန်မြသာ၊ လူတိုင်းလောက်နီးနီးဟာ မှ
ကြည့်တတ် ကြပါတယ်၊ ဒါပေမယ့် မှန်က ကိုယ့်ကို ပြန်
တယ်ဆိုတာ လူတိုင်းလောက်နီးနီး မသိကြပါဘူး၊ အဲ့ဒီလို မှ
လည်း ကိုယ့်ကို ပြန်ကြည့်ပါတယ်လို့ ပြောရင်ပြောတဲ့
အရူးလို့တောင် ပြောမယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက

"အခု နောက်ဆုံးပြောတဲ့ဟာ အရှုပ်ဆုံးပဲ ကျွန်ုပ်ဖြင့် နား
မလည်ဘူး"

ဟု ပြောလိုက်လျှင် မောင်ဘဒျောက

"ခင်ဗျား နားလည်အောင် ကျွန်ုပ်မပြောပြတတ်ဘူး၊ တစ်ခု
ရှိပါတယ် ကိုစိန်မြသာ၊ လကို မမြင်ဖူးလို့ လိုက်ပြမယ်
ပူဆာတဲ့ လူတစ်ယောက်ကို လကိုမြင်ဖူးတဲ့လူက လဆိုတာ





ကျွန်ုပ်ညွှန်ပြမယ်၊ ကောင်းကင်မှာကြည့်ဆိုပြီး လက်ညှိုးနဲ့ညွှန်ပြတယ်၊
လကို မမြင်ဖူးတဲ့လူက အဲ့ဒီညွှန်ပြတဲ့ လက်ညှိုးကို ကြည့်တယ်၊
လကို မကြည့်ဘူး၊ အဲ့ဒီတော့လဟာ လက်ညှိုးနဲ့တူတယ်လို့ သူက
ဆုံးဖြတ်တယ်၊ အမှန်က ညွှန်ပြရာနဲ့ ညွှန်ပြတာဆိုတာ နှစ်ခု
ရှိတယ်၊ ညွှန်ပြရာကို ကြည့်ရမယ်၊ ညွှန်ပြတာကို ကြည့်ရင်
တော့ အမှန်ကိုမမြင်ရဘူး၊ လက်ညှိုးကိုပဲ မြင်ရမယ်၊ လက်
ညှိုးဟာ လမဟုတ်ဘူး၊ လကိုမြင်အောင် ညွှန်ပြတဲ့အရာပဲဖြစ်
တယ်၊ တစ်ချို့တွေဟာ အပင်ပန်းခံပြီး လုပ်နေပါလျှက်နဲ့ လမ်း
ပျောက် နေသလိုပေါ့ ဒီနားကတင်ပြီး ပျောက်နေတယ်၊ ညွှန်ရာ
နဲ့ ညွှန်တာကို နားမလည်ကြဘူး၊ အဲ့ဒါ နားလည်အောင်
ကျွန်ုပ်လည်း ပြောမပြတတ်ဘူး"

ဟု ပြောလိုက်လျှင် စိန်မြသာသည် ခေါင်းကို တဖြင်းဖြင်း ကုတ်
လိုက်လေတော့၏။ ထို့နောက်

"ကိုဘဒျောနဲ့ စကားဆက်ပြောရရင် ကျွန်ုပ်ခေါင်းက ဆံပင်တွေ
ကြွေလာလိမ့်မယ်"

ဟု ပြောလိုက်ရာ မောင်ဘဒျောက

"ဆံပင်တွေ မကြွေပါနဲ့ဦး ကိုစိန်မြသာ၊ ဆံပင်မကြွေခင်မှာ အမှန်
ကို သိအောင်လုပ်၊ ဆံပင်ကြွေတဲ့အထိ အမှန်ကိုမသိဘူးဆိုရင်
တော့ လောကီထုပ္ပတ် လူ့ဘဝမှာ လူအဖြစ်ကဖြစ်ရတာ အနှ
ပေါ်သွားလိမ့်မယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက

"အခု ခင်ဗျား ပြောတာကိုလည်း ကျွန်မနားမလည်ဘူး"

ဟု ပြောလိုက်ပြန်ရာ မောင်ဘချောကပြုံး၍

"နားမလည်ဘူး ဆိုတာရယ်၊ နားလည်တယ် ဆိုတာရယ်ဟာ နှစ်ခု မဟုတ်ဘူးဗျ၊ တစ်ခုထဲ၊ တစ်ခုတည်းသော ဒင်္ဂါးပြားရဲ့ ဟိုဘက် မျက်နှာ၊ ဒီဘက် မျက်နှာပဲ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"အခု ခင်ဗျားပြောတာကို ပိုပြီးတော့တောင် နားမလည်သေးတယ်"

ဟု ပြောလိုက်လျှင် မောင်ဘချောက

"ရေဆူတာနဲ့ ရေခဲသွားတာဟာ၊ အပူအအေးပဲဗျ၊ ဒါပေမယ့် သာမိုမီတာက နှစ်ခုမဟုတ်ဘူးနော်၊ တစ်ခုတည်းသော သာမိုမီတာရဲ့ ပြချက်တွေပဲ၊ ပူတာနဲ့ အေးတာမတူဘူးဆိုတာတော့ မှန်တယ်၊ ဒါပေမယ့် သာမိုမီတာတစ်ခုထဲမှာ ဖြစ်နေတာ မခြားနားဘူး၊ မသိဘူးဆိုတာနဲ့ သိတယ်ဆိုတာလည်း တစ်ခုတည်းသော သာမိုမီတာရဲ့ ပြကွက်တွေပဲ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ကိုဘချောရေ၊ ကျွန်တော်ဖြင့် နားမလည်ပေါင်ဗျာ"



ဟု ပြောလိုက်လျှင် မောင်ဘချောက

"နားမလည်ဘူးတို့ မသိဘူးတို့ဆိုတဲ့ စကားတွေဟာ အပြောမှာ လွယ်တယ်ဗျ၊ ဒါပေမယ့် အဓိပ္ပါယ်က သိပ်ပြီးနက်ရှိုင်းတယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ကျွန်တော့ ပြန်မှ တော်ရောမယ်၊ ကြာကြာနေရင် ပိုပြီး ဆိုး သွားမယ်"

ဟု ဆိုကာ စိန်မြသာလည်း မောင်ဘချောအား နှုတ်ဆက်၍ ပြန်သွားလေတော့၏။ အိမ်သို့ရောက်လျှင် စာရေးရန် ကြံ၏၊ သို့ရာတွင် စာမရေးနိုင်တော့ပေ၊ မောင်ဘချော ပြောလိုက်သော စကားများသည် နားထဲတွင် လာရောက် ကြားယောင်နေလေ၏၊ ထို့ကြောင့် စိန်မြသာသည် စာမရေးသေးပဲ ကြမ်းပြင်ပေါ်တွင် ဖျာကလေးခင်း၍ တင်ပလ္လင်ခွေထိုင်ကာ မျက်စိကိုမှိတ်၍ ငြိမ် ငြိမ်ကလေး ထိုင်နေလိုက်လေတော့၏။ ထိုသို့ ငြိမ်ငြိမ်ထိုင် လိုက်မှပင် ယောက်ယက်ခတ်နေသော သူ၏စိတ်ကလေးသည် လည်း တစ်စတစ်စ ငြိမ်၍ကျသွားလေ၏။ သူသည် မိနစ်အနည်း ငယ် ငြိမ်ပြီးနောက် ထိုင်ရာမှထလိုက်လေ၏၊ ထို့နောက် မကြေ နပ်သေးပဲ ပြန်၍ထိုင်လိုက် ပြန်လေ၏၊ ထိုသို့ ထိုင်လိုက်သော အခါ၌ အစပထမကကဲ့သို့ ယောက်ယက်ခတ်မှုများ သိပ်မရှိ တော့ပဲ ထိုင်လိုက်သည်နှင့် ငြိမ်၍သွား၏။ မငြိမ်မှို၌ မောင်ဘ

ချော၏ စကားများကိုပြန်၍ ကြားနေလေ၏၊ ထို့နောက် ထို အသံများ ပျောက်သွား၏၊ ထို့နောက် ဗလာဟင်းလင်းထဲတွင် သူ၏စိတ်သည် မျောနေလေ၏၊ အတန်ကြာပြီးနောက် အတွေး အတားမဲ့ ဖြစ်သွား၏၊ ထို့နောက်သူသည် ထိုင်ရာမှ ထလိုက်၏၊ ပြီးလျှင် ပွဲရုံသို့တစ်ခေါက် ပြန်လာခဲ့၏၊ မောင်ဘချောသည် တံမြက်စည်း လှည်းနေ၏၊ သူ၏ဖိခင်ကြီးသည် ပွဲရုံသို့ ပြန် မရောက်သေးပေ၊ စိန်မြသာသည် မောင်ဘချောကို မြင်လျှင်

"ကိုဘချောရေ့ . . ခင်ဗျားက ကျွန်ုပ်ကို ပြောလိုက်တာကတော့ တစ်ကြိမ်ပဲ၊ ဒါပေမဲ့ ကျွန်ုပ်နားထဲမှာ အကြိမ်ကြိမ် ကြားနေရ တယ်၊ ကျွန်ုပ်ဟာ ခင်ဗျားပြောသလို ဒီကပြန်သွားပြီးတော့ ငြိမ် ငြိမ်ကလေး ထိုင်ကြည့်တယ်၊ ခင်ဗျားရဲ့ စကားသံတွေ ကြား နေရတယ်"

ဟု ပြောလိုက်လျှင် မောင်ဘချောက

"ဒီလိုရှိတယ် ကိုစိန်မြသာ၊ ကျွန်ုပ်က တစ်ကြိမ်ပဲ ပြောတယ်၊ ခင်ဗျားက အကြိမ်ကြိမ်ပြန်ပြီး ကြားနေရတယ် ဟုတ်လား၊ အမှန်က အဲဒီလိုဖြစ်တာထက် ကျွန်ုပ်က တစ်ကြိမ်မှ မပြော၊ ခင်ဗျားက ကြားရမှာ၊ အဲဒီလိုကြားရရင် ခင်ဗျားဟာ တိတ်ဆိတ် သောအသံကို နားထောင်တတ်ပြီ ဖြစ်ပေတော့"

ဟု ပြောလိုက်လေ၏၊ စိန်မြသာသည် မောင်ဘချောပြောသည့် တိတ်



ဆိတ်သောအသံဆိုသည့် စကားကို အထပ်ထပ်အခါခါ စဉ်းစားမိ လေ၏၊ အသံဆိုသည်မှာ တိတ်ဆိတ်ခြင်းမရှိ၊ တိတ်ဆိတ်ခြင်းမရှိ သည့် အရာကိုပင် အသံဟုခေါ်သည် မဟုတ်ပါလား၊ ယခုအခါ မောင်ဘချောသည် အသံကို တိတ်ဆိတ်ခြင်းနှင့် တပေါင်းတစည်း တည်း ပြောလိုက်ပြီဖြစ်၏၊ ထိုအသံသည် တိတ်ဆိတ်သောအသံဟု ဆို၏၊ တိတ်ဆိတ်ခြင်းသည် မည်သို့မည်ပုံ အသံဖြစ်နိုင်သနည်းဟု တွေးရင်း ကန်တော်ကြီးစောင်းဘက်ဆီသို့ ထွက်လာခဲ့၏၊ အချိန် မှာ နေဝင်စပြုနေပြီဖြစ်၏၊ ထို့ကြောင့် နီရဲသော ကောင်းကင်မြင် ၏ အရောင်သည် ကန်ရေပြင်တွင် ထင်ဟပ်နေ၏၊ စိန်မြသာသည် ကန်ရေပြင်ကို တစ်လှည့်၊ မိုးကောင်းကင်ကိုတစ်လှည့် ကြည့်ရင်း ထိုင်နေကျ ထိုင်ခုံလေးဆီသို့ လျှောက်လာခဲ့၏၊ ထိုနေရာသို့ရောက် လျှင် အန်ကယ်ဆင်မြူရယ်ကို တွေ့ရလေတော့၏၊ စိန်မြသာသည် လွယ်အိတ်အတွင်းသို့ လက်ဖြင့်နှိုက်၍ မောင်းချမ်းကို စမ်းလိုက်လေ တော့၏၊ အန်ကယ်ဆင်မြူရယ်ကလည်း သူ၏ ကုတ်အင်္ကျီအိတ် တွင်းသို့ လက်ကိုနှိုက်၍ တစ်စုံတစ်ခုကို စမ်းလိုက်လေ၏၊ စိန်မြ သာသည် မောင်းချမ်းကိုနှိုက်ရင်း လက်ကို တဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်၏၊ အန်ကယ်ဆင်မြူရယ်ကလည်း သူ့ကုတ်အင်္ကျီအိတ် တွင်းမှလက်ကို တဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်၏၊ စိန်မြသာ၏ လက်တွင်း၌ မောင်းချမ်း ပါလာ၏၊ အန်ကယ်ဆင်မြူရယ်၏ လက်တွင်း၌လည်း ပိုးလက်ကိုင်ပဝါ အနီကလေးတစ်ထည် ပါလာ၏၊ ထို့နောက် အန်ကယ်ဆင်မြူရယ်က...

"ဘယ်လိုလဲ စိန်မြသာ၊ ငါ့ဘောကို မောင်းချခဲနဲ့ ပေါက်ပြီး မလှီလား"

ဟု ပြောလိုက်ချိန်၌မှာပင် စိန်မြသာသည် မောင်းချခဲကို ပွင့်၍ 'ဒေါက်'ကနဲ ပေါက်လိုက်၏။ အန်ကယ်ဆင်မြူရယ်၏ ထိုင်ခုံနောက် မှီတန်းတွင် မောင်းချခဲသည် သွား၍စိုက်၏။ မောင်းချခဲသည် စိုက်ပြီးနောက် ခါနေ၏။ အန်ကယ်ဆင်မြူရယ်သည် မောင်းချခဲကို ဆွဲ၍နှုတ်ပြီးနောက် မောင်းချခဲ၏ နောက်ပြီးရှိ သံကွင်းတွင် လက် ကိုင်ပဝါအနီကလေးကို ချည်ပေးလိုက်လေ၏။ ပြီးလျှင် မောင်းချခဲ ကို စိန်မြသာဖက်သို့ လှမ်းပေးလိုက်၏။ စိန်မြသာလည်း မောင်းချ ခဲကိုယူ၍ အိမ်သို့ပြန်လာ၏။ လမ်းတွင် လက်ကိုင်ပဝါလေးကို ဖြုတ်၍ ဖြန့်ကြည့်၏။ လက်ကိုင်ပဝါလေးပေါ်တွင် အရွတ်မှင်တောင် ဖြင့် ရေးထားသော အောက်ပါ ဖြန့်မာစာကို တွေ့ရလေ၏။

> "လက်ကိုင်ပဝါလေးက လှပါတယ်၊
> မောင်းချခဲလေးက ပိုပြီးလှသေးတယ်၊
> တစ်နေ့မှာ မင်းကို ကောင်းကောင်းကြီး
> သင်ကြားပေးလိမ့်မယ်၊
> မင်းတတ်မြောက်သွားတဲ့ အခါမှာ
> လက်ကိုင်ပဝါလေးလည်း မပါပါဘူး၊
> မောင်းချခဲလေးလည်း မပါပါဘူး"



သူသည် ထိုလက်ကိုင်ပဝါလေးမှ စာကို ထပ်၍ ဖတ်ကြည့်၏။ အိမ်သို့ ရောက်သောအခါ၌ ပထမရရှိခဲ့သော လက်ကိုင်ပဝါလေး နှင့်အတူ ချည်နှောင်၍ ခေါင်းအုံးအောက်သို့ ထိုးသွင်းလိုက်၏။ ထို့နောက် စိန်မြသာ၏ စိတ်၌

"ဘာတွေဖြစ်နေတာလည်းတော့ မသိဘူး၊ မာစတာလားရေား ရယ်၊ ဦးလှမေရယ်၊ မောင်ဘချောရယ်၊ အန်ကယ် ဆင်မြူရယ် ရယ်၊ ပြီးတော့ ငါရယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ စဉ်းစား ကြည့်ရတာကတော့ အန်ကယ်ဆင်မြူရယ်ဟာ ငါ့ရဲ့ရန်သူတော့ မဟုတ်တန်ပေဘူး၊ ဒီတစ်ခါ သူနဲ့တွေ့ရင်တော့ ပုံစံပြောင်းပြီး ဆက်ဆံရမယ်"

ဟု ဆုံးဖြတ်လိုက်လေ၏။ စိန်မြသာသည် စာများကိုဆက်၍ ရေး နေ၏။ ဝတ္ထုများကိုလည်း အဆက်မပြတ် ရေးနေ၏။ နောက်ပိုင်း ထွက်သော ဝတ္ထုသုံးပုဒ်အနက် 'အလိမ်' ဟူသော ဝတ္ထုမှာ လူကြိုက် အများဆုံး ဖြစ်နေ၏။ ထိုဝတ္ထုမှာ လူလိမ်တစ်ယောက်သည် သူ တစ်ပါးကိုလိမ်ရင်းနှင့် နောက်ဆုံးတွင် မိမိကိုယ်တိုင် ထွက်ပေါက် ပိတ်ကာ အလိမ်မိသွားပုံကို ဇာတ်ကွက်ဆင်၍ ရေးသားထားသော ဝတ္ထုဖြစ်၏။

သူသည် ထိုဝတ္ထုအတွက် စာမူခ မြက်မြက်ကလေးရလိုက်၏။ နာမည်ကြီး ရုပ်ရှင်ကုမ္ပဏီတစ်ခုက ထိုဝတ္ထုကို ရုပ်ရှင်ရိုက်ရန် အတွက် ဝယ်ယူခဲ့လေ၏။ သို့ရာတွင် စိန်မြသာသည် သူ၏ ဝတ္ထု

ပျက်သွားမည်စိုးသဖြင့် မရောင်းဟုငြင်းဆိုလိုက်၏။ ထိုသို့ ငြင်းဆို လိုက်သောကြောင့်ပင် ဝတ္ထုသည် ပို၍နာမည်ကြီး သွားပြန်လေ၏။ စိန်မြသာ၏ နာမည်သည် စာပေလောကၾ လွှမ်းမိုးထင်ရှားနေပြီ ဖြစ်၏။ စာရေးဆရာစိန်မြသာထံသို့ စာဖတ်ပရိတ်သတ်များထံမှ လည်း မိတ်ဆက်စာများ တဖွဲဖွဲရောက်နေပြီဖြစ်၏။ သို့ရာတွင် စိန်မြသာသည် ထိုလူများထံသို့ စာမပြန်ခဲ့ပေ။ သို့ရာတွင် ထိုလူများ၏ စာတိုမှ အလေးအနက် ဖတ်ရှုလေ၏။ ထိုသို့ ဖတ်ရှုပြီးနောက် ထိုစာများနှင့် ပတ်သက်၍ သူ၏ သဘောထားကို ထုတ်ဖော်သော ဝတ္ထုရှည်တစ်ပုဒ်ကို ရေးလေ၏။ ထိုဝတ္ထု၏ အမည်မှာ 'ပြန်စာ'ဟူ၍ ဖြစ်၏။ ပြန်စာဝတ္ထုနှင့် ပတ်သက်၍ စာပေလောကတွင် ဟောက် ခိုက်သွား၏။

သူ၏ ပြန်စာဝတ္ထုနှင့် ပတ်သက်၍ လူတယောက်သည် ကောင်း သည်ဟု ဝေဖန်ရေးဆောင်းပါးတစ်ပုဒ်နှင့် ထောက်ခံ၏။ အခြားသူ တစ်ဦးကမူ မကောင်းဟု ဝေဖန်ရေးဆောင်းပါးတစ်ပုဒ်နှင့် ပက်ပက် စက်စက် ဝေဖန်၏။ ထိုဆောင်းပါးများသည် မဂ္ဂဇင်းတစ်စောင် တွင် ပါလာ၏။ သူသည် ထိုဆောင်းပါးများပါသော မဂ္ဂဇင်း စာအုပ် နှစ်အုပ်ကိုယူ၍ ပွဲရုံသို့ထွက်လာခဲ့၏။ ပွဲရုံသို့ရောက်လျှင် ထို ဆောင်းပါးနှစ်ပုဒ်ကို မောင်ဘချောအား ဖတ်ခိုင်း၏။ မောင်ဘချော လည်း ထိုဆောင်းပါးနှစ်ပုဒ်စလုံးကို စိန်မြသာ ကြားသည်အထိ အသံထွက်၍ ဖတ်လေ၏။ ထို့နောက် မောင်ဘချောက





"ကဲ. . . ကိုစိန်မြသာ. . . တစ်ခုက ကောင်းတယ်တဲ့၊ တစ်ခုက မကောင်းဘူးတဲ့၊ ခင်ဗျားဘယ်လို သဘောရသလဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"ဘယ်လို သဘောထားတယ်လို့ ပြောရမှာ ခပ်ခက်ခက်ပဲ၊ အဲ့ဒါကြောင့် ကိုယ့်လူဆီကို ထွက်လာခဲ့တာ"

ဟု ပြောလျှင် မောင်ဘချောက

"ချိန်ခွင်ကို ကြည့်ဗျ ချိန်ခွင်ဟာ အလေးထည့်ထားတဲ့ဖက်ရယ်၊ ကုန်ပစ္စည်း ထည့်ထားတဲ့ဖက်ရယ်၊ နှစ်ဖက်ရှိတယ် မဟုတ်လား၊ အလေးထည့်ထားတဲ့ ဖက်ကိုလည်း ခင်ဗျားမပါနဲ့၊ ကုန်စည် ထည့်ထားတဲ့ ဖက်ကိုလည်း ခင်ဗျားမပါနဲ့ အလေးထည့်တဲ့ ဖက်က လေးသွားလို့လည်း မဖြစ်ဘူး၊ ကုန်ပစ္စည်းထည့်တဲ့ဖက် က လေးသွားလို့လည်း မဖြစ်ဘူး၊ အမှန်ဆိုတာလည်း အဲ့ဒီချိန်ခွင် နှစ်ဖက်စလုံးမှာ မရှိဘူး၊ အဲ့ဒီချိန်ခွင်ရဲ့ အပြင်ဖက်မှာ ရှိနေတာ၊ အလေးထည့်တဲ့ဖက်နဲ့ ကုန်ပစ္စည်းထည့်တဲ့ဖက်မှာ အမှန်ဟာ တည်မနေဘူး၊ အမှန်ဟာ အဲ့ဒီချိန်ခွင်နှစ်ခုရဲ့ အပြင်ဖက် ဘောင်တန်းပေါ်မှာ ရှိနေတယ်၊ အဲ့ဒီနှင်ဂုဝင်းနဲ့ ခင်ဗျားနဲ့ လွတ်အောင် နေရမယ်၊ ကောင်းတယ်ဆိုလို့လည်း မြောက်မ သွားနဲ့၊ မကောင်းဘူး ဆိုလို့လည်း ကျမသွားနဲ့၊ အဲ့ဒီအရာ နှစ်ခုစလုံးနဲ့ လွတ်ကင်းအောင်နေလိုက်"

ဟု ပြောလိုက်ရာ စိန်မြသာက ပြုံးလိုက်လေ၏။ ထို့နောက် စိန်မြသာသည် မောင်အချောကို နှုတ်ဆက်ပြီးနောက် ကန်တော်ကြီးစောင်းသို့ ထွက်လာခဲ့လေ၏။ ထိုင်နေကျ ခုံလေးနေရာသို့ ရောက်သောအခါ၌ မာစတာလားဇရုနှင့် ဦးလုဖေကို တွေ့ရလေ၏။ မာစတာလားဇရုသည် စိန်မြသာကိုမြင်လျှင်

"ဘယ်လိုလည်း လူကလေး၊ စာရေးဆရာကြီးလုံးလုံး ဖြစ်သွားပြီပဲ၊ မင်းရဲ့စာတွေကလည်း ဖတ်လို့ ကောင်းလိုက်တာ မပြောပါနဲ့တော့၊ 'မြန်စာ'ဆိုတဲ့ဝတ္ထုကို ငါဖတ်ရတယ်၊ အတော့်ကို ကောင်းတယ်ကွ၊ ဒါပေမယ့် အဲဒါကို လူတစ်ယောက်က ကောင်းတယ်လို့ ချီးကျူးထားတယ်၊ တစ်ယောက်က မကောင်းဘူးလို့ ဝေဖန်ထားတဲ့၊ စာနှစ်ပုဒ်ကိုလည်း ဖတ်ရတယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက ပြုံးလိုက်လေ၏။ ထို့နောက် ၎င်းတို့သုံးဦးသည် နာရီအတော်ကြာ စကားပြော ဖြစ်ခဲ့ကြလေ၏။ ထိုသို့ စကားပြောဖြစ်ကြပြီးနောက် စိန်မြသာသည် ထိုသူတို့နှင့် လမ်းခွဲလိုက်လေ၏။ ထိုသို့ လမ်းခွဲခဲ့ပြီးနောက် ကန်တော်ကြီးစောင်းတွင် ၎င်းတို့ထိုင်နေကျ ထိုင်ခုံလေးနှင့် ပတ်သက်သော ဝတ္ထုလေးတစ်ပုဒ်ကို ရေးသားလေ၏။ ထိုဝတ္ထု၏ အမည်မှာ "ထိုင်ခုံ" ဟူ၍ ဖြစ်၏။ ထိုင်ခုံသည် အသက်ရှိသောလူပမာ ၎င်းပေါ်၌လာ၍ ထိုင်သော လူများအကြောင်းကို ဝေဖန်ထားသော ဝတ္ထုဖြစ်၏။ သူ့ပေါ်တွင်ဆောင့်၍ ထိုင်ချတတ်သော သူများ၊ ထိုင်ခုံပေါ်၌



ထိုင်ခုံထိုင်သည်သာမက ထိုင်ခုံကိုပါ လှုပ်၍နှဲ့ကာ ချိုးတတ်သည့် သူများ၊ ထိုင်ခုံပေါ်တွင်ခင်ခြင်း ထိုင်၍သာမကျေနပ်နိုင်ပဲ ထိုင်ခုံပေါ်၌ ခြေထောက်ပါတင်၍ ထိုင်တတ်သည့်သူများ၊ ထိုင်ခုံကို အတည့်မထိုင်ပဲ ပြောင်းပြန်ထိုင်တတ်သည့် သူများ၊ ထိုင်ခုံပေါ်ထိုင်ပြီး မဟုတ်သည်ကို ကြံစည်သောသူများ၊ ထိုင်ခုံပေါ်တွင် ထိုင်ပြီး လောကကြီးတစ်ခုလုံးအား မေ့လျော့တတ်ပွားများသူများ၊ ထိုင်ခုံပေါ်တွင်ထိုင်ပြီး ထသွားသောအခါ၌ လုယက်မှု ကျူးလွန်သူများ၊ ထိုင်ခုံပေါ်တွင်ထိုင်ပြီး ထသွားသောအခါ၌ သူတပါးကို ပေးကမ်းနှုတ်ဆက်တတ်သူများစသဖြင့် စရိုက်အမျိုးမျိုးကို ထိုင်ခုံကပြောပြသကဲ့သို့ ရေးထားသော ဝတ္ထုတစ်ပုဒ်ဖြစ်၏။ ထိုဝတ္ထုရေးပြီးသောအခါ၌ မောင်အချောနှင့် တွေ့ပြန်လေ၏။ မောင်အချောက စိန်မြသာအား

"ကိုစိန်မြသာဟာ လောကကြီးကို အတော် မြင်တတ်နေပြီပဲဗျ ခင်ဗျားရဲ့ 'ထိုင်ခုံ' ဆိုတဲ့ ဝတ္ထုဟာ အတော့်ကိုကောင်းတယ်၊ စရိုက်အမျိုးမျိုးကို ရေးပြထားတာကလည်း အတော့်ကိုကောင်းတာပဲ၊ ဒါနဲ့ စကားမစပ် တစ်ခုပြောရဦးမယ်၊ ခင်ဗျားရဲ့ 'မြန်စာ'ဝတ္ထုကို မကောင်းဘူးလို့ ဝေဖန်စာရေးတဲ့သူနဲ့ ခင်ဗျားနဲ့ မျက်နှာချင်းဆိုင်တွေ့ရင် ခင်ဗျားဘာလုပ်မလဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"ဟောဟို 'ရွှေမြန်မာ' လက်ဖက်ရည်ဆိုင်က လက်ဖက်ရည် တစ်ခွက် ဝယ်တိုက်လိုက်မယ်ဗျာ၊ သူပြောတာ ဟုတ်တာ မကောင်းတာတွေ ပါနေတာကိုး"

ဟု ပြန်၍ပြောလိုက်လျှင် ကိုဘချော က

"ခင်ဗျားရဲ့ 'မြန်မာ' ဝတ္ထုကို ကောင်းပါတယ်လို့ဆိုပြီး ချီးကျူး နေတာတဲ့ လူကိုတွေ့ရင် ခင်ဗျားဘာလုပ်မလဲ"

ဟု မေးလိုက်ပြန်ရာ စိန်မြသာက

"သူ့ကိုလည်း ဟောဟို 'ရွှေမြန်မာ' လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်တစ်ခွက် ဝယ်တိုက်ရမယ်၊ သူပြောတာ ဟုတ်တာ ပဲ၊ ကျွန်ုပ်ဝတ္ထုမှာ ကောင်းတာတွေလည်း ပါတာကိုး"

ဟု ပြောလိုက်လျှင်ကိုဘချောက

"ဒီလိုဆိုရင်တော့ လက်ဖက်ရည်နှစ်ခွက်စာ ကျွန်ုပ်ကိုတိုက်မှ တော့၊ အဲဒီ ဝေဖန်စာနှစ်ပုဒ်စလုံးကို ကျွန်ုပ်တစ်ယောက်ထဲ ရေးတာချည်းပဲဗျ"

ဟု ပြောလိုက်လျှင် စိန်မြသာသည် လွန်စွာ အံ့ဩသွား၏။ ထို့နောက် စိန်မြသာက

"ကိုဘချောက စာရေးအတော်ကောင်းတာပဲ၊ ဘာဖြစ်လို့ ဝတ္ထုတွေ မရေးတာလဲ"



ဟု ပြောလိုက်လျှင် မောင်ဘချောက

"လူတိုင်း ဝတ္ထုရေးဆရာ မဖြစ်နိုင်ဘူး၊ စာရေးဆရာဆိုတာ လည်း မွေးတတ်လို့သေးတယ်လေဗျာ၊ ကျွန်ုပ်မှာ အဲဒီမွေးတတ်ခံ မပါဘူး"

ဟု ပြောလိုက်လျှင် စိန်မြသာက အမဲပွါယ်ပါပါ ပြုံးလိုက်လေ၏။ ထို့နောက်တွင်ကား မောင်ဘချောသည် စိန်မြသာဖတ်ရန်အတွက် လိုက်ကာ မြန်မာစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များကို အခါအား လျော်စွာ ယူလာတတ်၏၊ စိန်မြသာလည်း မောင်ဘချောယူလာသော စာအုပ်များကို ဖတ်၏။ ထို့နောက် မောင်ဘချောနှင့် အပြန်အလှန် ဆွေးနွေး၏။ စိန်မြသာ နားမလည်သည်များကို မောင်ဘချောက ရှင်း ပြ၏။ ဤသို့နှင့်ပင် စိန်မြသာနှင့် မောင်ဘချောတို့သည် အတော့် ကို ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားကြလေတော့သတည်း။





## အမေ့အတွက်လည်း ရတက်မအေးရပါလား

စိန်မြသာသည် ဝတ္ထုများကို အဆက်မပြတ် ရေးနေ၏၊ သူရေးသော ဝတ္ထုများ၏စောင်ရေသည် ကြောက်ခမန်းလိလိ တက်နေ၏၊ သူသည် ဝတ္ထုမရေးမီ၌ မောင်ဘချောနှင့် တိုင်ပင်ဆွေးနွေး၏၊ ရေးပြီးသောအခါ၌လည်း မောင်ဘချောနှင့် စကားပြောဖြစ်နေ၏၊ သူ၏ဝတ္ထုများသည် အချစ်ဝတ္ထု အလွမ်းဝတ္ထုများအပြင် ထူးဆန်းအံ့ဩဘွယ်ရာ ကောင်းသောအကြောင်းများလည်း ပါလေ၏၊ တစ်ခါတစ်ရံ၌ သူသည် စုံထောက်ဝတ္ထုများကိုလည်း ရေး၏၊ ယခုအခါ စိန်မြသာသည် ဝတ္ထုအပုဒ်နှစ်ဆယ်ကို ရေးပြီးနေပြီဖြစ်၏၊ ထိုအပုဒ် နှစ်ဆယ်လုံးလုံးကို ပရိတ်သတ်က နှစ်သက်ကြ၏၊

သို့ရာတွင် သူသည် အချစ်ဝတ္ထု အလွမ်းဝတ္ထုနှင့် ထူးဆန်း ... ဘွယ်ရာစသည်များကို မရေးလိုတော့ပေ၊ ငုပ်ကွယ်နေသော ... က၏ လျှို့ဝှက်ချက်ကို စဉ်းစားမိသမျှ ရေးလို၏၊ ထိုအကြောင်း... ပတ်သက်၍ သူသည် မောင်ဘဇော်နှင့် ဆွေးနွေးဖြစ်ခဲ့၏၊ မော... ဘဇော်သည်သူ့အား ထူးဆန်းအံ့ဖွယ်ရာကောင်းသော ... များကို ပြောပြခဲ့၏၊ စကားဆုံးသည့်အခါ၌ မောင်ဘဇော်က

"ဘာပဲဖြစ်ဖြစ် ကိုစိန်မြသာအနေနဲ့ စာကို နည်းနည်းလျှော့... ကျွပ်ပြောတဲ့ ဗလာဟင်းလင်းမှာထိုင်တာကို များများလုပ်... ချင်တယ်၊ အဲဒါမှ ခင်ဗျားဘာကို ရေးရမယ်ဆိုတာ ပေါ်... မယ်"

ဟုပြောလေ၏၊ ထို့ကြောင့် စိန်မြသာသည် စာမရေးဖြစ်တော့... မောင်ဘဇော်ပြောပြသည့်အတိုင်း ထိုင်လေတော့၏၊ သူသည် ... ရေးခြင်းကို လုံးဝရပ်ပစ်လိုက်၏၊ တစ်နေ့လုံးလိုလို ထိုင်၏၊ န... ခန့်အပြင်မထွက်ပဲ ဆက်တိုက်ထိုင်ခဲ့၏၊ အစပထမတွင် ထိုင်... နည်းစနစ်ကိုမသိသဖြင့် အခက်အခဲ လွန်စွာတွေ့၏၊ ထို့ကြေ... နာရီအတော်များများ ထိုင်ဖြစ်ခဲ့၏၊ ထိုသို့ ထိုင်ဖြစ်ခဲ့သောအ... 'စိတ်အား၊ စိတ်နှား'အကြောင်းကို ကောင်းစွာသိသွား၏၊ ... နေ့တွင်သူသည် ကန်တော်ကြီးသို့ ထွက်လာခဲ့ပြီး ထိုင်နေကျ ... ကလေးဆီသို့ သွားရောက်ခဲ့၏၊ ထိုနေရာတွင် သတ္တလပ်ဦးထုပ်... ခပ်ငိုက်ငိုက်ဆောင်းထားသော အန်ကယ်ဆင်မြူရယ်ကို မြ...



...၏၊ ထို့ကြောင့် စိန်မြသာသည် လွယ်အိတ်အတွင်းမှ မောင်း... ...ကို ဆွဲထုတ်၍မှုတ်လိုက်ပြီးလျှင် ဆင်မြူရယ်ထိုင်နေသော ထိုင် ...နောက်မှီတန်းကို မောင်းချခါဖြင့် 'ခေါက်' ကနဲ ခေါက်လိုက် ...၏၊ သို့သော် အန်ကယ်ဆင်မြူရယ်သည် ဘာမျှမပြောပဲ ပြုံး ...လိုက်၏၊ ထို့နောက် စိန်မြသာ၏ မောင်းချခါကလေးကို ဆွဲနှုတ် ...လိုက်ပြီးလျှင် မောင်းချခါကို သေသေချာချာ ပိတ်လိုက်၏၊ ပြီးလျှင် ...၏အိတ်အတွင်းမှ အပြာရောင် ပိုးလက်ကိုင်ပုဝါကလေး တစ် ...ည်ကိုထုတ်၍ မောင်းချခါ၏နောက် ဖက်တွင်ရှိသော ကွင်းက ...ပေးတွင်ချည်၍ စိန်မြသာအား ပေးလိုက်၏၊ စိန်မြသာသည် ထို မောင်းချခါကိုယူ၍ အန်ကယ်ဆင်မြူရယ်အား တစ်စုံတစ်ရာ ...ပြောပဲ ပွဲရုံဆီသို့ ထွက်လာခဲ့လေ၏၊ လမ်းတွင် အန်ကယ်ဆင်မြူ ...ရယ် ချည်နှောင်ပေးလိုက်သော ပိုးလက်ကိုင်ပုဝါ အပြာလေးကို ...ကြည့်လိုက်လေ၏၊ ထိုသို့ ကြည့်လိုက်ရာ ထိုအပြာရောင် ပိုး ...လက်ကိုင်ပုဝါပေါ်တွင် ဆေးအဖြူဖြင့်ရေးထားသော အောက်ပါ ...ကို တွေ့ရလေ၏၊

TIRED OF STAYING HERE.

IF I START MY WOURDERING AGAIN.

O. PINE. WOULD YOU NOT BE SOLITARY?

စိန်မြသာသည် စာကိုဖတ်ပြီးနောက်

| |
|---|
| "ဒီစနေရာမှာ စနေရောကြာရောပြီ၊<br>ဒီကစနေ ငါထွက် သွားတော့မယ်၊<br>ဒါ့ဒီအခါမှာ ထင်းရှူးပင်လေးဟာ<br>အထီးကျန် မဖြစ်စေနဲ့၊ |

"ဘာပဲဖြစ်ဖြစ် အန်ကယ်ဆင်မြူရယ်ကြီးဟာ ဒီကို မလာ... ဘူးလို့ ပြောလိုက်တာပဲ၊ သူနဲ့ ငါနဲ့ကလည်း မတည့်လိုက်... မပြောပါနဲ့တော့၊ ဘာပဲဖြစ်ဖြစ် သူဟာ သူသွားချင်တဲ့နေ... သွားပါစေ၊ ငါနဲ့ဆိုင်တာမှ မဟုတ်ပဲ"

ဟု စိတ်တွင်း၌ ရေရွတ်လိုက်လေတော့၏။ ထို့နောက် ပွဲရုံသို့ ရော... သောအခါ၌ ၎င်း၏ မိခင်ဒေါ်မေနှင့် ဆန်ကုန်သည် ကုလား... ဆာမိတို့ အချီအချ စကားပြောနေကြသည်ကို တွေ့ရလေ၏။ ... ကုန်သည် ဆာမိကြီးသည် ပါးစပ်ပြဲ၏၊ ဗိုက်ပွဲ၏၊ အသားမဲ... ကြည့်ရ အလွန်ဆိုး၏၊ အသက်မှာလည်း (၅၀) ကျော်နေပြီ ဖြစ်... စိန်မြသာ၏ မိခင်ဒေါ်မေမှာ အသက် (၄၀) ကျော်သာ ရှိသေး... မိန်းမတို့၏ အစွမ်းကုန်လှပသော အလှများကို ပြသသော အရွ... ဖြစ်၏၊ ကုလားဆာမိကြီးသည် စိန်မြသာ၏ မိခင်အား ဒေါ်မေ...





...ပါ 'မေ'ဟု ခေါ်နေ၏၊ စကားပြောသည်မှာလည်း အရောင်း ...ယ်စကား ပြောသည်နှင့်မတူ သမီးရည်းစား စကားပြောသကဲ့ ...ဖြစ်နေ၏၊ ထို့ကြောင့် စိန်မြသာသည် နားကလောလျှက်ရှိ၏၊ ကုလားဆာမိကြီးသည် စိန်မြသာကိုမြင်လျှင်

"ဘယ်လိုလဲ စာရေးဆရာစိန်မြသာရဲ့၊ အခု ဘာဝတ္ထုတွေ ရေးနေသလဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"နိုးနိုးသားသား လုပ်စားတဲ့ မြန်မာအမျိုးသမီး တစ်ယောက်ကို ကုလားတစ်ယောက်က နိုင်ထက်စီးနင်းလာလုပ်တယ်၊ အဲဒါကို သူ့သားက မကျေနပ်လို့ ရင်ဘတ်ကို မောင်းချခဲ့ ထိုးတဲ့ဝတ္ထု ရေးနေတယ်၊ မောင်းချခဲ့ကတော့ တခြားမောင်းချခဲ့ မဟုတ်ဘူး၊ ဟော ဒီ မောင်းချခဲ့ပဲ"

ဟု ဆိုကာ မောင်းချခဲ့ကို ဖွင့်၍ ကုလားဆာမိရှေ့ စားပွဲခုံပေါ်သို့ 'ဒေါက်'ကနဲ ပေါက်လိုက်လေ၏၊ ထိုအခါ ဆာမိက

"စာရေးဆရာလေး . . ကုလားတိုင်း ခါးမကြောက်ဘူးနော်"

ဟု ပြောလိုက်ရာ စိန်မြသာက

"မြန်မာတိုင်းကတော့ ခါးနဲ့ထိုးဝံ့တယ်၊ အဲဒါကို မယုံဘူးလို့ ပြောကြည့်လိုက်"

ဟု ပြောလိုက်လျှင် ဒေါ်မေသည် ထိတ်ထိတ်ပြာပြာ ဖြစ်သွား၏။

"မဟုတ်တာပဲ သားရယ်၊ ကိုဆာမိကြီးက မျှော်တတ်လို့ပါ"

ဟု ပြောလေ၏။ ထို့နောက် ဒေါ်မေသည် မောင်းချဝါးကို ဆွဲနှုတ်ပြီးလျှင် ဆွဲအံအတွင်းထည့်၍ အံဆွဲကို ပိတ်လိုက် လေ၏။ ဆာမိကြီးလည်း နှုတ်ဆက်၍ ပြန်သွားလေ၏။

"ကုန်သည်ဆိုတာ ဒီလိုပဲ သားရဲ့၊ လူတွေနဲ့ အလိုက်အထိုက် ဆက်ဆံရတယ်"

ဟု ၎င်း၏မိခင်က ပြောလိုက်လျှင် စိန်မြသာက

"ဒီလူကတော့ လွန်ပါတယ် အမေရယ်"

ဟု ပြောလိုက်လေ၏။ ထိုအချိန်မှာပင် မောင်ဘချောရောက်လာသောကြောင့် စကားပြတ်သွားလေတော့၏။ စိန်မြသာသည် မောင်ဘချောအား မိခင်ကြီးကို စောင့်ရှောက်ရန်နှင့် ကုလားဆော် ဒိုက်ပူအကြောင်းကိုပြောပြရာ မောင်ဘချောက ရယ်လေ၏။ ထို့နောက်

"ဒီမှာ ကိုစိန်မြသာ၊ ကျုပ်တို့အမေက လှနေတုန်းဗျ၊ အဲဒီတော့ ဒိုက်ပူကုလားတစ်ယောက်ထဲ မဟုတ်ဘူး၊ ပွဲရုံနဲ့ ပတ်သက်တဲ့ ဆန်ကုန်သည်တွေ၊ စက်ပိုင်တွေ အားလုံးက ကျုပ်တို့ အမေကြီးကို ဗိုးပန်းနေကြတာ၊ တစ်ချို့ဆိုရင် သူ့ရယ် ငါ့ရယ်နဲ့ လောင်းကြေးတောင် ထပ်ထားကြတယ်၊ ဒါပေမယ့် မပူပါနဲ့ဗျာ



ကျုပ်လည်း ရှိတာပဲ၊ ကိုယ့်လိုကားယားလုပ်လို့ကတော့ ဘယ်ရမလဲ၊ ဒီလိုလုပ်လို့ကတော့ မောင်ဘချောနဲ့တွေ့ရင် သေသွားမယ်"

ဟု ပြောလိုက်ရာ စိန်မြသာ၏ မိခင်ဒေါ်မေက

"အောင်မယ်လေးတော် နင်တို့ ပြောနေကြတာက ငါ့ကိုများ တယ်မှိုပေါက်လေးများ အောင်းမေ့နေသလား"

ဟု စိတ်မရှည်သော လေသံဖြင့် ပြောလိုက်လေ၏။ ထိုအခါ စိန်မြသာက

"ဘာပဲဖြစ်ဖြစ် အမေရယ်၊ သတိတော့ ထားရလိမ့်မယ်၊ ဘာဖြစ်လို့လည်းဆိုတော့ အမေက မိန်းမတစ်ယောက် ဖြစ်နေတာကိုး"

ဟု ပြောလိုက်လျှင် ၎င်း၏မိခင်က ၎င်းအား မျက်စောင်းထိုးလိုက်လေတော့၏။ စိန်မြသာနှင့် မောင်ဘချောတို့လည်း ပွဲရုံအပြင်ဘက်သို့ ထွက်သွားကြလေ၏။ အတော်အတန်ကြာ စကားပြောကြပြီးနောက် စိန်မြသာလည်း အိမ်သို့ပြန်လာလေ၏။ အိမ်သို့ ရောက်လျှင် အနက်ကာယ်ဆင်မြူရုပ်၏ လက်ကိုင်ပဝါ အပြာလေးကို ယခင်ကရခဲ့သော လက်ကိုင်ပဝါ အဝါ၊ အနီကလေးနှင့် ပူး၍ချည်ကာ ခေါင်းအုံးအောက်တွင် ထိုးထည့်ထားလိုက်လေ၏။ သူသည် တစ်နေ့လုံး တဝေဝေနေ၏။ ညနေပိုင်းသို့ ရောက်သောအခါ ကန်တော်ကြီးစောင်းသို့ ထွက်လာခဲ့လေ၏။ ထိုင်နေကျ နေရာကလေးဆီသို့

ရောက်သွားရာ လွန်စွာတွေ့လိုလှသော မာစတာလားဇရုး၊ ဦးလှမေတို့ကို တွေ့ရလေ၏။ မာစတာလားဇရုးက

"ဘယ်လိုလည်း စာရေးဆရာရဲ့၊ စာတွေကဖြင့် အတော်ကို ရေးဖြစ်နေတာကိုး၊ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့၊ ကိုယ် စိုက်တဲ့ အပင်ကလေးတစ်ပင်ကြီးထွားပြီး အသီးအပွင့် ဝေ ဆာဆာနဲ့ တွေ့ရတာကိုး"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ကျွန်တော်လည်း မာစတာနဲ့ တွေ့ချင်နေတာ"

ဟု ပြောလိုက်လေ၏။ ထိုအခါ မာစတာလားဇရုးက

"အခုနောက်ဆုံး ရေးတဲ့စာတွေဟာ ပုံစံတစ်မျိုး ဖြစ်လာ တယ်၊ အတော်ကို ကောင်းတာ၊ ဘယ်လို စာအုပ်မျိုးတွေဖတ် ပြီး ဘယ်လိုဉာဏ်တွေပွင့်ပြီး ရေးနေတာလဲ"

ဟု မေးလိုက်ရာ စိန်မြသာက

"စာအုပ်တွေလည်း ဖတ်ပါတယ်၊ တကယ်အဓိက လုပ်နေတာ ကတော့ စာမရေးခင်မှာ ငြိမ်ငြိမ်ကလေး ထိုင်နေတယ်၊ ဗလာ ဟင်းလင်း ပွင့်ကြည်တဲ့စိတ်နဲ့ စာတွေကို ရေးချနေတာပါပဲ၊ တခြားတော့ မဟုတ်ပါဘူး"

ဟု ပြောလိုက်လျှင် ဦးလှမေက





"ပွင့်ကြည်တဲ့စိတ် ဟုတ်လား၊ အတော့်ကိုကောင်းတဲ့ စာသားပဲ"

ဟု ပြောလိုက်လေ၏။ ထို့နောက် မာစတာလားဇရုးသည် ပွင့်ကြည်သောစိတ်နှင့် ပတ်သက်သော အကြောင်းအချို့ကို ပြောပြလေ၏။ ထို့နောက် ၎င်းတို့သုံးဦးသည် လူစုခွဲလိုက် ကြလေတော့၏။ ထိုသို့ ခွဲခါနီးတွင် ဦးလှမေက

"စာရေးဆရာကြီးရေ့ 'ဗလာဟင်းလင်း ဉာဏ်ပွင့်ကြည်ရေး' ကို ဦးစားပေးနော်၊ ဒါက တော်တော် အရေးကြီးတယ်"

ဟု သတိပေးလိုက်လေတော့သတည်း။






# စိန်မြသာ ပိတ်မိသွားပြီ

စိန်မြသာသည် လအတန်ကြာအပြင်နှင့် အဆက်အသွယ်ပြတ်နေ၏၊ သူသည် ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ကြိုးစား၍ ရေးနေ၏၊ ထို့အတူ မောင်ဘချောနည်းပေးခဲ့သော ဗလာဟင်းလင်း ထိုင်နည်းကိုလည်း နာရီပေါင်းအတော်ကြာ ထိုင်ဖြစ်ခဲ့၏၊ သူ၏ဝတ္ထုအမည်မှာ 'မိုးတိမ်လိုလွင့်မျော၍ စမ်းရေရုပ်လို စီးဆင်းခြင်း' ဟူ၍ဖြစ်၏၊ သူသည် လွတ်လပ်ပေါ့ပါးသောစိတ်ဖြင့် ထိုဝတ္ထုကိုရေးခဲ့၏၊ ရက်ပေါင်း (၁၀၈) ရက် ကြာခဲ့၏၊ ဝတ္ထုကြီး ပြီးသောအခါ၌အပြင်သို့ ထွက်ခဲ့၏၊ သူ၏မိခင်မှာမူ နံနက် (၇) နာရီကျော်ကျော်ကပင် ပွဲရုံဖွင့်မည်ဟုဆိုကာ ထွက်သွားခဲ့၏၊ မိခင်ကြီးထွက်သွားပြီး

တစ်နာရီခန့်အကြာတွင် စိန်မြသာသည် ပွဲရုံသို့ ထွက်လာခဲ့လေ၏။ မိခင်ကြီးသည် ပွဲရုံတံခါးကို ဖွင့်ပြီးနောက် အတွင်းသို့ ဝင်လိုက်သည်နှင့် ကုလားဆာမိသည် ပွဲရုံတွင်းသို့ ဝင်လာ၏။ ထိုအခါ စိန်မြသာ၏မိခင်ကြီး ဒေါ်မေက

"နယ်ကဆန်ကားတွေကို ဆန်တင်ဖို့ ကျွန်မက စောစော လာရတာ၊ ကိုဆာမီကကော ဘာကိစ္စနဲ့ လာတာလဲ"

ဟု မေးလိုက်ရာ ကုလားဆာမိက

"မေနဲ့ စာရင်းရှင်းမလို့"

ဟု ပြောလိုက်လေ၏။

"ရှင်နဲ့ကျွန်မ စာရင်းရှင်းပြီးသားပဲ၊ ဘာစာရင်း ရှင်းဦးမလို့လဲ"

ဟု ဒေါ်မေက မေးလိုက်ရာ ကုလားဆာမိက

"ငွေစာရင်း၊ ဆန်စာရင်းကတော့ ရှင်းပြီးပြီပေါ့ မေရယ်၊ အခု ရှင်းရမှာက အချစ်စာရင်း"

ဟု ပြောလေ၏။ ဒေါ်မေသည် ဆွဲအံကို ဖွင့်လိုက်ပြီးနောက် တစ်ခါက သားဖြစ်သူ စိန်မြသာထံမှ သိမ်းယူထားသော မောင်းချခါးကို လက်တစ်ဖက်တည်းဖြင့် ဖွင့်လိုက်လေ၏။ ထိုအချိန်မှာပင် ကုလားဆာမိသည် လမ်းပေါ်မှ လမ်းသွားလမ်းလာများကို အကဲခတ်လိုက်၏။ လူရှင်းနေကြောင်း သိရသောအခါ၌ ဟနေသောပွဲရုံ





တံခါးကို ဆွဲ၍ပိတ်လိုက်ပြီးလျှင် ဒေါ်မေအား ပြေး၍ဖက်လေ၏။ ထိုအခါ ဒေါ်မေကလည်း မောင်းချခါးကို ကျစ်ကျစ်ပါအောင် ဆုတ်၍ ကုလားဆာမိ၏ ရင်ဝကို

"ကဲဟယ် . . ! ကဲဟယ် . . ."

ဟု အော်ကာ ထိုးချလိုက်လေ၏။ ကုလားဆာမိသည် 'အဘား'ဟု အော်ကာ လဲကျသွားလေ၏။ ထို့နောက် သွေးအိုင်ထဲတွင် အသက်ပျောက်သွားလေ၏။ ဒေါ်မေသည် ဓါးကိုကိုင်၍ ငိုင်နေ၏။ ထိုအချိန်မှာပင် ပိတ်နေသောတံခါးကို 'ဝုန်း'ကနဲ ဆောင့်၍ ဖွင့်ကာ စိန်မြသာသည်အတွင်းသို့ ရောက်လာပြီးလျှင်

"အမေ ဘယ်လိုဖြစ်တာလဲ"

ဟု မေးရာ

"ဒီကုလား အမေ့ကို ကိုယ်ပိုင်ကားယား လုပ်မလို့ကြံတာနဲ့ မောင်းချခါးနဲ့ ထိုးချလိုက်တာ စိန်မြသာရေ့"

ဟု ဒေါ်မေက ပြောလိုက်လျှင် စိန်မြသာသည် မိခင်၏လက်မှ မောင်းချခါးကို ယူလိုက်ပြီးလျှင်

"အမေ ဒီကသွားတော့၊ လှမြိုင်စေ့နဲ့ ဟိုဘက်လမ်းထိပ် ရောက်ရင် ကားတစ်စီးကို ငှါးစီးသွား၊ အိမ်အထိမစီးနဲ့ တာမွေဘက်ကို လွန်ပြီးစီးသွား၊ တာမွေအဝိုင်းရောက်ရင် ဆင်းလိုက်၊ ပြီးရင်

တာမွေအဝိုင်းကနေ ဆိုက်ကားငှားပြီး အိမ်ဘက်ကိုသွား၊ အိမ်နား မရောက်ခင် အဲဒီဆိုက်ကားကို ပြန်လွှတ်လိုက်၊ အိမ်ကိုတော့ လမ်းဆင်းလျှောက်ပြီးသွား။ ကျွန်တော်ပြောတဲ့အတိုင်း လုပ်နော်၊ ကျွန်တော်အတွက် အမေ ဘာမှမပူနဲ့၊ ကျွန်တော် ထိုးတာကို ပြောမယ်၊ အမေ ထောင်ကျလို့ မဖြစ်ဘူး၊ အမေထောင်ကျရင် သေသွားလိမ့်မယ်၊ ကျွန်တော်ပြောတဲ့အတိုင်း လုပ်နော်၊ ကျွန်တော်ပြောတဲ့ စကားကိုနားမထောင်ရင် ပေါ့ဒီဓါးနဲ့ ကျွန်တော့်ကိုယ် ကျွန်တော်ထိုးချလိုက်မယ်"

ဟု ခြိမ်းခြောက်လိုက်၍ ဒေါ်မေလည်း ပိုက်ဆံအိတ်ကလေးကို ကောက်ကိုင်ကာ

"ကောင်းပါပြီ သားရယ် .....ကောင်းပါပြီ"

ဟု ဆိုကာ ထွက်သွားလေတော့၏။ ဒေါ်မေထွက်သွားပြီး မှာ မကြာမီ၌ စိန်မြသာသည် တယ်လီဖုန်းဖြင့် ဂါတ်သို့ အကြောင်း ကြားလိုက်လေ၏။ ဂါတ်သို့ အကြောင်းကြားရာတွင်လည်း ကုလား ဆာမီနှင့် သူသည် ငွေစာရင်းရှင်းရင်း ကုလားဆာမီက နိုင်ထက် စီးနင်းလုပ်သဖြင့် မောင်းချဓါးဖြင့် ထိုးချခဲ့ကြောင်း၊ အလောင်းနှင့် တရားခံရှိရာသို့ အမြန်ဆုံးလာရောက် စေလိုကြောင်း ပြောဆိုကာ လက်တွင်းမှ မောင်းချဓါးဖြင့် သေဆုံးနေသော ကုလားဆာမီကို ပစ်ပေါက်လိုက်ပြီးလျှင် ပွဲရုံတံခါးကိုဖွင့်၍ ထွက်လာခဲ့လေတော့၏။



မြန်မာ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ၌ စားပွဲထိုး ကောင်လေးက

"ကိုစိန်မြသာ... ကိုစိန်မြသာ"

ဒေါ်သဖြင့် ၎င်းထံသို့သွားရာ ထိုစားပွဲထိုးကောင်ကလေးက

"မနေ့က ပွဲရုံဝိတ်မှ ခင်ဗျားမိတ်ဆွေ ကိုဘချောကခင်ဗျားနဲ့ တွေ့ရင်ပေးလိုက်ပါဆိုပြီး စာတစ်စောင် ပေးသွားတယ်"

ပြောလိုက်ပြီးလျှင် စာတစ်စောင်ကို ထုတ်ပေးလေ၏။ စိန်မြ သာသည် ထိုစာကို လှမ်းယူပြီးဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

ချစ်သော စိန်မြသာ

ကျုပ်မှာ အရေးကြီးတဲ့ အကြောင်းရှိလို့ အလုပ်ကနေ ဒီနေ့ပဲ ထွက်သွားပါပြီ၊ မနက်ဖြန်ကစပြီး ကျုပ်အလုပ် မဆင်းတော့ဘူး၊ ဘယ်နေရာကိုပဲ ရောက်ရောက် သတိရ နေမယ်ဆိုတာကို ယုံပါ။

သင့်ရဲ့အကျိုးကို လိုလားသော
မောင်ဘချော

စိန်မြသာသည် ထိုစာကို အိတ်အတွင်းသို့ ထည့်လိုက်ပြီးနောက် စားပွဲထိုးကလေးအား ငွေ (၅) ကျပ်ပေးလိုက်ပြီးလျှင် ခပ်သုတ်သုတ် ထွက်လာခဲ့လေ၏။ သူသည် မည်သည့်နေရာသို့ သွားရမည်မှန်း မသိသောကြောင့် ကန်တော်ကြီးစောင်းရှိ ထိုင်ခုံနေကျ ထိုင်ခုံလေး ဆီသို့ ထွက်ခဲ့လေ၏။ ထိုနေရာတွင် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက် ဆောင်း၍ ထိုင်နေသော အန်ကယ်ဆင်မြှုရယ်ကို တွေ့ရ လေ၏။ စိန်မြသာသည် လွယ်အိတ်တွင်းသို့ လက်ကိုနှိုက်လိုက်လေ၏ သို့ရာတွင် သူ့၏မောင်းချခါး ပါမလာခဲ့တော့ပေ။ အန်ကယ် ဆင် မြှုရယ်လည်း ကုတ်အင်္ကျီအိတ်ကို နှိုက်လိုက်၏။ ထို့နောက် ဆွဲထုတ် လိုက်၏။ လက်ထဲတွင် မောင်းချခါးကြီးတစ်လက်ပါလာ၏။ အန် ကယ်ဆင်မြှုရယ်၏ မောင်းချခါးသည် စိန်မြသာ၏ မောင်းချခါး ထက် ကြီးလည်း ပို၍ကြီး၏။ လှလည်း ပို၍လှ၏။ ပို၍လည်း ယ လွင်၏။ အန်ကယ်ဆင်မြှုရယ်သည် ထိုမောင်းချခါးကို စိန်မြသာ အားလှမ်း၍ ပေးလိုက်ရင်း

"ဒီမှာလူကလေး မင်းအိတ်ထဲမှာ မောင်းချခါး မပါတော့ပါလား အဲဒါကြောင့် မင်းကို မောင်းချခါးတစ်လက် လက်ဆောင်ပေး မလို့၊ ဘာပဲဖြစ်ဖြစ် ခုအချိန်မှာ မင်းဘယ်ကို သွားရမယ်မှန်း မသိ ဖြစ်သွားပါပြီ စာရေးဆရာ စိန်မြသာရယ်၊ အဲ့ဒီတော့ အကောင်းဆုံးက အန်ကယ်ဆင်မြှုရယ်ခေါ်တဲ့ နေရာကို လိုက် ခဲ့ပါ စိန်မြသာ"





ဟု ပြောကာ လက်တစ်ဖက်ကိုကမ်း၍ ပေးလိုက်လေ၏။ စိန်မြသာ သည် မောင်းချခါးကို လက်တစ်ဖက်ဖြင့်ကိုင်ရင်း အန်ကယ် ဆင် မြှုရယ်၏လက်ကို အခြားသောလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက် လေ၏။ ထိုအခါ၌ အန်ကယ်ဆင်မြှုရယ်သည် ထိုင်ရာမှထပြီးလျှင် စိန်မြသာ၏ ပုခုံးကိုဖက်လိုက်ပြီးနောက် မြေနီလမ်းကလေးအတိုင်း လျှောက်၍ ခေါ်သွားလေ၏။ ထို့နောက် သစ်ပင်တစ်ပင်၏ အရိပ်တွင် ရပ်ထားသော အော်စတင်ကား ကလေးဆီသို့ ရောက်သွားသော အခါ၌ မော်တော်ကားတံခါးကို အန်ကယ်ဆင်မြှုရယ်က ဖွင့်ပေး ပြီးလျှင်

"ကဲ... လူကလေး ... တက်ပေတော့"

ဟု ပြောလိုက်ရာ စိန်မြသာသည် ကားပေါ်သို့ တက်ရလေ၏။ ထိုအခါ အန်ကယ်ဆင်မြှုရယ်က ကားတံခါးကို 'ဂျိုင်း'ကနဲ ပိတ် လိုက်လေ၏။ ပြီးလျှင်သူလည်း ကားပေါ်သို့ တက်ကာ မောင်းထွက် လေ၏။

"ဒီမှာ လူကလေး .....ငါ့နာမည်ကို မင်းပြောထားတယ် မဟုတ်လား၊ 'ဆင်မြှုရယ်မောရစ်သောမတ်' ဆိုတာလေ အဲဒီ နာမည်ကို အတိုကောက်လုပ်ရင် ဘယ်လိုဖြစ်မတုန်း"

ဟု မေးလိုက်ရာ စိန်မြသာက

"ဆင်မြူရယ်ဆိုတာ' S ' ပေါ့၊ မောရစ်က ' M ' ပေါ့၊ သောမတ်က ' T ' ပေါ့၊ တဲ့ဒီတော့ ' SMT ' ပေါ့"

ဟု မြန်မြန်ပြောလေ၏။ ထိုအခါ အန်တယ် ဆင်မြူရယ်က

"မင်းပြောတဲ့ ' SMT ' ဆိုတဲ့ အတိုကောက် သုံးလုံးဟာ စိန်မြသာလည်း ဖြစ်နိုင်တာပေါ့ကွာ၊ အဲ့ဒီလိုပဲ ရွှေမြသာဆိုတာလည်း ဖြစ်နိုင်တာပေါ့၊ ငါဟာ 'ဆင်မြူရယ်မောရစ်သောမတ်' မဟုတ်ဘူး၊ ငါနှာမည်က ရွှေမြသာတဲ့ကွ၊ ရွှေမြသာဆိုတဲ့ လူတစ်ယောက်ဟာ စိန်မြသာဆိုတဲ့ ကောင်လေးတစ်ယောက်ကို မကယ်ပဲနဲ့ ဘယ်ကိုမှ သွားလို့မရလို့ မင်းနောက်က တကောက်ကောက် လိုက်နေရတာ၊ နောက်တော့ မင်းနားလည်လာလိမ့်မယ်"

ဟု ပြောလိုက်လျှင် စိန်မြသာသည် ပါးစပ်အဟောင်းသားဖြင့် ရွှေမြသာ၏ မျက်နှာကို ငေးမော ကြည့်ရှုနေလေ၏။

"မင်း ဘာတွေဖြစ်လာတယ်ဆိုတာ ငါသိပါတယ်၊ ဘာပဲ ဖြစ်လာဖြစ်လာ၊ မင်းကိုလွတ်အောင် ငါကယ်သွားမယ်၊ တစ်ခုတော့ရှိတယ်၊ ငါအခုခေါ် သွားမယ့်နေရာကို လောလောဆယ် မင်း မသိစေချင်သေးဘူး၊ ဒါကြောင့် ဘယ်နေရာကို ခေါ်သွားမယ်ဆိုတာကို အသိမပေးနိုင်တဲ့အတွက် မင်းမျက်နှာကို ပါ





လေးနဲ့ အုပ်ထားရမှာပဲ၊ ပြီးရင် မင်းကို ခေါင်းငုံ့ နိုင်းသားရဦးမှာပဲ"

ဟု ဆိုကာ ခေါင်းကို စွပ်သွားရန် အိတ်ကလေးဖြင့် စိန်မြသာ၏ ခေါင်းကို စွတ်လိုက်ပြီးနောက် စိန်မြသာ၏ ခေါင်းကို အောက်သို့ ငုံ့နိုင်းပြီး ကားကိုမောင်းနှင်ခဲ့လေ၏။ စိန်မြသာက မည်သည့် နေရာဟု မှန်းဆမသိနိုင်စေရန် ကားကိုကွေ့ပတ်၍ မောင်းခဲ့ပြီးနောက် မြေနီကုန်းရှိ သူ၏အိမ်သို့ မောင်းနှင်ခဲ့လေ၏။ ထိုအိမ်သို့ ရောက်လျှင်လည်း ခေါင်းစွတ်ကိုချွတ်မပေးပဲ မြေတိုက်အတွင်းသို့ တန်း၍ ခေါ်သွားလေ၏။ မြေတိုက်အတွင်းသို့ ရောက်သောအခါ၌ ကုလားထိုင်တစ်လုံးတွင် ထိုင်နိုင်းပြီးလျှင် ခေါင်းစွပ်ကို ဆွဲ၍ချွတ်လိုက်လေ၏။ မြေတိုက်ထဲတွင် လူသုံးယောက်ကို တွေ့လိုက်ရလေ၏။ ထိုသူများကို တွေ့ရသောအခါ၌ စိန်မြသာသည် အံ့ဩသောအသံဖြင့်

"ဗျာ"

ဟု အော်လိုက်လေ၏။ ထိုလူသုံးဦးမှာ မာစတာလားဇရား၊ ဦးလှပေနှင့် မောင်ဘချောတို့ ဖြစ်ကြလေ၏။

"ခင် . . . ခင် . . . ခင်ဗျားတို့ ဘယ်လိုရောက်နေကြလဲ"

ဟု စိန်မြသာက ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်ရာ မာစတာလားဇရားက

"ငါတို့ သုံးယောက်လုံးရဲ့ တာဝန်က စိန်မြသာဆိုတဲ့ ရွာသား တစ်ယောက်ကို ဒီနေရာရောက်အောင် ပို့ပေးဖို့ပါပဲ၊ အဲ့ဒီ အတွက် ကျုပ်တို့ကလည်း နှစ်ရှည်လများ ကြိုးစားခဲ့ကြတာပါ ပဲ၊ မင်းရဲ့ မိခင်ကြီးအတွက်လည်း ဘာမှမပူပါနဲ့ကွာ၊ ငါနဲ့ တွေ့ပြီးပါပြီ၊ ဘယ်လို ပြော...မယ်၊ ဘယ်လို နေရမယ်ဆိုတာ အသေးစိတ် သင်ပြ...ပြီးပါပြီ၊ မင်းကိုတော့ သက်ဆိုင်ရာက တရားခံပြေး...ဖြစ်နဲ့ ဝရမ်းထုတ်လိုက်ပါပြီ၊ မင်းဒီက ထွက် သွား...လို့ မရတော့ဘူး၊ ဒီကထွက်ရင် မင်းဟာဖမ်းမိပြီး ကြိုးစင် ကိုတန်းပြီး ရောက်သွားမှာပဲ၊ အကောင်းဆုံးကတော့ ယောဒီ ကိုရွှေမြသာ ပြောတဲ့အတိုင်းနေပါ၊ သူခိုင်းတာကို လုပ်ပါ၊ သူကျွေးတာကို စားပါ၊ ဒါပေမယ့် မင်းတစ်ခု သဘောပေါက် ထားဖို့ကတော့ ငါတို့ လေးယောက်စလုံးဟာ မင်းရဲ့အကျိုးကို လိုလားတဲ့သူတွေ ဖြစ်တယ်"

ဟု ပြောလိုက်လေ၏။ ထိုသို့ ပြောလိုက်သည့် တခဏ၌ပင် စိန်မြသာ သည် 'ဝဲ'ကနဲ သန်းဝေ၍သွား၏။ ထို့နောက်

"ကျုပ် သိပ်ပြီးအိပ်ချင်တယ်ဗျာ၊ အိပ်လိုက်ဦးမယ်"

ဟု ပြောလိုက်ရာ ဆရာလားဧရားက

"လူကလေး အိပ်ပါ၊ ဘယ်လောက်ကြာကြာ အိပ်... အိပ် အိပ်ပါ"





ဟု ပြောလိုက်လေ၏။ သို့ရာတွင် စိန်မြသာသည် မာစဲဘာလားဧရား ၏ စကားများကို လုံးစေ့ပတ်စေ့ မကြားတော့ပေ။ အိပ်ပျော် သွားပြီဖြစ်၏။ ထိုသို့အိပ်ပျော်သွားစဉ်အတွင်း အောက်ပါအတိုင်း အိပ်မက်မက်လေတော့၏။ အိပ်မက်ထဲတွင် မောင်ဘဈောက

"ဒီနေရာကို စိန်မြသာ ရောက်လာတဲ့ အထိမ်းအမှတ်အဖြစ် ပနက်စာ အတူစားကြတာပေါ့"

ဟု ပြောလိုက်ပြီးလျှင် စားပွဲပေါ်သို့ ထမင်းဟင်းများကို အမြင်မှ ယူလာ၍ ချလိုက်ကြလေ၏။ သူတို့လေးဦးသည် စားပွဲတွင် ဝိုင်း၍ ထိုင်လိုက်ကြလေ၏။ စိန်မြသာ၏ ပန်းကန်အတွင်းသို့ ထမင်းဟင်း များ ထည့်ပေး၏။ သူတို့ အသီးသီး၏ရှေ့၌လည်း ပန်းကန်များ ရှိ၏။ ထို့နောက် သူတို့လေးဦးသည် စိန်မြသာအား ထမင်းစားရန် ပြော၏။ စိန်မြသာသည် ထမင်းနှင့် ဟင်းများကို ဇွန်းဖြင့် ကော်၍ စားနေသကဲ့သို့ သူတို့လေးဦးလည်း ဘာမျှမရှိ သော ပန်းကန်များကို ဇွန်းခရင်းများနှင့် ကော်၍စားကြ၏။ စိန်မြသာသည် ဇုံ့ဖြ၍ ထိုလေးဦးကို ကြည့်နေ၏။ စိတ်ထဲတွင်လည်း ရယ်ချင်သကဲ့သို့ ဖြစ်လာ၏။

"ခင်ဗျားတို့ ပန်းကန်ထဲမှာ ဘာမှမရှိပဲ ဘာတွေကို ကော်ပြီး စားနေကြတာလဲ၊ ခင်ဗျားတို့ကို ကြည့်ရတာ ယယ်ယယ်တုန်း က ထမင်းဟင်းချက်တမ်း ကစားနေကြသလိုပဲ"

ဟု စိန်မြသာက ပြောလိုက်လျှင်

"ထမင်းစားပွဲ ကျင်းပတာဆိုတော့ မင်းတစ်ယောက်ထဲ စား ကာကို ဆိုင်းငြီးကြည့်နေလို့မဖြစ်လို့ စားပြနေကြတာကွ၊ အမှ က ငါတို့က ဘာမှမစားတော့ဘူး၊ အဲ့ဒါကို မင်း လက်ခံမ ဆိုရင်တော့ ငါတို့စားပြနေစရာ မလိုတော့ဘူး"

ဟု ဦးလှဖေက ပြောလိုက်ရာ စိန်မြသာက

"ခင်ဗျားတို့ဟာ လူတွေပါနော်"

ဟု ပြန်၍ မေးလိုက်လေ၏။ စိန်မြသာ၏ အမေးစကားကို ပျော် သာသည် အလွန်သဘောကျသွား၏။

"မှန်တယ် လူကလေး၊ တို့ဟာ လူတွေပဲ၊ တို့ဟာ မင်းလို အသွေးအသားနဲ့ လူတွေပါပဲ၊ ဒါပေမယ့် ငါတို့မှာရှိတဲ့ အသွေး အသားတွေဟာ မင်းမှာရှိတဲ့ အသွေးအသားတွေလို ကြမ်း တမ်းတဲ့သဘော မရှိတော့ဘူး၊ ဒါကြောင့် ငါတို့ရဲ့ ခန္ဓာဟာ မင်းရဲ့ခန္ဓာလို ကြမ်းတမ်းမှု မရှိတော့ဘူး၊ မင်းကိုလည်း အဲ့ဒီ လိုဖြစ်အောင် လေ့ကျင့်ပေးရမယ် လူကလေး၊ လေ့ကျင့်ခန်း ကတော့ ဒီနေ့ပဲပေးမယ်၊ ငါက ဒီလေ့ကျင့်ခန်းတွေကို မလေ့ကျ ခင် ဘယ်လိုလေ့ကျင့်ရမယ်ဆိုတာ ရှင်းပြမယ်၊ အဲ့ဒီရှင်းပြတဲ့ သင်ခန်းစာအားလုံးကို မှတ်တမ်းတင်ထား၊ နောင်တစ်ချိန်မှာ ဒီလမ်းကို လိုက်ချင်တဲ့လူ ရှိခဲ့လို့ရှိရင် ရပါစေဆိုတဲ့ စေတနာ





ပေါ့ကွာ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"နေစမ်းပါဦး ... မာစတာလားဇရားနဲ့ ဦးလှဖေတို့က အစာမစားတာ အခုမှလား၊ အရင်ကျုပ်နဲ့ တွေ့ကတည်းက လား"

ဟု မေးလိုက်ရာ ဦးလှဖေက

"မင်းနဲ့စတွေ့ကတည်းက အစာမစားခဲ့တာပါ၊ ငါတို့ဟာ အစာ မစားခဲ့တာ ကြာပြီပဲ၊ မင်း ဘာကြောင့်မေးတယ်ဆိုတာ ငါသိ ပါတယ်၊ မင်းနဲ့ကန်တော်ကြီးစောင်းမှာ တွေ့တုန်းက ဘယာ ကြော်တွေစားခဲ့၊ လက်ဖက်ရည်တွေ သောက်ခဲ့တာကို မင်းက ဝေဝေဝါ ဖြစ်နေလို့ မဟုတ်လား၊ မင်းနဲ့အတူ စားသောက် ဟန်ဆောင်တယ်၊ ဒါပေမယ့် တို့တကယ်မစားခဲ့ မသောက်ခဲ့ ဘူး၊ မင်းကို ကျွေးခဲ့တာ၊ တို့က ဟန်ဆောင်ခဲ့တာကို မင်းက သတိမပြုမိလို့ပါ၊ မင်းရဲ့ ပထမဦးဆုံးဝတ္ထုအတွက် ရလာတဲ့ တာမွေဈေးက ငါတို့နှစ်ယောက်ကို ဆီချက်ခေါက်ဆွဲ နှစ်ထုပ် ဝယ်ကျွေးတယ် မဟုတ်လား၊ တို့နှစ်ယောက်က အဲ့ဒီ ဆီချက် ခေါက်ဆွဲထုပ်တွေကို ကိုင်ထားကြတယ်၊ မင်းနဲ့ လူစုခွဲလိုက် တော့ တို့ကအဲ့ဒီခေါက်ဆွဲထုပ်တွေကို လမ်းမှာ သူတောင်း စားကြီးကို ပေးပစ်လိုက်တယ်၊ တို့မစားကြပါဘူး"

ဟု ပြောလိုက်လေ၏။ ထိုသို့ပြောလိုက်သည့်အခါ၌ စိန်ပြာသာသည် အံ့ဩ၍

"ဗျာ"

ဟု အော်လိုက်လေ၏။ ထိုအော်သံနှင့်အတူ စိန်ပြာသာသည် လန့်၍ နိုးသွားလေ၏။ ထိုသို့ လန့်နိုးလာသောအခါ ၎င်း၏ ဘေးတွင် အနက်ကယ်လ်ဆင်မြူရယ်တို့ လေးဦးသည် တွေ့ရသောကြောင့် စိန်ပြာသာက

"ကျွန်ုပ်ကို ခင်ဗျားတို့လေးယောက် ဘာဖြစ်လို့ လာစောင့်နေပြီး အဲ့ဒီလို လုပ်ရတာတုန်း"

ဟု မေးလိုက်လေ၏။ ထိုအခါ မာစတာလားဇရုးက

"ငါတို့က မစ်ရှင်ကကွ"

ဟု ပြောလိုက်လေ၏။

"ဘာမစ်ရှင်လဲ"

ဟု စိန်ပြာသာက မေးလိုက်ရာ မာစတာလားဇရုးက

"ရှမ်ဘဲလား"

ဟု ပြောလိုက်လေ၏။

"ရှမ်ဘဲလားဆိုတာ ဘာလဲ"

ဟု စိန်ပြာသာက မေးလိုက်ပြန်ရာ မာစတာလားဇရုးက





"ပျောက်ဆုံးနေတဲ့ မိုးကုတ်စက်ဝိုင်း၊ ဒါမှမဟုတ် 'သူတော်ကောင်းတွေမှ ကိန်းအောင်းမွေ့လျော်ကြပါတဲ့ စုတောမဟာမြိုင်'တဲ့၊ လူကလေးရေ့ နောက်တော့ မင်းလည်း ရောက်သွားမှာပါ"

ဟု ပြောလိုက်လေ၏။ စိန်ပြာသာ ထမင်းစားပြီးသောအခါ၌ မာစတာလားဇရုး ဦးလှမေနှင့် မောင်ဘချောတို့သည် တစ်ဦးစီ နှုတ်ဆက်ကြလေ၏။ နှုတ်ဆက်ပုံမှာ

"ဒီကနေ့ ဒီမှာတွေ့မယ်၊ မနက်ဖြန် ရှမ်ဘဲလားမှာ တွေ့ကြမယ်"

ဟူ၍ ဖြစ်ပေတော့သတည်း။

မှတ်ချက်။ ။ အထက်ပါ အဖြစ်အပျက်များသည် ကျွန်ုပ်က
စိန်မြသာအား မြေတိုက်တွင်း၌ ထားစဉ် ကျွန်
မသိသောအချက်များကို ပြန်လည် မေးမြန်း
ဝတ္ထုသဖွယ် ရေးသားသော မှတ်တမ်းတင်သ
သော မှတ်တမ်းပင်ဖြစ်သည်။ ထိုမှတ်တမ်း
ကျွန်ုပ်ကိုယ်တိုင်ပါဝင်သော အခန်းများ၌ ကျွန်
ဟူသော ပထမနာမ်စားကို မသုံးပဲ၊ ကျွန်ုပ်က
သတ်သတ်၊ ရွှေမြသာကသတ်သတ် ဖြစ်သကဲ့
ရွှေမြသာနှင့် ကျွန်ုပ်ကို 'သူ'၍ ရေးသားမှတ်
တမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ မပြုလုပ်
လျှင် ကျွန်ုပ်မသိသော အပိုင်းများကို ပြန်လည်
ရေးသားရာ၌ အခက်အခဲရှိမည်စိုးသောကြောင့်
ပုံစံပြောင်း၍ ရေးသားခဲ့ခြင်း ဖြစ်ကြောင်း သိ
စေအပ်ပါသည်။

(ရွှေမြသာ)



# စိန်မြသာ၏ကျင့်စဉ်

ကျွန်ုပ်သည် စိန်မြသာအား မာစတာလားဇရုး ဦးလှဖေ
မောင်ဘချော စသော ပုဂ္ဂိုလ်သုံးဦးနှင့်ပူးပေါင်းကာ မြေတိုက်တွင်း
သို့ ကျွမ်းသွင်း၍ အရပေါ်ယူခဲ့လေ၏။ ထိုသုံးဦးလည်း ဝိုင်းဝန်းကူညီ
ကြလေ၏။ ထို့နောက် ကျွန်ုပ်သည် မောင်ဘချောက စိန်မြသာအား
အလုပ်ထွက်ကြောင်းရေး၍ ရွှေမြန်မာလက်ဖက်ရည်ဆိုင်မှ စားပွဲ
ထိုးကလေးအား ပေးခဲ့သောစာကိုလည်း တောင်းယူ၍ သက်ဆိုင်
ရာဆီသို့ စာတစ်စောင်ရေး၍ စာတိုက်မှ ထည့်လိုက်လေ၏။ ထို
စာတွင် ဆန်ကုန်သည်ဆာဝီ အသတ်မခံရမီ တစ်ရက်ကြိုကပင်
မောင်ဘချောသည် အလုပ်မှထွက်သွားခဲ့ပြီးဖြစ်ကြောင်း၊ ထိုကိစ္စနှင့်

ပတ်သက်၍ လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကလေးအား ခေါ်ယူမေးမြန်းနိုင်ကြောင်း၊ ထိုလူသတ်မှုတွင် မောင်ဘဆွေမပါကြောင်းကို ထိုစာဖြင့် သက်သေပြခဲ့၏၊ ကုလားဆာမိကိုသတ်သော လူသတ်တရားခံမှာ ,,စိန်မြသာပင်ဖြစ်ကြောင်း ရေးသားခဲ့၏၊ ထို့ကြောင့်သက်ဆိုင်ရာပုလိပ်အဖွဲ့မှ လူသတ်တရားခံ စိန်မြသာအား.. ဖမ်းဝရမ်းထုတ်လိုက်လေတော့၏၊ စိန်မြသာလည်း မြေတိုက်တွင်းမှ ထွက်၍မရတော့ပေ၊ ကျွန်ုပ်သည် စိန်မြသာအား ကျင့်စဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ချပေးနေ၏၊ ပထမဦးဆုံးကျင့်စဉ်မှာ ရှမ်ဘဲကျန်းမာရေးနှင့် ပတ်သက်သောကျင့်စဉ် ဖြစ်၏၊

"ဒီမှာစိန်မြသာ. . . မင်းဟာ ပါဝါတစ်ခုရမှုဖြစ်မယ်၊ အဲဒီပါဝါရမှု ရှမ်ဘဲလားဆိုတဲ့နေရာက မင်းကို အဝင်ခံလိမ့်မယ်၊ ရှမ်ဘဲလားဆိုတာ ဘယ်လောက် ငြိမ်းချမ်းသာယာတဲ့ နယ်မြေဖြစ်တယ်ဆိုတာ မင်းကို ငါပြောပြမယ်"

ဟုဆိုကာ ကျွန်ုပ်သည် ရှမ်ဘဲလားအကြောင်းကို ပြောပြလေ၏၊ စိန်မြသာသည် ကျွန်ုပ်ပြောပြသော ရှမ်ဘဲလားကို လွန်စွာစိတ်ဝင်စားလေ၏၊ ကျွန်ုပ်သည် ခုနစ်ရက်ခန့် ဆက်တိုက်ဆိုသလို ရှမ်ဘဲလားအကြောင်း ပြောပြခဲ့လေ၏၊ စိန်မြသာကလည်း အသေးစိတ် မေးမြန်းလေ၏၊ နောက်ဆုံးတွင် စိန်မြသာက 'ရှမ်ဘဲလားကို အရောက်သွားမည်' ဟု ကျွန်ုပ်အား ပြောလေ၏၊





"ဒီမှာ ဆရာရွှေမြသာ၊ ကျွန်တော် ခင်ဗျားပြောတဲ့ ရှမ်ဘဲလားကို အရောက်သွားမယ်၊ ပြီးရင် ကျွပ် အဲဒီမှာနေမယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က

"ဒီလိုရှိတယ် စိန်မြသာ၊ ရှမ်ဘဲလားမှာ ပြည်ဝင်ခွင့်ဆိုတာရှိတယ်၊ အဲဒီပြည်ကိုဝင်ဖို့ ဗီဇာတွေ ပတ်စပို့တွေ လိုတယ်ကွ၊ အဲဒါက ဘာလဲဆိုတော့ မင်းမှာ ပါဝါတစ်ခုခုရထားမှ ဟိုက ဝင်ခွင့်ပေးမှာ၊ ဒါမှလည်း ဟိုမှာနေနိုင်မှာ၊ အဲဒီတော့ ဒီကနေ့ကျင့်သွားရမယ်၊ အဲဒီဟာကို ငါက တာဝန်ယူပြီး အကုန်ကျင့်ပေးမှာပါ၊၊ လောလောဆယ်မှာတော့ ဟောဒီမှာ စာအုပ်အကောင်းတွေ အများကြီးရှိတယ်၊ စိတ်တန်ခိုးကျင့်စဉ်နဲ့ ပတ်သက်တဲ့စာအုပ်တွေ၊ အော်ကာတစ်ဝင်းခေါ်တဲ့ လောကီပညာစာအုပ်တွေ၊ ရှမ်ဘဲလားနဲ့ပတ်သက်တဲ့ စာအုပ်တွေ ပြည့်ပြည့်စုံစုံ ရှိပါတယ်ကွာ၊ မလေ့ကျင့်ခင်မှာပဲ အဲဒါတွေကို နှံ့နှံ့စပ်စပ်ဗဟုသုတဖြစ်အောင် ဖတ်ထားဦးပေါ့"

ဟုဆိုကာ ကျွန်ုပ်သည် စိန်မြသာအား စာဖတ်ခွင့် ပေးလိုက်လေတော့၏၊ စိန်မြသာကလည်း စာအုပ်ပေါင်းများစွာကို ဖတ်ရှု၏၊ ဖတ်ရှုပြီးသမျှ အကြောင်းအရာများကို ကျွန်ုပ်နှင့် ဆွေးနွေး၏၊ ၎င်းဖတ်၍ နားမလည်သည်များကို ကျွန်ုပ်အား မေး၏၊ ကျွန်ုပ်ကလည်း စိန်မြသာမေးသမျှကို ကြေနပ်သည်အထိ ရှင်းပြပြောဆိုခဲ့လေ၏၊

စိန်မြသာသည် ကျွန်ုပ်က စာအုပ်ပေါင်းများစွာကို ပေးဖတ်ခဲ့သည့်အနက် အင်္ဂလန်တွင်ရှိသော နှိစီခရွှဆင်အသင်းမှ ထုတ်ဝေသည့် စာအုပ်များကိုသာ မဲ၍ဖတ်နေလေ၏။ စိန်မြသာဖတ်၍ ကျွန်ုပ်နှင့် အပြန်အလှန်ဆွေးနွေးခဲ့သော စာအုပ်များစာရင်းကို အောက်တွင်ဖော်ပြလိုက်ပေသည်။

I. ROSECRUCIAN QUESTIONS AND ANSWERS WITH COMPLETE HISTORY OF THE ORDER

II. ROSICRUCIAN PRINCIPLES FOR THE HOME AND BUSINESS

III. THE MYSTICAL LIFE OF JUSUS

IV. THE SECRET DOCTRINES JUSUS

V. UNTO THEE I GRANT (SECRET TEACHING OF TIBET)

VI. A THOUSAND YEAR OF FATE WITH YES TERDAY (A REVELATION OF REINCARATION)

VII. SELF MASTERY OF FATE WITH CYCLE

VIII. ROSICRUCION MUNUAL

IX. MYSTIC AT PRAYER

X. BEHOLD THE SING (A BOOK OF ANCIENT SYMBOLISM)



XI. MANSIONS OF THE SOUL (THE COSMIC CONCEPTION)

XII. LEMURIA THE LOST CONTINENT OF THE PACIFIC

XIII. THE TECHNIQUE OF THE MASTER

XIV. THE SYMBOLIC PROHEY OF THE GREAT PYRAMID

XV. THE BOOK OF THE DISCIPLE

XVI. THE TECHINIQUE OF THE DISCIPLE

XVII. MANTAL POSITIONING

XVIII. GLANDS OUR INVISIBLE GUARDIANS

XIX. WHAT TO EAT- AND WHEN

XX. THE SANCTUARY OF SELF

XXI. SEPHER YEZIRAH

XXII. OF GODS AND MIRACLES

XXIII. SONS OF THE SUN

XXIV. ALONG CIVILIZATION TRAL

XXV. THE WORD WENT FRONT

နံပါတ် (၂၄) နှင့် နံပါတ် (၂၅) စာအုပ်မှာ ပုံနှိပ်စာအု မဟုတ်ပေ၊ ထိုအသင်းတော်က ပုံနှိပ်စက်တင်ခြင်း မပြုရသေး ထိုအသင်းတော်ကို ရောက်ဖူးသော လူတစ်ယောက်က လက်ရေးဖြ ကူးရေးလာသော စာမူပင်ဖြစ်၏။

ထိုစာအုပ် (၂၄) အုပ်စာရင်းဝယ် နံပါတ် (၇) နေရာမှ စာအု ကို စိန်မြသာသည် လွန်စွာနှစ်သက်၏။ ထိုစာအုပ်မှာ ဒေါက်တ ဘွဲ့ရ 'အိတ်(က်စ်)ဆပင်ဆာလူးဝစ်' ဆိုသော ပုဂ္ဂိုလ်ကျော် တ ဦးကရေးသော စာအုပ်ဖြစ်ပြီး ထိုအသင်း၏ အဖွဲ့ချုပ်မှ ထုတ် ကြောင်း သိရ၏။ ထိုစာအုပ်တွင် ဖြစ်စဉ်များသည် တဝဲလည်လည် တပတ်ကျော့ကျော့ ပြန်လည်၍ ဖြစ်တတ်ပုံကို ဖေါ်ပြထား၏၊ ထို့ကြောင့် စိန်မြသာသည် ထိုသဘောတရားကို လွန်စွာနှစ်သ သည်ဖြစ်ရာ အသေအလဲ ဖတ်လေတော့၏။ ကျွန်ုပ်နှင့်လည်း အပြ အလှန် ဆွေးနွေးလေ၏။ စိန်မြသာ ဒုတိယအနှစ်သက်ဆုံး စ အုပ်မှာ အမှတ် (၁၂) တွင်ပါသည့် 'ပျောက်ဆုံးသွားသော ဝိဇ္ဇာ တိုက်ကြီး'အကြောင်းပင် ဖြစ်၏။ တတိယစာအုပ်မှာ စာအုပ်စာရ နံပါတ် (၁၆) တွင်ပါသည့် 'THE TECHNIQUE OF TH DESCIPLE' ခေါ် 'တပည့်လက်စွဲ' စာအုပ် ဖြစ်၏။ စိန်မြသာသည် စာအုပ်ပေါင်းများစွာကို ဖတ်ခဲ့၏။ ကျွန်ုပ်နှင့် အပြန်အလှန် ဆွေ နွေးခဲ့၏။ သူသည် ထူးဆန်းအံ့ဖွယ်ရာကောင်းသော လော ပညာလမ်းကို စိတ်ဝင်စားခဲ့ပြီဖြစ်၏။ တစ်နေ့တွင် ကျွန်ုပ်က စိန် သာအား





"ဘယ်လိုလည်း မောင်စိန်မြသာ၊ လောကီပညာလို့ခေါ်တဲ့ ဝိဇ္ဇာပညာတွေကို စိတ်ဝင်စားနေပြီလား"

ဟု မေးလိုက်ရာ စိန်မြသာက ခေါင်းကိုခါလျှက်

"ကျွန်တော် ဒါတွေကို စိတ်မဝင်စားပါဘူး ဦးရွှေမြသာရယ်၊ ကျွန်တော်က ရုပ်ဘဲလားကို စိတ်ဝင်စားတာ၊ ရုပ်ဘဲလားက လည်း ပါဝါတစ်ခုမရရင် ဝင်ခွင့်မရဘူးဆိုတော့ ကျွန်တော် ပါဝါ ရချင်တယ်၊ အဲဒီတော့ ကျွန်တော့်ကို နည်းပေးပါ၊ ဒါမှ မဟုတ်ရင် ကျွန်တော့်ကို လေ့ကျင့်ပေးပါ"

ဟုဆိုလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဒီလိုရှိတယ် စိန်မြသာရေ့ . . . ပါဝါဆိုတာ စိတ်တန်ခိုး ကျင့်စဉ်ပါပဲကွာ၊ ဒါပေမယ့် လူတော်တော်များများက စိတ် တန်ခိုးကျင့်စဉ်လို့ ပြောလိုက်တာနဲ့ စိတ်ကိုလေ့ကျင့်ဖို့ ကြိုး စားကြတယ်၊ အမှန်က ဒီလိုမဟုတ်ဘူးကွ၊ ရုပ်ကြီးက ကျန်းမာ ကြံ့ခိုင်မှ စိတ်ကို လေ့ကျင့်လို့ရမှာ၊ အဲဒီတော့ မင်းကို အခုကစ ပြီး ကျန်းမာရေး လေ့ကျင့်ခိုင်းရမှာပဲ"

ဟု ပြောပြီးလျှင် ကျွန်ုပ်သည် စိန်မြသာအား ကျန်းမာရေး လေ့ ကျင့်ခန်းများကိုစတင်၍ လုပ်ခိုင်းရလေ၏။ အစားအသောက်ကို လည်း အချိန်မှန်မှန် ကျွေးရ၏။ အိပ်ချိန်လည်း ပေးရ၏။ မိုးချုပ် သောအခါ၌ ခြံထဲတွင် လမ်းလျှောက်ခွင့်ပေးရ၏။ ထို့နောက်

ကျွန်ုပ်သည် စိန်မြသာအား 'ဖနီးဟန်း' ခေါ် ကိရိယာမပါပဲ လက်ချည်းသက်သက် လေ့ကျင့်ရသော လေ့ကျင့်ခန်းများကို ကျေနပ်လောက်အောင် လေ့ကျင့်နိုင်ပြီးနောက် 'ခမ်ဘဲ' ခေါ် အသေးစား အလေးမကိရိယာလေးနှစ်ခုဖြင့် ၎င်းအား လေ့ကျင့်ခိုင်းပြန်လေ၏။

"ဒီလိုရှိတယ် စိန်မြသာ၊ မင်း အခုကိုင်ထားတဲ့ ခမ်ဘဲလ်လေးနှစ်ခုဟာ တစ်ခုကိုမှ ရှစ်ပေါင်စီလောက်ပဲ လေးတာကွ၊ အဲဒါကို မင်းလက်နဲ့တွဲပြီး ခန္ဓာကိုယ်ရဲ့ဘေးမှာ ချထားရတယ်၊ ပြီးတော့ အဲဒီလက်နှစ်ဘက်ကို ခေါင်းပေါ် တည့်တည့်လောက်ကို မြှောက်တင်ရတယ်၊ အဲဒီလိုမြှောက်တင်တဲ့ အခါမှာလည်း ခေါင်းပေါ်မှာ အဲဒီခမ်ဘဲလ်ချင်းထိပြီး 'ဂွပ်'ကနဲ မြည်ချင်မြည်သွားပါစေ၊ အဲဒီလို ခမ်ဘဲလ်လေးကို ခန္ဓာကိုယ်ဘေးကနေ လက်နှစ်ဘက်နဲ့ တစ်ပြိုင်နက် မြှောက်တင်လိုက်တဲ့အခါမှာ အသက်ကို ရှူသွင်းရမယ်ကွ၊ အဲဒါကလေးနှစ်ခုကို ပြန်ချလိုက်တဲ့အခါမှာတော့ လေကိုရှူထုတ်ရမယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ဘယ်နှစ်ကြိမ် လုပ်ရမှာလဲ ဦးရွှေမြသာရဲ့"

ဟု ပြန်၍မေးလျှင် ကျွန်ုပ်က



"တစ်ခါလုပ်ရင် ရှစ်ကြိမ်လုပ်ရမယ်ကွ၊ အဲဒါကို ရှစ်ခါပြည့်အောင် လုပ်ရမယ်"

ဟု ပြောလိုက်လျှင် စိန်မြသာသည် ကျွန်ုပ်ပြောသည့်အတိုင်း တသွေမတိမ်း လုပ်လေ၏။ ထို့နောက် ကျွန်ုပ်သည် ၎င်းအား 'ဗယ်လီ'ခေါ် ဗိုက်သားချပ်စေရန် လေ့ကျင့်ပေးရ၏။ ပေါင်မှ ကြွက်သားများ ကျစ်လစ်စေရန်အတွက်လည်း ထိုင်ထလုပ်ခိုင်းရ၏။ ခြေထောက်တွင်အလေးတပ်၍ ခြေကိုဆန့်တန်းကာ မခိုင်းသော လေ့ကျင့်ခန်းကိုလည်း ပြုလုပ်ခိုင်းရ၏။ ၎င်းအား ခြောက်လခန့် ဤအတိုင်း ခိုင်းရလေ၏။ ကြွက်သားများ အားရှိလာသောအခါ၌ ကြမ်းပြင်တွင်မှောက်၍ ဒိုက်ထိုးခိုင်း၏။ ၎င်းအား ခြောက်လခန့် ဤသို့ လေ့ကျင့်ပေးလိုက်ရာ ပျော့စိပျော့နဲ့နိုင်လှသော ၎င်း၏ ခန္ဓာကိုယ်သည် ကျစ်လစ်တောင့်တင်းသောအဖြစ်သို့ ရောက်သွားလေတော့၏။ ထိုအခါကျမှပင် ကျွန်ုပ်သည် ၎င်းအား စိတ်တန်ခိုးနှင့် ပတ်သက်သော လေ့ကျင့်ခန်းများကို ကျင့်နိုင်ရန် ဆက်ခဲ့ရလေတော့၏။

"ဒီလိုရှိတယ် စိန်မြသာရေ . . . ငါက မင်းကို ကျင့်စဉ်တစ်ခုကို အကြာကြီး မကျင့်ခိုင်းပါဘူး။ ထိုင်ပြီးကျင့်ရတဲ့ ကျင့်စဉ်ဆိုရင်လည်း တစ်ခါထိုင်ရင် နှစ်မိနစ်ပဲ၊ အဲဒီ နှစ်မိနစ်မှာ စူးစိုက်ရမယ့်အရာကို အရအမိ စူးစိုက်လာနိုင်အောင် လေ့ကျင့်ပေးရမှာပါ။ ငါ့ရဲ့နည်းက အချိန်အကြာကြီးထိုင်ပြီး ကျင့်ရတဲ့

နည်းမျိုး မဟုတ်ဘူး၊ အချိန်နည်းနည်းနဲ့ အကြိမ်များများ လုပ်ရ
တဲ့နည်းပဲ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် စိန်မြသာအား တစ်ခါလေ့ကျင့်လျှင် နှစ်မိနစ်ခန့်လေ့ကျင့်သော နည်းစနစ်ကိုပေး၍ လေ့ကျင့်ခန်းများကို ကျင့်နိုင်းလေတော့၏။ စိန်မြသာလည်း ကောင်းစွာ လေ့ကျင့်ခဲ့လေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် စိန်မြသာသည် အဖေ အယူ ညီလေ၏။ ကျွန်ုပ်သည် စိန်မြသာအား အချိန်နှင့်တကွ နေ့ တကျ လေ့ကျင့်ပေးခဲ့ရာ တစ်နှစ်နီးပါးခန့် လေ့ကျင့်ပြီးသည်ဆိုလျှင် စိန်မြသာသည် အတော့်ကို အောင်မြင်သောအဆင့်သို့ ရောက်ရှိ လာလေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် စိန်မြသာအား ရက် အနည်းငယ် အနားပေးလိုက်၊ လေ့ကျင့်နိုင်းလိုက်နှင့် အစဉ်တစိုက် လေ့ကျင့်ပေးခဲ့၏။ ထိုသို့လေ့ကျင့်ပေးရာ၌ ကျွန်ုပ်သည် သင်ခန်း စာပေါင်း (သို့မဟုတ်) လေ့ကျင့်ခန်း ပေါင်း (၁၀) မျိုး လေ့ကျင့် နိုင်းခဲ့လေ၏။ ထိုလေ့ကျင့်ခန်း (၁၀)မျိုး မှာ. . .

(၁) **အစေ့အနှင့်ဦးနှောက် သဟာဓာတဖြစ်ပုံ၊**
(၂) **အစေ့အရောယှဉ်ကြော မျှောတတ်ပုံ၊**
(၃) **သံလိုက် သိန္ဓု၊ ညို့သိန္ဓု၊ အစေ့အနယ် ဆွဲဆောင်မှု စွမ်းအင်များအကြောင်း ရှင်းလင်းချက်၊**
(၄) **သမာဓိထူထောင်ပုံ နည်းစနစ်များနှင့် အသက်ရှူ ရှူနည်းများ၊**
(၅) **အစေ့အရည်မှုည်များကို ယက်ကန်းခွန်းပမာ ယက်လုပ်နည်း၊**
(၆) **သံလိုက်သိန္ဓု၏ တန်ခိုးကြီးပုံ၊**
(၇) **'ဆွတ်ရှင်း' ဓါတ်စိတ်၏ 'ခဲတင်းပုံ' များ၊**
(၈) **အာရုံကြောများထိန်းသားခြင်း နည်းစနစ်၊**
(၉) **အာဟာရဓါတ်နှင့် မှီခိုပုံ၊**
(၁၀) **စိတ်တန်ခိုးဖြင့် ရောဂါကုပုံ၊**

တို့ကို ပဏာမလေ့ကျင့်ခန်းအဖြစ် လေ့ကျင့်ပေးခဲ့လေ၏။

စိန်မြသာသည် ကျွန်ုပ်၏ညွှန်ကြားမှုအောက်တွင် လအတန် ကြာ ကျင့်ခဲ့လေ၏။ ကိုးလပြည့်သောနေ့တွင် သူသည်ကျွန်ုပ်အား လှုဆန်းသော စကားတစ်ခုကို ပြော၏။

"ဒီလိုရှိပါတယ် ဦးရွှေမြသာရယ်၊ ခင်ဗျားကျွန်ုပ်ကို အခုကျင့် နိုင်းနေတာတွေဟာ တစ်ခါမှ အထက်လမ်းစခန်းကို မစမ်း သပ်ဘူးတဲ့ လူတစ်ယောက်အနေနဲ့ ကျင့်နိုင်းနေတာပါ။ ဘယ် အလုပ်ပဲ ဖြစ်ဖြစ်ပေါ့ဗျာ. . . အခုတော့ ခင်ဗျားက ကျွန်ုပ်ကို လုပ်နိုင်းနေတာ ခင်ဗျားရဲ့ နည်းစနစ်တွေကို မှားတယ်လို့ ကျွန်ုပ်က မပြောလိုပါဘူး၊ ဒါပေမယ့် အတော့်ကို ရှည်ဝေးတဲ့ နည်းတွေလို့တော့ ထင်တယ်၊ စမ်းသပ်တဲ့ အလုပ်ကိုတောင် (၉)လလောက်လုပ်ရရင် တကယ်လုပ်လို့ (၉)နှစ်လုပ်ရမလား၊

နှစ် (၃၀) လုပ်ရမလား၊ ခင်ဗျား စဉ်းစားကြည့်စမ်းပါဦး။ တစ် တော့ ရှိပါတယ်၊ ခင်ဗျားဟာ နည်းစနစ်မသိပဲနဲ့ ဒီလမ်းကို အကြာကြီး လျှောက်ခဲ့ရတာ၊ တိုတိုပြောရရင် ခင်ဗျားဟာ မြစ်ကို အလျားလိုက်ကူးခဲ့ရတယ်၊ ကျုပ်က ဒီလိုကူးမယ့် ရူ စားမျိုး မဟုတ်ဘူး၊ တည့်တည့် ကူးပစ်လိုက်မှာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် လွန်စွာအံ့ဩသွား၏။ ထို့ကြောင့် ကျွန်ုပ်က

"ဒီမှာစိန်မြသာ မင်းက ငါ့ကို ဘယ်လိုအဆင့်မျိုး ရောက်နေ ပြီထင်လို့ ဒီလိုစကားမျိုး ပြောတာလဲ"

ဟု ပြောလိုက်လျှင် စိန်မြသာသည် ကျွန်ုပ်အား မနိုးမခန့် ပြုံး လိုက်ပြီးလျှင်

"ခင်ဗျားဟာ ခင်ဗျား ဘယ်အဆင့်ပဲရောက်ရောက် ဂရုစိုက် စရာ မလိုပါဘူး၊ ရှင်းရှင်းပြောမယ် ဦးရွှေမြသာ ခင်ဗျားကို ပြောနေတဲ့ သိဒ္ဓိဆယ်ပါး မဟုတ်ဘူး၊ အပါးတစ်ရာ ရနေမှ လည်း ဂရုစိုက်စရာ မလိုဘူး၊ အဲ့ဒီလို ဂရုစိုက်စရာ မလိုဘူး ဆိုတာ စော်ကားတာမဟုတ်ဘူး၊ ရိုးရိုး ပြောတာပါ၊ ခင်ဗျား ပြောတဲ့ သိဒ္ဓိဆယ်ပါးကို ကျုပ်က ဒီအတိုင်းရမှာ မဟုတ်ဘူး ကျင့်မှ ရမှာမဟုတ်လား၊ ခင်ဗျားက ပေးလို့ ရတာမှ မဟုတ် ကျုပ်ဟာကျုပ် လုပ်ယူရမှာပဲ၊ အလွန်ဆုံး ခင်ဗျားပြောနိုင်တာ





ကတော့ နည်းစနစ်လေး နည်းနည်းပါးပါး ပြောမှာမဟုတ်လား၊ နည်းစနစ်ကတော့ သိပ်ခက်မှာ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကို ထပ်ပြီး ပြောလိုက်ဦးမယ်၊ ကျုပ်က ရေတော်နေတဲ့သူ ရေကန် အကြောင်း ပြောပြနေလို့ ဘာထူးမှာလဲ၊ ကျုပ်ကိုတောင် သောက်ဖို့ ရေမတိုက်နိုင်ဘူးဆိုရင်တော့ ခင်ဗျားဘေးကနေပါ၊ ကျုပ်ဟာကျုပ် သောက်ရေကိုရှာပြီး ခပ်ယူမယ်၊ ခင်ဗျား နား လည်လား"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် လွန်စွာ တုန်လှုပ်သွားရ၏။ အဘယ်ကြောင့်ဆိုသော် စိန်မြသာဆိုသော ဤသတ္တဝါအား ကျွန်ုပ် ကိုယ်တိုင် ကျင့်စဉ်လမ်းကြောင်းပေါ်သို့ တင်မပေးနိုင်လျှင် ကျွန်ုပ် လိုရာသို့ ဆက်၍မရပေ၊ ယခုမူ သူသည် ကျွန်ုပ်ကို ထော်လော် ကန့်လန့်စကားများ ပြောနေပြီဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်ကသူ့အား

"ဟေ့ကောင်. . . စိန်မြသာ၊ မင်းကိုငါ အခုအမြင်ကို ထုတ် ပေးလိုက်မယ်၊ ပုလိပ်ဘက်က မင်းကိုအလိုရှိနေတယ်၊ မင်းဟာ အခု တရားခံပြေးတစ်ယောက် ဆိုတာကိုလည်း မေ့မထားနဲ့ ဦး၊ မင်းဒီမှာမလုပ်ပဲ အပြင်ကိုထွက်မယ်ဆိုရင်တော့ မင်း အတွက် ကြိုးစင်ဒါမှမဟုတ် တစ်သက်တစ်ကျွန်း တစ်ခုခုပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စိန်မြသာက

"ဒါကတော့ဗျာ၊ မလုပ်ကြည့်သေးပဲ ဦးရွှေမြသာရယ် ကြိုမသိ

နိုင်ဘူးပေါ့၊ ဒါပေမယ့် ခင်ဗျားကို ကျွန်ုပ်ပြောပြမယ်၊ ကျွန်ုပ်ကို ဟောဒီမြေတိုက်ထဲမှာ လက်ခံထားတာရယ်၊ ထမင်းကျွေးထားတာရယ်အတွက်တော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျင့်စဉ်အကြောင်းတော့ လာမပြောနဲ့ ကျွန်ုပ်မလိုဘူး၊ ဖြစ်နိုင်တယ်ပဲထားဦး ကြာတယ်၊ ကြာတာကို ကျွန်ုပ်မကြိုက်ဘူး၊ အကြာကြီးလုပ်မှရမယ့်ကိစ္စဆိုရင် ခင်ဗျားကိစ္စလောက်ကို မပြောနဲ့ တာဝတိံသာ ရောက်မယ်ဆိုရင်တောင် ကျွန်ုပ်မကြိုက်ဘူး၊ ကျွန်ုပ်က မြန်မြန်ကြိုက်တယ်၊ မြန်မယ့် နည်းမပေးနိုင်ရင်တော့ ခင်ဗျား နောက်ဆုတ်လိုက်ပေတော့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် အလွန်စိတ်ပျက်သွား၏၊ စိန်မြသာ၏ ယော်လော်ကန့်လန့် လုပ်မှုများသည် ကျွန်ုပ်၏လမ်းစဉ်၌ အနှောက်အယှက် ဖြစ်နေလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"မင်းကို ခပ်ပြတ်ပြတ်ပဲ မေးမယ်၊ စိန်မြသာ ဒီတန်ခိုးသိဒ္ဓိလမ်းကို မလုပ်တော့ဘူးလား၊ လုပ်မှာလား၊ ဒါပဲ သိချင်တယ်"

ဟု မေးလိုက်လျှင် စိန်မြသာသည် မနိုးမနှဲ ပြုံးဖြဲဖြဲနေလေ၏၊ ထိုသို့ ပြုံးပြီးနောက်

"ကျွန်ုပ်ပြောတဲ့အထဲမှာ ဒီလမ်းက သွေဖယ်သွားတဲ့စကား တစ်လုံးမှ မပါဘူး၊ ကျွန်ုပ်လုပ်မယ်၊ ဒါပေမယ့် ခင်ဗျားနည်းတော့မဟုတ်ဘူး၊ ကျွန်ုပ်နည်းနဲ့ကျွန်ုပ် လုပ်မယ်၊ ကျွန်ုပ်နည်းနဲ့ကျွန်ုပ်



သွားမယ်၊ ဒါပေမယ့် ခင်ဗျားအကူအညီတော့ လိုတယ်၊ မြေတိုက်ထဲမှာပဲ ကျင့်မယ်၊ ကျွန်ုပ်နည်းနဲ့ကျွန်ုပ် ကျင့်မယ်၊ ခင်ဗျား မပါနဲ့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် လွန်စွာအံ့ဩသွားလေ၏၊ စိတ်လည်း လွန်စွာညစ်သွားလေ၏။

"နေစမ်းပါဦး၊ စိန်မြသာရယ်၊ မင်းနည်းနဲ့မင်း ကျင့်လို့ဖြစ်ပါ့မလား၊ မင်းဘယ်က နည်းရမှာလဲ"

ဟု မေးလိုက်လျှင် စိန်မြသာသည် 'တဟားဟား' ရယ်လိုက်ပြီးလျှင်

"ခင်ဗျားဟာ ဝိဇ္ဇာဖြစ်ဖို့ မကောင်းဘူး၊ ပြိတ္တာဖြစ်ဖို့ ကောင်းတာ၊ ခင်ဗျား တော်တော်ညံ့တဲ့လူ၊ ခင်ဗျားက ရွှေမြသာ. . . 'ရွှေ'ပဲ ရှိသေးတယ်၊ ကျွန်ုပ်က စိန်မြသာ. . . 'စိန်' ဗျ ခင်ဗျားတောင်ဖြစ်သေးရင် ကျွန်ုပ်က ဘာလို့မဖြစ်ရမှာလဲ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် လက်ခုပ်လက်ဝါးတီး၍ ရယ်မိလေ၏။

"ငါလည်း ငါ့ကိုယ်ငါ ဘဝင်မြင့်လှပြီလို့ အောင်းမေ့နေတာ၊ မင်းနဲ့ကျမှ မင်းက ငါ့ထက်တောင် ပိုပြီးဘဝင်မြင့်နေသေးတယ်၊ မင်းကို ကျင့်ဖို့ကျင့်စဉ်တွေ ဘယ်သူက ပေးမှာတုန်း"

ဟု မေးလိုက်ရာ စိန်မြသာက

"မောကြည့်လိုက်စမ်းပါ ကိုရွှေမြသာ၊ ဗလာဟင်းလင်း လောကဓါတ်ကြီးထဲမှာ ဘာမဆိုရှိတယ်၊ သိဖို့ရမယ့် ကျင့်စဉ်တွေဟာလည်း အဲဒီထဲမှာ ရှိတယ်၊ အဲဒီ ဗလာဟင်းလင်း အဆုံးအစမရှိတဲ့ လောကဓါတ်ကြီးထဲကနေ ကျုပ်အတွက် အသင့်တော်ဆုံး၊ အမြန်ဆုံးဖြစ်တဲ့ ကျင့်စဉ်ကို ကျုပ်ဟာကျုပ် တောင်းယူလိုက်မယ်၊ အဲဒီကပေးတဲ့ နည်းစနစ်တွေနဲ့လုပ်မယ်၊ ကောင်းကင်နဲ့ ကျုပ်နဲ့ တိုက်ရိုက်လုပ်မယ်၊ ကြားမှာ ရွှေမြသာဆိုတဲ့ လူတစ်ယောက် မလိုဘူး၊ အဲဒီတော့ ကိုရွှေမြသာရေ. . . ခင်ဗျားဟာ အရှက်အကြောက်ရှိရင် ဝက်ခေါက်လိုက်စမ်းပါ"

ဟုဆိုကာ ကျွန်ုပ်အား မောင်းထုတ်လိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ကောင်းပါပြီ. . . ဒိုင်းမွန်းမြသာရယ်၊ ကျုပ်က ဒိုးလိပ်ရှိသေးတယ်၊ ခင်ဗျားက ဒိုင်းမွန်းဆိုတော့ ပြောပေါ့ တစ်ခုတော့ တောင်းပန်ပါရစေ၊ ဒီမြေတိုက်ထဲမှာပဲ ကိုယ့်လူဟာ ကိုယ့်လူလုပ်ပါ။ လိုအပ်တာတွေ ကျုပ်က ကူညီပံ့ပိုးပါရစေ၊ ကျင့်စဉ်အကြောင်း မပြောနဲ့ဆိုလည်း မပြောပါဘူး၊ တစ်ခုတော့ ရှိတယ်၊ ကိုရင့်နည်းစနစ်နဲ့ ကိုရင့်ဟာကိုရင်လုပ်ရင် ဘယ်လောက်ကြာမလဲ၊ အဲဒီလို မဖြစ်ဘူးဆိုရင်တော့ ကျုပ်ရဲ့နည်းစနစ်ကို ပြန်ပြီးလိုက်နာရမယ်"



ဟု ကျွန်ုပ်က ပြောလိုက်ရာ ၎င်းက

"အခု မပြောနိုင်သေးဘူး၊ သုံးရက်စောင့်၊ သုံးရက်ကြာရင် ခင်ဗျားကို ပြောပြမယ်"

ဟုဆိုသဖြင့် ကျွန်ုပ်လည်း ခပ်မဆိတ်နေကာ မြေတိုက်တွင်းမှ ထွက်ခဲ့လေ၏။ ကျွန်ုပ်သည် သုံးရက်လုံးလုံး မြေတိုက်တွင်းသို့ မသွားခဲ့ပါ။ သုံးရက်မြောက်သောနေ့၌ မြေတိုက်တွင်းသို့ ဝင်ခဲ့လေ၏။ ကျွန်ုပ်ကိုမြင်လျှင် စိန်မြသာက

"ဂွတ်မောနင်း မစ္စတာဂိုးလ်၊ ကျုပ်ကျင့်စဉ်ရပြီ၊ အဲဒီ ကျင့်စဉ်ဟာ (၁၂)လပဲ ကြာမယ်၊ ခင်ဗျားလုံးဝလာဖို့ မလိုဘူး၊ ကျုပ်လိုအပ်မှ ခင်ဗျားကိုခေါ်မယ်၊ ကျုပ်ဟာသာကျုပ် တစ်ယောက်ထဲ ကျင့်ပါရစေ၊ ဒါပေမဲ့ ကျုပ်ဘာတွေကျင့်နေတယ်ဆိုတာတော့ ကိုရွှေမြသာကြီးကို အသိပေးမှာပါ၊ ခင်ဗျားက မှတ်တမ်းရေးတာ ဝါသနာပါတယ် မဟုတ်လား၊ စိန်မြသာ၏ ကျင့်စဉ်မှတ်တမ်းကြီးလို့ ရေးထားလိုက်ဦး"

ဟု ပြောလေ၏။

"နေစမ်းပါဦး ဒိုင်းမွန်းရယ်၊ ကိုရင်ပြောတဲ့ ဗလာဟင်းလင်း ကောင်းကင်ဓာတ်ကြီးဆီက ကျင့်စဉ်ကို ကိုရင်ရပြီလား"

ဟု ကျွန်ုပ်ကမေးလိုက်ရာ စိန်မြသာက

"ခင်ဗျားကို မောင်းထုတ်လိုက်တဲ့ အချိန်ကစပြီး ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ လက်နှစ်ဘက်လုံးကို မိုးပေါ်ဆန့်တန်းပြီး ကျွန်ုပ်ဆီကို ကျွင့်စဉ်တစ်ခု ရောက်လာဖို့ကို လုပ်ခဲ့တယ်၊ သုံးရက်လုံးလုံး အဲဒီလိုလုပ်ခဲ့တာပဲ၊ ညောင်းရင် ခဏနားတယ်၊ ပြီးရင် ပြန်ပြီး ထိုင်လိုက်တယ်၊ စားစရာရှိတာကို စားတယ်၊ ပြီးရင် ပြန်ပြီး လုပ်လိုက်တယ်၊ ကျွန်ုပ်ကောင်းကောင်းတောင် မအိပ်ဘူး၊ အဲဒီလိုထိုင်တဲ့အလုပ်ပဲ လုပ်နေတယ်၊ မနေ့ညက နာရီပြန်နှစ်ချက်ထိုးမှာ ကျွန်ုပ်အတွက် ကျွင့်စဉ်တစ်ခုရတယ်၊ နားမှာကြားတာ မဟုတ်ဘူး၊ ရင်ထဲမှာ ပေါ်လာတာ၊ အဲဒီရင်ထဲမှာ ပေါ်မလာခင်မှာ ကျွန်ုပ်ရဲ့မျက်စိထဲမှာ အလင်းတန်းတစ်ခု ကောင်းကင်ကနေ ကျွန်ုပ်ခေါင်းထဲကို ဖောက်ဝင်သွားတယ်လို့ သိရတယ်၊ အဲဒီလိုသိပြီးနောက်မှာ ကျွန်ုပ်ဟာကျွင့်ရမယ့် ကျွင့်စဉ်တစ်ခုကို ကျွန်ုပ်. . မျက်ဝါးထင်ထင် သိရတယ်"

ဟု ပြောလိုက်လျှင်

"အဲဒီကျွင့်စဉ်ကို ပြောမပြနိုင်ဘူးလား"

ဟု ကျွန်ုပ်က မေးရလေတော့၏။

"ရှေးဦးပြုဖွယ်တစ်ခုကို အရင်ပြောပြမယ်၊ အဲ့ဒါကတော့ လဆန်း (၁၅) ရက်နေ့ လပြည့်နေ့အတွင်းမှာ ကြုံတဲ့မွေးနေ့မှာ မနက်စောစောထပြီး နှစ်တစ်ထောင်ကျော်တဲ့ စေတီတော်





တစ်ဆူကိုသွားပြီး ကိုယ့်ရဲ့ မွေးနံထောင့်မှာ ဘုရားရှိခိုးရမယ်၊ အဓိဋ္ဌာန် လုပ်ရမယ်၊ တစ်ကိုယ်လုံး အမွှေးနံ့သာတွေ လိမ်းထားရမယ်၊ အင်္ကျီကလည်း ပိတ်ဖြူ ပိတ်ဖြူပုဆိုးကို ဝတ်ထားရမယ်၊ စေတီတော်ပေါ်မှာ အဓိဋ္ဌာန်ယူပြီးတဲ့ အချိန်ကစပြီး ကျွင့်စဉ်ကို ကျွင့်ရမယ်၊ ကျွင့်စဉ်က ဘယ်လောက်လုပ်ရမလဲ ဆိုတော့ (၁၂)လပဲ လုပ်ရမယ်၊ ကျွန်ုပ်က အဲဒီအတိုင်း ကျွင့်သွားမယ်၊ မနက်ဖြန်ဟာ ကျွန်ုပ်ရဲ့မွေးနေ့ပဲ၊ လဆန်း (၉) ရက်နေ့လေ၊ အဲဒီတော့ ကျွန်ုပ်အတွက်လိုအပ်တဲ့ ပိတ်ဖြူအင်္ကျီရယ်၊ ပိတ်ဖြူလုံချည်ရယ်၊ ပြီးတော့ကျွန်ုပ်ကို နှစ်တစ်ထောင်ကျော်တဲ့ ဘုရားကို ပို့ပေးပါ၊ အဲဒီမှာ ကျွန်ုပ်ရဲ့ ကျွင့်စဉ်ကိုစမယ်"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်းပြောသော နေ့တွင် ၎င်းအား နံနက် (၅) နာရီခန့်တွင် ရွှေတိဂုံဘုရားသို့ ပို့ခဲ့လေ၏။ ပိတ်ဖြူအင်္ကျီ ပိတ်ဖြူလုံချည်နှင့် အမွှေးနံ့သာတို့ကို စီစဉ်ပေးခဲ့ရလေ၏။ စိန်မြသာသည် ရွှေတိဂုံဘုရား၌ ဘုရားဝတ်ပြုနေ၏။ ပြီးလျှင် သူ၏လက်နှစ်ဖက်ကို ဆန့်တန်းပြီးလျှင် အချိန်အတော်ကြာ ငြိမ်၍နေလေ၏။ ပြီးလျှင် ထိုနေရာမှထကာ ကျွန်ုပ်အား ပြုံးပြလိုက်လေ၏။

"ဘယ်လိုလဲ မစ္စတာပိုးလ်၊ ကျွန်ုပ်လုပ်တာတွေကို ကြည့်ပြီး စိတ်ညစ်နေပြီလား၊ ကိုယ့်လမ်း ကိုယ်လျှောက်ပေါ့ဗျာ၊ ကဲ. . . ကဲ. . . အိမ်ပြန်ရအောင်"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ၎င်းအား ဘိမ်သို့ ပြန်ခေါ်ပြီးလျှင် မြေတိုက်တွင်းသို့ ပို့ပြီးနောက် ကျွန်ုပ်ကနှုတ်ဆက်၍ ပြန်ထွက်မည်အလုပ်၌

"ဒီမှာ မစ္စတာဂိုးလ်၊ ကျွန်ုပ်က ဒီအခန်းထဲမှာ (၄၅) ရက်လုံးလုံး ဒီနေ့ကစပြီး ဘုရားတစ်ဆူထဲကိုပဲ အာရုံပြုရမယ်၊ ဘုရားရဲ့ မျက်နှာတော်ကို အာရုံညွတ်ထားပြီး စိတ်နဲ့ဖူးမြော်နေရမယ် မျက်နှာတော်ဆိုတာ မျက်နှာတော်တစ်ခုထဲ မဟုတ်ဘူး၊ အစိကကတော့ မျက်နှာတော်ပေါ့၊ ကျန်တာကတော့ ဘုရားရဲ့ တစ်ကိုယ်လုံးကို အာရုံညွှတ်ပြီး အဲဒီစိတ်နဲ့ပဲ(၄၅)ရက် လုံးလုံး နေရမယ်၊ အာရုံကလွတ်ရင်လည်း 'အစ္စသမ္မေ ဝါဠုဓေတာ၊ ဇုဠုသရုဏ္ဍ ဝဇ္ဇာမိ'... 'ယနေ့မှစ၍ မြတ်စွာဘုရားကို အသက်ထက်ဆုံး ရှိခိုးပါ၏' လို့ဆိုနေရမယ်၊ ကျွန်ုပ်ကို ကောင်းကင်က ပေးတာပါပဲ၊ (၄၅)ရက်ပြည့်ရင် ခင်ဗျား ကျွန်ုပ်ကို လာခေါ်ဦး၊ ကျွန်ုပ်ဘယ်ကိုသွားရမယ်ဆိုတာလည်း မပြောနိုင်သေးဘူး၊ ဘာဆက်လုပ်ရမယ်ဆိုတာလည်း မပြောနိုင်သေးဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်လည်း သဘောကျမိလေတော့၏။

"ခိုင်းမှုန်းနည်းက တယ်ဟုတ်ပါလား၊ တို့မြန်မာစကားမှာ ဆရာများ သားသေတဲ့၊ မင်းကတော့ ဆရာရှာစရာမလိုဘူး၊ ကောင်းကင်နဲ့မင်းနဲ့ နှစ်ယောက်ထဲ လုပ်တာ၊ သားသေစရာ မလိုတော့ဘူး"





ဟု ပြောလိုက်လေတော့၏၊ ကျွန်ုပ်သည် မြေတိုက်ခန်းအတွင်းမှ ထွက်လာခဲ့၏၊ သို့ရာတွင် (၄၅) ရက်စလုံး မကြာခဏဆိုသလို ချောင်းမြောင်း ကြည့်နေလေ၏၊ ဆယ်ရက်ခန့် ကြာသောအခါ၌ သူ၏ မျက်နှာကလေးသည် မျက်စိမှိတ်၍ထိုင်နေသော်လည်း ပြုံးပြုံးကလေး ဖြစ်နေလေ၏၊ သူသည် ဘုရားသခင်ကို ဖူးတွေ့နေရကြောင်း သူ၏မျက်နှာပေါ်တွင် ပေါ်လွင်နေ၏၊ ထိုင်ရာမှထသောအခါ၌လည်း မျက်စိမှိတ်၍ လမ်းကိုဖြေးဖြေးချင်း လျှောက်နေလေ၏၊ အပေါ့အပါး သွားသောအခါ၌ 'အစ္စသမ္မေ ဝါဠုဓေတာ၊ ဇုဠုသရုဏ္ဍ ဝဇ္ဇာမိ' ဆိုသည်ကို ရွတ်ဆိုနေလေ၏၊ ဘိမ်ရာထ၍ မျက်နှာသစ်ခြင်း၊ ကော်ဖီသောက်ခြင်း ပြုသောအခါ၌လည်း တဖွဖွ ရွတ်ဆိုနေ၏၊ ထို့နောက်ထိုင်၍ မျက်စိမှိတ်ကာ အာရုံပြုပြီး ပြုံးနေလေ၏၊ စိန်မြသာသည် တစ်နာရီထက်တစ်နာရီ တစ်နေ့ထက်တစ်နေ့ ငြိမ်သည်ထက် ငြိမ်လာ၏၊ သူ၏ မျက်နှာသည် (၄၅)ရက်ပြည့်ခါနီးတွင် ပို၍ကြည်လင်လာ၏၊ ထို့နောက် ကျွန်ုပ်သည် သူထံသို့ သွားရောက်သောအခါ၌ သူက

"ဒီနေ့ (၄၅) ရက် ပြည့်ပြီ၊ မစ္စတာဂိုးလ် မနက်ဖြန် ကျွန်ုပ်ကို ဆူးလေဘုရားကို ပို့ပေးပါဦး"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း နံနက်စောစောတွင် ဆူးလေဘုရားသို့ ပို့ခဲ့လေ၏၊ သူသည် ဘုရားဝတ်ပြုပြီးနောက် လက်နှစ်ဖက်ကို ကောင်းကင်သို့မြှောက်၍ တောင်းနေပြန်လေ၏၊ ပြီးလျှင် လက်

များကိုချပြီးနောက် ကျွန်ုပ်အား ပြုံးပြလိုက်လေ၏။ ကျွန်ုပ်လည်း သူ့အား မော်တော်ကားဖြင့် အိမ်သို့ခေါ်လာပြီးလျှင် မြေတိုက်တွင်းသို့ သွင်းရလေ၏။ ထိုအချိန်၌ ကော်ဖီနှင့် ကိတ်မုန့်ကိုစားနေရင်း စိန်မြသာက

"ဒီမှာ မစ္စတာကိုးလ်၊ ဒီနေရာနဲ့ အနီးဆုံး သစ်ပင် (၁၂) ပင်မှာ ကျုပ်အဓိဋ္ဌာန် လုပ်ရမယ်၊ အဲဒါကို ခင်ဗျားဘယ်လို စီစဉ်ပေးမလဲဆိုတာ ကျုပ်ကိုပြောပြပါ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က

"ဒီမှာ ဒိုင်းမွန်း၊ သစ်ပင် (၁၂) ပင် အတွက်ကတော့ မပူနဲ့ ဟောဒီခြံထဲမှာ သစ်ပင် (၁၂)ပင်မက ရှိတယ်၊ အပြင်ကလည်း ခြံထဲကိုလည်း မမြင်ရဘူးဆိုတော့ စိတ်အေးလက်အေး လုပ်ပါ၊ ဒရဝမ်တွေကိုလည်း ခြံတံခါးမဖွင့်ဖို့ ကြပ်ကြပ်မတ်မတ် မှာထားမယ်"

ဟု ပြောလိုက်လျှင် စိန်မြသာက

"ကောင်းပြီလေ၊ ကျုပ်ရဲ့ ကျင့်စဉ်ကို အခုပဲစရမှာပေါ့၊ ဒရဝမ်တွေကို လုံခြုံရေးအတွက် ပြောထားပါ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဒရဝမ်၊ မာလီ၊ စားပွဲထိုး၊ ထမင်းချက်တို့ကိုပါ ခေါ်ယူ၍ ခြံတံခါးကို လုံးဝမဖွင့်ရန် ပြောရလေ၏။ ထို့နောက် စိန်မြသာသည် မြေတိုက်အတွင်းမှထွက်၍ ခြံတွင်း၌ အပင်





များကို ကြည့်ပြီးလျှင် ပြုံးလိုက်လေ၏။ ထိုသို့ပြုံးပြီးနောက်

"ဟောဟိုမှာ စကားရာစ်ပင်၊ ဟိုဥစ္စာက ကံ့ကော်ပင်၊ ဟိုနားမှာ ပေါက်နေတာလေးက ညောင်ပင်၊ အဲဒီညောင်ပင် ဘေးကဟာက ရွှေယိုပင်၊ ဟိုခြံဒေါင့်က ပျဉ်းမပင်၊ ဟောဟိုဟာက သရက်ပင်၊ ဟိုမှာရှိတာက ထိန်ပင်၊ ကောင်းပြီလေ၊ ဟောဟို အပင်တွေကလည်း ပင်စည်ပင်မောက်တွေ အတော်ကောင်းတာပဲ၊ သပြေပင်လည်း ရှိရဲ့၊ ဇီးပင်လည်း ရှိရဲ့၊ သကြားသီးပင် တောင်ရှိသေးတယ်၊ (၁၂) ပင်တောင် မကပါဘူး။ ဒီထဲမှာ ရှိနေတာပဲ၊ အဲဒီတော့ ကျုပ်အကြိုက်ဆုံးက ညောင်ပင်ပဲ၊ ညောင်ပင်မှာ ပြီးအလုပ်လုပ်မယ်"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အိမ်ဖေါ်ကုလားမလေးတစ်ဦးအား ခေါ်သုံး၍ ညောင်ပင်အောက်တွင် မြက်ရှင်းပေးရန်နှင့် ဖျာပေါ်တွင် ကော်ဇောခင်းပေးရန် ပြောရလေ၏။ စိန်မြသာလည်း ကျွန်ုပ်အား တစ်ချက်မျှ ပြုံးကြည့်ပြီးနောက်

"ဒီအပင် (၁၂) ပင်မှာ တစ်ရက်စီလုပ်ရမှာပဲ၊ (၁၂)ပင်ပြည့်ရင် အစကပြန်ပြီး စရမယ်၊ အခု ကျုပ်ကျင့်မဲ့ကျင့်စဉ်ဟာ ပညာရှာတဲ့ ကျင့်စဉ်ပဲ၊ ဒီသစ်ပင် (၁၂) ပင်မှာ ကျုပ်လိုချင်တဲ့ ပညာတွေရှိလိမ့်မယ်၊ သစ်ပင် (၁၂)ပင်ရဲ့ ရုက္ခဓာတ်ကိုယူပြီး ကျုပ်ရဲ့ ဦးနှောက်ထဲ၊ အသည်းနှလုံးထဲကိုလာအောင် ပညာရယ်

တွေကို တောင်းယူရမယ့် ကျင့်စဉ်ဖြစ်တယ်၊ အဲဒီလို လုပ်ရ မယ်လို့ ကျွန်တောင်းယူတဲ့ အသိတရားမှာ ရှိခဲ့တယ်၊ ခင်ဗျား ယုံချင်ယုံ မယုံချင်နေ၊ ကျွန်အခု စလုပ်မယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"သစ်ပင် (၁၂)ပင်မှာ ရှုကွခါတ်တွေယူပြီး ဆရာရှာမှာ.မဟုတ် ဘူးလား"

ဟု မေးလိုက်လျှင် စိန်မြသာက

"ကျွန်နဲ့ ပညာကြားမှာ ဆရာမလိုဘူးလေဗျာ၊ ကျွန်နဲ့ ပညာနဲ့ တိုက်ရိုက်တွေ့မယ်၊ ဆရာကို မလိုဘူး"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က

"ကောင်းပါပြီ ဒိုင်းမွန်းရယ်၊ မင်းကြိုက်သလိုသာ လုပ်ပေတော့"

ဟု ပြောလိုက်လေ၏၊ စိန်မြသာလည်း ညောင်ပင်အောက်တွင် ငြိမ်သက်စွာ ထိုင်နေ၏၊ နာရီအတော်ကြာ ထိုင်ပြီးနေ၏၊ အပေါ့ အပါးသွားရန်နှင့် ထမင်းစားရန် အလို့ငှာသာလျှင် အထိုင်ကိုဖျက် လေ၏၊ ဤနေရာ၌ ထိုင်နေသည်ဆိုသော်လည်း ကမ္မဋ္ဌာန်း ထိုင် သကဲ့သို့ ထိုင်နေခြင်းမဟုတ်၊ ပေါ့ပေါ့ပါးပါး ထိုင်နေခြင်းဖြစ်၏၊ ခါးကိုလည်း ဆန့်ဆန့်မဟုတ် ခပ်ကုန်းကုန်း ထိုင်နေ၏၊ သူ၏လက် ဝါးများမှာမူ သူ့ပေါင်ပေါ်တွင် အလိုက်သင့် ပက်လက်လှန်ထား၏၊





သူသည် မျက်လုံးအစုံကို မှိတ်ထား၏၊ ကျွန်ုပ်သည် စိန်မြသာထိုင် နေသည်ကို မှန်ပြောင်းဖြင့် အနီးကပ် ဆွဲယူ၍ကြည့်၏၊ သူသည် ငြိမ်ငြိမ်ကလေး ထိုင်နေရုံထိုင်နေ၏၊ ကိုယ်ကိုလည်း ဖြောင့်ဖြောင့် မထိုင် သက်တောင့်သက်သာ ခါးကလေးညွတ်၍ ထိုင်နေ၏၊ သူ၏ မျက်နှာမှာလည်း တစ်နာရီထက်တစ်နာရီ လင်းကြည်လာ၏၊ ညောင်ပင်ပြီးလျှင် နောင်တစ်နေ့၌ ဇန်ဗါပင်၌ထိုင်၏၊ နောက် တစ်နေ့တွင် စောင်းယားပင်၌ ထိုင်၏၊ ခုနစ်ရက်ခန့် ထိုင်ပြီးသော အခါတွင် သူ၏မျက်နှာ၌ ကျေနပ်မှုများကိုတွေ့ရ၏၊ သူသည် တစ်စုံတစ်ခုကို ကောင်းစွာရရှိနေကြောင်း သူ၏မျက်နှာက ညွှန် ပြနေ၏၊ ဤသို့လျှင် သူသည် သစ်ပင်(၁၂)ပင်တွင် တစ်လှည့်စီ ထိုင်လာခဲ့ရာ (၃၆)ရက် ပြည့်သောနေ့၌ နောက်ဆုံးသစ်ပင်ဖြစ် သော ဖျဉ်းမပင်မှ ထလာခဲ့၏၊ ပြီးလျှင် မြေတိုက်တွင်းသို့ ဝင်လေ ၏၊ ပြီးလျှင် စားပွဲထိုးမိန်းကလေးအား နွားနို့ပူပူတစ်ခွက် ပေးရန် ပြော၏၊ ကျွန်ုပ်လည်းၚင်းထံသို့ သွားရောက်တွေ့ရလေ၏၊ ကျွန်ုပ် က ၎င်းအား

"ဘယ်လိုလဲ ဒိုင်းမွန်း၊ အောင်မြင်ရဲ့လား"

ဟု မေးရာ ၎င်းက

"ဒီမှာ မစ္စတာဂိုးလ်၊ ဆရာ ဆယ်နှစ်ယောက်နဲ့ ကျွန်နဲ့ တွေ့ ပြီးပြီ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မျက်လုံးပြူး၍ သွားလေ၏။ ဘေဘယ် ကြောင့်ဆိုသော် ထို(၁၂) ဦးမှာ လွန်စွာထူးဆန်းသော ပုဂ္ဂိုလ်ကြီး များဖြစ်ကြောင်း ကျွန်ုပ်သိသောကြောင့်ဖြစ်၏။

"ဘယ်လိုလည်း ဗိုင်းမွှန်း၊ သူတို့ဆီက ပညာတွေ တော်တော်ရ လိုက်ပြီလား"

ဟု မေးရာ စိန်မြသာက

"အမှန်အတိုင်းပြောရရင် သူတို့ကဘာပညာမှ မပေးသေးဘူး။ သူတို့က ကျွန်ုပ်ကို သင်ပေးမဲ့ ဆရာ (၁၂) ယောက်ဖြစ်ကြောင်း မိတ်ဆက်ရုံပဲ ရှိသေးတယ်၊ သူတို့ကို သင်ပေးအောင် ဘယ်လို လုပ်ရမလဲဆိုတာ မနက်ဖြန်မှ သိရမယ်၊ ကျွန်ုပ်ကို မနက်ဖြန် မနက် ဘုရားကိုပို့ပေးပါဦး"

ဟု ပြောလိုက်လေတော့သတည်း။



# စိန်မြသာ ဂန္ဓာရီလှည့်ပြီ

ကျွန်ုပ်သည် စိန်မြသာအား တစ်ခါတစ်ရံ ဘုရားသို့သည်း ကောင်း၊ တစ်ခါတစ်ရံ အမြင့်သို့လည်းကောင်း ခေါ်ထုတ် သွားရ ကောင်း၊ တစ်ခါတစ်ရံ အမြင့်သို့လည်းကောင်း ခေါ်ထုတ်သွားရ သော ကိစ္စများရှိ၏။ ထိုအခါမျိုး၌ နံနက်စောစောနှင့် ညမိုး ချုပ်သောအခါများကိုသာ အသုံးပြုရ၏။ အဘယ်ကြောင့်ဆိုသော် စိန်မြသာအား အလိုရှိနေသော ပုလိပ်အဖွဲ့မှ တွေ့မြင်သွားခြင်း မရှိစေရန်အတွက် ဖြစ်၏။ ဤသို့လျှင် အမြင့်သို့ ခေါ်ထုတ်ရသော အခါမျိုး၌လည်း နိုးကနဲဖတ်ကနဲ ခေါ်၍သွားပြီးလျှင် ကိစ္စပြီးလျှင် မြေတိုက်တွင်းသို့ ပြန်၍သွင်းထားရ၏။

စိန်မြသာ၏ တတိယကျင့်စဉ်မှာ စားပွဲခုံကြီးများ ခင်း၍ ကန် တော့ပွဲခုနစ်ပွဲ၊ ဆွမ်း၊ သစ်သီး ယိုမျိုးစုံ ဝသည်များကို ကံကာ

ဘုရားကို ပူဇော်ခြင်းပင်ဖြစ်၏၊ ထိုအရာများကိုလည်း ကျွန်ုပ်ကပင် စီစဉ်ပေးရ၏၊ စိန်မြသာသည် ထိုကန်တော့ပွဲနှင့် လှူဖွယ်ပစ္စည်းများကို ခုနစ်ရက်လုံးလုံး မြတ်စွာဘုရားအား ပူဇော်ဆက်ကပ်လေ၏၊ ခုနစ်ရက် ပြည့်သောအခါ၌ ကျွန်ုပ်အား ထိုပစ္စည်းများကို သိမ်းရန်ပြောလေ၏၊ ထို့နောက် မြေတိုက်တွင်းသို့ဝင်ကာ အချိန်ရှိသရွေ့ ထိုင်ပြီးလျှင် မြတ်စွာဘုရားကို တရစပ်အာရုံပြု၍ နေလေ၏၊ ရပ်နားသောအချိန်၌လည်း စိန်မြသာသည် 'အစွသတ္တေ ပါရမီ ပေတ် ၊ ဗုဒ္ဓသရဏံ ဂစ္ဆာမိ'ဆိုသော စာကိုသာလျှင် အဆက်မပြတ်ရွတ်ဆိုနေလေတော့၏၊ ဤသို့ပြုလုပ်ခဲ့ရာ ရက်ပေါင်း (၁၂၀) သို့မဟုတ် (၄)လ တင်းတင်းပြည့်သောအခါ၌ စိန်မြသာသည် ကျွန်ုပ်အား

"ဒီမှာ မစ္စတာကိုးလ်၊ ကျုပ်ရဲ့ကျင့်စဉ်ဟာ စတုတ္ထပိုင်းကို ရောက်သွားပြီ ၊ ပထမကျင့်စဉ်က. . . မြတ်စွာဘုရားကို အာရုံပြုနေတာ၊ ဒုတိယကျင့်စဉ်က. . . အပင်(၁၂)ပင်မှာ ဆရာ(၁၂)ဦးရဲ့ စာရင်းကို တောင်းယူတာ၊ တတိယကျင့်စဉ်က မြတ်စွာဘုရားကို ပွဲခုနစ်ပွဲနဲ့ ရှိချင်ခဲ့ဘွယ်တွေကို တပ်လှူပူဇော် ာတ ၊ အခု စတုတ္ထကျင့်စဉ်ကိုတော့ ကျုပ်ဘာလုပ်ရမယ်ဆိုတာ မပြောနိုင်ဘူး ၊ ဒါ့ဒီတော့ ကျုပ်ကို မနက်ဖြန်အာရုံတက်မှာ ဗိုလ်တထောင်ဘုရားကို ပို့စမ်းပါ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း နောက်တစ်နေ့မနက် အာရုံတက်တွင်





ဗိုလ်တထောင်ဘုရားသို့ စိန်မြသာအား ပို့ခဲ့လေ၏၊ စိန်မြသာသည် ဗိုလ်တထောင်ဘုရားသို့ရောက်လျှင် ဘုရားရှိခိုးပြီးနောက် လက်နစ်ဘက်ကိုမြှောက်၍ ကောင်းကင်ဆီသို့ ဆန့်တန်းပြီးလျှင် ကျင့်စဉ်ကို တောင်းခံလေ၏၊ တစ်နာရီခန့် ကြာသောအခါ၌ စိန်မြသာသည် ကျွန်ုပ်ဘက်သို့လှည့်ကာ ပြုံးပြီးလျှင်

"ကဲပြန်မယ်. . . ချီ"

ဟု ပြောလေ၏၊ ကျွန်ုပ်လည်း စိန်မြသာအား အိမ်သို့ပြန်၍ ခေါ်လာရလေ၏၊ မြေတိုက်တွင်းသို့ ရောက်လျှင်

"ဘယ်လိုလဲ ဗိုင်းမွန်းရဲ့၊ ဘာတွေ ကျင့်ရမှာလဲ"

ဟု ပြောလိုက်လျှင် စိန်မြသာက

"နံပါတ်တစ်ကတော့ ဆံပင်တွေ နုတ်ခမ်းမွေးတွေ မုတ်ဆိတ်မွေးတွေ မရိတ်ရတော့ဘူးတဲ့၊ သူ့အတိုင်းတိုင်း ထားရမယ်တဲ့၊ ပြီးတော့ တစ်လလုံးလုံး ဆယ်နာရီထက်မနည်း မျက်စိမှိတ်ပြီး မြတ်စွာဘုရားရဲ့ သက်ရှိထင်ရှားပုံကို အာရုံပြုပြီး ကြည်ညိုနေရမယ်တဲ့၊ ဒါ့ဒီလို ကြည်ညိုလိုက်ရင် တစ်လပြည့်တဲ့နေ့မှာ ဒုတိယကျင့်စဉ်တုန်းက နာမည်စာရင်းပေးခဲ့တဲ့ ဆရာသမား (၁၂) ဦးက လိုအပ်တဲ့ပညာတွေကို တရစပ်လာပြီး သင်ပြပေးလိမ့်မယ်တဲ့"

ဟု ပြောသဖြင့် ကျွန်ုပ်သည် ၎င်းအား

"ကဲပါ ဒိုင်းမွန်းရယ်၊ လိုအပ်တာတွေ အားလုံးစီစဉ်ပေးမယ်၊ ဆက်ပြီး လုပ်ပေတော့"

ဟု ဆိုကာ မြေတိုက်တွင်းမှ ထွက်လာခဲ့လေတော့၏။ မကြာခဏ ဆိုသလို ကျွန်ုပ်သည် မြေတိုက်တွင်းသို့ ကျွန်ုပ်၏ပညာဖြင့် ချောင်း မြောင်း ကြည့်ရှုလေ၏။ စိန်မြသာသည် တစ်နေ့လျှင် (၃)နာရီ ခန့်သာ အိပ်လေတော့၏။ ထမင်းကိုလည်း တစ်နပ်သာ စားလေ တော့၏။ တစ်ခါတစ်ရံ ထမင်းမစားပဲ အသီးအရွက်ကြော်ကိုသာ စားလေ၏။ စားသော အစားအသောက်များမှာလည်း သက်သတ် လွတ်များသာ ဖြစ်နေတော့၏။ သူ၏မျက်နှာမှာလည်း ကြည် သည်ထက် ကြည်လာလေ၏။ လင်းသည်ထက် လင်းနေလေတော့ ၏။ ကျွန်ုပ်သည် စိန်မြသာ၏ကျင့်စဉ်ကို သဘောကျနေတော့၏။ တစ်လပြည့်သောအခါ ကျွန်ုပ်သည် မြေတိုက်တွင်းသို့ ဝင်ခဲ့လေ၏။ စိန်မြသာသည် စာရွက်အလွတ်များပေါ်တွင် '၀၁၀၀၊ တသညဓ' စသောစများကို လည်းကောင်း၊ ကြီးလေးကြီး စများကိုလည်း ကောင်းရေးပြသည့်အပြင် တောင်သမုဒ္ဒရာတွင် ကြေးပြသော်နှင့် သီတင်းသုံးတော်မူသော 'ရှင်ဥပဂုတ္တမဟာထေရ်ကြီး'၏ ပုံကိုလည်း စများဖြင့် ဆွဲပြလိုက်လေ၏။ ထို့ပြင် ရှားတောကိုဖြက်၍ ကြွလာ သော ရှင်သီဝလိမဟာထေရ်၏ပုံကို စများဖြင့် ဆွဲပြ၏။ ထို့နောက် သူသည် အင်္ဂုလိပညာ၏အဓိပ္ပါယ်၊ ၎င်းတို့အကြောင်းကို ပြော၍ ပြ၏။ ဘော်၊ နာ၊ သံ၊ ကျွတ်၊ ဆေးဝန်းစသော ဓါတ်ပစ္စည်း





အကြောင်းတို့ကိုလည်း ပြောပြပြန်လေ၏။ မီးပေး မီးယူ အင်္ဂုရတ် သဘောကိုလည်း ကျွန်ုပ်ကို ဆွေးနွေးပြ၏။ ကျွန်ုပ်လည်း ဘုံအား သင့်၍ နားထောင်နေလေ၏။ ထို့နောက် ၎င်းက မန္တန်များကို ရွတ်ပြ၏။ ထိုအခါ ကျွန်ုပ်က

"တယ်ဟုတ်ပါလား ဒိုင်းမွန်းရယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ၎င်းက

"ကျွပ်တ၊ ပရော့ဖက်ဆာကြီး (၁၂) ယောက်ဆီမှာ သင်ယူ လိုက်တာလေ၊ နောက်ထပ် ခင်ဗျားဘာမေးဦးမလဲ၊ ကျွပ် အားလုံးပြောပြနိုင်တယ်၊ ဒါကြောင့်လည်း တောင်တွင်းအ ကျော် အတုလဆရာတော်ခင်ကြီးပျော်က ပြောတာပေါ့ 'ရှယ် ကူသော လောကီအတတ်ကို တပေ်ရမများလေနဲ့' တဲ့၊ ခင်ဗျား က တော်တော်တပေ်ရ များခဲ့ပြီလေ၊ အခုကျွပ် ကျင့်တာ (၅)လ ရှိသွားပြီလေ၊ ဒီနေရာမှာ လောကီပညာရဲ့ လမ်းခွဲပဲ၊ မန္တာန် လမ်းကို လိုက်မယ်ဆိုရင်လည်းရတယ်၊ အင်းလမ်းကို လိုက် မယ်ဆိုရင်လည်း ရတယ်၊ ဓါတ်လမ်းကို လိုက်မယ်ဆိုရင်လည်း ရပြီ၊ အင်္ဂုရတ်လမ်းကိုလိုက်မယ် ဆိုရင်လည်းရပြီ၊ ကြိုက်တဲ့ လမ်းကို လိုက်လို့ရပြီ"

ဟု ဆိုကာ ကျွန်ုပ်အားပြောလေ၏။ ထို့နောက် သူသည် ပဌမကျင့် စဉ်ကို ကျင့်ရမည်ဟုဆိုကာ ကျွန်ုပ်အား ဆူးလေဘုရားသို့ ပို့နိုင်း

ပြန်၏၊ ကျွန်ုပ်လည်း အာရုံတက်အချိန်လောက်တွင် ၎င်းအား ပို့ပေးရလေ၏၊ ဆူးလေဘုရားတွင် စိန်မြသာသည် ပန္နမကျင့်စဉ်ကို တောင်းယူခဲ့လေ၏၊ မြေတိုက်တွင်းသို့ ပြန်ရောက်သောအခါ၌ ကျွန်ုပ်က

"ဘယ်လိုလည်း ဗိုင်းမွှန်း ၊ ပန္နမကျင့်စဉ်က ဘာလဲ"

ဟု မေးရာ

"အဲ့ဒါက ဒီမှာပဲကျင့်ရမှာ၊ ဆရာသခင်တွေနဲ့ စကားပြောရမှာ၊ ပြောရမယ်ဆိုပေမယ့် ကျုပ်က ပြောရမှာမဟုတ်ဘူး၊ သူတို့ပြောတာတွေကို ဆက်ပြီး နားထောင်ရမယ်၊ သူတို့က ပညာရပ်တွေအကြောင်း၊ သိသင့်သိထိုက်တာတွေ အကုန်လုံး ပြောပြမယ်ဆိုပဲ"

ဟု ပြောလေ၏၊ ကျွန်ုပ်လည်း စိန်မြသာအား မြေတိုက်တွင်း၌ ထည့်ထားလိုက်လေ၏၊ စိန်မြသာသည် ရက်ပေါင်းများစွာ ငြိမ်ငြိမ်ကလေးထိုင်၍ တစ်စုံတစ်ခုကို နားစွင့်နေသကဲ့သို့ ရှိနေ၏၊ မကြာမကြာလည်း ခေါင်းတဆတ်ဆတ် ငြိမ့်လေ၏၊ ထို့ပြင် နားသောအခါ၌ 'အစ္စသရေဏ္ဍ ပါဠမေတ်၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ' ဆိုသော ဂါထာကို ရွတ်လာခဲ့လေ၏၊ တစ်လပြည့်သောအခါ ကျွန်ုပ်သည် မြေတိုက်တွင်းသို့ ဝင်ခဲ့လေ၏၊ ထိုအခါ စိန်မြသာက ကျွန်ုပ်အား ပြုံးပြပြီးလျှင်





"ဒီမှာ မစ္စတာဂိုးလ်၊ ညကကျုပ် အိပ်မက်မက်တယ်၊ အိပ်မက်က တစ်ခြားအကြောင်းတော့ မဟုတ်ဘူး၊ ခင်ဗျားအကြောင်းတွေကို မက်တာပဲ၊ ကျုပ်အိပ်မက်ကို ကျုပ်ပြောပြမယ်၊ ခင်ဗျားရထားတဲ့ သိဒ္ဓိလမ်းစဉ်ဟာ ဟိန္ဒူယောဂီကြီးတွေရဲ့နည်းလည်း ပါတယ်၊ အင်္ဂလိပ်လူမျိုး တစ်ယောက်ရဲ့ ကြက်ခြေခတ်နည်းလည်း ပါတယ်၊ စနေမောင်မောင် သင်ပြကာတစ်ဝင်းနည်းလည်း ပါတယ်၊ ခင်ဗျားဟာ တော်တော်ဒုက္ခများ ပေးတဲ့နည်းလည်း ပါတယ်၊ ခင်ဗျားဟာ တော်တော်ဒုက္ခများခဲ့တာပဲ၊ ခင်ဗျားရဲ့အတိတ်ကလည်း အတော့်ကို အကျိုးတန်ပါလားဗျာ၊ မေဆိုတဲ့ မိန်းမတစ်ယောက်နဲ့ ကျိုက်ထီးရိုး ဘုရားဖူးထွက်ရင်း ရည်ငံခဲ့တယ်၊ အဲ့ဒီမိန်းကလေးဟာ တစ်ခြားလူမဟုတ်ဘူး၊ ကျုပ်အမေပဲ၊ အဲ့ဒီမေဟာ မောင်ဘခွားဆိုတဲ့ ကုလားရဲ့ရင်ဝကို ဓါးနဲ့ထိုးလိုက်တယ်၊ အဲ့ဒီ တာဝန်ကို ခင်ဗျားက ယူခဲ့ရတယ်၊ အဲ့ဒီ အဖြစ်အပျက်ကို ကျုပ်ဟာ အိပ်မက်ထဲမှာ ရုပ်ရှင်ကြည့်ရသလို မက်ခဲ့တယ်၊ အဲ့ဒီမေဟာ အခုအပါမှာ ဆာဗီဆိုတဲ့ကုလားကို ဓါးနဲ့ထိုးပြန် ပြီ၊ အဲ့ဒါကို ကျုပ်က တာဝန်ယူလိုက်ပြန်တယ်၊ ကျုပ်အမေကိုး၊ ကျုပ်လည်း ဒီလမ်းကြောင်းပေါ်ကို ရောက်သွားတယ်၊ မေဆိုတဲ့မိန်းမဟာ ချစ်သူကိုရော၊ သားကိုရော လမ်းကြောင်းပေါ်ကို တင်ပေးလိုက်တဲ့အတွက် ဒီအဖြစ်အပျက်ဟာ တော်တော်ကို ထူးခြားတယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည်အံ့ဩသွားမိ၏၊

"ဒီမှာ မစ္စတာဂိုးလ်၊ ခင်ဗျား သိမ်ပြီးတဲ့ပြဿနာလား၊ ကျွန်ုပ်ဟာ ကျွန်ုပ်ကျင့်စဉ်ရဲ့ တစ်ဝက်ကိုရောက်သွားပြီ ခင်ဗျား မနက်ဖန်မနက်မှာ ကျွန်ုပ်ကို ကျိုက်ကလိုဘုရားကို ပို့ပေးပါ"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်သည် စိန်မြသာအတွက် ဝိတ်မြူစင်ကြယ် အဝတ်အစားများ၊ အမွှေးနံ့သာများ စီစဉ်ပေးရလေ၏။ နောက်တစ်နေ့ နံနက်အာရုဏ်တက်တွင် ကျိုက်ကလိုဘုရားသို့ ပို့ရလေ၏။ သူသည် ခါတိုင်းကဲ့သို့ လက်နှစ်ဖက်ကို ဆန့်ကာ ကျင့်စဉ်ကို မတောင်းပဲ လက်အုပ်ချီကာ ကျိုက်ကလိုဘုရားကို ညာရစ်လှည့်၍ ပူဇော်နေ၏။ ထို့နောက် တစ်နေရာတွင် ရပ်လိုက်ပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်ကာ

"ကျွန်ုပ် ခရီးထွက်ရမယ်၊ ဘယ်ကိုထွက်ရမလဲဆိုတော့ 'နရဏီသိမ်' သွားတဲ့လမ်းက တောအုပ်ထဲကို သွားရမယ်၊ အဲ့ဒီထဲမှာ တစ်လတိတိ နေရမယ်၊ ကျင့်စဉ်ကတော့ မေတ္တာပို့တဲ့ ကျင့်စဉ်ပဲ၊ မေတ္တာကိုလည်း မှန်ကူကွက်မေတ္တာ ပို့ရမယ်၊ မှန်ကူကွက်မေတ္တာဆိုတာ၊ ဥပမာ. . မောင်ဖြူကို မေတ္တာပို့မယ်ဆိုရင် မောင်ဖြူရဲ့ မကျူတည်းဟူသော မျက်စိအကြည်ဓါတ် ချမ်းသာပါစေ၊ ကျန်းမာပါစေဆိုပြီး ပို့ရမယ်၊ အဲ့ဒီလိုပဲ အစဉ်အတိုင်း နား၊ နှာခေါင်း၊ လျှာ၊ အထိအတွေ့နဲ့ အာရုံလို့ခေါ်တဲ့ မနောဓါက်ကို ကျန်းမာချမ်းသာစေကြောင်း တစ်ကွက်ချင်း ပို့ရမယ်လို့ ညွှန်ကြားထားတယ်၊ အဲ့ဒီလိုလုပ်သွားမယ်"





ဟုဆိုသဖြင့် ကျွန်ုပ်လည်း ထိုနေ့ညတွင် စိန်မြသာအား မော်တော်ကားဖြင့်တင်၍ ပဲခူးသို့ ထွက်လာခဲ့ရလေ၏။ နရဏီသိမ်ရှိရာသို့ သွားသော ကားလမ်းသို့ရောက်လျှင် ၎င်းသည် လက်ျာဘက်တွင်ရှိသောတောအုပ်ကို ညွှန်ပြလေ၏။ ထို့ကြောင့်ကျွန်ုပ်လည်း မော်တော်ကားကို ခြုံသဲတွင်ထိုးကာ ၎င်းနှင့်အတူ ဆင်း၍လျှောက်ခဲ့လေ၏။ တစနေရာသို့ ရောက်လျှင် စိန်မြသာသည် ရပ်လိုက်ပြီးလျှင်

"ဒီမှာ မစ္စတာဂိုးလ်၊ ခင်ဗျား ဒီနေရာမှာ နေသွားဘူးတယ်၊ အဲ့ဒီနေရာမှာ ကျွန်ုပ်တော့ တစ်လလုံးလုံး နေရမယ်တဲ့၊ တဲတွေဘာတွေ မထိုးတော့ပါဘူးဗျာ၊ သစ်တစ်ပင် [illegible]မှာ ပဲနေမယ်၊ အစားစားဖို့ကတော့ ခင်ဗျား စိ[illegible]ချင်စီစဉ်၊ မစီ[illegible]ချင်နေ၊ သူ့ဟာသူတော့ ဖြစ်လာမှာပဲ"

ဟု ပြော[illegible]လေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦး[illegible]သည် အိပ်စက်ရန်အဆင်ပြေ[illegible]နေရာတစ်ခုကို ရွေးချယ်ကာ ထိုနေ့ညအဖို့ အိပ်စက်ကြရလေတော့၏၊ ကျွန်ုပ်သည် အိပ်ပျော်[illegible]သည်နှင့် အိပ်မက်မက်လေတော့၏။ အိပ်မက်ထဲတွင် ကျွန်ုပ်တဲထိုး နေထိုင်ခဲ့သော သပြေပင်ကြီးအရင်းတွင် ဖြူဖြူဖွေးဖွေး အဝတ်အစားများကို ဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့[illegible]၏။ ထိုသူသည် 'သပြေပင်ကိုစောင့်သော (သို့မဟုတ်) ထိုတောကိုစောင့်သော တောစောင့်နတ် [illegible] [illegible]၊ ယိုနေရာသည် ကျွန်ုပ် အလင်းဓါတ်

ရှိခဲ့သောနေရာ ဖြစ်၏။ နံနက်မိုးလင်းသောအခါ၌ ကျွန်ုပ်က စိန်မြသာအား

"ဒီလိုလုပ်ပါ ခိုင်းမှန်းရယ်၊ စားဖို့သောက်ဖို့ကတော့ ကျွန်ုပ်ပဲ စီမံပါ့မယ်၊ တစ်လလုံးလုံး နေ့စဉ် ကျွန်ုပ်ပဲလာပို့ပါ့မယ်"

ဟုကျွန်ုပ်က ပြောလိုက်ရာ စိန်မြသာက

"တူရွင်းကလေး ပေါက်ပြားကလေးပါ ယူခဲ့ပါ၊ ရတနာရလိမ့်မယ်"

ဟု ပြောလေ၏။ ထို့နောက်တွင် ကျွန်ုပ်လည်း စိန်မြသာအတွက် အစားအသောက်များ ပို့ရလေ၏။ စိန်မြသာသည် တစ်လလုံးလုံး ချက်ပြုတ်ကြော်လှော်သော အစားအသောက်များကို မစားတော့ပဲ ငှက်ပျောသီး၊ သခွားသီး၊ ဒူးရင်းသီးစသော အသီးအနှံတို့ကိုသာ စားသုံးလေတော့၏။ တစ်ပတ်ခန့်ကြာသောအခါ၌ သူသည် သပြေပင်ရင်းကို တူရွင်းဖြင့်တူးလိုက်ရာ အိုးတစ်လုံးထွက်လာလေ၏။ ထိုအိုးတွင် လွန်စွာအရည်အသွေးကောင်းသော ပတ္တမြားများဖြင့် ပြည့်နေ၏။ ထိုအိုး၏အရွယ်မှာ အုတ်သျှစ်သီး အကြီးစားအရွယ်ခန့် ရှိ၏။ သူသည် ပတ္တမြားသုံးလုံးကို ယူလိုက်၏။ ပြီးလျှင် ထိုသုံးလုံးအနက်မှ တစ်လုံးကို သူ၏အိတ်အတွင်းသို့ ထည့်လိုက်လေ၏။ ကျန်နှစ်လုံးကို ကျွန်ုပ်၏လက်တွင်းသို့ ပေးပြီးလျှင်

"မစ္စတာကိုးလ် တစ်လုံးက ခင်ဗျားဖို့၊ ကျန်တစ်လုံးက ခင်ဗျားချစ်သူမေအတွက် ပေးလိုက်"



ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း မြူးမိသေးတော့၏။ ကျွန်ုပ်၏ချစ်သူဆိုသည်မှာ သူ၏မိခင်ပင် ဖြစ်၏။ နောက်တစ်ရက်တွင်လည်း ထိုနေရာအနီးတစ်ိုက်၌ပင် သူသည်တူရွင်းဖြင့် တူးမြန်လေ၏။ ထိုသို့တူးမြန်ရာ ကျောက်သုံးလုံးကို ရမြန်လေ၏။ ထိုကျောက်သုံးလုံးမှာ ကြောင်မျက်ရွဲကျောက်ဖြစ်၏။ ထို့ကြောင့် မျက်ရွဲကျောက်ကိုလည်း အိုးလိုက်ရခြင်းဖြစ်၏။ အိုး၏ ပမာဏမှာ ထွေးခံအရွယ်ဖြစ်၏။ ကြောင်မျက်ရွဲ အပြည့်ပါ၏။ စိန်မြသာသည် သုံးလုံးသာယူပြီးလျှင် အိုးကို ပြန်မြှုပ်ထားလိုက်၏။ ပြီးလျှင် ၎င်းကတစ်လုံးကို ယူထားပြီးလျှင် ကျန်နှစ်လုံးကို ကျွန်ုပ်အား ပေးပြန်လေ၏။ ထိုသို့ ပေးပြီးနောက်

"ခင်ဗျားအတွက် တစ်လုံး၊ ခင်ဗျားချစ်သူအတွက် တစ်လုံး၊ ဒီကြောင်မျက်ရွဲဟာ 'ဝေဏုရိယ' လို့ခေါ်တဲ့ ကြောင်မျက်ရွဲပဲ"

ဟု ပြောလေ၏။ ကျန်သောရက်များတွင်လည်း စိန်၊ ပုလဲ၊ ငွေ၊ ရွှေ၊ သန္တာ စသည်ဖြင့် တူးဖော်ရခဲ့လေ၏။ နောက်ဆုံးတူးသောအရာမှာ သန္တာဖြစ်၏။ သန္တာတူးသောနေ့သည် တစ်လပြည့်သောနေ့ဖြစ်၏။ ထို့ကြောင့် စိန်မြသာက

"ကဲ. . . မစ္စတာကိုးလ်၊ ဆဋ္ဌမကျောင့်စဉ်ကို ပြီးပြီ၊ ဆဋ္ဌမကျောင့်စဉ်ဟာ ရတနာခုနစ်ပါးကို ရယူတဲ့ကျောင့်စဉ်ပဲ၊ ရတနာ ခုနစ်

ပါးစလုံးကို မရရင် အဲ့ဒီကျွင့်စဉ် မအောင်ဘူး၊ ရမှ အောင်တယ်၊ သတ္တမကျင့်စဉ်အတွက် မနက်ဖန်မနက် ရွှေမုဋ္ဌောဘုရားကို ပို့ပေးပါ"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း စိန်မြသာအား မော်တော်ကားဖြင့် ရွှေမုဋ္ဌောဘုရားသို့ ပို့ခဲ့လေ၏။ ရွှေမုဋ္ဌောဘုရားသို့ရောက်လျှင် စိန်မြသာသည် ဘောကြာထောင့်၌ ဘုရားဝတ်ပြုပြီးလျှင် ငြိမ်ငြိမ်ကလေးထိုင်၍ နေလေ၏။ နာရီဝက်ခန့်ကြာသောအခါ၌ ထိုင်ရာမှ ထလိုက်ပြီးလျှင်

"မစ္စတာကိုးလ်. . . ပြန်ကြရအောင်၊ မြေတိုက်ထဲမှာ မေတ္တာပို့ရမယ်၊ တစ်လလုံးလုံး မေတ္တာပို့ရမယ်၊ ကြောဝဠာအနန္တကို မေတ္တာပို့ရမယ်၊ မေတ္တာပို့တာကလွဲပြီး ဘာမှလုပ်စရာမလိုဘူး၊ အဲ့ဒါဟာ ခုနစ်ခုမြောက်ကျင့်စဉ်ပဲ"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ၎င်းအားပြန်၍ ခေါ်လာကာ မြေတိုက်တွင်း၌ ထည့်ထားရလေ၏။ စိန်မြသာသည် မြေတိုက်တွင်း၌ တစ်လလုံးလုံးငြိမ်၍ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းနေလေ၏။ တစ်လပြည့်သောအခါ ကျွန်ုပ်သည် ၎င်းကို သွား၍တွေ့၏။

"ကဲ. . . ဝိုင်းမွန်း၊ ဘာတွေထူးသလဲ"

ဟု ကျွန်ုပ်ကမေးရာ





"အင်မတန်လှတဲ့ အညွှတား မိန်းမတွေက ကျွပ်ကိုလာပြီး မြူဆွယ်နှောက်ယှက်ကြတယ်၊ ဒါပေမယ့် ကျွပ်ဆရာတွေက ကျွပ်ကို ရွတ်ဖို့ဂါထာတစ်ပုဒ် ပေးထားတယ်၊ ကျွပ်ဟာ အဲ့ဒီဂါထာကို ရွတ်တယ်၊ အဲ့ဒီအခါ နှောက်ယှက်ဖို့လာတဲ့ မိန်းမတွေ့က မနှောက်ယှက်ကြတော့ဘူး၊ မောင်နှစ်မလို့ သားသမီးလိုချစ်ခင်ပြီး ပြန်သွားကြတယ်၊ အခု အဋ္ဌမကျင့်စဉ်ကို ကျင့်ရမယ်၊ မနက်ဖန်မနက် ကျိုက်ကလဲ့ဘုရားကို ပို့ပေးပါ"

ဟုဆိုသဖြင့် ကျွန်ုပ်လည်း ၎င်းအတွက် ဝိတ်မြှောက်စုံအသစ်နှင့် အမွှေးနံ့သာများ စီမံပေးပြီးလျှင် ကျိုက္ကလဲ့ဘုရားသို့ အာရုဏ်တက်၌ ပို့ရလေ၏။ ကျိုက္ကလဲ့ဘုရားသို့ရောက်လျှင် စိန်မြသာသည် ဘုရားကို တနင်္ဂနွေထောင့်မှ မတ်တပ်ရပ် လက်အုပ်ချီကာ ဖူးမျှော်ရှိခိုးနေလေ၏။ (၄၅) မိနစ်ခန့် ကြာသောအခါ၌ ထိုနေရာမှ လျှောက်လာခဲ့ပြီးလျှင် ကျွန်ုပ်အား ပြုံးပြလေ၏။

"မစ္စတာကိုးလ် အခုကျင့်မှာက အဋ္ဌမကျင့်စဉ်ပဲ၊ အဋ္ဌမကျင့်စဉ်က ထွေထွေထူးထူး မဟုတ်ပါဘူး၊ ကန်တော့ပွဲ (၁၂) ပွဲရယ်၊ သစ်သီးမျိုးစုံ၊ ဆီမီး၊ ရေချမ်းနဲ့ (၁၂)ရက်လုံးလုံး ဘုရားကို ကပ်လှူပူဇော်ရမယ်တဲ့၊ အဲ့ဒီကောင်းမှု ကုသိုလ်တွေကို ဆရာသမား (၁၂) ယောက်အတွက် မေတ္တာပို့ အမျှဝေပေးရမယ်၊ အဲ့ဒါတွေကို မစ္စတာကိုးလ်ကြီးက စီစဉ်ပေးရမယ်"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ၎င်းအတွက် စီစဉ်ပေးရလေ တော့၏။ စိန်မြသာလည်း (၁၂) ရက်လုံးလုံး ပွဲများ၊ ဆွမ်းခဲဖွယ်များနှင့် မြတ်စွာဘုရားအား ကပ်လှူပူဇော်၍ မျက်စိကိုမှိတ်ကာ ဘုရားရှင်အား အာရုံပြုနေလေတော့၏။ (၁၂)ရက် ပြည့်သောအခါတွင် ကျွန်ုပ်အား ပွဲများကိုသိမ်းခိုင်း၏။ ပြီးလျှင် မြေတိုက်တွင်းရှိပင် ဘုရားကို အာရုံပြု၍နေလေ၏။ တစ်လပြည့်သောအခါ၌ ကျွန်ုပ်သည် ၎င်းနှင့်တွေ့ခဲ့လေ၏။ ထိုအခါ စိန်မြသာက

"မစ္စတာကိုးလ်၊ နဝမမြောက် ကျင့်စဉ်အတွက် သွားရမယ်၊ ကျုပ်ကို ရွှေဘုန်းပွင့်ဘုရားကို ပို့ပေးပါ"

ဟု ဆိုသဖြင့် ဝိတ်မြူဝတ်စုံအသစ်များ၊ အမွှေးနံ့သာများ စီမံပေးရလေ၏။ ပြီးလျှင် အာရုံတက်၌ ရွှေဘုန်းပွင့်ဘုရားသို့ ခေါ်၍သွားရလေ၏။ သူသည် ကြာသပတေးထောင့်၌ စေတီတော်ကို မတ်တပ်ရပ်လျက် အနေအထားနှင့် လက်အုပ်ချီကာ ရှိခိုးနေလေ၏။ တစ်နာရီခန့် ရှိခိုးကန်တော့ပြီးနောက် ကျွန်ုပ်အား ပြုံးပြလေ၏။ ထိုအခါ ကျွန်ုပ်က

"ဘယ်လိုလည်း ဒိုင်းမွန်း၊ ကိုးခုမြောက်ကျင့်စဉ်က ဘာလုပ်ရမှာလဲ"

ဟု မြောလိုက်လျှင် စိန်မြသာက





"ကိုးခုမြောက်ကျင့်စဉ်က မြေတိုက်ထဲမှာအောင်းလို့ မရတော့ဘူး၊ သက်ဆိုင်ရာက ကျုပ်ကို ဖမ်းချင်ဖမ်း၊ မဖမ်းချင်နေ အပြင်ထွက်ရတော့မယ်၊ အဲဒါက တောင် (၁၂) လုံးကို လှည့်လည်ပြီး အာရုံပြုရမယ်၊ အဲဒီတောင် (၁၂)လုံးက 'မဏာတတ်ပတောင်' တဲ့၊ အဲဒါတစ်ခြားမဟုတ်ဘူး 'မန္တလေးတောင်'၊ အဲဒီမှာ (၇) ရက်၊ နောက်တစ်ခုက 'ကပ္ပလသသတောင်' အဲဒီမှာ (၈)ရက်၊ အဲဒီတောင်ကလည်း တခြားတောင်မဟုတ်ဘူး 'မင်းဝံတောင်'၊ နောက်တစ်ခုက 'မဟာယဥ္စဒီယတောင်'၊ အဲဒီတောင်က တခြားတောင်မဟုတ်ဘူး 'နွားကူးတောင်'၊ အဲဒီမှာ (၉)ရက်၊ ပြီးတော့ 'သုဝဏ္ဏရုပ္ပ ရတောင်' အဲဒီမှာ (၁၀)ရက်၊ အဲဒါက'ရွှေတောင်' ကိုခေါ်တာ၊ နောက်တစ်ခုက 'သမ္မုပြဒ်ဏ္ဍတောင်'၊ အဲဒါက တခြားတောင် မဟုတ်ဘူး 'ပုပ္ပါးတောင်'၊ အဲဒီမှာက (၁၀)ရက်၊ 'မဟာယဏ္ဍိဏ္ဍတောင်'၊ အဲဒါက 'ရှင်မတောင်' လို့ခေါ်တယ်၊ အဲဒီမှာက (၁၁)ရက်၊ 'မဟာဂုသသိနီတောင်'၊ အဲဒါကတခြားမဟုတ်ဘူး 'တောင်ညို'၊ အဲဒီမှာက (၁၂)ရက်၊ 'နန္ဒသေဏာတောင်'၊ အဲဒါက 'သကျိုင်းတောင် 'လို့ခေါ်တယ်၊ အဲဒီမှာက (၁၃) ရက်၊'စန္ဒဂုပ္ပီတောင်'၊ အဲဒါက 'မြင်းကမ္ဘာတောင်'၊ အဲဒီမှာက (၁၄)ရက်၊ 'သုန္ဒတတောင်'၊ အဲဒါက'ငွေတောင်'လို့ခေါ်တယ်၊ အဲဒီမှာက (၁၅)ရက်၊ 'မဟာဟလိန္ဒတောင်'၊ အဲဒါက 'ဝက်မျှာတောင်'လို့ခေါ်တယ်၊ အဲဒီမှာက (၁၆)ရက်၊ 'မဟာ

ဒုကနိတောင်၊ အဲဒီဟာက တခြားဟာ မဟုတ်ဘူး 'ဟိမဝန္တာတောင်'၊ အဲဒီမှာက (၁၇)ရက်၊ ကျန်တဲ့တောင်တွေမှာလည်း ရက်တိုးတိုး သွားရမယ်၊ စုစုပေါင်း တောင် (၁၂)လုံးမှာ ရက်ပေါင်း (၁၅၀) လောက်တော့ ကြာမယ်၊ အဲဒီတော့ ဆယ့်နှစ်လလို့ သတ်မှတ်ထားတာ နည်းနည်းလေးတော့ ပိုတယ်၊ ခင်ဗျားလိုက်ချင်လိုက် မလိုက်ချင်နေ၊ နောက်ဆုံးခင်ဗျားနဲ့ ကျွပ်နဲ့ ပုပ္ပားတောင်မှာ တွေ့ကြမယ်၊ အဲဒီအတွက် စီစဉ်ပေးပေတော့"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း လွယ်အိတ်၊ တောင်ဝှေး၊ ကြေးလင်ဗန်းကြေးမလား၊ ကြိုးသိုင်းဖိနပ်၊ အိပ်ရာခင်း စသည်တို့ကို စီစဉ်ပြီးလျှင် မန္တလေးသို့အရောက် ကျွန်ုပ်ကိုယ်တိုင် လိုက်၍ပို့ပြီးနောက် မဟာမြတ်မုနိဘုရားတွင် လမ်းခွဲခဲ့ကြလေတော့သတည်း။





# စိန်မြသာနှင့် ပြန်တွေ့ခြင်း

ကျွန်ုပ်သည် စိန်မြသာနှင့် အပြီးအပိုင် လမ်းခွဲခဲ့ပြီ ဖြစ်၏။ ထို့နောက် ကျွန်ုပ်၏ကျင့်စဉ်များကို အပြီးသတ်ရန် မြေတိုက်သို့ဝင်၍ ကျင့်နေရပြန်၏။ ပုလိပ်ဖက်မှလည်း စိန်မြသာအား အပြင်းအထန် ရှာဖွေနေပြီဖြစ်၏။ သူ၏မိခင် 'မေ' အား သုံးကြိမ်တိုင်တိုင် ခေါ်ယူ စစ်ဆေးခဲ့၏။ ကျွန်ုပ်သည် ထိုအကြောင်းအရာများကိုလည်း နားစွင့်၍ တစ်ဖက်လှည့်နှင့် ဝင်ရောက်ကူညီနေရ၏။ ကျွန်ုပ်သည် ကျင့်စဉ်ကို ကျင့်မြဲကျင့်နေ၏။ စိန်မြသာနှင့်ခွဲခွာပြီး ရက်ပေါင်း (၁၄၉) ရက် မြောက်သောနေ့၌ ကျွန်ုပ်၏မော်တော်ကားဖြင့် ကျွန်ုပ်သည် ပုပ္ပါးတောင်ဆီသို့ ထွက်လာခဲ့လေတော့၏။ နံနက် (၈) နာရီခန့်တွင် ကျောက်ပန်းတောင်းမြို့ကိုဖြတ်၍ ပုပ္ပါးတောင်အနီးသို့

ရောက်ရှိ ခဲ့ပြီဖြစ်၏။ ထိုနေရာလေးသို့ရောက်လျှင် ကျွန်ုပ်သည် မော်တော်ကားကို လမ်းဘေး၌ ထိုး၍ရပ်လိုက်၏။ ပြီးလျှင် ကား ပေါ်မှ ဆင်းလိုက်၏။ ကျွန်ုပ်သည် ထိုနေရာလေးကို ကောင်းစွာ မှတ်မိ၏။ ထို နေရာလေး၌ ကျွန်ုပ်၏မိတ်ဆွေ (သို့မဟုတ်) ကျွန်ုပ် ၏ 'ရွှေဒါး' ခေါ် စနေမောင်မောင်နှင့် အပြီးအပိုင် လမ်းခွဲခဲ့ရ၏။ ကျွန်ုပ်သည် ထိုနေရာ၌ အချိန်အတန်ကြာရပ်၍ ရှေးဟောင်း နှောင်းဖြစ်များကို စဉ်းစားနေ၏။ ထိုသို့စဉ်းစားနေစဉ်၌ ပုပ္ပါး တောင်ဘက်ဆီမှ မော်တော်ကားတစ်စီး မောင်းနှင်လာသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ထိုကားကို လှမ်း၍ကြည့်ကာ သတိထား မိလိုက်၏။ ကားအမျိုးအစားမှာ ကျွန်ုပ်၏ကားနှင့်အတူတူ ဖြစ် သကဲ့သို့ ကားအရောင်မှာလည်း တူ၏။ ထိုကားကလေးသည် ကျွန်ုပ်၏ ကားအနီးသို့ ရောက်သောအခါ အရှိန်ကိုလျှော့လိုက် ပြီးလျှင် ကျွန်ုပ်၏ကားနှင့် ခေါင်းချင်းဆိုင်ကာ လာ၍ရပ်လေ၏။ ထို့နောက် ကားတံခါးပွင့်လာပြီးလျှင် ကားပေါ်မှ တစ်စုံတစ်ယောက် ဆင်းလာ၏။ ထိုတစ်စုံတစ်ယောက်ကိုမြင်လျှင် ကျွန်ုပ်သည် ပြုံး လိုက်မိ၏။ ထိုသူကား စိန်မြသာဖြစ်လေတော့၏။ စိန်မြသာသည် ကျွန်ုပ်ကိုတွေ့လျှင်

"ကျွန်တော့်ကို လာပြီးကြိုတာလား"

ဟု မေးလိုက်ရာ ကျွန်ုပ်က





"မှန်ပါတယ် ဗိုလ်မှူး၊ မင်းကတော့ ကံအကောင်းဆုံး ပုဂ္ဂိုလ်ပါပဲ၊ အချိန်အတိုဆုံးနဲ့ ပန်းတိုင်ကို ရောက်သွားတယ်၊ အဲ့ဒီတော့ စိန်မြသာရေ. . . မင်းအတွက် ငါဘာလုပ်ပေးရမလဲ"

ဟု ပြောလိုက်ရာ စိန်မြသာက

"ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့ မိခင်ကြီးကိုတော့ တစ်ခေါက်လောက် သွားတွေ့လိုက်ပါဦး၊ ကဲ. . . ဒီနေ့ ဒီမှာတွေ့ကြပြီ၊ နက်ဖန် ရှမ်ဘဲလားမှာ တွေ့ကြမယ်"

ဟုဆိုကာ ကျွန်ုပ်အား လွန်စွာရွှင်မြူးသော မျက်နှာဖြင့် နှုတ်ဆက်ကာ ကားပေါ်သို့ တက်၍ မောင်းနှင်ကာ ထွက်ခွါသွားလေတော့၏။

ကျွန်ုပ်သည် ထိုနေရာ၌ အချိန်အတော်ကြာ ရပ်နေပြီးနောက် မော်တော်ကားဖြင့်ပင် ပုပ္ပါးတောင်သို့ တက်ခဲ့လေ၏။ ထို့နောက် တောင်ကလပ်တွင် (၇)ရက်ခန့် အဓိဋ္ဌာန်ဝင်ပြီးနောက် ရန်ကုန်သို့ ပြန်ခဲ့လေတော့သတည်း။






## လွှတ်ကျသွားသော စာအုပ်ကလေးကို ကောက်ပေးရပြန်ခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် ကျိုက်ထီးရိုးသို့ဘုရားဖူးမည့် ဘုရားဖူးယာဉ်ကားကြီးတွင် လက်မှတ်ဝယ်ယူ၍ စီးနင်းလိုက်ပါခဲ့လေ၏။ ကျွန်ုပ်သည် ထိုမော်တော်ကား၏ လက်ယာဘက်အရှေ့ဆုံးထိုင်ခုံရှိ ပြတင်းပေါက်အနီး၌ထိုင်၍ လိုက်ပါလာခဲ့လေ၏။ ကျွန်ုပ်၏ နံဘေးတွင် လွန်စွာပါးလွှာသော ယောဂီရောင်ဆိုးထားသည့် ပဝါအင်္ကျီ ယောဂီရောင် ပိုးထဘီတို့ကို ဝတ်ထားသော အမျိုးသမီးကြီးတစ်ဦး ပါလာလေ၏။

ကျွန်ုပ်သည် ပြတင်းပေါက်မှ လေတိုးသဖြင့် မျက်နှာတစ်ခုလုံး ကြမ်းစပ်နေပြီဖြစ်၏။ ထို့ကြောင့် ကိုယ်ကိုအနည်းငယ်လှည့်၍

ခေါင်းကို မော်တော်ကား၏ ပြတင်းပေါက်ဘောင်တန်းတွင် မှေးကာ မျက်စိကို မှိတ်ထားလိုက်၏။ ကားသည် ညင်ညင်သာသာလေး မောင်းနေလေ၏။ လေနုအေးကလေးသည် ကျွန်ုပ်၏နားသယ်စပ်ကို ဖြတ်၍တိုက်နေ၏။ ကျွန်ုပ်၏ဆံပင်သည် ကျွန်ုပ်၏ပါးကို တဖျပ်ဖျပ် ရိုက်နေ၏။ ထို့ကြောင့်ကျွန်ုပ်အဖို့ မိခင်က ကလေးငယ်အား ချော့၍ သိပ်နေသည့်အလား ရှိနေလေတော့၏။ နောက်ဆုံးတွင် ကျွန်ုပ်သည် အိပ်ပျော်ခြင်းသို့ ရောက်သွားလေတော့၏။ အိပ်ပျော်သွားသောအခါ၌ လွန်စွာရှည်လျား၍ လွန်စွာမှလည်း ထူးဆန်းဖွယ်ကောင်းလှသော အိပ်မက်တစ်ခုကို မြင်မက်လေတော့၏။

ထိုအိပ်မက်ထဲတွင် ကျွန်ုပ်သည်ငယ်စဉ်က ကျွန်ုပ်ချစ်ခဲ့ရသော မေနှင့်ပြန်၍တွေ့နေရ၏။ ထိုအိပ်မက်သည် ထူးဆန်းအံ့ဩဖွယ် ကောင်းသကဲ့သို့ ချွတ်ပျံ့ကြည်နူးဖွယ်လည်း ကောင်း၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုအိပ်မက်အား "လွတ်ကျသွားသော စာအုပ်ကလေးကို ကောက်ပေးရခြင်း" ဟု ခေါင်းစဉ်တပ်ကာ ကျွန်ုပ်၏ မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးမှတ်ထားလိုက်မိလေတော့၏။

ထိုအိပ်မက်ထဲတွင် ကျွန်ုပ်အနီးတွင် မိန်းမတစ်ဦးသည် ထိုင်၍လိုက်ပါလာလေ၏။ သူသည်တစ်လမ်းလုံး ပရိတ်စာအုပ်ကလေးကိုဖွင့်ကာ ပရိတ်ရွတ်၍ လိုက်ပါလာခဲ့လေ၏။ ပဲခူးလွန်၍ ဘုရားကြီးလမ်းဆုံသို့ ရောက်သောအခါကျမှပင် ပရိတ်ရွတ်ခြင်းကို ခေတ္တရပ်လိုက်၏။ ထို့နောက် ပရိတ်စာအုပ်ကလေးကို ခေတ္တပိတ်ကာ



သူ၏ပေါင်ပေါ်သို့တင်၍ မျက်စိကလေးမှိတ်ကာ လိုက်ပါလာခဲ့လေ၏။ မော်တော်ကားသည် ဘုရားကြီးလမ်းဆုံ အကျော်လောက်တွင် လက်ယာဘက်သို့ ဆတ်ကနဲ ချိုး၍ကွေ့လိုက်ရာ ကားပေါ်မှ လူများသည် တစ်ဖက်သို့ ယိုင်၍သွား၏။ ထိုမိန်းမကြီးသည်လည်း ကျွန်ုပ်ဖက်သို့ ယိုင်၍လာ၏။ သူ၏ပေါင်ပေါ်တွင် တင်ထားသော ပရိတ်စာအုပ်ကလေးမှာလည်း ကျွန်ုပ်၏ခြေထောက်အနီးသို့ လျှော၍ကျသွားလေ၏။ ထို့ကြောင့် ကျွန်ုပ်ကလည်း စာအုပ်ကလေးကိုကောက်၍ ထိုအမျိုးသမီးကို ပေးလိုက်လေ၏။ ထိုအခါ ထိုအမျိုးသမီးကြီးက

"ကန်တော့ပါရှင်. . . ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က

"စာအုပ်ကောက်ပေးလို့ ကျေးဇူးတင်စကား ပြောရမယ်ဆိုရင် တစ်ခါနဲ့ မလုံလောက်ဘူး၊ နှစ်ခါပြောရမယ်၊ ဘာလို့လည်း ဆိုတော့ ဒီနေရာမှာ ခင်ဗျားဟာ ဒီလိုပဲ စာအုပ်ကျသွားလို့ ကျွန်ုပ်က ကောက်ပေးဘူးတယ်၊ ဟိုတုန်းက ခင်ဗျားက ဒီအရွယ်မဟုတ်ဘူး၊ အပျိုအရွယ်ကလေးပဲ ရှိသေးတယ်"

ဟု ပြောလိုက်လျှင် ထိုအမျိုးသမီးကြီးသည် ကျွန်ုပ်၏မျက်နှာကို ကြည့်လိုက်လေ၏။ ကျွန်ုပ်သည် ခပ်ငိုက်ငိုက် ဆောင်းထားသော သက္ကလပ် ဦးထုပ်ကို ချွတ်၍ပြလိုက်လေ၏။ ထိုအမျိုးသမီးသည် ကျွန်ုပ်

၏မျက်နှာကို သေသေချာချာ ကြည့်ပြီးနောက် သူ၏မျက်နှာသည် ဝင်းပလာ၏၊ သူ၏ မျက်လုံးအစုံသည် အရောင်တဖျတ်ဖျတ် လက်လာ၏၊ ထို့နောက် အားရဝမ်းသာဖြင့်

"ကိုရွှေမြသာ. . . ကိုရွှေမြသာ"

ဟု အော်ဟစ်ကာ ကျွန်ုပ်၏ပခုံးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်လေ၏၊ ထိုအခါ ကျွန်ုပ်က

"ဟုတ်ပါတယ်မေ . . . . ရွှေမြသာပါ၊ တဲ့ဒီတော့. . .

ရွှေမြသာ ရွှေမြသာ
မြင်းမ ဝယ်လို့လာ . . .၊
မြင်းမကလေး ကြိုးနဲ့တုပ်
စီးတော့ ကိုရွှေလုတ် . . .၊
ကိုရွှေလုတ်နဲ့ မြင်းမဟာ
ထွက်ပြေး ကြရောချာ . . .၊
ရွှေမြသာရဲ့ အမေကြီး
တအား လိုက်လို့တီး. . .၊
တီးပါသော်လည်း မမီပါ
ရွှေမြသာလေး ယောင်ချာချာ. . .၊
ယောင်ချာချာနဲ့ မြို့မှာထား
ရွှေမြသာလေး ဖျတ်စီးသွား. . .၊
ဖျတ်စီးရက်သား မြို့မှာနေ





အမှု ဇရပ်မှ . . .၊
ဇရပ်မှထဲက လူသတ်မှု
ရွှေမြသာကို ဖုတ်မြူ . . .၊
ရွှေမြသာ ရွှေမြသာ
လူသတ်မှုနဲ့ ထောင်ကိုလာ . . .၊
ထောင်ကိုလာလည်း သူမသေ
ကျွန်းကို ပို့လိုက်လေ . . .၊
ကျွန်းကိုပို့တော့ သူထွက်ပြေး
တွေ့ပြီ အာဝါဒေး . . .။

"ကဲ. . . မေရေ. . . ဒီနေ့ဟာ အာဝါဒေးပေါ့ ခင်ဗျားတို့ ကျွန်ုပ်တို့ ပြန်ဆုံတွေ့တဲ့နေ့လေ"

ဟု ပြောလိုက်လေ၏၊ ကျိုက်ထီးရိုးဘုရားသို့ ရောက်သောအခါ၌ ကျွန်ုပ်နှင့်မေသည် အတူတကွယှဉ်တွဲ၍ တောင်တက်ကြလေ၏၊ ရေပြောင်ကြီးစခန်းသို့ ရောက်သောအခါ၌ ကြေးကုန်၊ သံကုန်ရောင်းသော ဆိုင်တစ်ဆိုင်သို့ ကျွန်ုပ်ကဝင်လေ၏၊ မေကလည်း လိုက်၍ဝင်လေ၏၊ ဆိုင်အတွင်းသို့ရောက်သောအခါ၌ ကျွန်ုပ်သည်ဓါးမြောင်ကလေးတစ်လက်ကို ဝယ်ယူလိုက်လေ၏၊ ထိုသို့ ဝယ်ယူပြီးနောက် မေ၏လက်သို့ ပေးလိုက်လေ၏၊ ထိုအခါ မေက ထိတ်ထိတ်ပြာပြာဖြင့်

"မလုပ်ပါနဲ့ ကိုရွှေမြသာရယ် . . . ဒီဓါးကြောင့် ကျွန်မ ချစ်သူလည်း ဆုံးခဲ့ရပြီ၊ ကျွန်မသားလေးလည်း ဆုံးရှုံးခဲ့ရပြီ၊ ကျွန်မက ဓါးဆိုရင် သိပ်ပြီးကြောက်နေပြီ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ဓါးကလေးကို ဆိုင်ရှင်လက်သို့ ပြန်ပေးလိုက်လေ၏။ သို့သော် ထိုဓါးအတွက်ပေးခဲ့သော ပိုက်ဆံကိုမူ ပြန်၍ မတောင်းတော့ပဲ ထိုဆိုင်အတွင်းမှ ထွက်ခဲ့လေ၏။ ထို့နောက် ပုတီးများရောင်းသောဆိုင်သို့ဝင်ကာ နံ့သာဖြူပုတီးကလေး တစ်ကုံးကိုဝယ်ပြီး မေ၏လက်သို့ပေးလိုက်လေ၏။ မေကလည်း လက်နှစ်ဖက်ဖြင့် တရိုတသေယူ၏။ မေ၏လက်အတွင်းသို့ ပုတီးကလေး ရောက်သောအခါ၌ မေ၏လက်ချောင်းကလေးများအား ပုတီးကလေးကို ဆုပ်မိစေရန်အတွက် ကျွန်ုပ်၏လက်ဖြင့်ဆုပ်၍ ပေးလိုက်လေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် တောလမ်းကလေးအတိုင်း လျှောက်လာ၏။ တစ်နေရာသို့အရောက်တွင် ရေတွင်းကလေးတစ်တွင်းကို တွေ့ရလေ၏။ ထိုရေတွင်းကလေးမှာ တစ်ချိန်က ကျွန်ုပ်နှင့်မေတို့ အမောပြေရင်း မျက်နှာသစ်ခဲ့ ခြေလက်ဆေးခဲ့သော တွင်းကလေးဖြစ်၏။ ထိုရေတွင်းကလေးသည် ထိုအချိန်က ဝါးခြမ်းပြားကို ခွေထားသော ဘောင်ကလေးသာရှိ၏၊ ယခုမူ ရုတ်ဘောင် ဖြစ်နေပေပြီ၊ ထိုနေရာသို့ အရောက်တွင် မေအားအမောပြေစေရန် နားခဲ့၏၊ မေ မျက်နှာသစ်နိုင်ရန်အတွက် ကျွန်ုပ်သည် ရေခပ်ပေးခဲ့၏၊ မေသည် မျက်နှာသစ်၏။





"ရေက သိပ်အေးတာပဲနော်"

ဟု မေက ပြောလိုက်ရာ ကျွန်ုပ်က

"ရေကအေးလို့ မဟုတ်ပါဘူး၊ မေရဲ့စိတ်က အေးလို့ပါ"

ဟု ပြန်၍ ပြောလိုက်လေ၏။

"အဲဒီလိုပြောလည်း ဟုတ်တာပေါ့ရှင်၊ တကယ်ကတော့ မေရဲ့ စိတ်ဟာ တကယ် မအေးသေးပါဘူး၊ မေရဲ့ သားလေး စိန်မြသာ ဟာ ဘယ်ဆီရောက်ပြီး ဘယ်ဆီပေါက်နေမှန်း မသိပါဘူး"

ဟု မေက ပြောလိုက်လေ၏၊ ကျွန်ုပ်သည် ငွေဖြင့်ပြုလုပ်ထားသော ပတ္တမြား၊ ကြောင်မျက်ရှင်၊ စိန်၊ ပုလဲ၊ သန္တာ ရတနာငါးမျိုးစီခြယ်ထားသည့် ရွှေကြိုးတစ်ဆွဲပြားကလေးကို မေ၏လည်တိုင်၌ ဆွဲပေးလိုက်လေ၏၊ မေသည် ထိုဆွဲပြားကလေးကို ကြည့်ပြီးနောက်

"ဆွဲပြားက ငွေဆွဲပြား၊ ကြိုးကလေးကတော့ ရွှေနဲ့လုပ်ထားတာ၊ စီခြယ်ထားတဲ့ ရတနာကငါးမျိုး၊ အတော်လှတာပဲ"

ဟု ပြော၍ ကျွန်ုပ်၏မျက်နှာကို မော့၍ကြည့်လိုက်ရာ ကျွန်ုပ်က

"ရွှေရယ်၊ ငွေရယ်၊ ပတ္တမြားရယ်၊ ကြောင်မျက်ရှင်ရယ်၊ စိန်ရယ်၊ ပုလဲရယ်၊ သန္တာရယ် ရှေးအခါက ရတနာခုနှစ်ပါးလို့ ခေါ်တယ် မဟုတ်လား၊ အဲဒီ ရတနာခုနှစ်ပါးကို မေ့သား စိန်မြသာက ကျွပ်ကနေတာနောင့် မေ့ဆီကို ပေးနိုင်းလိုက်တာပါ"

ဟု ပြောလိုက်လျှင် မေသည် အားရဝမ်းသာနှင့်

"ကိုရွှေမြသာ မေ့ရဲ့သားလေးကို တွေ့ခဲ့တယ်ပေါ့နော်"

ဟု အငမ်းမရ မေးလိုက်လေ၏။

"တွေ့ခဲ့ပါတယ်ဗျာ. . . တွေ့ခဲ့ပါတယ်၊ အန္တရာယ်ကင်းကင်း ဘေးရှင်းရှင်းနေရာမှာ ရောက်နေပါတယ်၊ သူ့အတွက် မပူပါနဲ့၊ ကျွန်တော်ပဲ စောင့်ရှောက်ပေးထားတာပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ၌ မေသည် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်၍သွားလေ၏။

"ဝမ်းသာလိုက်တာရှင်"

ဟုလည်း ပါးစပ်မှတဖွဖွ ပြောလေ၏။ အမှန်တကယ်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရ၏။ ထို့နောက် ကျွန်ုပ်နှင့် မေတို့သည် တောင်များပေါ်သို့ တက်ခဲ့ကြလေ၏။ စကားတပြောပြောနှင့် တက်ခဲ့ကြရာ နောက်ဆုံးတွင် ကျိုက်ထီးရိုးရင်ပြင်တော်ပေါ်သို့ ရောက်ရှိခဲ့ကြလေတော့၏။ ရင်ပြင်ပေါ်သို့ရောက်သော် မေက ရင်ပြင်တော်ပေါ်၌ ဘုရားရှိခိုး၏။ ကျွန်ုပ်သည် တံတားကလေးကို ဖြတ်၍ကူးသွားပြီးလျှင် ကျိုက်ထီးရိုးစေတီတော်တည်ရှိရာ ကျောက်တုံးကြီးတွင် ဘုရားဖူး၏။ ထို့နောက် ကျွန်ုပ်သည် ရင်ပြင်တော်ပေါ်သို့ ပြန်၍ ကူးလာပြီးလျှင် မေနှင့်အတူ ရင်ပြင်တော်အစွန်း တစ်နေရာဆီသို့ လျှောက်သွားလေတော့၏။ နေမှာ အတော်မြင့်နေပြီ





ဖြစ်၏။ ထို့ကြောင့်မေသည် သူ၏ပရိတ်စာအုပ်ကလေးကို ခေါင်းတွင်မိုး၍

"မြန်မြန်လျှောက်ပါ ကိုရွှေမြသာ၊ အရိပ်ထဲ မြန်မြန်ရောက်အောင်လို့ပါ"

ဟူ၍ ပြော၏။ ထို့နောက် မေသည် ကျွန်ုပ်အား ခြေဆုံးခေါင်းဆုံး ကြည့်၏။ ထိုသို့ ကြည့်ပြီးနောက် အလန့်တကြားဖြင့်

"အား"

ဟု အော်လိုက်လေ၏။ "

"ဘယ်လိုဖြစ်တာလဲ မေ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ မေက

"ဟိုမှာ ကြည့်စမ်း လူတွေအားလုံး အပေါ်က နေရောင်ကြောင့် အရိပ်တွေ ထွက်နေတယ်၊ မေ့မှာလည်း အရိပ်ထွက်နေတယ်၊ ကိုရွှေမြသာမှာ အရိပ်မတွေ့ရဘူး၊ ရှင် လူမှဟုတ်ရဲ့လား၊ မေ ကြောက်တယ်"

ဟု ပြောလိုက်လေ၏။

"မကြောက်ပါနဲ့ မေရယ်၊ လူတော့ လူပါပဲ၊ ဒါပေမယ့် အရိပ်မထွက်တဲ့ လူလို့ဆိုပါစို့၊ ကျုပ်ကိုအရိပ်မထွက်လို့ ကြောက်တယ်ဆိုရင်တော့ မေ့သားလေး စိန်မြသာကိုလည်း ကြောက်ရလိမ့်မယ်၊ စိန်မြသာမှာလည်း အရိပ်မထွက်တော့ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မေသည် အလန့်တကြားဖြင့်

"ဘယ်လို ဖြစ်ကုန်ကြတာလဲ"

ဟု မေးလိုက်လေ၏။

"ဘယ်လို ဖြစ်ကုန်ကြတာလဲဆိုတော့ အားလုံး ပြောင်းလဲကုန်ကြတာပေါ့၊ လမ်းကြောင်းတစ်ခုပေါ်မှာ လျှောက်ရင်း အချို့တွေ ပျောက်သွားကြတာပေါ့၊ ဒါပေမယ့် ကောင်းတဲ့သဘောပါ၊ တစ်ခုတော့ ပြောပြမယ်လေ မေ့မှာလည်း ခန္ဓာရှိတယ်၊ ကျွန်ုပ်နဲ့ စိန်မြသာမှာလည်း ခန္ဓာရှိတယ်၊ ဒါပေမယ့် ခန္ဓာချင်းတော့ မတူတော့ဘူးနော်၊ ကျွန်ုပ်တို့ခန္ဓာက နူးညံ့တယ်၊ ကဲ. . . ကျွန်ုပ် သွားမယ်၊ ဒီနေရာကပဲ အပြီးအပိုင် လမ်းခွဲလိုက်ကြရအောင်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် မေသည်ကြောင်အမ်းအမ်းဖြင့် ကျွန်ုပ်ကို ကြည့်ပြီးနောက်

"ဘယ်ကိုသွားမှာလဲ ကိုရွှေမြသာ"

ဟု ခပ်လောလောကလေး မေးလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်က

"မေနားလည်တဲ့ စကားနဲ့ ပြောရရင် မဟာမြိုင်လို့ ပြောရမှာပဲ၊ ကျွန်ုပ်သွားရမယ့် နေရာဟာ ချင်းတွင်းမြစ်နားက မဟာမြိုင် မဟုတ်ဘူး၊ ဟိုး. . . အဝေးကြီးမှာရှိတဲ့ မဟာမြိုင်၊ တစ်ချို့က ရှမ်ဘာလားလို့ ခေါ်တယ်၊ တစ်ချို့က ရှမ်ဂရီလားလို့ခေါ်တယ်၊





မြန်မာတွေကတော့ မဟာမြိုင်လို့ပဲ ခေါ်နေကြတယ်၊ မေကြား ဖူးမှာပေါ့၊ သူတော်ကောင်းတွေမှ တိန်းတောင်းမွေ့လျော်ကြပါ တဲ့ စုံတောမဟာမြိုင်ဆိုတာလေ"

ဟု ပြောလိုက်လျှင် မေသည် ပါးစပ်အဟောင်းသားဖြင့် ကျွန်ုပ်၏ မျက်နှာကို ငေးကြည့်နေပြီး

"ကျွန်မသားလေးရော . . ."

ဟု မေးလိုက်လေ၏။

"စိန်မြသာလည်း အဲဒီကိုသွားပြီ"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် မေ၏မျက်လုံးနှစ်လုံး၏ ထောင့်များဆီတွင် မျက်ရည်စက်နှစ်စက်သည် တွဲလဲခိုလျက် ရှိလေတော့၏။ ထိုမျက်ရည်စက်နှစ်စက်ကို နေရောင်ခြည်လာ၍ ထိုးသောကြောင့် စိန်ပွင့်ကဲ့သို့ လက်နေ၏။ ထို့ကြောင့် ထိုမျက်ရည်စက်များသည် ဝမ်းသာ၍ တွဲလဲလာ၍ ခိုသလော. . . ဝမ်းနည်း၍ တွဲလွဲလာ၍ ခိုသလော ဆိုသည်ကိုမူ သိရန်ခက် ပါဘိတောင်း. . .။

စိန်ပွင့်နှင့်တူသော မျက်ရည်စက်နှစ်စက်သည် မေ၏ ပါးပြင်ပေါ်သို့ တွဲလဲခိုနေရာမှ ပြုတ်ကျမြုတ်ချလိုက်၏။ ထို့နောက် ပါးပြင်ပေါ်သို့ ကျွမ်းကျင်စွာ လိမ့်၍ဆင်းသွားကြ၏။ ထို့နောက် ဆို့နင့်နေသော လေသံဖြင့် မေက

"နေစမ်းပါဦး ရှင်တို့ရယ်၊ ဘယ်တော့များ ပြန်တွေ့ကြရမှာ တုန်း. . ."

ဟု မေးလိုက်ရာ ကျွန်ုပ်က

"မဟာမြိုင်မှာက ကျုပ်တို့ရဲ့ ဆရာသခင် ကျေးဇူးရှင်တွေရှိ တယ်၊ သူတို့က ကျုပ်တို့ကို အချိန်စေ့တဲ့အခါမှာ ပြည်ဝင်ခွင့် ပြန်ပေးတယ်၊ အဲ့ဒါကို ကျုပ်တို့စကားနဲ့ ပြည်တော်ဝင်တယ်လို့ ခေါ်တယ်၊ အဲ့ဒီကျရင် ကျုပ်ကော၊ စိန်မြသာကော တစ်ခေါက် ပြန်လာရဦးမယ်၊ အဲ့ဒီလို ပြန်လာတာကို 'မြေလျှောက်' လို့ ခေါ်တယ်၊ အဲ့ဒီကျတော့ တွေ့ကြသေးတာပေါ့"

ဟု ပြောလိုက်ရာ မေက

"မြေလျှောက်ကြီးတို့ရယ်. . . ပြန်လာရင် ကျွန်မတွေ့ပါရစေ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က သူ၏ညာလက်တွင် ဆွဲထားသော နှံသာ မြူပတီးကလေးအား လက်ဖြင့်ညွှန်ပြရင်း

"ပုတီး မှန်မှန်စိပ်"

ဟု ပြောလိုက်ပြီးလျှင် တစ်ခါက အသည်းနှင့်အောင် ချစ်ခဲ့ရသော ကျွန်ုပ်၏ချစ်သူ (သို့မဟုတ်) ကျွန်ုပ်၏တပည့် စိန်မြသာ၏မိခင် 'မေ' နှင့် အပြီးအပိုင် လမ်းခွဲခဲ့ကြရလေတော့၏။

ကျွန်ုပ်၏ ကိုယ်သည်သိမ့်ကနဲ ဖြစ်သွား၏။ ကျွန်ုပ်လည်း အိပ် ပျော်နေရာမှ သို့မဟုတ် အိပ်မက်ရှည်ကြီး မက်နေရာမှ လန့်၍





နိုးသွားခဲ့ပြီဖြစ်၏။ ကျွန်ုပ်စီးနင်းလိုက်ပါလာသော ကားကြီးပေါ်တွင် ခရီးသည်များ တစ်စုံတစ်ယောက်မျှ မရှိတော့ပေ။ ကျွန်ုပ်သည် ကား၏ ဝဲယာကို ပြတင်းပေါက်မှ လှမ်း၍ကြည့်လိုက်၏။ ထိုအခါ ကျွန်ုပ်တို့ ဘုရားဖူးကားမှ စပယ်ယာကို သွား၍တွေ့မိ၏။ ထို့ကြောင့် ကျွန်ုပ်က ထိုစပယ်ယာကလေးအား

"မင်းနာမည် ဘယ်သူလဲ"

ဟုလှမ်း၍ မေးလိုက်ရာ ထိုစပယ်ယာကလေးက

"ကျွန်တော့်နာမည် ခင်မောင်သောင်းပါ"

ဟု ပြောလေ၏။

"တို့ကားပေါ်က ဘုရားဖူးခရီးသည်တွေ ဘယ်ရောက်ကုန်ပြီလဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ

"ကျွန်တော်တို့ ဒီကင်ပွန်းစခန်းကို ကားဆိုက်တာ တစ်နာရီ ကျော်သွားပြီ အန်ကယ်ရဲ့၊ ခရီးသည်တွေလည်း တက်သွား ကြပြီပေါ့၊ အန်ကယ်က နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေလို့ ကျွန်တော်တို့က အားနာတာနဲ့ မနှိုးတာ၊ အတော့်ကို အိပ်ရေ ဖျက်လာပုံရတယ်"

ဟု ခင်မောင်သောင်းက ပြန်၍ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ် က

"နှစ်နှစ်ခြိုက်ခြိုက် အိပ်တယ်လို့တော့ ပြောလို့မရဘူးကွ၊ ငါက အိပ်မက်မက်နေတာ၊ အိပ်မက် မက်တယ်ဆိုကတည်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်လို့ပေါ့ကွာ"

ဟု ပြောလိုက်ရာ ခင်မောင်သောင်းက

"နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ပေလို့ပဲ၊ ဟောက်သံကတော့ ကားတစ်စီးလုံး ဆူနေတာပဲ၊ ကျွန်တော်တောင် နားပူလို့ ဘေးမှာ ဆင်းထိုင်နေရတယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ထိုသူငယ်၏ ဟာသဉာဏ်ရှိပုံကို သဘောကျ၍ ကျွန်ုပ်၏အိတ်တွင်းမှ ငွေ (၅၀၀)ကို ထုတ်ကာ ဆုချလိုက်လေတော့သတည်း။

တကြွင်း။ ။ အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ယောဂီဝတ် မိန်းမကြီးတစ်ဦးသည် ရွှေတိဂုံဘုရား၏ ရာဟုထောင့်တွင် နံသာဖြူပုတီးကလေးကို စိပ်၍ နေလေ၏။ ပုတီးဝတ် ပြည့်သောအခါ၌ ထိုမိန်းမကြီးသည် သမ္မာဒေဝနတ်များ အပါအဝင် ဝိဇ္ဇာထိုရ်ယောက်ျား ဝိဇ္ဇာထိုရ်မိန်းမတို့ကို အမျှအတန်း ပေးဝေနေလေ၏။ ထိုသို့ အမျှအတန်း ပေးဝေပြီးနောက်



"မြေလျှောက်ကြီး နှစ်ယောက်နဲ့ တွေ့ပါရစေ
မြေလျှောက်ကြီး နှစ်ယောက်နဲ့ တွေ့ပါရစေ"

ဟု ကျယ်ကျယ်လောင်လောင် ဆုတောင်းနေသဖြင့် အနီးအပါးမှ လူများသည် ထိုမိန်းမကြီးအား ပြုံးစစမျက်နှာထားဖြင့် ဝိုင်း၍ ကြည့်ကြလေ၏။ အနီးရှိ မိန်းကလေးတစ်ဦးက သူ၏အပေါင်းမိန်းကလေးတစ်ဦးအား

"ဒီအဒေါ်ကြီးကို ငါတွေ့နေတာ ခြောက်လလောက်ရှိပြီ၊ ဒီရွှေတိဂုံမှာတင် တွေ့တာမဟုတ်ဘူး၊ ဆူးလေမှာလည်း တွေ့တယ်၊ မိုးကောင်းဘုရားမှာလည်း တွေ့တယ်၊ ဒီအဒေါ်ကြီးက ဘာအလုပ်မှလည်း မလုပ်ဘူး၊ နေ့တိုင်းနေ့တိုင်း ဘုရားတွေလျှောက်ဖူးပြီး မြေလျှောက်ကြီးနှစ်ယောက်နဲ့ တွေ့ပါရစေလို့ ဆုတောင်းနေတာပဲ၊ ဘာအဓိပ္ပါယ်လည်းတော့ မသိဘူး"

ဟု ပြုံး၍ ပြောလိုက်လေ၏။ ထိုအဒေါ်ကြီးမှာ 'မေ' ဖြစ်သည် ဆိုသည်ကိုမူ ကျွန်ုပ်၏စာဖတ်ပရိတ်သတ်အား ရှင်းပြရန်လိုမည် မထင်တော့ပါ။

သစ္စာသစ္စာ ကမ္ဘာသာ
မင်းသိင်္ခ